# တရားရေးဂျာနယ်

# JUDICIAL JOURNAL

အတွဲ(၃)၊ အမှတ်(၅)၊ ဖေဖော်ဝါရီလ၊ ၂၀၁၆



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး – ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့်အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# တရားရေးဂျာနယ်

အတွဲ(၃)၊ အမှတ်(၅) ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ


- ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ပြည်ပခရီးသတင်းမှတ်တမ်းလွှာ ၅
- ပြည်ထောင်စုတရားလွှတ်တော်ချုပ် လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ
- ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ပြည်ပဧည့်တွေ့ဆုံမှုသတင်းမှတ်တမ်းလွှာ
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇) ၂၅
- တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)၊ပထမနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၅) ၄၅
- တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)၊ဒုတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၆) ၅၇
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားရုံးသတင်းမီဒီယာလက်စွဲ ၇၃
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှေ့ပြေးတရားရုံးများတွင် ဆောင်ရွက်နေသော အမှုသွားအမှုလာစီမံခန့်ခွဲမှု (Caseflow Management)အစီအစဉ် ၈၉
- သင့်အတွက်တရားရုံး ၁၂၁
- တရားမမှုအကြောင်း- သိကောင်းစရာ ၁၃၉
- ရာဇဝတ်မှုအကြောင်း- သိကောင်းစရာ ၁၄၃
- စာချုန်တော်အကြောင်း- သိကောင်းစရာ ၁၄၇


### ဆောင်းပါးများ


- ကယားဓလေ့ထုံးစံ၏ ပြောင်းလဲလာမှုတစ်ခုကိုလေ့လာတင်ပြခြင်း- မောင်တင်ဌေး(တရားရေး) ၁၅၁
- အာမခံ၊ ပြဿနာများနှင့် တရားရုံးများ- ပြေလွင်မြင့် ၁၆၆

- ပြန်ခေါ်သက်သေ ခေါ်မရလျှင် — တင်ဟုန် (တရားရေး) — ၁၇၀
- အမှတ်တမဲ့ကလေးများရဲ့ အမှတ်တရများ — မောင်တင်ဌေး(တရားရေး) — ၁၇၄
- လွတ်လပ်စွာပြောဆိုခွင့် ၊ အမုန်းတရားစကားနှင့် တရားဥပဒေ — ဦးအုန်းခိုင် (တရားရေး) — ၁၇၇
- ကျင့်ထုံးဆိုင်ရာ ပြဿနာများ — တင်ဟုန် (တရားရေး) — ၁၈၂
- တစ်ဖက်သတ်စစ်ဆေးခြင်း — ဒေါ်တင်တင်မာ — ၁၈၇
- အစုရှယ်ယာများ လွှဲပြောင်းခြင်း — မောင်တင်မင်း (ရှေ့နေ) — ၁၈၉
- ဂျပန်နိုင်ငံတရားလွှတ်တော်ချုပ်တရားသူကြီး မစ္စတာ ကိုဂျီမီယာကာဝါနှင့် တွေ့ဆုံခြင်း — မြတ်မျိုးလတ်(တရားရေး) — ၁၉၂
- စာချုန်တော်အရိပ်အမြွက် — ဦးတင်ဝင်း — ၂၀၀
- ထွေရာလေးပါးအမှုတွဲများ — ဦးဝင်းအောင် — ၂၀၉


## တရားစီရင်ရေးဆိုင်ရာ


- ၂၀၁၃ ခုနှစ် တရားမအေထူးအယူခံမှု အမှတ် (၄၄) — ၂၁၅
- ၂၀၁၃ ခုနှစ် တရားမအထူးအယူခံမှု အမှတ် (၅၃) — ၂၁၉
- ၂၀၁၄ ခုနှစ် တရားမအထူးအယူခံမှု အမှတ် (၁၇) — ၂၂၇
- ၂၀၁၄ ခုနှစ်တရားမအထူးအယူခံမှု အမှတ် (၃၅) — ၂၃၃


## ENGLISH SECTION


- JUDICIARY STRATEGIC PLAN (2015-2017) — 242
- YEAR 1 ACTION PLAN (2015) — 258
- YEAR 2 ACTION PLAN (2016) — 265
- Handbook for Media Access to the Courts — 281
- Intellectual Property Rights and Prospects of Myanmar — Min Thant — 297


ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ထုတ်ဝေသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A(Law), LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဌေး | LL.B(Advocate) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးစိုးညွှန့် | B.A, R.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးမြသိမ်း | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးမြင့်အောင် | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၆။ | ဦးအောင်ဇော်သိန်း | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးမြင့်ဟန် | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

## တရားရေးဂျာနယ်စာတည်းအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | ဥက္ကဋ္ဌ(၁) |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ဥက္ကဋ္ဌ(၂) |
| ၃။ | ရုံးအဖွဲ့မှူး | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံ/ထောက်ပံ့ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၅။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်/သုတေသန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၆။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တရားစီရင်ရေး | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၇။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လုပ်ထုံး/စစ်ဆေးရေး | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၈။ | ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၀။ | ညွှန်ကြားရေးမှူး၊ လေ့ကျင့်ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၁။ | ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နည်းပညာနှင့်ပြည်သူ့ဆက်ဆံရေးဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၂။ | ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်သုတေသနဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၃။ | ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၄။ | ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၅။ | ညွှန်ကြားရေးမှူး၊ စာချုန်တော်ဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၆။ | ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၇။ | ညွှန်ကြားရေးမှူး၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၈။ | ဒုတိယရုံးအဖွဲ့မှူး | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၁၉။ | ဒုတိယညွှန်ကြားရေးမှူး၊ ဥပဒေစိစစ်ရေးနှင့်စီရင်ထုံးဌာနခွဲ ဥပဒေလုပ်ထုံးလုပ်နည်းဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အတွင်းရေးမှူး |

# ပြည်ထောင်စုတရားသူကြီးချုပ် နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ပြည်ပခရီးသတင်းမှတ်တမ်းလွှာ



၂၀၁၅ခုနှစ်၊ မတ်လ(၁) ရက်နေ့မှ(၃) ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ ဘိုရာကေးကျွန်းတွင် ကျင်းပခဲ့သည့် "တတိယအကြိမ်အာဆီယံတရားသူကြီးချုပ်များညီလာခံ" ၌ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တရားသူကြီးချုပ်များအမှတ်တရဓာတ်ပုံ ရိုက်ကူးစဉ်




၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်နေ့မှ (၉)ရက်နေ့အထိ သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကျင်းပသည့် (၁၆)ကြိမ်မြောက်အာရှပစိဖိတ်ဒေသတရားသူကြီးချုပ်များညီလာခံ၌ ပြည်ထောင်စုတရားသူကြီးချုပ် နှင့်အာရှပစိဖိတ်ဒေသတရားသူကြီးချုပ်များ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်



၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်နေ့တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ ကျင်းပသည့် Knowledge Exchange between Australian, Myanmar and Indonesian Judges on Judicial Reform in the Asia Region ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ဩစတြေးလျနိုင်ငံ၊ ဖယ်ဒရယ်တရားရုံးမှ တရားသူကြီးချုပ် James Allsop၊ အင်ဒိုနီးရှားနိုင်ငံတရားရုံးချုပ်မှ ဒုတိယတရားသူကြီးချုပ် Takdir Rahmadi၊ ဩစတြေးလျနိုင်ငံဖယ်ဒရယ်တရားရုံးမှ မှတ်ပုံတင်အရာရှိ Warwick Soden တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်




၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့မှ (၆)ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပခဲ့သည့် "ကျားမခွဲခြားမှုမရှိ အမျိုးသမီးရေးရာတန်းတူညီမျှမှု ဒေသတွင်းတရားစီရင်ရေး ဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးစိုးညွန့် နှင့်အဖွဲ့ တက်ရောက်စဉ်




၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ (၄)ရက်နေ့မှ(၅)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိပ်မြို့တွင် ကျင်းပပြုလုပ်သည့် "ပဋ္ဌမအကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲ" သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်စဉ်

ငလီးဒုတယဥပစ်းဒုတယဥကီးအဖွဲ့ဝင်များနှင့်အတူ ဥက္ကဋ္ဌ



၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့မှ (၉) ရက်နေ့အထိကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ ဒသမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း



၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့မှ (၉) ရက်နေ့အထိကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ခရိုင်တရားသူကြီးများ၏ ဒသမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင်ပြည်ထောင်စုတရားသူကြီးချုပ်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အဆင့်မြင့်အရာရှိများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း



၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့မှ (၉) ရက်နေ့အထိကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ခရိုင်တရားသူကြီးများ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း



(၄. ၃. ၂၀၁၅)နေ့တွင် နေပြည်တော်၊ ဥပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသော ၂၀၁၅ခုနှစ်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲမဟာမင်္ဂလာအခမ်းအနား၌ပြည်ထောင်စုတရားသူကြီးချုပ်မှ လှူဖွယ်ဝတ္ထုများလောင်းလှူခြင်း



(၂၃. ၃. ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း



(၁၃. ၁၁. ၂၀၁၅)နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဒသမအကြိမ်မြောက်ကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း




(၁၅. ၉. ၂၀၁၅) နေ့တွင် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂၃) မှ ဒုတိယမြို့နယ်တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုခြင်း



(၃၀. ၆. ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပခြင်း



(၉. ၉. ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တိုးချဲ့အဆောက်အဦ ပန္နက်တင် မင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ်က ရတနာပန္နက်တော်စိုက်ထူခြင်း



(၂၃. ၂. ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ-တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေး စီမံကိန်းတို့ ပူးပေါင်း၍ မဟာဗျူဟာစီမံကိန်း၊ Case Management နှင့် Pilot Court များ အကောင်အထည်ဖော်ရေးကိစ္စများ ဆွေးနွေးခြင်း




(၃၁. ၃. ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ- တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် တရားရုံးသတင်း ပြန်ကြားရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း




(၂၊ ၂၊ ၂၀၁၅) နေ့တွင် တရားသူကြီးများ၏ကျင့်ဝတ်သိက္ခာများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်အဖွင့်အမှာစကား ပြောကြားခြင်း




၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်နေ့မှ ၂၃ရက်နေ့အထိ ပြိတိန်နိုင်ငံအခြေစိုက် ဥပဒေအကျိုးဆောင်အဖွဲ့ Allen & Overy Limited နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ ပူးပေါင်း၍ "နိုင်ငံတကာ အနုညာတ စီရင်ဆုံးဖြတ်မှုတွင် တရားရုံး၏အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပခြင်း




၂၀၁၅ခုနှစ်၊ ဧပြီလ ၂၇ရက်နေ့မှ ၃၀ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံ၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏ ၂၀၁၅ခုနှစ်၊ စင်ကာပူ-မြန်မာဥပဒေရေးရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ကျင်းပပြုလုပ်သည့် "တရားသူကြီးများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှု အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပခြင်း




(၂၄- ၂- ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပခြင်း



(၂၀. ၇. ၂၀၁၅)နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



(၂၀. ၇. ၂၀၁၅) နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဖွင့်ပွဲအခမ်းအနား၌ ခရိုင်တရားသူကြီးမှ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ညွှန်ကြားရေးမှူးချုပ်အား ဖွင့်ပွဲအမှတ်တရပစ္စည်း ပေးအပ်ခြင်း



(၂၀. ၇. ၂၀၁၅) ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စု တရားသူကြီးချုပ်က ဖွင့်လှစ်ပေးခြင်း






(၂၀၊ ၃၊ ၂၀၁၅) နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



(၂၀၊ ၃၊ ၂၀၁၅) ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု တရားသူကြီးချုပ်က ဖွင့်လှစ်ပေးခြင်း



(၁. ၁. ၂၀၁၅) နေ့တွင် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ဝိုလ်ရှုသဘင်သို့
ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ တက်ရောက်ခြင်း




(၅. ၁၂. ၂၀၁၅) နေ့တွင် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲတွင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်ဆင်နွှဲခြင်း




(၇. ၅. ၂၀၁၅)မှ (၉. ၅. ၂၀၁၅)အထိ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးသတင်းပြန်ကြားရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ဖွင့်ပွဲအခမ်းအနားမှတ်တမ်းမှတ်ပုံရိုက်ကူးခြင်း

## ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ပြည်ပဧည့်တွေ့ဆုံမှုသတင်းမှတ်တမ်းလွှာ



(၁၀. ၃. ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာဆွစ်ဇာလန်နိုင်ငံသံရုံးမှ သံအမတ်ကြီး Mr. Christoph Burgene တို့ တွေ့ဆုံခြင်း



(၁၃. ၅. ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် နှင့် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် Mr. VK Rajah တို့ တွေ့ဆုံခြင်း




(၁၅၊ ၁၊ ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Ms. Yanghee Lee နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း



(၂၉၊ ၉၊ ၂၀၁၅) နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ် နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ Advisor ဖြစ်သူ Ms. Atsuko Hirose နှင့်အဖွဲ့တို့ တွေ့ဆုံခြင်း



(၆. ၁၀. ၂၀၁၅) ရက်နေ့တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် JICA (မြန်မာရုံး) မှ Chief Respresentative ဖြစ်သူ Mr. Keiichiro Nakazawa ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံခြင်း


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားမျှတရေး
အတူတကွ
မြှင့်တင်ပေး
တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း
(၂၀၁၅-၂၀၁၇)

# မာတိကာ


ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်

နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ ..... ၁

၂၀၁၅ - ၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်းအကြောင်း အကျဉ်းချုပ် ..... ၂

မဟာဗျူဟာဦးစားပေးအစီအစဉ် ..... ၃

အဓိကမဟာဗျူဟာလုပ်ငန်းနယ်ပယ်များ ..... ၄

မဟာဗျူဟာအဝိုင်း (၁) အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန် ..... ၄

မဟာဗျူဟာအဝိုင်း (၂) လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန် ..... ၅

မဟာဗျူဟာအဝိုင်း (၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန် ..... ၆

မဟာဗျူဟာအဝိုင်း (၄) တရားစီရင်ရေး၏ သာတူညီမျှမှု ၊ မျှတမှုနှင့် ဝုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရန် ..... ၇

မဟာဗျူဟာအဝိုင်း (၅) အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု အားကောင်းလာစေရန် ..... ၈

အဓိကလုပ်ငန်း လျာထားသတ်မှတ်ချက်များ ..... ၉

မဟာဗျူဟာစီမံကိန်းလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း ..... ၁၁

သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ -၂၀၁၇ ) ..... ၁၂

ပထမနှစ် လုပ်ငန်းစဉ်အစီအစဉ် ..... ၁၈

အတိုကောက် အခေါ်အဝေါ်များ ..... ၂၈

အဓိပ္ပါယ်ဖွင့်ဆိုချက်များ ..... ၂၉

# ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဂဥ်

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်ပါသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အနေနှင့် ပြဋ္ဌာန်းထားသော ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးများကို ပြည်သူများ ရရှိခံစားနိုင်အောင် အာမခံချက်ပေးထားပါသည်၊ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားမှသာ ပြည်သူအများပြီးရွှင်သာယာဝပြောရေးကို တည်တံ့ခိုင်မြဲစေမည်ဖြစ်ပါသည်၊ တရားဥပဒေဝိုးဝိုးမှုရှိအောင် ဆောင်ရွက်နိုင်မှသာ အဆိုပါတန်ဖိုးများကို ရရှိနိုင်မည်ဖြစ်ပါသည်၊ တရားဥပဒေဝိုးဝိုးရေးသည် ဒီမိုကရေစီစနစ်ကို ပီပြင်စွာ ကျင့်သုံးနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သည့်အပြင် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ ကျောရိုးလည်းဖြစ်ပါသည်၊

တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော်ဖွဲ့ပြိုးတိုးတက်ရန် ကြိုတင်ရှိထားရမည့် လိုအပ်ချက်တစ်ခုဖြစ်သည်ကို မိမိတို့ သတိမူမိကြပါသည်၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးများအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က အာမခံချက်ပေးထားခြင်း ဖြစ်ပါသည်၊ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်၊ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါသည်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသစ်ပြန်လည်ထွက်ပေါ်လာသည့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် ဒီမိုကရေစီနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလျက်ရှိသော စံနှုန်းများနှင့် ကိုက်ညီလျက်ရှိသည့်အပြင် တည်ဆဲဥပဒေများအရလည်း နိုင်ငံသားများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိပါသည်၊

ယခုနှစ်များအတွင်း တရားစီရင်ရေးကဏ္ဍ၌ ပြည်တွင်းနှင့် ပြည်ပရေးရာ လူပ်ရှားဆောင်ရွက်မှုများဖြင့် ပြည့်နှက်လျက်ရှိပါသည်၊ အောင်မြင်မှုများရရှိသကဲ့သို့ အချို့အဆို့ဖေါ စိန်ခေါ်မှုများမှာလည်း ဆက်လက်တည်ရှိနေဆဲပင် ဖြစ်ပါသည်၊ အဆိုပါစိန်ခေါ်မှုများတွင် အဖွဲ့အစည်းအလိုက်နှင့် တစ်ဦးချင်းအလိုက်ပါ အရည်အသွေးတိုးတက်မြင့်မားအောင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များလည်း ပါဝင်နေပါသည်၊

ယခု တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)၏ မဟာဗျူဟာလုပ်ငန်း အစီအစဉ်များအနေနှင့် တရားစီရင်ရေးကဏ္ဍကို ပိုမိုကောင်းမွန်စေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားသည့် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအပေါ် ကောင်းမွန်စွာ အထောက်အပံ့ပြု သွားနိုင်မည် ဖြစ်ပါသည်၊

မဟာဗျူဟာစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်အတွက် ကုလသမဂ္ဂပွဲပြိုးရေးအစီအစဉ်(မြန်မာ)၏ အစကနဦး ကြိုးပမ်းအားထုတ်ခဲ့မှုများအပေါ် ကျေးဇူးဥပကာရ တင်ရှိရပေသည်၊ ယင်းအပြင် အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ပြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုပြန့်တင်ရေးစီမံကိန်းအပေါ် ယခု မဟာဗျူဟာစီမံကိန်း အောင်မြင်စွာ ရေးဆွဲပြီးစီးနိုင်စေရေးအတွက် ကူညီပံ့ပိုးခဲ့မှုများ၊ အားထုတ်ခဲ့မှုများအတွက်လည်းကောင်း၊ ဤစီမံကိန်းရေးဆွဲရေး အဖွဲ့ဝင်များအပေါ် ယင်းတို့၏ စဉ်ဆက်မပြတ် ကြိုးပမ်းမှုများ၊ တာဝန်ယူဆောင်ရွက်ပေးမှုများအတွက်လည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်၊

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်
နေပြည်တော်

# ၁. နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ

ကျွမ်မဟာဗျူဟာသည် ၂၀၁၃ ခုနှစ် မေလ ၁၆ ရက်နေ့တွင် မြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ စီမံကိန်းရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်း၍ စတင်ဆောင်ရွက်ခဲ့သော မဟာဗျူဟာ စီမံကိန်းနှင့် အချက်အလက်ဆန်းစစ်လေ့လာမှုဆိုင်ရာ လုပ်ဆောင်မှုများအပေါ် အခြေပြုထားခြင်း ဖြစ်ပါသည်။

ဌာန၏ဆောင်ရွက်မှုများအပေါ် လေ့လာအကဲဖြတ်ရန်အတွက် စီမံကိန်းရေးဆွဲရေးအဖွဲ့သည် မြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်နယ်မြေအတွင်းရှိခရိုင်တရားရုံးတစ်ရုံးနှင့် မြို့နယ်တရားရုံး ၅ ရုံးမှ အဆင့်ဆင့်သော ရုံးထိုင်တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအပါအဝင် တရားရုံးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တရားရုံးအသုံးပြုသူများကို တွေ့ဆုံ၍ လူတွေ့မေးမြန်းခဲ့ပါသည်။ စီမံကိန်းရေးဆွဲရေးအဖွဲ့သည် မြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၏ ဌာနအသီးသီးမှ အချက်အလက်များကောက်ယူခြင်းနှင့် တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ ၂၀၁၂ ခုနှစ် စာရင်းဇယားဆိုင်ရာ အစီရင်ခံစာများအပေါ် အချက်အလက်ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် လူတွေ့မေးမြန်းမှုများ၊ အချက်အလက်ဆန်းစစ်လေ့လာမှုများ၊ တရားသူကြီးများ၏ လွတ်လပ်စွာ ဆောင်ရွက်မှု၊ တာဝန်ခံမှုနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာမူသဘောများ၊ အာရုပစိတ်ဒေသ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုနှင့် စင်ကာပူနိုင်ငံ၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုအပေါ် လေ့လာမှုများနှင့် အတူ ကနဦးအစီရင်ခံစာကို တင်ပြခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာကို မြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ၈/၂၀၁၃ ကြိမ်မြောက်အစည်းအဝေးမှ မှတ်တမ်းတင်ခဲ့ပါသည်။

စီမံကိန်းရေးဆွဲရေးအဖွဲ့၏ အစီရင်ခံစာကို အခြေပြု၍ မဟာဗျူဟာဆိုင်ရာ အရေးကြီးအချက်များနှင့် ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ရန်အတွက် မြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လုပ်ငန်းအဆင့်အစည်းအဝေးကို ယူအင်ဒီပီနှင့် အိုင်စီဂျေ ကျွမ်းကျင်ပညာရှင်များနှင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇွန်လ ၂ ရက်နှင့် ၃ ရက် နေ့များတွင် မဟာဗျူဟာစီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲနှင့် မြန်လည်သုံးသပ်သည့် အစည်းအဝေးကို ယူအက်အေ့စ်၏ တရားဥပဒေပိုးပိုးမျှပြင့်တင်ရေး စီမံကိန်းမှ ကျွမ်းကျင်ပညာရှင်များနှင့်လည်းကောင်း အသီးသီး မြေလုပ်ခဲ့ ပါသည်။

ရလဒ်အနေဖြင့် တရားစီရင်ရေးဆောင်ရွက်မှုနယ်ပယ်များတွင် အမှုများကိုစစ်ဆေးစီရင်ရာ၌အဓိကနှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု၊ တရားစီရင်ရေး၏ တန်းတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာနှင့် တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့တွင် အစဉ်အလိုက် အားကောင်းကြောင်း ဆန်းစစ်လေ့လာတွေ့ရှိရပါသည်။ အားအနည်းဆုံး ဆောင်ရွက်မှုများမှာ လူထု၏ တရားမျှတမှုလက်လှမ်းမီရေးဖြစ်ပြီး ယင်းနောက်တွင် တရားစီရင်ရေးအပေါ် လူထု၏ ယုံကြည်အားထားမှု ဖြစ်ပါသည်။ ထို့ကြောင့် ကျွမ်မဟာဗျူဟာတွင် လူထု၏တရားမျှတမှု လက်လှမ်းမီရေးနှင့်တရားစီရင်ရေးအပေါ် လူထု၏ယုံကြည်အားထားမှုတို့အတွက် အစီအစဉ်များကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်ပါသည်။

(၅) အဖွဲ့အစည်းအတွင်း ဆောင်ရွက်ရမည့် အလုပ်များ ပြီးမြောက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိရေး

(၆) အဖွဲ့အစည်းအတွင်း ဆောင်ရွက်ရမည့် အလုပ်များ ပြီးမြောက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိရေး

(၇) အဖွဲ့အစည်းအတွင်း ဆောင်ရွက်ရမည့် အလုပ်များ ပြီးမြောက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိရေး

(၈) အဖွဲ့အစည်းအတွင်း ဆောင်ရွက်ရမည့် အလုပ်များ ပြီးမြောက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိရေး

ပြည်သူ့ဝန်ထမ်းများ ကိုယ်ကျင့်တရားနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ကိုယ်ကျင့်တရားဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိရေး

- ခေတ်နှင့်တစ်ပြေးညီ ဖြစ်ပေါ်လာသော ကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းနိုင်ရေး
- ပြည်သူ့ဝန်ထမ်းများ ကိုယ်ကျင့်တရားနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ကိုယ်ကျင့်တရားဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိရေး
- ခေတ်နှင့်တစ်ပြေးညီ ဖြစ်ပေါ်လာသော ကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းနိုင်ရေး

ပြည်သူ့ဝန်ထမ်းများ ကိုယ်ကျင့်တရားနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ကိုယ်ကျင့်တရားဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိရေး

ပြည်သူ့ဝန်ထမ်းများ ကိုယ်ကျင့်တရားနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ကိုယ်ကျင့်တရားဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိရေး

## ၂၀၁၅-၂၀၁၇ ခုနှစ် ပဉ္စမမြောက်ဗဟုသုတနှင့် အတွေ့အကြုံ အစီအစဉ်

# ၃. မဟာဗျူဟာ ဦးစားပေးအစီအစဉ်

မြန်မာတရားစီရင်ရေးမှ မဟာဗျူဟာဖော်ဆောင်မည့် အပိုင်း (၅)ပိုင်းကို အောင်မြင်စေရန်အတွက် ဖနောင်လာမည့် ၃ နှစ်တာတွင် ဆောင်ရွက်ရမည့် မဟာဗျူဟာ ရည်မှန်းချက် ၁၂ ရပ်ကို ထုတ်ဖော်နိုင်ခဲ့ပါသည်။ အဆိုပါ မဟာဗျူဟာရည်မှန်းချက်များအသီးသီးတွင် မဟာဗျူဟာ အစီအစဉ် ၃၁ ချက်ကို အကြံပြုထောက်ခံထားပါသည်။

၃ နှစ်တာ မဟာဗျူဟာစီမံကိန်းတွင် ပြည့်စုံရှင်းလင်းသည့် မဟာဗျူဟာအစီအစဉ်များပါဝင်ပါသည်။ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အဓိကဦးစားပေးအစီအစဉ်များကို အဆင့်သတ်မှတ်ရန်အတွက် ဦးစားပေးဆောင်ရွက်မှုလုပ်ငန်းစဉ် ချမှတ်ထားပါသည်။ ဦးစားပေးဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် အောက်ဖော်ပြပါအတိုင်း ဦးစားပေးအဆင့်များကို အသုံးပြုမည်ဖြစ်ပါသည်။

### ဦးစားပေးအဆင့် (၀)

မဟာဗျူဟာအရ ချက်ချင်းလုပ်ဆောင်ရန် အထူးအရေးကြီး ဦးစားပေး မဟာဗျူဟာအစီအစဉ်များ

### ဦးစားပေးအဆင့် (၂)

ပထမနှစ်၊ဒုတိယနှစ်အတွင်းရရှိနိုင်သည့်အရင်းအမြစ်များအရ လက်တွေ့အကောင်အထည်ဖော်ရမည့် ထိပ်တန်းအဆင့် ဦးစားပေး မဟာဗျူဟာအစီအစဉ်များ

### ဦးစားပေးအဆင့် (၃)

စီမံကိန်း၏ ဒုတိယနှစ်၊ တတိယနှစ်တွင် ရရှိနိုင်သည့် အရင်းအမြစ်များအရ ဆက်လက်လုပ်ဆောင်ရမည့် အလယ်အလတ်အဆင့် ဦးစားပေး မဟာဗျူဟာအစီအစဉ်များ



# ၄. အဓိက မဟာဗျူဟာ လုပ်ငန်းနယ်ပယ်များ

## မဟာဗျူဟာအပိုင်း(၁) | အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ် စောင့်ရှောက်ရန်

မြန်မာတရားစီရင်ရေးသည် သာတူညီမျှ လက်လှမ်းမီရေးကို ပေးအပ်ရန်၊ မျှတမှုကို သေချာစေရန်နှင့် တရားဥပဒေဘိုးဘိုးရေးကို ထိရောက်မှုရှိစေရန် ကတိကဝတ်ထား ဆောင်ရွက်နေပါသည်။ ပြည်သူ တိုင်းသည် တရားမျှတမှုကို လက်လှမ်းမီရန် အခွင့်အရေးရှိပါသည်။ ကျွန်ုပ်တို့ တရားရုံးများကလည်း အမှုများကို မျှတလျင်မြန်စွာ ဖြေရှင်းရေးအတွက် လိုအပ်သည့်အကူအညီနှင့် သတင်းအချက်အလက် များကို ပြည်သူများသို့ ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။

မြန်မာတရားရုံးများသည် လုံခြုံစိတ်ချမှု၊ လွယ်ကူစွာအသုံးပြုနိုင်မှုနှင့် သာတူညီမျှသည့် တရားစီရင်ရေးအတွက် အဟန့်အတားများမှ လွတ်မြောက်ရန် ကြိုးပမ်းနေပါသည်။ ဂုဏ်သိက္ခာနှင့် ပြည်သူများ၏အခွင့်အရေး ကာကွယ်ခြင်း၊ တရားဥပဒေဘိုးဘိုးရေးကို ထိန်းသိမ်းခြင်းစသည့် တရားစီရင်ရေးဆိုင်ရာ အရေးကြီးကဏ္ဍများ၏ သင်္ကေတများအဖြစ် ရပ်တည်နိုင်ရန် တရားလွှတ်တော်၊ ရိုင်နှင့် မြို့နယ်တရားရုံးများကို ခေတ်မီရန် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### မဟာဗျူဟာရည်မှန်းချက် ၁.၁.

တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်

#### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- အများပြည်သူကိုယ်တိုင် သတင်းအချက်အလက်ရယူနိုင်သည့် ကောင်တာများ ထားရှိပေးခြင်း။
- အများပြည်သူအတွက် ခေတ်မီသော အမှုလက်ခံဌာနများ၏ ရှေ့ပြေးနမူနာပုံစံ ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည် ဖော်ခြင်း။

### မဟာဗျူဟာရည်မှန်းချက် ၁.၂.

ပြည်သူများ၊ တရားစွဲဆိုသူများနှင့် တရားစွဲဆိုခြင်းခံရသူများ အားလုံးကို ယဉ်ကျေးလှိုက်လှဲလိုလားစွာ ဆက်ဆံပေးရန်

#### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- တရားသူကြီးများ၊ ရုံးဝန်ထမ်းများကို ဝန်ဆောင်မှုနှင့် ဆက်ဆံပြောဆိုမှု သင်တန်းများပေးခြင်း။

#### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- တရားရုံးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရေးအတွက် မှုခင်းသတင်းအချက်အလက်စနစ်အား မြှင့်တင်ပေးခြင်း။
- တရားမမှုခင်းများတွင် ဧစုစပ်ပြန်ပြေမှုနည်းလမ်းအသုံးပြုနိုင်ရေးအတွက် ဖြစ်နိုင်ခြေများကို လေ့လာခြင်း။

### မဟာဗျူဟာရည်မှန်းချက် ၁.၃.

တရားရုံးဝန်ဆောင်မှုများကို ပြည်သူများလက်လှမ်းမီစေရေးအတွက် တရားရုံးအဆင်အပြင်များကို ပေါင်းစည်းထားသော ဒီဇိုင်းပုံစံများဖြင့် ပြန်လည်မွမ်းမံရန်

#### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- ပြည်စုံလုံလောက်၍ စိတ်ချရသော အခွင့်အလမ်းများ ပေးအပ်နိုင်ရန်နှင့် ပြည်သူများ၏ ယုံကြည်မှုများ မြင့်မားလာစေရန် အတွက် ရှေ့ပြေးတရားရုံးများတွင် အထောက်အပံ့ပစ္စည်းများကို ခေတ်မီအောင် ဆောင်ရွက်ခြင်း။

#### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ အထောက်အပံ့ပစ္စည်းများ တိုးတက်ရေးအစီအစဉ်များ မြှင့်တင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

# မဟာဗျူဟာအပိုင်း(၂) | လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်

တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းခြင်းနှင့် ထိရောက်မှုရှိစေခြင်းသည် ကျွန်ုပ်တို့ ဒီမိုကရေစီစနစ်၏ အုတ်မြစ်တစ်ခုဖြစ်ပါသည်၊ မြန်မာတရားရုံးများသည် တာဝန်ယူဆောင်ရွက်မှု၊ မျှတမှုနှင့် ဘက်မလိုက်မှုတို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်၊ ဆက်ဆံပြောဆိုရေး၊ လူထုပညာပေးရေးနှင့် တရားရုံး–လူအုပ်အဖွဲ့ ပညာပေးရေးအစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ထိန်းသိမ်းရန်၊ မြှင့်တင်ရန် ကျွန်ုပ်တို့ ကြိုးပမ်းနေပါသည်၊

အဆင့်ဆင့်သောတရားရုံးများတွင်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများမှတစ်ဆင့် သတင်းမီဒီယာများ၊ ပြည်သူလူထုနှင့် ဆက်ဆံရေးကို တိုးမြှင့်ရန် ကြိုးပမ်းနေပါသည်၊

တရားရုံးများသည် ဤသုံးနှစ်မဟာဗျူဟာစီမံကိန်းတွင် ဆောင်ရွက်မည့်အစီအစဉ်များကြောင့် ရရှိမည့် တရားမျှတမှုလက်လှမ်းမီရေး တိုးတက်အောင်မြင်မှုများနှင့် အချိန်နှင့်တစ်ပြေးညီ တိုးတက်လုပ်ဆောင်မှုများကို အသိပေးရာတွင် အဓိကကဏ္ဍမှ ပါဝင်ဆောင်ရွက်မည် ဖြစ်သည်၊

## မဟာဗျူဟာ ရည်မှန်းချက် ၂.၁.

သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန်

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအား သတင်းမီဒီယာနှင့် ဆက်ဆံရေးသင်တန်းများ ပို့ချပေးခြင်း၊
- တရားရုံးအဆင့်ဆင့်တွင် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ခြင်း၊

### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- အများပြည်သူ သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို နိုင်ငံတော်အဆင့် လုပ်ဆောင်ခြင်း၊

## မဟာဗျူဟာ ရည်မှန်းချက် ၂.၂.

တရားရုံးအသိုက်အဝန်းတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်

### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- တရားရုံးသတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- အများပြည်သူအထောက်အကူပြုသည့် အစီအစဉ်များ လုပ်ဆောင်ခြင်း၊



## မဟာဗျူဟာအပိုင်း(၃) | တရားစီရင်ရေး၏လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်

နိုင်ငံတော်အစိုးရ၏ လွတ်လပ်၍ တန်းတူညီမျှရှိသည့် ကဏ္ဍတစ်ရပ်အနေဖြင့် တရားစီရင်ရေးသည် အားလုံးအတွက် တရားမျှတမှုရှိစေရန်၊ ထုံးတမ်းစဉ်လာ တရားစီရင်ရေးလုပ်ငန်းများကို ထိန်း သိမ်းရန်နှင့် ကျွန်ုပ်တို့တာဝန်များကို ဖြည့်ဆည်းပေးနိုင်သည့် ပြည့်စုံလုံလောက်သည့်အရင်းအမြစ်များ အသေအချာရှိစေရန်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများနှင့် အနီးကပ်လက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

တရားရုံးစနစ်အတွက် ဘတ်ဂျက်ကို ဥပဒေပြုအဖွဲ့မှ သတ်မှတ်ပေးပါသည်။ သို့သော် ထိုအရင်းအမြစ်များသည် တရားရုံးဝန်ဆောင်မှုအတွက် တောင်းဆိုမှုအားလုံးကို ဆောင်ရွက်ပေးရန် လုံလောက်မှုမရှိပါ။ သို့အတွက် တရားစီရင်ရေးကဏ္ဍသည် သုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့် အထူးအရေးကြီး ဦးစားပေးအစီအစဉ်များအတွက် အသုံးစရိတ်ကို အမြင့်ဆုံးတန်ဖိုးအထိ ခွဲဝေသတ်မှတ်ပေးရန် လိုအပ်ပါသည်။

တရားစီရင်ရေးကဏ္ဍ၏ လွတ်လပ်စွာတည်ရှိမှုကို ထိန်းသိမ်းရန် တရားရုံးများသည် ပြည်သူ့ဘဏ္ဍာသုံးစွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုရှိကြောင်း ဖော်ပြရန်လိုအပ်ပါသည်။ တစ်စုတစ်စည်းတည်းသော ဘတ်ဂျက်များနှင့် အသုံးစရိတ်ရှင်းတမ်းလုပ်ငန်းစဉ်များသည် ငွေအရင်းအမြစ်များကို တာဝန်ယူ၍ အကျိုးရှိစွာ သုံးစွဲနေကြောင်း ဖော်ပြရပါမည်။ ဘတ်ဂျက်တောင်းဆိုမှုများသည် ရှင်းလင်းမှန်ကန်မှုတပြီး သုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့် အထူးအရေးကြီးဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်မှုရှိနေရမည် ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များသည် အဖွဲ့အစည်းအဆင့်ဆင့်၏ ဘတ်ဂျက်များနှင့် ငွေအသုံးစရိတ်ရှင်းတမ်းများကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်းနှင့် အသုံးစရိတ်ခန့်မှန်းခြင်းတို့ ဆောင်ရွက်မည့် ဘတ်ဂျက်စီမံခန့်ခွဲမှုစနစ်တစ်ရပ်ကို စတင်လုပ်ဆောင်ရမည် ဖြစ်ပါသည်။

### မဟာဗျူဟာရည်မှန်းချက် ၃.၁.

ပြည်သူ့ဘဏ္ဍာကို အသုံးပြုရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစေရန်အတွက် ဘတ်ဂျက်နှင့် ငွေအသုံးစရိတ်ရှင်းတမ်းများကိုစီမံကြီးကြပ်ရန်၊ မှန်ကန်မှုတသည့်တစ်စုတစ်စည်းတည်းသောဘတ်ဂျက်ကို စီမံကြီးကြပ်ရေးအတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန်၊

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အဆင့်များတွင် တစ်စုတစ်စည်းတည်းသော တရားရုံးဘတ်ဂျက်ကို စီမံကြီးကြပ်သည့် စွမ်းဆောင်ရည်တိုးမြှင့်ခြင်း၊
- ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက် ဦးစားပေးအစီအစဉ်များ၏ လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း၊

### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေသတ်မှတ်နိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာ လမ်းညွှန်ချက်များမြှင့်တင်ခြင်း၊

### မဟာဗျူဟာရည်မှန်းချက် ၃.၂.

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် ထိရောက်မှုရှိသည့် တရားစီရင်ရေး စီမံခန့်ခွဲမှုအတွက် လိုအပ်သည့် စွမ်းဆောင်ရည်များကို မြှင့်တင်ရန်

### မဟာဗျူဟာအရ အထူးအရေးကြီး အစီအစဉ်များ

- သတင်းပြန်ကြားရေးဌာန/သတင်းအချက်အလက်နည်းပညာ(IT)ဌာနနှင့် တရွှေ့တော်အမိန့်ထိုင်ရာဌာနစသည်များကို စတင်ဖွဲ့စည်းခြင်း၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် သတင်းအချက်အလက်နည်းပညာ(IT) စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးဝန်ထမ်းများအတွက် သတင်းအချက်အလက်နည်းပညာ(IT) သင်တန်းများပေးခြင်း၊

## မဟာဗျူဟာအပိုင်း(၄) | တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဝုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်

မြန်မာတရားရုံးများသည် အားလုံးသို့ အဆင့်မြင့်ဝုဏ်သိက္ခာ၊ မျှတမှုနှင့် ဥပဒေအရ သာတူညီမျှစွာ ကာကွယ်စောင့်ရှောက်မှုတို့ကို မြည့်ဆည်းပေးရန် ထားရှိသည့်ကတိကဝတ်ကို ထိန်းသိမ်းမည်ဖြစ်ပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များသည် သက်ဆိုင်ရာဥပဒေများ၊ စီမံခန့်ခွဲရေးစည်းမျဉ်းများ၊ မူဝါဒများ၊ ကျင့်ဝတ်နှင့် အတတ်ပညာဆိုင်ရာစံနှုန်းများကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

ဥပဒေကို မျှတ၍ သာတူညီမျှအသုံးပြုကြောင်း သေချာစေရန်အတွက် တရားသူကြီးများအတွက် သင်တန်းများနှင့် တရားရေးလေ့ကျင့်သင်တန်းကျောင်း၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ပါသည်။

တရားသူကြီးများက တည်ဆဲဥပဒေများ၊ ယခင်တရားရုံးဆုံးဖြတ်ချက်များ၊ တရားရုံးဆိုင်ရာစည်းမျဉ်းများကို လက်လှမ်းမီစေရေးအတွက် အီလက်ထရောနစ်သုံးစနစ်၊ သို့မဟုတ် ဥပဒေစာကြည့်တိုက်များ၏အဆင့် မြှင့်တင်ပေးရမည်ဖြစ်ပါသည်။

### မဟာဗျူဟာရည်မှန်းချက် ၄.၁.

တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ဗဟုသုတ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်များ တိုးမြှင့်ပေးရန်။

#### မဟာဗျူဟာအရ အထူးအာရေကြီး အစီအစဉ်များ

- တရားသူကြီးများအတွက် သာတူညီမျှမှု၊ မျှတမှုနှင့် ဝုဏ်သိက္ခာဆိုင်ရာသင်တန်းများ တိုးမြှင့်ပို့ချပေးခြင်း။
- တရားရုံးဝန်ထမ်းများအတွက် ပြည်သူလုထု၏ ကျေနပ်မှုကို ထိရောက်လုံလောက်စွာ တိုးမြှင့်နိုင်သည့် စွမ်းရည်ဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း။

#### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- တရားသူကြီးများ ဗဟုသုတအရင်းအမြစ် လက်လှမ်းမီစေရေးအတွက်တရားစီရင်ရေးဆိုင်ရာစာကြည့်တိုက်များ၏အဆင့် မြှင့်တင်ပေးခြင်း။

### မဟာဗျူဟာရည်မှန်းချက် ၄.၂.

တရားသူကြီးများ၏ ပညာရပ်ဆိုင်ရာတိုးတက်ရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။

#### ထိပ်တန်းအဆင့် ဦးစားပေး အစီအစဉ်များ

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ လေ့ကျင့်ဌာနနှင့် တရားရေးလေ့ကျင့်သင်တန်းကျောင်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

#### အလယ်အလတ် ဦးစားပေး အစီအစဉ်များ

- ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း။ တရားစီရင်ရေးဆိုင်ရာ ပညာရပ်နှင့် ကျင့်ဝတ်ဆိုင်ရာ နည်းဗျူဟာများ မြှင့်တင်ပေးခြင်း။



## မဟာဗျူဟာရည်မှန်းချက် ၅.၁.

မှုခင်းလုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု တိုးတက်လာစေရေးအတွက် ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်။

### မဟာဗျူဟာအရ အထူးအာရုံစိုက် အဓိကစဉ်များ

- တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း။
- မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို မြှင့်တင်ပေးခြင်း။
- မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ပြောင်းလဲမှုများကို ရိုတ်ဆက်ဆောင်ရွက်ပေးခြင်း။

### ထိပ်တန်းအဆင့် ဦးစားပေး အဓိကစဉ်များ

- ရှေ့ပြေးတရားရုံးများတွင် အချက်အလက်ကိန်းဂဏန်းများ (ဥပမာအားဖြင့် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးစီးမှု၊ စစ်ဆေးဆဲအမှုများ၏ ကြာမြင့်ချိန် ကောက်ယူခြင်း၊ ရှေ့ပြေးတရားရုံးများနှင့် တစ်နိုင်ငံလုံး၏ အမှုစီရင်ဆုံးဖြတ်ရန် ကြန့်ကြာသည့် အချိန်ဝင်္ကပ်ကို) ကောက်ယူခြင်းနှင့် ယင်းနောက် အချက်အလက်ကိန်းဂဏန်းကောက်ယူသည့် နည်းလမ်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ တိုးမြှင့်ခြင်း။

## မဟာဗျူဟာရည်မှန်းချက် ၅.၂.

ပိုမိုထိရောက်မှုရှိစေရန် တရားစီရင်ရေးဆိုင်ရာ အဓိကလုပ်ငန်းစဉ်များကို လူကိုယ်တိုင်အစား အလိုအလျောက်စက်များဖြင့် လုပ်ဆောင်ရန်နှင့် ထိရောက်သောလုပ်ငန်းစနစ် အသုံးပြုခြင်း။

### အလယ်အလတ် ဦးစားပေး အဓိကစဉ်များ

- မှုခင်းလမ်းကြောင်းလုပ်ငန်းစဉ်များနှင့် အမှုတွဲထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ထိရောက်သောလုပ်ငန်းစနစ် အသုံးပြုခြင်း။
- လူအစား စက်များဖြင့် အလိုအလျောက်လုပ်ဆောင်မည့် မှုခင်းစီမံခန့်ခွဲမှုစနစ်(CMS)ကို စတင်လုပ်ဆောင်ခြင်း။
- တရားရေးဌာနတစ်ခုလုံးအတွက် သတင်းနည်းပညာ(IT) အသုံးပြုမှုဆိုင်ရာပင်မလုပ်ငန်းစီမံချက်တစ်ရပ်ပြင်ဆင်ထားခြင်း။

## မဟာဗျူဟာရည်မှန်းချက် ၅.၃.

ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်ရန်။

### အလယ်အလတ် ဦးစားပေး အဓိကစဉ်များ

- မြစ်မှနှင့် တရားမမှုခင်းများတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို အကြံပြုခြင်း။

မြန်မာတရားရုံးများသည် ရုံးရှေ့ရောက်ရှိလာသော အမှုအခင်းများကို တရားမျှတစွာဖြင့် အချိန်မီအကျိုးရှိအောင် ဆုံးဖြတ်ရန် ဆောင်ရွက်နေပါသည်။ ထိရောက်မှုရှိသည့် မှုခင်းစီမံခန့်ခွဲမှု နည်းစနစ်သည် အမှုတစ်မှုချင်းအတွက် သာမက တရားရေးစနစ်တစ်ခုလုံး၏ တရားစီရင်ရေးစီမံခန့်ခွဲမှုကို ဆောင်ရွက်နိုင်ပါသည်။

မှုခင်းလုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်နိုင်မှုကို ထိန်းသိမ်းခြင်းနှင့် နစ်နာသူများ၊ သက်သေများနှင့် ပြည်သူများ အပေါ်ထိ ရောက်မှုမရှိသည့် တရားရုံးလုပ်ထုံးလုပ်နည်းများကြောင့် ဖြစ်ပေါ်စေသော ဝန်ထုပ်ဝန်ပိုးကို နည်းနိုင်သမျှနည်းစေခြင်းတို့သည် တရားရုံးအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို သက်ရောက်စေသည့် အလွန်အရေးပါသော အကြောင်းရင်းဖြစ်ပါသည်။

အစီအစဉ်ရေးဆွဲထားသည့်အတိုင်း ပေါ်ပေါက်သော တရားရုံး၏ ရုံးမှုန်းရက်များကို အမှုသည်များ၊ နစ်နာသူများနှင့် သက်သေများက လက်ခံနိုင်ရမည်ဖြစ်သည်။ တင်ကြေးသည့်အမှုရှေ့ဆိုင်းမှု ကန့်သတ်ရေးမူဝါဒကို တစ်သတ်မတ်တည်း ကျင့်သုံးခြင်းဖြင့် မှုခင်းကြားနာမှုရှေ့ဆိုင်းခြင်းကို နည်းနိုင်သမျှ နည်းစေမည် ဖြစ်ပါသည်။

မြန်မာတရားရုံးများသည် မလိုလားအပ်သည့် ကြန့်ကြာမှုများကို လျော့ချနိုင်ရန်အတွက် ဆန်းသစ်သည့် မှုခင်းစီမံခန့်ခွဲမှုနည်းဗျူဟာများ၏ အရေးပါမှုကို အသိအမှတ်ပြုလက်ခံထားပါသည်။ ဤသုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် ထိုရည်မှန်းချက်ကို အောင်မြင်စေမည့် အစီအစဉ်သစ်များလည်း ပါဝင်ပါသည်။

# ၅. အဓိက လုပ်ငန်းလျာထား သတ်မှတ်ချက်များ

မဟာဗျူဟာရည်မှန်းချက်များ၏ အောင်မြင်မှုကို တိုင်းတာရန် အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို တရားဝေး အဖွဲ့အစည်းက အသိအမှတ်ပြုဖော်ဆောင်ရန် အရေးကြီးပါသည်။

အချက်အလက်အခြေခံသည့် လုပ်ငန်းလျာထားသတ်မှတ်ချက်များနှင့် ရလဒ်တိုင်းတာချက်များသည် တရားစီရင်ရေးဆိုင်ရာ တိုးတက်မှုလုပ်ငန်းစဉ်၏ အောင်မြင်မှုကို စောင့်ကြည့်စစ်ဆေးရန်အတွက် အသုံးပြုရမည့် ဓမ္မဗိဒ္ဓာန်ကျသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။ အသုံးပြုမည့် လုပ်ငန်းလျာထား သတ်မှတ်ချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| အမိုဂျာဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်းအမြစ် | အခြေခံမူဝါဒ | ရည်မှန်းကာလ | | |
|---|---|---|---|---|---|---|
| | | | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် |
| အမှုပြီးပြတ်နှုန်း (ဖွဲ့ဆိုမှုနှင့် ထုံးဖြတ်ပြီးမှု အပျိုးအစား) | မြည်သူဘက္ကာ အသုံးပြုရာတွင် လုံလောက် ထိရောက်မှု၊ တာဝန်ခံမှုတို့ကို တိုင်းတာခြင်း | တစ်နိုင်ငံလုံး အမှုပြီးပြတ်မှုနှုန်း[1] | တရားမ ၉၁٪ | ၉၃٪ | ၉၅٪ | ၁၀၀٪ |
| | | | မြစ်မှုဓလေ့ ၉၈.၅٪ | ၉၉٪ | ၉၉.၅٪ | ၁၀၀٪ |
| | | | စုစုပေါင်း ၉၅٪ | ၉၈٪ | ၉၉٪ | ၁၀၀٪ |
| | | ရွှေပြားတရားရုံး အမှုပြီးပြတ်မှုနှုန်း[2] | တရားမ ၉၅٪ | ၉၈٪ | ၉၉٪ | ၁၀၀٪ |
| | | | မြစ်မှုဓ ၂٪ | ၉၄٪ | ၉၇٪ | ၁၀၀٪ |
| | | | စုစုပေါင်း ၉၃٪ | ၉၅٪ | ၉၈٪ | ၁၀၀٪ |

[1] အခြေခံမူဝါဒအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် တရားရုံးများအားလုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှုအမှုစာရင်းဆိုင်ရာ မြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာဖြစ်ပါသည်။

[2] အခြေခံမူဝါဒအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် ရွှေ့ပြောင်းတရားရုံး (၃) ရုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှုအမှုစာရင်းဆိုင်ရာ မြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာဖြစ်ပါသည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်းအမြစ် | အခြေခံမျဉ်း | ရည်မှန်းကာလ | | |
|---|---|---|---|---|---|---|
| | | | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် |
| စစ်ဆေးဆဲ အမှုများ၏ သက်တမ်း | ပြည်သူတို့၏ ယုံကြည်မှုရရန် အတွက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်မှုနှင့် ယုံကြည် စိတ်ချမှုကို တိုင်းတာခြင်း | စစ်ဆေးဆဲ အမှုများအား ဆန်းစစ် လေ့လာသည့် အစီရင်ခံစာ[3] | ပြစ်မှု တစ်နှစ် အထက် ၇.၂% | ၆.၅% | ၆% | ၅% |
| | | | ပြစ်မှု နှစ်နှစ် အထက် ၀.၃% | ၀% | ၀% | ၀% |
| | | | တရားမ တစ်နှစ် အထက် ၁၉.၇% | ၁၅% | ၁၀% | ၅% |
| | | | တရားမ နှစ်နှစ် အထက် ၁.၃% | ၁% | ၀.၅% | ၀% |
| တရားရုံးအသုံးပြု သူများ၏ ကျေနပ်မှု | လက်လှမ်းမီခြင်း၊ အရည်အသွေး၊ မျှတမှု၊ သာတူ ညီမျှမှု၊ လွတ်လပ် မှု၊ ဂုဏ်သိက္ခာနှင့် ပြည်သူများ ယုံကြည်မှု အညွှန်းကိန်း | တရားရုံးအသုံးပြု သူများကို မေးမြန်းထားသည့် မေးခွန်း(၁၀)ခုပါ စစ်တမ်း[4] | ကျေနပ်မှု ၆၁.၅၅% | ၆၄% | ၇၂% | ၈၀% |
| အမှုရုံးချိန်း သေရာမှ - ရွှေ့ဆိုင်းသည့်နှုန်း (ရုံးချိန်းချိန်းဆိုမှု နှင့် ရွှေ့ဆိုင်းမှု အချိုး) - အမှု အလိုက် ရုံးချိန်း ချိန်းဆိုမှု အကြိမ် အရေအတွက် | ထိရောက်မှုနှင့် ပြည်သူများ ယုံကြည်မှုအတွက် အမှုချိန်းဆိုမှုနှင့် ရွှေ့ဆိုင်းမှုကို တိုင်းတာခြင်း | အမှုကြားနာရန် ချိန်းဆိုထားမှုတွင် အမှုရွှေ့ဆိုင်းမှု အချိုးအစား[5] | တရားမ ၂၅% | ၂၂% | ၁၈% | ၁၀% |
| | | | ပြစ်မှု ၄၀% | ၃၅% | ၃၀% | ၂၀% |
| | | အမှုတစ်မှုချင်း အလိုက် ကြားနာ ရန် ချိန်းဆိုထား သည့် အကြိမ် အရေအတွက်[6] | တရားမ ၁၆ | ၁၃ | ၁၀ | ၈ |
| | | | ပြစ်မှု ၁၀ | ၉ | ၇ | ၆ |

[3] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် နှစ်နှစ် ၃ လ အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး(ခရိုင်တရားရုံး ၁ ရုံးနှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် စစ်ဆေးဆဲအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။

[4] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် နှစ်နှစ် ၃ လ အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး(ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် တရားရုံးအသုံးပြုသူများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။

[5] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် နှစ်နှစ် ၃ လ အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး(ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါ သည်။

[6] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် နှစ်နှစ် ၃ လ အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံး (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါ သည်။

## ၆. မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း

မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အဆင့်ပြင့်အရာရှိများဖြင့် ဖွဲ့စည်းရန်ဖြစ်ပါသည်။ ထိုကော်မတီသည် မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်မှုကို လမ်းညွှန်ခြင်းနှင့် မဟာဗျူဟာစီမံကိန်း ဖြစ်စဉ်တိုးတက်မှု ပုံမှန်အစီရင်ခံစာများ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်၊ ထို့အပြင် ထိုကော်မတီသည် ဒုတိယနှစ်နှင့် တတိယနှစ် လုပ်ငန်းအစီအစဉ်များကို နှစ်စဉ် ရေးဆွဲမည်ဖြစ်ပါသည်။



# ၇. သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ - ၂၀၁၇)ခုနှစ်

အောက်ဖော်ပြပါ မဟာဗျူဟာလုပ်ငန်းစဉ်သည် မဟာဗျူဟာဖော်ဆောင်မည့် အပိုင်း(၅)ပိုင်းအပေါ် အခြေခံထားပါသည်။

## မဟာဗျူဟာအပိုင်း(၀) အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၀.၀** တရားရုံးဂန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန် | ၁.၁.၁ အများပြည်သူကိုယ်တိုင် သတင်းအချက်အလက် ရယူနိုင်သည့် ကောင်တာများ ထားရှိပေးခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | OUSC + PRLP | ပြည်သူများ အားရကျေနပ်မှု (တရားရုံးအသုံးပြုသူများ စစ်တမ်း) |
| | ၁.၁.၂ အများပြည်သူဆိုင်ရာ ခေတ်မီသော အမှုလက်ခံဌာနများ ရှေ့ပြေးနမူနာပုံစံ ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည် ဖော်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | | |
| **မဟာဗျူဟာရည်မှန်းချက် ၀.၂** ပြည်သူများ၊ တရားစွဲဆိုသူများ နှင့် တရားစွဲဆိုခြင်း ခံရသူများ အားလုံးကို ယဉ်ကျေးလိုက်လဲ လိုလားစွာ ဆက်ဆံပေးရန် | ၁.၂.၁ တရားသူကြီးများ၊ ရုံးဝန်ထမ်းများကို ဝန်ဆောင်မှုနှင့် ဆက်ဆံပြော ဆိုမှုသင်တန်းများ ပေးခြင်း။ | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | OUSC + PRLP | ပါဝင်သူများ သုံးသပ်ချက် + တရားရုံးအသုံးပြုသူများ အားရကျေနပ်မှု |
| | ၁.၂.၂ တရားရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရေး အတွက် မူဝင်းသတင်းအချက်အလက်စနစ်အား မြှင့်တင်ပေးခြင်း။ | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC | အချိန်မီပြီးစီးမှု + အသုံးပြုသူအရေအတွက် |
| | ၁.၂.၃ တရားမမှုဝင်းများတွင် စေ့စပ်ဖြန်ဖြေမှုနည်းလမ်း အသုံးပြုနိုင်ရေး အတွက် ဖြစ်နိုင်ခြေများကို လေ့လာခြင်း။ | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC + IP | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၀.၃** တရားရုံးဂန်ဆောင်မှုများကို ပြည်သူများလက်လှမ်းမီစေရေး အတွက် တရားရုံးအဆင့်အပြင်များ ကို ပေါင်းစည်းထားသော ဒီဇိုင်းပုံစံ များဖြင့် ပြန်လည်မွမ်းမံရန် | ၁.၃.၁ ပြည့်စုံလုံလောက်၍ စိတ်ချရသော အခွင့်အလမ်းများ ပေးအပ်နိုင် ရန်နှင့် ပြည်သူများ၏ ယုံကြည်မှုများ မြင့်မားလာစေရန်အတွက် ရှေ့ပြေး တရားရုံးများတွင် အထောက်အပံ့ပစ္စည်းများကို ခေတ်မီအောင် ဆောင်ရွက်ခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ - ၂၀၁၆ | OUSC + PRLP | တရားရုံးအသုံးပြုသူများ အားရကျေနပ်မှု |
| | ၁.၃.၂ တစ်နိုင်ငံလုံးရှိတရားရုံးများ၏ အထောက်အပံ့ပစ္စည်းများ တိုးတက်ရေးအစီအစဉ်များ မြှင့်တင်ခြင်းနှင့် လက်တွေ့အကောင် အထည်ဖော် ဆောင်ရွက်ခြင်း။ | အလယ်အလတ် ဦးစားပေး | ၂၀၁၆ - ၂၀၁၇ | OUSC | ဒွေလုံးဒွေရင်း သုံးစွဲခြင်း ဆိုင်ရာ ပေါင်းစည်းထား သည့် နမူနာပုံစံ |

# ၇. သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ - ၂၀၁၇)ခုနှစ်

## မဟာဗျူဟာအဝိုင်း(၂) လူထု၏အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ဖော်ထောက်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၀** သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန် | ၂.၁.၁ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအား သတင်းမီဒီယာနှင့် ဆက်ဆံရေးသင်တန်းများ ပို့ချပေးခြင်း။ | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | TDP + PRLP | သင်တန်းသားပို့ချနိုင်မှု အရေအတွက် + သင်တန်းဝင်နှင့် သင်တန်းပြီး ဆန်းစစ်ချက်များ |
| | ၂.၁.၂ တရားရုံးအဆင့်ဆင့်တွင် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | OUSC | အချိန်မီပြီးစီးနိုင်မှု |
| | ၂.၁.၃ အများပြည်သူ သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို နိုင်ငံတော်အဆင့် လုပ်ဆောင်ခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC | တရားရုံးနှင့်ပတ်သက်၍ ပြည်သူများ အသိပညာတိုးတက်လာမှု(စစ်တမ်းကောက်ယူခြင်း) |
| **မဟာဗျူဟာရည်မှန်းချက် ၂.၂** တရားရုံးအသိုက်အဝန်းတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန် | ၂.၂.၁ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | OUSC + PRLP | တရားရုံးနှင့်ပတ်သက်၍ ပြည်သူများ အသိပညာတိုးတက်လာမှု |
| | ၂.၂.၂ အများပြည်သူအထောက်အကူပြုသည့် အစီအစဉ်များ လုပ်ဆောင်ခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ - ၂၀၁၇ | OUSC | |

# ၇ သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ - ၂၀၁၇)ခုနှစ်

## မဟာဗျူဟာအဝိုင်း(၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **ဗျူဟာရည်မှန်းချက် ၃.၁** ပြည်သူဘဏ္ဍာတို့ အသုံးပြုရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစေရန် အတွက် ဘတ်ဂျက်နှင့် ဥပဒေအသုံးစရိတ် ရှင်းတမ်းများကို ပိမိကြိုးကြပ်ရန်၊ မှန်ကန်မှုဘသည့် တစ်စုတစ်စည်းတည်း ဖော ဘတ်ဂျက်ကို ပိမိကြိုးကြပ်ရေး အတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန် | ၃.၁.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော် အဆင့်များတွင် တစ်စုတစ်စည်းတည်းဖော တရားရုံးဘတ်ဂျက်ကို စိမံကြိုးကြပ်သည့် စွမ်းဆောင်ရည်တိုးမြှင့်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | BLDP | ရှင်းလင်းချက်နှင့်တကွ ဘတ်ဂျက်အချိန်စီတင်မြှုင်မှု |
| | ၃.၁.၂ ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက် ဦးစားပေးအစီအစဉ်များ၏ လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | BLDP + Planning Team | မဟာဗျူဟာစီမံချက်နှင့် ဦးစားပေးသတ်မှတ်မှု၊ ဘတ်ဂျက်တို့ အချိတ်အဆက်မိမှု |
| | ၃.၁.၃ လူစွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေသတ်မှတ်နိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာလမ်းညွှန်ချက်များ မြှင့်တင်ခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | ADP | အချိန်စီမြှုံးခြင်း |
| **ဗျူဟာရည်မှန်းချက် ၃.၂** ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားစီရင်ရေးစီမံခန့်ခွဲမှုအတွက် လိုအပ်သည့်စွမ်းဆောင်ရည်များ မြှင့်တင်ရန် | ၃.၂.၁ သတင်းပြန်ကြားရေးဌာန/သတင်းအချက်အလက်နည်း ပညာ (IT)ဌာနနှင့် စာချုပ်တော်အမိန့်ဆိုင်ရာဌာန စသည်များကို စတင်ဖွဲ့ ရည်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | OUSC | အချိန်စီမြှုံးခြင်း |
| | ၃.၂.၂ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တွင် သတင်းအချက်အလက်နည်းပညာ(IT) စွမ်းဆောင်ရည်များမြှင့်တင်ခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | IT & PIDP + TDP + UNDP | စွမ်းဆောင်ရည် တိုးမြှင့်လာမှု |
| | ၃.၂.၃ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဝန်ထမ်းများအတွက် သတင်းအချက်အလက်နည်းပညာ(IT)သင်တန်းများ ပေးခြင်း | အထူးအရေးကြီး ပထမနှစ် | ၂၀၁၅ | | သင်တန်းပို့ချနိုင်သည့် ဝန်ထမ်းအရေအတွက် |

# ၇. သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ - ၂၀၁၇)ခုနှစ်

## **မဟာဗျူဟာအဝိုင်း(၄)** တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **ဗဟာဗျူဟာရည်မှန်းချက် ၄.၁** တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ဗဟုသုတ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်များတိုးမြှင့်ပေးရန် | ၄.၁.၁ တရားသူကြီးများအတွက်သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာဆိုင်ရာသင်တန်းများ တိုးမြှင့်ပို့ချပေးခြင်း | အထူးအရေးကြီး ပထမနှစ် | ဆောင်ရွက်ဆဲ | TDP | တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု |
| | ၄.၁.၂ တရားရုံးဝန်ထမ်းများအတွက် ပြည်သူလူထု၏ ကျေနပ်မှုကို ထိရောက်လုံလောက်စွာ တိုးမြှင့်နိုင်သည့် စွမ်းရည်ဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း | အထူးအရေးကြီး ပထမနှစ် (ရရှိပြီးတရားရုံးများတွင်) | ၂၀၁၅ | TDP | |
| | ၄.၁.၃ တရားသူကြီးများ ဗဟုသုတအရင်းအမြစ် လက်လှမ်းမီစေရေးအတွက် တရားစီရင်ရေးဆိုင်ရာ စာကြည့်တိုက်များ၏ အဆင့်မြှင့်တင်ပေးခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | RDP + IP | အဆင့်မြှင့်တင်ပေးနိုင်သည့် စာကြည့်တိုက်အရေအတွက် |
| **ဗဟာဗျူဟာရည်မှန်းချက် ၄.၂** တရားသူကြီးများ၏ ပညာရပ်ဆိုင်ရာတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် | ၄.၂.၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ လေ့ကျင့်ဌာနနှင့် တရားရေးလေ့ကျင့်သင်တန်းကျောင်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | TDP + JICA | အဖွဲ့အစည်းဆိုင်ရာ တိုးတက်မှုဖြစ်ရန် အကောင်အထည်ဖော်ဆောင်ရွက်မှု အရေအတွက် |
| | ၄.၂.၂ ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာပညာရပ်နှင့် ကျင့်ဝတ်ဆိုင်ရာနည်းဗျူဟာများ မြှင့်တင်ပေးခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | LPDP + ADP + LIDP | ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် အကြံပြုချက်များကို အပြီးသတ်ဆောင်ရွက်နိုင်မှု |

## ၇. သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ - ၂၀၁၇)ခုနှစ်

### မဟာဗျူဟာအမှိုး(၅) အမှုများ စစ်ဆေးရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၀**<br>မှုခင်းလုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု တိုးတက်လာစေရေးအတွက် ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို တိုးမြှင့်လုပ်ဆောင်ရန် | ၅.၁.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း | အထူးအရေးကြီး ပထမနှစ် (ရှေ့ပြေးတရားရုံးများတွင်) | ၂၀၁၅ | CMC + PRLP | လက်ကျန်အမှုကျဆင်းခြင်း + ကြန့်ကြာအမှုများ၏ သက်တမ်းကို လျော့ချနိုင်ခြင်း + အမှုချိန်းဆိုသည့်နေ့တွင် စစ်ဆေးနိုင်ခြင်း + တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှု |
| | ၅.၁.၂ မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို ပြဋ္ဌာန်းပေးခြင်း | အထူးအရေးကြီး ပထမနှစ် (ရှေ့ပြေးတရားရုံးများတွင်) | ၂၀၁၅ | | |
| | ၅.၁.၃ မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းတွင်ပြောင်းလဲမှုများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်း | အထူးအရေးကြီး ပထမနှစ် (ရှေ့ပြေးတရားရုံးများတွင်) | ၂၀၁၅ | | |
| | ၅.၁.၄ ရှေ့ပြေးတရားရုံးများတွင် အချက်အလက်ကိန်းဂဏန်းများ (ဥပမာ အားဖြင့် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးစီးမှု၊ စစ်ဆေးဆဲအမှုများ၏ ကြာမြင့်ချိန်၊ ရှေ့ပြေးတရားရုံးများနှင့် တစ်နိုင်ငံလုံး၏ အမှုစီရင်ဆုံးဖြတ်ရန် ကြန့်ကြာသည့်အချိန်တို့ကို)ကောက်ယူခြင်းနှင့် ယင်းနောက် အချက်အလက်ကိန်းဂဏန်းကောက်ယူသည့် နည်းလမ်းများကို တစ်နိုင်ငံလုံးအတိုင်း အတာအထိ တိုးမြှင့်ခြင်း | ထိပ်တန်းအဆင့် ဦးစားပေး | ၂၀၁၅ | | |

## ၇. သုံးနှစ်တာ မဟာဗျူဟာ လုပ်ငန်းစဉ်အစီအစဉ် (၂၀၁၅ - ၂၀၁၇)ခုနှစ်

### မဟာဗျူဟာအဝိုင်း(၅) အမှုများ စစ်ဆေးရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်

| မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ်/ မဟာဗျူဟာရည်မှန်းချက် | မဟာဗျူဟာအစီအစဉ် | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | အကောင်အထည် ဖော်ရန် တာဝန်ရှိ ပုဂ္ဂိုလ် | ရလဒ်တိုင်းတာချက် |
|---|---|---|---|---|---|
| **ဗျူဟာရည်ရွယ်ချက် ၅.၂** ပိုမိုထိရောက်မှုရှိစေရန် တရားစီရင်ရေးဆိုင်ရာ အဓိကလုပ်ငန်းစဉ်များကို လူကိုယ်တိုင်အစား အလိုအလျောက် စက်များဖြင့်လုပ်ဆောင်ရန်နှင့် ထိရောက်မှုရှိသည့်လုပ်ငန်းစနစ် အသုံးပြုခြင်း | ၅.၂.၁ မူခင်းလမ်းကြောင်းလုပ်ငန်းစဉ်များနှင့် အမှုတွဲထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ထိရောက်သောလုပ်ငန်းစနစ် အသုံးပြုခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | CMC + PRLP | တရားရုံးလုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများအား ထိရောက်စွာ ဆောင်ရွက်ထားနိုင်မှု အတိုင်းအတာ |
| | ၅.၂.၂ လူအစားစက်များဖြင့် အလိုအလျောက်လုပ်ဆောင်မည့် မူခင်းစီမံခန့်ခွဲမှုစနစ်(CMS)ကို ဝတင်လုပ်ဆောင်ခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | CMC+ IT&PIDP + CRJDP+ CJDP + IP | စက်များဖြင့် အလိုအလျောက် လုပ်ဆောင်မည့် မူခင်းစီမံခန့်ခွဲမှုစနစ်(CMS)ကို အသုံးပြုနိုင်သည့် တရားရုံးအရေအတွက် |
| | ၅.၂.၃ တရားခုံရုံးတစ်ခုလုံးအတွက် သတင်းနည်းပညာ (IT) အသုံးပြုမှုဆိုင်ရာ ပင်မလုပ်ငန်းစီမံချက်တစ်ရပ် ပြင်ဆင်ထားခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | IT&PIDP + IP | အချိန်မီပြီးစီးစေရန် ဆောင်ရွက်နိုင်မှု |
| **ဗျူဟာရည်ရွယ်ချက်များ ၅.၃** ရှေ့ပြေးတရားရုံး၏ မူခင်းစီမံခန့်ခွဲမှု အစီအစဉ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု မြှင့်တင်ရေးအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်ရန် | ၅.၃.၁ ပြစ်မှုနှင့် တရားမမူခင်းများတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို အကြံပြုခြင်း | အလယ်အလတ် ဦးစားပေး | ၂၀၁၆ | CRJDP + CJDP + LPDP | အကြံပြုထားသည့် ဥပဒေများကို ပြောင်းလဲနိုင်မှု |

## ပထမနှစ် လုပ်ငန်းစဉ် အစီအစဉ်

**အပိုင်း(၀)** အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်

ဖြင့် စွဲဆိုထားမှုသည် ဤခရိုင်/မြို့နယ်တရားရုံး၏စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်ကြောင်းအပြင် စွဲဆိုထားမှုအတွက် (လိုအပ်ပါက) တရားစွဲဆိုခွင့်ပြုမိန့်/ ကြိုတင်လိုအပ်ချက်များကိုလည်း ဆောင်ရွက်တင်ပြထားကြောင်း စိစစ်တွေ့ရှိပြီးဖြစ်သည်။

အမှုအမျိုးအစားကို ☐ အလျင်အမြန်ဆောင်ရွက်ရမည့်အမှု

☐ ပုံမှန်ရိုးရှင်းသောအမှု

☐ ရွှေထွေးသောအမှု ဟုသတ်မှတ်သည်။

၂၀--- ခုနှစ်၊ ----------လ ၊ ----- ဂုက်နေ့၌ မြို့နယ်/တွဲဖက်မြို့နယ်/ဒုတိယမြို့နယ်တရားသူကြီးဦး/ဒေါ်----------

----၏ရှေ့မှောက်တွင် တရားလို၊ တရားလိုများ၊ တရားလိုရှေ့နေများနှင့် တရားပြိုင်/တရားပြိုင်များ၊ တရားပြိုင်ရှေ့နေများသည် အမှုမစစ်ဆေးမီ ဤအပြီးသတ်ကြိုတင်ဆွေးနွေးညှိနှိုင်းခြင်းမှတ်တမ်းအတွက် အောက်ပါကိစ္စရပ်ကို ဆောင်ရွက်ကြပါသည် -

၁။ နှစ်ဖက်အမှုသည်များ အချင်းချင်းညှိနှိုင်းဖြေရှင်းထားခြင်းအပေါ် ပြန်လည်သုံးသပ်ချက်

တရားလို/တရားလိုများဘက်မှ ☐ ကျေအေးပြေငြိမ်းလိုပါသည် ☐ ကျေအေးပြေငြိမ်းရန် ဆန္ဒမရှိပါ။

☐ အမှုသစ်စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းလိုပါသည် ☐ ရုပ်သိမ်းရန် ဆန္ဒမရှိပါ။

တရားပြိုင်ဘက်မှ ☐ ကျေအေးလိုပါသည် ☐ ကျေအေးရန် ဆန္ဒမရှိပါ။

☐ ရုပ်သိမ်းလိုပါသည် ☐ ရုပ်သိမ်းရန် ဆန္ဒမရှိပါ။

တရားရုံးမှဆောင်ရွက်ချက်။

_____

_____

_____

၂။ အမှုမစစ်ဆေးမီ ကြိုတင်တွေ့ဆုံဆွေးနွေးညှိနှိုင်းအစီအစဉ်အတွက် အချက်အလက်များအား လုံး

☐ ပြည့်စုံသည်။ ☐ မပြည့်စုံသေးပါ။

၃။ ကျွမ်းကျင်သူအစီရင်ခံစာ၊ ဆေးစာ၊ အစီရင်ခံစာ၊ မြေပုံ၊ စာရွက်စာတမ်းများ

☐ ပြည့်စုံသည်။ ☐ မပြည့်စုံသေးပါ။

၄။ အမှုကြားနာရန်အတွက် နှစ်ဖက်တင်ပြမည့် သက်သေများ (နောက်ဆုံး) စာရင်းနှင့် စစ်ဆေးရန် သက်မှတ်ရက်/ အချိန်

| တရားလိုဘက်မှ တင်ပြမည့် သက်သေများအမည် | စစ်ဆေးရန် | |
|---|---|---|
| | သက်မှတ်ရက် | အချိန် |
| (က) ---------- | _____ | _____ |
| (ခ) ---------- | _____ | _____ |
| (ဂ) ---------- | _____ | _____ |
| (ဃ) ---------- | _____ | _____ |
| (င) ---------- | _____ | _____ |

တရားလိုဘက်မှတင်ပြသောသက်သေများသည် တရားရုံးတွင် သက်သေအဖြစ်လာရောက်စစ်ဆေးခံမည် ဖြစ်ကြောင်း တာဝန်ယူပါသည်။

| တရားပြိုင်ဘက်မှ တင်ပြမည့် သက်သေများအမည် | စစ်ဆေးရန် | |
|---|---|---|
| | သက်မှတ်ရက် | အချိန် |
| (က) ---------- | _____ | _____ |
| (ခ) ---------- | _____ | _____ |
| (ဂ) ---------- | _____ | _____ |
| (ဃ) ---------- | _____ | _____ |
| (င) ---------- | _____ | _____ |

တရားပြိုင်ဘက်မှ တင်ပြသောသက်သေများသည် တရားရုံးတွင် သက်သေအဖြစ်လာရောက်စစ်ဆေးခံမည် ဖြစ်ကြောင်း တာဝန်ယူပါသည်။

၅။ အမှုကြားနာရန် ကြာမြင့်မည့်အချိန်ကာလ ----------ရက်

(ဥပမာ.. ၃၀+၁၈၀ ဟုဖော်ပြရန်)

(တရားရုံးသို့ အမှုရောက်ရှိသည့်နေ့မှ ကြားနာရန် မတိုင်မီအထိ + အမှုစတင်ကြားနာသည့်နေ့ရက်မှ စီရင်ချက်ချသည့် နေ့အထိ)

၆။ တရားရုံးက အမှုစတင်ကြားနာမည့်နေ့ရက်နှင့် စစ်ဆေးမည့် သက်သေများအတွက် တာဝန်သတ်မှတ်ခြင်း

အမှုစတင်ကြားနာမည့်နေ့ရက်ကို ---------- ဟု သတ်မှတ်သည်။
ထိုနေ့တွင် စစ်ဆေးမည့်သက်သေများမှာ ☐ တရားလိုဘက်မှ ☐ တရားခံ/ပြိုင်ဘက်မှ
တာဝန် ဖြစ်သည် ဟု သိရှိနားလည်ပြီး၊ သက်သေထွက်ဆိုမည့်နေ့အတွက် ပြင်ဆင်ထားပါမည်။

၇။ တရားရုံးမှ နောက်တစ်ကြိမ် အကြိုကြားနာမှုအတွက် အချိန်သတ်မှတ်ခဲ့ပါက သတ်မှတ်ရက်စွဲ ----------

**အမှုသည်အားလုံးတရားရုံးရှေ့မှောက်တွင်စုံညီစွာရောက်ရှိပြီး သဘောတူညီကြောင်း မှတ်တမ်း**

အမှုသည်အားလုံးတရားရုံးရှေ့မှောက်တွင် စုံညီစွာရောက်ရှိပြီး နှစ်ဖက်သဘောတူညီချက်ဖြင့် တရားရုံးက အမှုမစစ်ဆေးမီ ဤအပြီးသတ်ကြုံတင်ဆွေးနွေးညှိနှိုင်းခြင်းမှတ်တမ်းကို ဆောင်ရွက်ခဲ့သည်ဖြစ်ရာ ဤမှတ်တမ်းတွင် ဖော်ပြပါရှိသည့် အမှုစီမံခန့်ခွဲခြင်းအချိန်ဇယားအတိုင်း သတ်မှတ်သောအချိန်တွင် ဆောင်ရွက်ရမည့်ကိစ္စများကို လိုက်နာဆောင်ရွက်ရန် သဘောတူညီပါသည်။ နိုင်လုံသောအကြောင်းပြချက်မရှိဘဲ သတ်မှတ်ထားသောကိစ္စများ ကို သတ်မှတ်ထားသောအချိန်တွင် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ပျက်ကွက်ခြင်းအတွက် အရေးယူ ဆောင်ရွက်မှုအဖြစ် တရားရုံးက အမှုကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် အမှုကို ပလပ်ခြင်း သို့မဟုတ် မျက်ကွယ်တွင် စစ်ဆေးခြင်း သို့မဟုတ် တရားရုံးမှ တစ်ဖက်သတ်အမိန့်ချမှတ်ခြင်းစသည်တို့ကို ဆောင်ရွက်ခြင်းကို သဘောတူညီပါကြောင်း အောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

(၁)တရားလို ———————— (၁) တရားလိုရှေ့နေလက်မှတ်————————
(၂)တရားလို ———————— (၂) တရားလိုရှေ့နေလက်မှတ်————————
(၃)တရားလို ———————— (၃) တရားလိုရှေ့နေလက်မှတ်————————
(၄)တရားလို ———————— (၄) တရားလိုရှေ့နေလက်မှတ်————————
(၅)တရားလို ———————— (၅) တရားလိုရှေ့နေလက်မှတ်————————

(၁) တရားပြိုင်---------- (၁) တရားပြိုင်ရှေ့နေ----------
(၂) တရားပြိုင်---------- (၂) တရားပြိုင်ရှေ့နေ----------
(၃) တရားပြိုင်---------- (၃) တရားပြိုင်ရှေ့နေ----------
(၄) တရားပြိုင်---------- (၄) တရားပြိုင်ရှေ့နေ----------
(၅) တရားပြိုင်---------- (၅) တရားပြိုင်ရှေ့နေ----------

တရားရုံး
တံဆိပ်ခိုင်း

တရားသူကြီး ----------
ရက်စွဲ ----------

နောက်ဆက်တွဲ (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---------- ခရိုင် /မြို့နယ်တရားရုံး

မြစ်မှုခိုင်ရာအမှုကြီး/တရားမကြီးမှုအမှတ် ——— / ၂၀ —

**စဉ်ဆက်မပြတ်စစ်ဆေးရန်ချိန်ဆိုထားရာ ပျက်ကွက်မှုအတွက်ပုံစံ**

**(Absence from Trial Continuance)**

တရားလိုအမည် ---------- ဥပဒေအရာရှိအမည် ----------

တရားလိုရှေ့နေအမည် ----------

တရားခံ/ပြိုင်အမည်---------- အတွက်ရှေ့နေအမည် ----------

တရားခံ/ပြိုင်အမည်---------- အတွက်ရှေ့နေအမည် ----------

တရားခံ/ပြိုင်အမည်---------- အတွက်ရှေ့နေအမည် ----------

တရားခံ/ပြိုင်အမည်---------- အတွက်ရှေ့နေအမည် ----------

တရားခံ/ပြိုင်အမည်---------- အတွက်ရှေ့နေအမည် ----------

တရားခံ/ပြိုင်အမည်---------- အတွက်ရှေ့နေအမည် ----------

စွဲဆိုသည့်ဥပဒေပုဒ်မ/ထောင်းဆိုသည့်သက်သာခွင့် ----------

---

---

**အဆိုပြုချက်တင်သွင်းသည့်တရားလို/တရားခံ/တရားပြိုင်ဘက်မှ တရားရုံးသို့ ပျက်ကွက်မှုအတွက်အကြောင်းကြားခြင်း**

(အမိန့်ချမှတ်ရန် ချိန်းဆိုခြင်းမှ လွဲ၍ သတ်မှတ်ထားသည့်နေ့မတိုင်မီ အနည်းဆုံး ၅ ရက် ကြို၍တင်၍ မိမိ၏တင်ပြချက်ကို တရားရုံးသို့ တင်သွင်းရမည်။)

အဆိုပြုသည့်နေ့/ အချိန်သတ်မှတ်ချက် ----------

---

အဆိုပြုချက်တင်သွင်းသူ ☐ တရားလို ☐ တရားလို့ရှေ့နေ

☐ တရားခံ/ပြိုင် ☐ တရားခံ/ပြိုင်ရှေ့နေ ☐ အခြား

**စဉ်ဆက်မပြတ် စစ်ဆေးရန်အတွက် ချိန်းဆိုထားသည့်ကိစ္စ**

☐ အစည်းအဝေးအချိန် ☐ အပြီးသတ်ကြို့တင်ဆွေးနွေးညှိနှိုင်းရန် ကြားနာခြင်း

☐ တရားရုံးစစ်ဆေးမှု ☐ အခြား

**စဉ်ဆက်မပြတ်စစ်ဆေးရန်ချိန်းဆိုထားရာ ပျက်ကွက်မှုအတွက် အကြောင်းပြချက်နှင့် ရှင်းလင်းချက်**

☐ ရှေ့နေ အဆင်သင့် မဖြစ်ခြင်း ☐ ကျွမ်းကျင်သက်သေမလာနိုင်ခြင်း (သက်သေအမည်)

☐ သက်သေမလာခြင်း (သက်သေအမည်) ☐ ရာဖွေဖော်ထုတ်ချက် မပြည့်စုံခြင်း

☐ ရှေ့နေမလာနိုင်ခြင်း ☐ အခြား

☐ အမှုသည်လာနိုင်ခြင်း (အမှုသည်အမည်)

ပျက်ကွက်မှုအတွက် ရှင်းလင်းချက်။ (လိုအပ်လျှင်) ----------

---

---

**ပျက်ကွက်မှုအပေါ် တစ်ဘက်အမှုသည်များနှင့်ရှေ့နေများထံ အကြောင်းကြားဆောင်ရွက်ခြင်းနှင့် နောက်ရုံးချိန်းအတွက် သဘောတူညီမှု**

အထက်ဖော်ပြပါပျက်ကွက်မှုအတွက် အမှုအား ဆက်လက်ဆောင်ရွက်ရန် ချိန်းဆိုသည့်နေ့ _____ သို့မဟုတ် တရားရုံးကအမှုကိုဆက်လက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီးမှတ်တမ်းထဲတွင်ပါသောတစ်ဖက်အမှုသည်များနှင့်၄င်းတို့၏ ရှေ့နေများထံ ဆက်သွယ်ခဲ့ပါသည်။

ကိုယ်တိုင်လျှောက်လဲသည့် အမှုသည်များနှင့် ရှေ့နေများက

☐ သဘောတူ၊ ☐ သဘောမတူပါ၊ ☐ အဆိုပြုချက်အား တုန့်ပြန်မှုမရှိ။

မှတ်ချက်။ ။ ကိစ္စတစ်ခုအား ဆက်လက်ဆောင်ရွက်ရန် သဘောတူညီချက်သည် အဆိုပြုချက်အား တရားရုံးမှ အလိုအလျောက်ခွင့်ပြုမည်ဟု မဆိုလိုပါ။ ဆက်လက်တင်ပြခြင်းအား လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ မှတ်တမ်းထဲတွင် ပါသောရှေ့နေအားလုံးသည် ၎င်းတို့အမှုသည်အား အသိပေးရန်တာဝန်ရှိသည်ကို သဘောတူကြောင်း နှင့် ကိုယ်တိုင်လျှောက်လဲသောအမှုသည်များမှာလည်း တာဝန်ရှိသည်ကို သဘောတူကြောင်း ပြန်ကြားခြင်းဖြစ်သည်။ အကယ်၍ ခွင့်ပြုလျှင် ရုံးချိန်းအတွက် နေ့ရက်ကို သတ်မှတ်ရန်ဖြစ်သည်။ အလားတူ ရုံးချိန်းရက်ကို သဘောတူညီချက်သည် တရားရုံးမှ အလိုအလျောက်ခွင့်ပြုမည်ဟု မဆိုလိုပါ။ နှစ်ဖက်သတ်မှတ်လိုသောရုံးချိန်းရက်ကို တရားရုံးမှ ထည့်သွင်းစဉ်းစားလျက် တရားရုံးကသာလျှင် ရုံးချိန်းနေ့ရက်ကို သတ်မှတ်ရန်ဖြစ်သည်။

(ပျက်ကွက်မှုကို နှစ်ဘက်အမှုသည်များအတွက် တစ်ကြိမ်စီသာ ခွင့်ပြုရန် ဖြစ်သည်။ ကျိုးကြောင်းမဆီလျော်သော ပျက်ကွက်မှုကို တစ်ကြိမ်တစ်ခါသာဖြစ်သော်လည်း တရားရုံးက ခွင့်ပြုရန် မသင့်ပါ။)

**သက်သေခံလက်မှတ်**

ဤစာရွက်စာတမ်းမိတ္တူကို စာတိုက်မှ (သို့မဟုတ်) အခြားဆက်သွယ်ရေးလမ်းကြောင်းဖြင့် _____ (နေ့ရက်) တွင် မှတ်တမ်းတွင်ပါသော ကိုယ်တိုင်လျှောက်လဲသည့်အမှုသည်များနှင့် ရှေ့နေထံပေးပို့ခဲ့ပြီး ၎င်းတို့မှ စာလက်ခံ ရရှိကြောင်း ရေးသားတင်ပြထားချက်ကို ပူးတွဲ၍ သက်သေခံတင်ပြအပ်ပါသည်။

စာတိုက် သို့မဟုတ် အခြားနည်းဖြင့် ပေးပို့သည့်အမှုသည်အသီးသီးနှင့် ရှေ့နေအမည်/လိပ်စာ

_____

_____

_____ _____

လက်မှတ် (အဆိုပြုသူ၏ လက်မှတ်) မိတ္တူ သို့မဟုတ် လက်မှတ်ရေးထိုးသူ၏ အမည်

ရက်စွဲ ----------

အဆိုပြုသူ၏ လိပ်စာ/ဆက်သွယ်ရန်ဖုန်းနံပါတ်

| အမိန့် | စဉ်ဆက်မပြတ်စစ်ဆေးရန် ချိန်းဆို ထားရာ ပျက်ကွက်မှုအတွက် အဆိုပြုချက် ☐ ခွင့်ပြု ☐ ခွင့်မပြု | ဆက်လက်ဆောင်ရွက်သည့် ကိစ္စ | တရားသူကြီး လက်မှတ် | နေ့စွဲ |
|---|---|---|---|---|
| | | | | |

ထပ်တိုးသည့် စာရွက် သို့မဟုတ် ဖယားရှိလျှင် စာတိုက်ဖြင့် ပေးပို့ထားသည့် နာမည် နှင့် လိပ်စာပါ မိတ္တူနှင့် အတူတွဲရန်

နောက်ဆက်တွဲ (၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---------- ခရိုင် /မြို့နယ်တရားရုံး

မြစ်မှုဆိုင်ရာအမှုကြီး/တရားမကြီးမှုအမှတ် ———— / ၂၀ ——

**နောင်ဆောင်ရွက်ရန်ကိစ္စများအတွက် ချိန်းဆိုသည့်ပုံစံ**

**(Next Hearing Form)**

| | | |
|---|---|---|
| တရားလို | လာရောက်ခြင်း | မလာရောက်ခြင်း |
| တရားလို၏ရှေ့နေ | လာရောက်ခြင်း | မလာရောက်ခြင်း |
| တရားပြိုင် | လာရောက်ခြင်း | မလာရောက်ခြင်း |
| တရားပြိုင်၏ရှေ့နေ | လာရောက်ခြင်း | မလာရောက်ခြင်း |

ယနေ့ရုံးချိန်းရက် ---------- တွင် ကျွန်ုပ်တို့သည် တရားခွင်ရှေ့မှောက်၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက် ကြပါသည်-

**တရားလို/တရားခံ/တရားပြိုင်ဘက်မှ ဆောင်ရွက်ချက်မှာ-**

---

---

**နောက်တစ်ကြိမ်ကြားနာမည့်နေ့ ---------- တွင် တရားလို/တရားခံ/တရားပြိုင်ဘက်မှ ဆောင်ရွက်ရန်မှာ -**

---

----------ဖြစ်ပါသည်။

အထက်ဖော်ပြထားသော အကြောင်းအရာများနှင့် အကြောင်းကြားစာအား ကျွန်ုပ် လက်ခံရရှိ/သိရှိသည်။


| | |
|---|---|
| _____ | _____ |
| (တရားလို) | (တရားခံ/ပြိုင်) |
| _____ | ---------- |
| (ဥပဒေအရာရှိ) | (တရားခံ/ပြိုင်ရှေ့နေ) |
| _____ | _____ |
| (တရားလိုရှေ့နေ) | (တရားခံ/ပြိုင်ရှေ့နေ) |


တရားရုံး
တံဆိပ်ပိုင်း

တရားသူကြီးလက်မှတ် ----------

ရက်စွဲ ----------

# ရှေပြေးတရားရုံးများတွင် ဆောင်ရွက်နေသော အမှုသွားအမှုလာစီမံခန့်ခွဲမှု *(Caseflow Management)* အစီအစဉ်






# သင့်အတွက်တရားရုံး

## သင့်အတွက် တရားရုံး၏ရည်မှန်းချက်

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားသုံးပါးထွန်းကားမှ မြန်မာ့လူဘောင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မည်။ ဤအချက်ကို တရားရုံးများက စွဲမြဲစွာ ယုံကြည်သည်။



သင် အပါအဝင် မြန်မာလူထုအတွက် လောကပါလတရားထွန်းကားစေရန် တရားရုံးများက အောက်ဖော်ပြပါရည်မှန်းချက် ၄ ရပ် ထားရှိဆောင်ရွက်နေပါသည်-

* တရားဥပဒေစိုးမိုးရေး နှင့် ရပ်ရွာအေးချမ်းသာယာရေး၊
* ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊
* အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊
* တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး။

## သင့်အတွက် တရားရုံး၏ သတ်မှတ်ချက် လုပ်ငန်းနယ်ပယ်

တရားရုံးအတွက် သင်မဟုတ်ပါ။ သင့်အတွက် တရားရုံးဖြစ်စေရန် ဖော်ပြပါ ရည်မှန်းချက် ၄ ရပ်ကို အစဉ်တစိုက်မဖြစ်မနေ တရားရုံးက ဆောင်ရွက်နေသည်ကို ယုံကြည်ပေးပါ။


သင့်ယုံကြည်မှုကို တရားရုံးက အမြဲမျှော်လင့်လျက် သင့်အတွက် တရားရုံး၏ ရည်မှန်းချက်များ မြင့်တင်အကောင်အထည်ဖော်ရန် တရားရုံးများက အောက်ဖော်ပြပါ နယ်ပယ် ၅ ရပ် ချမှတ်ဆောင်ရွက်နေပါသည်-

* အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီရေးကို အကောင်အထည်ဖော်ရန်၊
* လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊
* တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊
* တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်၊
* အမှုများ စစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်။

## သင်ကူညီမှ ဖြစ်မှာပါ

ပြည်သူများအကြား ဖြစ်ပွားတဲ့ တရားမအမှုအခင်း၊ ရာဇဝတ် အမှုအခင်းများကို အမှန်တရား ရှာဖွေဆုံးဖြတ်ပေးရာ နေရာဟာ တရားရုံးပါ။ တရားရုံးက အမှန်တရားရှာဖွေရာမှာ တရားစီရင်ရေးနှင့် ဆက်စပ်သော အဖွဲ့အစည်းများ (ရဲ၊ စစစ၊ အကျဉ်းဦးစီးဌာန၊ လဝက၊ သစ်တော၊ မြေစာရင်း၊ ဥပဒေရုံး၊ ဆရာဝန်၊ ရှေ့နေများ) ၏ ပူးပေါင်းပါဝင်မှု ရယူဆောင်ရွက်ပါတယ်။

သင်သည် တရားရုံး၌ တိုင်ကြားသူ၊ နစ်နာသူ၊ စွပ်စွဲခံရသူ သို့မဟုတ် သက်သေစသည်ဖြင့် ပတ်သက်လာလျှင် ကိုယ်ပြုတဲ့အတိုင်း၊ ကိုယ်ခံရတဲ့အတိုင်း ကိုယ်တိုင်သိမြင်တဲ့အတိုင်း မပိုမလို၊ တိတိကျကျ မှန်မှန်ကန်ကန် ဘယ်သူ့ဘက်မှ မလိုက်ဘဲ အမှန်တရား မျက်နှာကို သာလိုက်လျက် တရားရုံးတွင် ထွက်ဆိုပေးပါ။ သင့်အကူအညီ မပါဘဲ တရားရုံးက အမှန်တရားဖော်ထုတ်နိုင်မည် မဟုတ်ပါ။ အမှန်တရားအတွက် သင်ကူညီမှ ဖြစ်မှာပါ။



## တရားရုံးဟာ သွားလာအပ်သောနေရာတစ်ခုပါ

တရားရုံးဆိုတာ မစည်ကားအပ်သောနေရာ၊ မသွားမလာအပ်သောနေရာဟု အထင်မှားတတ်ကြသည်။ တရားရုံးကလည်း အမှန်တရားဆုံးဖြတ်ရာနေရာ သေချာမည်ဆိုလျှင် သင်တို့ကလည်း တရားရုံးအဆုံးအဖြတ်ကို ယုံကြည်အားကိုးစွာ ရယူလိုကြမည်ဆိုလျှင် တရားရုံးများ စည်ကားပါစေ၊ တရားဥပဒေစိုးမိုးသောနိုင်ငံအဖြစ် မြင်ရတယ်လို့မှတ်ပါ။ တရားရုံးဟာ အမှန်တရားကို ရှာဖွေဖော်ထုတ်ပေးသောနေရာဌာနပါ။ အမှန်တရားကို စီရင်ရာနေရာဖြစ်ကြောင်း ပြောကာမျှဖြင့်မယုံ၊ ကိုယ်တွေ့ကြုံမှယုံစေဖို့ ကိုယ်တိုင် သွားရောက် လေ့လာကြည့်ရှုပါလို့ အကြံပေးပါရစေ။

ကလေးသူငယ်များကို စီရင်သောတရားရုံးနှင့် လိုအပ်ချက်အရ ကန့်သတ်ထားသည့် တရားရုံးအချို့ကိုသာ မလွဲမရှောင်သာသင်တက်ရောက် နားထောင်ခွင့် မရမှာပါ။ သာမန်အားဖြင့် တရားရုံးများသည် အများပြည်သူရှေ့မှောက်တွင် လွတ်လပ်စွာ တရားစီရင်လျက်ရှိတာမို့၊ သင် သွားလာသင့်၊ သွားလာအပ်သောနေရာပါ။

## ဘယ်ကို တိုင်တန်းရမှာလဲ

ပြည်သူအချင်းချင်းပစ္စည်းကိစ္စ၊ ငွေကြေးကိစ္စ၊ အမွေကိစ္စ၊ အိမ်ထောင်ခန်းကိစ္စတွေ၊ အငြင်းပွားကြတာကို တရားမမှုလို့ခေါ်ပြီး အချင်းချင်း သတ်ကြ၊ ဖြတ်ကြ၊ ရိုက်နှက်ကြ၊ အကျိုးဖျက်ဆီးကြ စတဲ့ အမှုကိစ္စတွေကိုတော့ ရာဇဝတ်မှုလို့ခေါ်တယ်ဆိုတာ သင် သိပြီးသားဖြစ်မှာပါ။

ရာဇဝတ်မှုဆိုတိုင်း ရဲကအရေးယူပိုင်ခွင့်ရှိတာ မဟုတ်လို့ ရဲကအရေးယူပိုင်ခွင့်မရှိတဲ့အမှုကို တရားရုံးသို့ ဦးတိုက်လျှောက်ထားဖို့ ရဲကညွှန်ပြမှာပါ။ ရဲက အရေးယူပိုင်သောအမှုလား၊ ရဲက အရေးပိုင်ခွင့်မရှိသောအမှု ( ဦးတိုက်လျှောက်ထားရမဲ့အမှု ) လားဆိုတာ ခွဲခြားဖို့ ခက်ကောင်းခက်ပါမယ်။ စိတ်မပူပါနဲ့၊ အကောင်းဆုံးနည်းလမ်းက အနီးဆုံးရဲစခန်းသို့ အမြန်သွားရောက်တိုင်တန်းပါ။




"ကူညီပါရစေ" ဆောင်ပုဒ်အတိုင်း ရဲတပ်ဖွဲ့က သင့်အားကူညီဖို့ အသင့်ရှိပါတယ်။ သင် တိုင်တန်းလာသော ရာဇဝတ်မှုကို အရေးယူပိုင်ခွင့်ရှိက အရေးယူပေးမှာဖြစ်ပြီး အရေးယူပိုင်ခွင့်မရှိသော အမှုဖြစ်က တရားရုံး၌ ဦးတိုက်လျှောက်ထားစွဲဆိုရန် ညွှန်ပြပါလိမ့်မယ်။

## တရားမမှုဘယ်ရုံးကိုစွဲရမှာလဲ

တရားမမှုဆိုရင်တော့ ရဲစခန်း မသွားပါနှင့်တော့ တရားရုံးနဲ့ပဲ ဆိုင်ပါတယ်။ စီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံးသို့ သွားရောက်လျှောက်ထားရမှာပါ။ တရားရုံးဆိုပေမယ့် အမှုတိုင်း စစ်တာ မဟုတ်ပါ။ အမှုတန်ဖိုးအလိုက် မူလအစ အမှုကို ဘယ်ရုံးမှာ စစ်ခဲ့ရမလဲ ဆိုတာကို သိဖို့လိုပါတယ်။ တရားစွဲရမယ့်ရုံးကို အမှုတန်ဖိုးအလိုက် ခွဲထားသလို တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာကိုလည်း အမှုတန်ဖိုးနှင့်ခွဲထားတယ်။ အတွေ့အကြုံနှင့် အမှုတန်ဖိုးအကြီးအသေး အချိုးညီစေပြီး အမှန်တရားနှင့် မလွဲစေအောင်ပါ။

- မြို့နယ်တရားရုံး
  - မြို့နယ်တရားသူကြီး } ကျပ်သိန်း ၁၀၀ ထက်
  - တွဲဖက်မြို့နယ်တရားသူကြီး } မပိုသည့်အမှု
  - ဒုတိယမြို့နယ်တရားသူကြီး } ကျပ်သိန်း ၃၀ ထက် မပိုသည့် အမှု
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး/ဒေသတရားရုံး
  - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး } ကျပ်သိန်း ၅၀၀၀ အထက် မပိုသည့်အမှု
  - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး } ကျပ်သိန်း ၅၀၀၀ အထက် မပိုသည့်အမှု
- ခရိုင်တရားရုံး
  - ခရိုင်တရားသူကြီး } ကျပ်သိန်း ၅၀၀၀ ထက်
  - တွဲဖက်ခရိုင်တရားသူကြီး } မပိုသည့်အမှု
  - ဒုတိယခရိုင်တရားသူကြီး } ကျပ်သိန်း ၁၀၀၀ ထက် မပိုသည့်အမှု
- တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် } ကျပ်သိန်း ၅၀၀၀ အထက် တန်ဖိုး အကန့်အသတ်မရှိ

## နိုင်ငံသားအခွင့်အရေးဆုံးရှုံးနေသလား

နိုင်ငံသားတစ်ဦးဟာ -

- တရားဥပဒေနှင့်အညီ မဟုတ်ဘဲ ချုပ်နှောင်ခံရသည် ရှိသော် . . .
- တရားဝင်အခွင့်အာဏာရှိသူ အစိုးရ၊ အဖွဲ့အစည်းက အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာ ဆောင်ရွက်ပေးခြင်းမရှိခဲ့သော် . . .
- တရားရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့်ရုံးက စီရင်ပိုင်ခွင့် အာဏာထက် ကျော်လွန်၍ တရားမျှတမှုနှင့် ဆန့်ကျင်၍ ဥပဒေနှင့် မညီမညွတ် ပြုမူ၍ ဆောင်ရွက်သည်ရှိသော် . . .

နိုင်ငံသားအခွင့်အရေး ဆုံးရှုံးတာပါ။

သင့် အခွင့်အရေး၊ သင့် နစ်နာမှုအတွက် အကာအကွယ်မဲ့ မဟုတ်ပါ။ စာချွန်တော်အမိန့်လျှောက်ထား၍ အကာအကွယ်ရယူ ကုစားနိုင်ပါတယ်။

စာချွန်တော်လျှောက်ထားမှုကို အမြင့်ဆုံးတရားရုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုသာ လျှောက်ထားရမှာပါ။

## တရားရုံးဘယ်မှာလဲ

➢ ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ရုံးအမှတ် (၅၄)၊ နေပြည်တော်။
ရုံးဖုန်း (+၉၅) ၆၇ ၄၃၀ ၃၄၄
ဖက်စ် (+၉၅) ၆၇ ၄၃၀ ၃၄၆
Email-scunion@mptmail.net.mm

➢ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံး၊ မော်တော်ယာဉ်တရားရုံး၊ ကလေးသူငယ်တရားရုံးနှင့် စည်ပင်သာယာတရားရုံးများ၏ တည်နေရာနှင့်လိပ်စာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website ဖြစ်သော www. unionsupremecourt.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါတယ်။



## ဘယ်အချိန်တွေမှာ တရားရုံးလာရမလဲ

သင့်အား တရားရုံးက ဆင့်ခေါ်၍ လာရောက်ရမည်ဆိုပါက လာရောက်ရမည့်ရက်၊ အချိန်၊ ဆင့်ခေါ်စာမှာ ဖော်ပြထားပြီးသားပါ။ သတ်မှတ်ချိန်မတိုင်မီ ၁၅ မိနစ်စောလျှင် ရောက်ရှိသတင်းပို့ထားမယ်ဆိုရင်တော့ အမှုမြန်ဆန်ဖို့ အထောက်အကူဖြစ်ပါမယ်။

တရားရုံးကို သွားရောက်လေ့လာမယ်ဆိုရင်တော့ အခြားအစိုးရရုံး၊ ဌာနများလိုပဲ စနေ၊ တနင်္ဂနွေအပါအဝင် အစိုးရတရားဝင်ရုံးပိတ်ရက်များမှာ တရားရုံးလည်း ပိတ်ထားမှာဖြစ်လို့ အဲဒီရက်တွေကို ရှောင်လိုက်ပါ။ ရုံးချိန်ကတော့ နံနက် ၀၉ : ၃၀ နာရီမှ ညနေ ၄ : ၃၀ နာရီထိပါပဲ။



## သိချင်တာမေး၊ ပြန်ကြားရေးရှိပြီ

တရားရုံးကို တရားစွဲဖို့ကိစ္စနှင့်လာရင် အမှုတင်သွင်းရန်ဌာန Public Intake Centre ကိုပဲသွားလိုက်ပါ။

ရုံး၊ ဌာနများနှင့်စပ်လျဉ်း၍ သင် သိလိုတာတွေရှိတဲ့အခါ ဘယ်ဌာန၊ ဘယ်သူဆီမေးရမှန်းမသိဖြစ်ခဲ့တာတွေ သင်ကြုံဖူးမှာပါ။ တရားရုံးတွေမှာ အဲသလိုမဖြစ်ရလေအောင် တရားရုံးတိုင်း၊ သတင်းပြန်ကြားရန်ဌာန Public Information Counter တွေထားရှိနေပါပြီ။

သတင်းပြန်ကြားရန်ဌာန Information Counter ရှိသည်ဖြစ်စေ၊ မရှိသေးသည်ဖြစ်စေ ရုံးတိုင်းမှာ သတင်းပြန်ကြားရေးအရာရှိတွေ ခန့်အပ်ထားပြီးပြီမို့ သင် သိချင်တာတွေ အတတ်နိုင်ဆုံးပြန်ကြား ကူညီပါလိမ့်မယ်။



## ရွာစည်းကမ်း၊ ရပ်စည်းကမ်းလိုပါဘဲ(၁)

သင် - ရွာမှာနေတော့ ရွာစည်းကမ်း၊ အရပ်ထဲမှာ နေတော့ အရပ်စည်းကမ်း လိုက်နာနေထိုင်ခဲ့လို့ ဘဝလုံခြုံမှု၊ အေးချမ်းပျော်ရွှင်မှုရနေတာ သတိရမှာပါ။

တရားရုံးရောက်ရင် တရားရုံးစည်းကမ်း လိုက်နာရမှာပါ၊ တရားရုံးစည်းကမ်းဆိုပေမဲ့ ရွာစည်းကမ်း၊ အရပ်စည်းကမ်းမျိုးပါပဲ။



* တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ၊ ပြည်သူ့ရဲ့ စသည်တို့ကို တရားရုံးမှာ သတ်မှတ်ဝတ်စုံတွေနဲ့ တွေ့ရတဲ့အခါ သပ်ရပ်ခန့်ညားလေးစားစရာ မဟုတ်ပါလား၊ သင့်အတွက်တော့ တရားရုံးက ဝတ်စုံသတ်မှတ် မထားပေမယ့် မြန်မာလူမျိုး လူကြီးလူကောင်း၊ လူရည်လူမွန် တစ်ဦးဆိုတာ ပေါ်လွင်စေမယ့် ဝတ်စား ဆင်ယင်မှု ဘယ်လို ဝတ်ရမလဲ ပြောဖို့ လိုမည် မထင်ပါ။
* တရားရုံးသို့ သွားဖို့ရှိပြီဆိုရင် သင် ဘယ်သူ၊ ဘယ်ဝါ ဖြစ်ကြောင်း သက်သေခံ အထောက်အထား ဖြစ်စေမယ့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ယူသွားတာ အကောင်းဆုံးပါပဲ။
* တရားရုံးကို မှုခင်းကိစ္စနဲ့ သွားရမယ်ဆိုရင် အမှုနှင့်စပ်ဆိုင်တဲ့ စာရွက်စာတမ်း မှတ်တမ်း မှတ်ရာတွေ ယူသွားဖို့ မမေ့ပါနှင့်။ တရားရုံးကို တင်ပြရန်၊ ကြည့်ရှုထွက်ဆိုရန်အတွက် အဆင်ပြေပါလိမ့်မယ်။

## ရွာစည်းကမ်း၊ ရပ်စည်းကမ်းလိုပါဘဲ(၂)

- တရားသူကြီး အမှုကြားနာသည့် တရားခွင်တွေမှာ နိုင်ငံတော်တံဆိပ် ချိတ်ဆွဲထားပါတယ်။ တရားခွင်သို့ဝင်ခြင်း၊ ထွက်ခြင်းပြုတိုင်း နိုင်ငံတော်တံဆိပ်နှင့် တရားသူကြီးတို့အား အလေးအမြတ်ပြုသည့်အနေနဲ့ ဦးခေါင်းညွတ်၍ အလေးပြုပေးပါ။ တရားသူကြီး တရားခွင်တက်/ဆင်းစဉ် တရားခွင်ထဲရှိရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများ၊ တရားရုံးအရာရှိများ အခြားတက်ရောက်သူများကဲ့သို့ မတ်တပ်ရပ်၍ တရားသူကြီးကို အရိုအသေပြုပေးပါ။
- တရားခွင်တိုင်းမှာ တရားသူကြီးနေရာ၊ နှစ်ဖက်ရှေ့နေများနေရာ၊ သက်သေနေရာ၊ တရားခံနေရာ သတ်သတ်မှတ်မှတ်ခွဲခြားထားပြီးသားမို့ သင်ဘယ်နေရာမှာ နေရမလဲဆိုတာ သိလွယ်မှာပါ။ တရားရုံးဝန်ထမ်းများကလည်း ကူညီကြမှာပါ။
- ကလေးနှင့် အသက် ၁၈ နှစ်အောက် ရှိသူများအား ယေဘုယျအားဖြင့် တရားခွင်အနှောင့်အယှက်မဖြစ်စေဖို့ ဝင်ခွင့်မပြုရခြင်း ဖြစ်ပါတယ်။

## ရွာစည်းကမ်း၊ ရပ်စည်းကမ်းလိုပါဘဲ(၃)



- တရားခွင်အတွင်း လက်နက်ခဲယမ်းများ၊ အသံဖမ်းစက်များ၊ ကင်မရာများ၊ မှတ်ဉာဏ်ပစ္စည်းများ၊ လက်ကိုင်ကွန်ပျူတာများနှင့် လက်ကိုင်ဖုန်းများ စသည်တို့ကို တရားရုံး၏ လုံခြုံရေးအတွက် ယူဆောင်လာခြင်း မပြုရတာဖြစ်ပါတယ်။



- တရားရုံး ပရဝုဏ်အတွင်း ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ပေးခြင်းဖြင့် တရားရုံး၏ မီးဘေးလုံခြုံမှု၊ သန့်ရှင်းသပ်ရပ်မှုကို ဖော်ဆောင်ရာရောက်ပါမယ်။
- တရားခွင်အတွင်းမှာ တရားသူကြီးနှင့် တရားရုံးအရာရှိများက မေးမြန်းလို့ပြောကြား၊ ဖြေဆိုရသည်မှလွဲ၍ စကားပြောဆိုခြင်းကို မပြုရပါ။ တရားစီရင်နေမှုကို ထိခိုက်မှာစိုးလို့ တားမြစ်ထားတာပါ။ မလွဲမရှောင်သာ ပြောဖို့ဆိုဖို့ရှိရင် တရားခွင်အပြင်ထွက်၍ ပြောဆိုရမှာပါ။
- တရားခွင်အတွင်းရှိနေခိုက် ရုံးထိုင်တရားသူကြီး ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမှာက တရားရုံးထုံးတမ်းစဉ်လာတစ်ရပ်ပါ။




## အယူခံ၊ ပြင်ဆင် အခွင့် အရေး သုံးစွဲပါ

တရားရုံးဆိုတာ နှစ်ဖက်အမှုသည်တို့၏ အနိုင် အရှုံးကို ဆုံးဖြတ်ပေးရတာပါ။ မနိုင် မရှုံး သရေ အဆုံးအဖြတ်ပေး၍ ရသောရုံး မဟုတ်ပါ။ တရားရုံး၏ အဆုံးအဖြတ်ကို မကျေနပ်သူတွေ ရှိနေမှာ ဓမ္မတာပါ။

တရားသူကြီးဆိုတာလည်း မဟော်သဓာလို ဘယ်သူမှန်၊ ဘယ်သူမှား မိမိအလိုအလျောက် ခွဲခြားသိနိုင်စွမ်းရှိသူ မဟုတ်ပါ။ သက်သေခံအထောက်အထားများနှင့် ဥပဒေပြဋ္ဌာန်းချက်များအပေါ် ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံပညာရပ်များနှင့်အညီ အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းပါ။

မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ လက်အောက်တရားရုံးများ၏ အဆုံးအဖြတ်သည် အပြီးအပြတ်မဟုတ်သေးပါ။ အထက်ရုံးများသို့ အယူခံတက်ရောက်ခွင့်၊ ပြင်ဆင်မှုတက်ရောက်ခွင့် ရှိပါတယ်။ ဥပဒေအရ အခွင့်အရေးရှိပါသေးလျက် အယူခံမတက်၊ ပြင်ဆင်မှုမတက်၊ တိုင်စာပို့ တရားရုံးကို ဆန္ဒပြတယ်ဆိုတာ ဥပဒေမဲ့လုပ်ရပ်တွေပါ။ တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေသောလုပ်ရပ်တွေပါ။ တရားရုံးကိုလည်း မထီမဲ့မြင်ပြုရာရောက်တဲ့ လုပ်ရပ်တွေပါ။

အမှုအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည်သာ အပြီးအပြတ်ပါ။



## သင် - အကဲဖြတ်ပါ

### (အမှုမှန်ကန်မြန်ဆန်စေရေး)

Justice delayed, justice denied တရားစီရင်မှု နှောင့်နှေးတာဟာ တရားမျှတမှုကို ငြင်းပယ်ရာရောက်တယ်လို့ ဥပဒေ ဆိုရိုးရှိပါတယ်။

အမှုများ မြန်မြန်ဆန်ဆန် စစ်ဆေးပြီးပြတ်မှု မရှိသည်နှင့် အမျှ အမှန်တရားနှင့် သွေဖီနိုင်ပါတယ်။ နိုင်ငံတော်နှင့် ပြည်သူတို့ အခြိန်ကုန်လူပန်းဖြစ်စေပြီး တရားရုံးအပေါ် ပြည်သူတို့၏ အားကိုးယုံကြည်မှု လျော့ပါးစေနိုင်တာကို ကျွန်ုပ်တို့သိပါတယ်။ တရားရုံးအပေါ်မှာ သင်တို့၏ ယုံကြည်မှုအပြည့်အဝ မရနိုင်သည့်တိုင် ယုံကြည်မှုအများဆုံးဖြစ်အောင် တရားရုံးဝန်ထမ်းများ၊ တရားသူကြီးများက ဆောင်ရွက်နေကြပါတယ်။

တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကို ၃ နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅ - ၁၇) ပြီးဆုံးချိန်တွင် ပြစ်မှုရော၊ တရားမမှုပါ ၁၀၀% အထိ ပြီးပြတ်စေရန် ရည်မှန်းထား၍ လိုအပ်သောညွှန်ကြားမှု၊ ပြင်ဆင်မှုများ ဘက်ပေါင်းစုံမှချမှတ်ဆောင်ရွက်နေပါတယ်။

ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရဲ့လား . . . သင် အကဲဖြတ်ပေးပါ။



## သင် - အကဲဖြတ်ပါ

### (အမှုရွှေ့ဆိုင်းခြင်း)

အမှုကြန့်ကြာစေသော အကြောင်းတွေထဲမှာ ရုံးချိန်း အကြိမ်ကြိမ် ရွှေ့ဆိုင်းခြင်းများဟာ အဓိကအကြောင်းအရင်းဆိုတာ ဆန်းစစ်ချက်အရ အထင်အရှားတွေ့ရပါတယ်။

အမှုအကြိမ်ကြိမ် ရွှေ့ဆိုင်းရတာ သင့်ကြောင့်၊ တရားစွဲ အဖွဲ့ကြောင့်၊ ရှေ့နေရှေ့ရပ်ကြောင့်၊ တရားသူကြီးကြောင့် စသည်ဖြင့် တာဝန်ရှိသူ အသီးသီးပါဘဲ။ တာဝန်ရှိနိုင်သူတွေအားလုံး စိတ်တူကိုယ်တူညှိနှိုင်းဖြေရှင်းကြဖို့ ကျွန်ုပ်တို့နည်းလမ်းများ ရှာဖွေ လုပ်ဆောင်နေပါပြီ။

အမှုကြားနာရန် ချိန်းဆိုထားမှုတွင် အမှုရွှေ့ဆိုင်းမှု အမျိုးအစားအရ ခွဲခြားပြောရလျှင် တရားမမှု ၂၅%၊ ပြစ်မှု ၄၀% အထိ ရှိနေတာပါ။ ၃နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၁၇) ပြီးဆုံးချိန် တွင် တရားမမှု ၁၀%၊ ပြစ်မှု ၂၀%အထိ လျှော့ချနိုင်ရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေပါတယ်။

ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရဲ့လား . . .
သင် အကဲဖြတ်ပေးပါ။

## သင် - အကဲဖြတ်ပါ

### (တရားရုံးအပေါ် ကျေနပ်မှု)

တရားရုံးနှင့်တရားစီရင်ရေး၏ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ပြည်သူများအတွက် လွယ်ကူမှု၊ အဆင်ပြေမှု၊ လက်လှမ်းမီမှုဖြစ်စေရန် အဖက်ဖက်က ကြံဆစီမံပေးမှသာလျှင် ပြည်သူတို့၏ တရားရုံးအပေါ် ကျေနပ်မှုအပြည့်အဝ မရနိုင်သည့်တိုင် ကျေနပ်မှုအညွှန်းကိန်း တိုးတက်နေမည်ကို ကျွန်ုပ်တို့သိပါသည်။ တရားရုံး အပေါ် ကျေနပ်မှု တိုးတက်လာစေရန် တရားရုံးဝန်ထမ်းများ၊ တရားသူကြီးများက ဆောင်ရွက်လျက်ရှိပါတယ်။

တရားရုံး အသုံးပြုသူများအပေါ် ကောက်ယူထားသော စစ်တမ်းအရ တရားရုံးအပေါ် သင်တို့၏ ကျေနပ်မှု ၆၀. ၅၅ % သာ ရှိသည်ကို ကျွန်ုပ်တို့သိထားပါတယ်။ ၃ နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၁၇) ပြီးဆုံးချိန်တွင် တရားရုံးအပေါ် ကျေနပ်မှု ၈၀% အထိရောက်အောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်နေပါတယ်။

ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရဲ့လား . . .
သင် အကဲဖြတ်ပေးပါ။



## အကဲဖြတ်သုံးသပ်ခြင်း



# တရားမမှုအကြောင်းသိကောင်းစရာ

## တရားမမှုဆိုတာဘာလဲ

တရားရုံးတွေမှာအဓိကစစ်ဆေးစီရင်ရတဲ့အမှုအမျိုးအစား(၂)ခုပဲရှိပါတယ်။ပြစ်မှုနဲ့တရားမမှုပါ။



## ပြစ်မှုဆိုတာ

ဥပဒေက ဒါမလုပ်ရဘူး၊ မကျူးလွန် မဖောက်ဖျက်ရဘူး၊မပျက်ကွက်ရဘူးလို့ အတိအလင်း ပြဋ္ဌာန်းထားတဲ့ အချက်တွေရှိရပါတယ်။ အဲဒီလို အချက်တွေကို တစ်ဦးတစ်ယောက်က ဖောက်ဖျက်ကျူးလွန်ခဲ့လို့ တစ်ဦးတစ်ယောက် ဒါမှမဟုတ် လူအများကို၊ လူအဖွဲ့အစည်းကို ထိခိုက်နစ်နာစေခဲ့ရင် ပြစ်ဒဏ်ချမှတ်နိုင်တဲ့ အမှုမျိုးပါ။

## တရားမမှုဆိုတာ

မပြုလုပ်ရ၊ မပျက်ကွက်ရ၊ဖောက်ဖျက် ကျူးလွန်ရင် ပြစ်ဒဏ် စီရင်ခြင်း ခံရမယ်ဆိုပြီး ဥပဒေမှာ ပြဋ္ဌာန်းထားတာမရှိပါဘူး။ ဒါပေမယ့်လူတစ်ဦးချင်းရဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ လက်ရှိထားခွင့်၊ အမွေဆက်ခံခွင့်၊ ဂုဏ်သိက္ခာတည်မြဲပိုင်ခွင့် အစရှိတဲ့ အခွင့်အရေးများ ထိခိုက်နစ်နာစေခဲ့ရင် နစ်နာသူကိုယ်တိုင် တရားလို ပြုလုပ်စွဲဆိုရတဲ့ အမှုမျိုးပါ။

ပြစ်မှု(ရာဇဝတ်မှု)တွေမှာ ထိခိုက်နစ်နာသူရဲ့ကိုယ်စား အစိုးရက (ဥပမာ၊ရဲတပ်ဖွဲ့က) တရားစွဲဆိုရပါတယ်။ တရားမမှုတွေမှာတော့ ထိခိုက်နစ်နာသူကိုယ်တိုင်က သူ့ရဲ့နစ်နာမှုကို ဘယ်လိုကုစားပေးပါ၊ ဘယ်လို သက်သာ ခွင့်ချမှတ်ပေးပါလို့တရားစွဲဆိုရပါတယ်။

## စီရင်ပိုင်ခွင့်အာဏာ

- အမှုတန်ဖိုးအလိုက်စီရင်ပိုင်ခွင့်အာဏာကိုအောက်ပါအတိုင်းသတ်မှတ်ထားပါတယ်-
  - -တန်ဖိုးကျပ်သိန်း-၁၀၀ အထိ (မြို့နယ်တရားရုံး)
  - -တန်ဖိုးကျပ်သိန်း-၅၀၀၀ အထိ (ခရိုင်တရားရုံး)
  - -တန်ဖိုးကျပ်သိန်း-၅၀၀၀ အထက် (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်)
  - -တရားမမှုတွေကိုစီရင်ပိုင်ခွင့်အာဏာလုံလောက်စွာ ရှိတဲ့ အနိမ့်ဆုံးတရားရုံးမှာတရားစွဲဆိုရပါတယ်။



## အဆိုလွှာနဲ့ချေလွှာ

- တရားမမှုခင်းတွေကို အခုလိုစွဲဆိုဆိုင်ပြိုင်ရပါတယ်။ တရားမမှုစွဲဆိုတဲ့အခါ တရားလိုက ဒါမှမဟုတ် သူ့ဘာရမ်းထားတဲ့ရွှေ့နေက အဆိုလွှာရေးသားတင်သွင်းရပါတယ်။



- အဆိုလွှာဘယ်လိုရေးရမယ်ဆိုတာတရားမကျင့်ထုံးဥပဒေအမိန့် ၇ မှာဖော်ပြထားပါတယ်။
  - -အမှုအမျိုးအစားအလိုက် ရုံးခွန်ထမ်းဆောင်ရပါမယ်။
  - -ရုံးခွန်နဲ့စီရင်ပိုင်ခွင့်အလို့ငှာ "အမှုတန်ဖိုး" ကိုဖော်ပြရပါမယ်။
  - -ကာလစည်းကမ်းသတ်အတွင်း ကျရောက်ကြောင်းဖော်ပြရပါမယ်။
  - -တရားစွဲဆိုဖို့ အကြောင်းပေါ်ပေါက်တဲ့နေ့ရက်ကို အတိအကျဖော်ပြရပါမယ်။
  - -တရားလို သို့မဟုတ် သူ့ခွင့်ရကိုယ်စားလှယ် သို့မဟုတ် သူငှားရမ်းထားတဲ့ရှေ့နေက ထင်သွင်းရပါမယ်။
  - -တရားပြိုင်ကို ဆင့်ခေါ်ဖို့ ဆင့်စာခွန်တမ်းဆောင်ရပါမယ်။
  - -တရားပြိုင်ကအဆိုလွှာပါအချက်များမှန်ကန်ရင် "ဝန်ခံ ချေလွှာ" တင်သွင်းရပါမယ်။
  - - ဝန်မခံလိုရင် မိမိခံုထုချေချက်ကိုစာဖြင့်ရေးသားတင်သွင်းရပါမယ်။

အဲဒါကို "ချေလွှာ" လို့ခေါ်ပါတယ်။ ချေလွှာကိုဘယ်လိုရေးရမယ်ဆိုတာ တရားမကျင့်ထုံးဥပဒေအမိန့် ၈ မှာဖော်ပြထားပါတယ်။

## ငြင်းချက်ထုတ်တဲ့နေ့

- အဆို၊အချေတို့အရ အငြင်းပွားတဲ့အမှုမှာ အရေးယူလောက်တဲ့ အချက်တွေကို ငြင်းချက်လို့ ခေါ်ပါတယ်။



-ငြင်းချက်ထုတ်မယ့်နေ့ရက်ကို ပထမအကြိမ် အမှုကြားနာစစ်ဆေးတဲ့နေ့အဖြစ် သတ်မှတ်ပါတယ်။
-ပထမအကြိမ် အမှုကြားနာစစ်ဆေးဖို့ ချိန်းဆိုတဲ့ နေ့ရက်မှာတရားလိုမလာရောက်ရင် အမှုပလပ်ခံရနိုင်ပါတယ်။
-တရားလိုသာလာရောက်ပြီး တရားပြိုင်မလာရောက်ရင် အမှုကိုတစ်ဖက်သတ်ကြားနာစစ်ဆေးဖို့ လျှောက်ထားခံရနိုင်ပါတယ်။
-ဒါကြောင့် ငြင်းချက်ထုတ်ဖို့ တရားရုံးက ချိန်းဆိုတဲ့ နေ့ရက်မှာ အမှုသည်များ မပျက်မကွက်လာရောက်ဖို့ လိုအပ်ပါတယ်။



## သက်သေစစ်ဆေးဖို့ ဘယ်လိုတင်ပြမလဲ

- နစ်ဖက်အမှုသည်တို့က သက်သေစာရင်းတင်သွင်းရပါမယ်။
- တင်ပြလိုတဲ့သက်သေတွေကို ကိုယ်တိုင်ခေါ်လာနိုင်ပါတယ်။
- တရားရုံးကဆင့်ခေါ်ပေးစေလိုရင် ဆင့်စာခပေးသွင်းပြီးသက်သေဆင့်ခေါ်ပေးဖို့လျှောက်ထားနိုင်ပါတယ်။



## သက်သေစစ်မေးတဲ့အစီအစဉ်

- တရားမမှုတွေကိုသာမန်အားဖြင့် တရားလိုဘက်မှ စတင်ကြားနာစစ်ဆေးပါတယ်။
- တရားပြိုင်ဘက်က သက်သေထင်ရှားပြဖို့တာဝန်ရှိတဲ့ အမှုတွေမှာတရားပြိုင်ဘက်ကိုဦးစွာစစ်ဆေးကြားနာတာမျိုးလည်းရှိတတ်ပါတယ်။

## လျှောက်လဲချက်၊ စီရင်ချက်နှင့်ဒီကရီ

- နစ်ဖက်သက်သေတွေ စစ်ဆေးပြီးဆုံးရင် အမှုသည်၊ ဒါမှမဟုတ် နစ်ဖက်ရှေ့နေတို့ကလျှောက်လဲချက်ပေးနိုင်ပါတယ်။
- လျှောက်လဲချက်ကိုကြားနာပြီးတဲ့နောက် တရားရုံးက စီရင်ချက်ချမှတ်ပေးရပါတယ်။
- စီရင်ချက်ဆိုတာ နစ်ဖက်သက်သေ အရပ်ရပ်ကို စစ်ဆေးကြားနာပြီးတဲ့နောက် ဘာကြောင့် အခုလို စီရင်ဆုံးဖြတ်ရတယ်ဆိုတာကို အကြောင်းပြရေးသားတဲ့စာတမ်းပါ။

- အပြီးသတ်စီရင်ဆုံးဖြတ်ချက်ကိုဒီကရီလို့ခေါ်ပါတယ်။

## ဒီကရီအတည်ပြုတယ်ဆိုတာ

- တရားရုံးဆုံးဖြတ်ချက်အတိုင်းအကျိုးသက်ရောက်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးတာပါ။
- ဒီကရီချပေးတဲ့တရားရုံးနဲ့ လွှဲပြောင်းပေးခြင်းခံရတဲ့ တရားရုံးက အတည်ပြုနိုင်ပါတယ်။
- ၁၂နှစ်အတွင်းအတည်ပြုနိုင်ပါတယ်။ဒါပေမယ့် ၃ နှစ် တစ်ကြိမ်လျှောက်ထားဖို့လိုပါတယ်။
- ဒီကရီအတည်ပြုတဲ့အမှုကို ဇာရီမူလို့ခေါ်ပါတယ်။

## တရားမမှုများရှည်လျားသလား

- တရားမမှုခင်းများရှည်လျားတတ်ပါတယ်။
- တရားရုံး၏ အဆုံးအဖြတ်ကို ကျေနပ်လက်ခံခဲ့ကြ၍ အမှုအမြန်ပြီးပြတ်သွားတာများရှိပါတယ်။ လောဘ၊ မောဟနဲ့ အာဃာတ ကြီးမားလို့ "အမွေပုံ-ကုန်ခါမှ ပြတ်" ဆိုတာမျိုးလည်း ရှိပါတယ်။ ညီအစ်ကိုနှစ်ဦး မြေတစ်တောင် အငြင်းပွားလို့ နှစ်နဲ့ချီပြီးဆိုင်ပြိုင်တဲ့ တရားမမှုမှာ "သာတာနာတာမတွက်နဲ့၊တစ်ယောက် မြေတစ်ထွာစီခွဲယူပြီးပြေပြိမ်းလိုက်ပါလား"လို့ရပ်ရွာ လူကြီးကဖျောင်းဖျတဲ့အခါ။ "အစ်ကိုကြီးတစ်ထွာပဲ မြင်တာ၊ အောက်ကိုတိုင်းကြည့် အဂိစိထိရှိတယ်" လို့ဆိုပါသတဲ့။



## တရားမအယူခံမှု၊ တရားမပြင်ဆင်မှု

- ဒီကရီကိုမကျေနပ်သူကတရားရုံးအဆင့်ဆင့်အယူခံဝင်နိုင်ပါတယ်။
- ဒါပေမယ့်၊ မူလအမှုတန်ဖိုးကျပ်၁၀သိန်းမကျော်ရင် ဒုတိယအယူခံမဝင်နိုင်ပါ။
- မူလမှုရဲ့ ရုံးစွန်အတိုင်းအယူခံမှုမှာ ထမ်းဆောင်ရပါမယ်။
- တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄နဲ့ အမိန့်-၄၃ မှာ အကျုံးဝင်တဲ့အမိန့်များကို အယူခံဝင်နိုင်ပါတယ်။
- အယူခံမဝင်နိုင်တဲ့အမိန့်များကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅ မှာ ဖော်ပြထားပါတယ်။
- အယူခံဝင်ခွင့်မရှိတဲ့အမိန့်ကိုပြင်ဆင်မှုလျှောက်ထားရပါမယ်။
- ပြင်ဆင်မှုကိုတရားရုံးအဆင့်ဆင့် လျှောက်ထားနိုင်ပါတယ်။

USAID
FROM THE AMERICAN PEOPLE



## ရာဇဝတ်မှုဆိုသည်မှာ

- ရာဇဝတ်မှုကို ယခုအခါ ပြစ်မှုလို့လည်းခေါ်ပါတယ်။ ရာဇဝတ်ပြစ်မှုလို့ခေါ်ကြတာလည်းရှိပါတယ်။



- ပြုလုပ်မှုကြောင့်ဖြစ်ဖြစ်၊ ပျက်ကွက်မှုကြောင့်ဖြစ်ဖြစ် ဥပဒေပြုအဖွဲ့ရဲ့ တားမြစ်ထားချက်တွေကိုဖောက်ဖျက်ကျူးလွန်ရင် ဘယ်လိုပြစ်ဒဏ်ချမှတ်ရမယ်ဆိုပြီး အတိအလင်း ပြဋ္ဌာန်းထားတာရှိပါတယ်။
- ကျူးလွန်သူရဲ့ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် လူအများကို လူအဖွဲ့အစည်းကို ထိခိုက်နစ်နာစေတဲ့ အမှုမျိုးပါ။

## တရားလိုဘက် နိုင်ငံတော်

- ရာဇဝတ်ပြစ်မှုတွေမှာ သတင်းပေးတိုင်တန်းသူဟာ သင်ကိုယ်တိုင်ဖြစ်နိုင်ပါတယ်။ အခြားသူလည်း ဖြစ်နိုင်ပါတယ်။ဒါပေမယ့် ဥပဒေသဘောအရ တရားလိုသည် နိုင်ငံတော်ပဲဖြစ်ပါတယ်။သင်ကရဲစခန်းမှာတိုင်တန်းရင် အမှုကိုရဲကစုံစမ်းစစ်ဆေးပါတယ်။ ကျူးလွန်သူကို တရားစွဲတဲ့အခါမှာလည်း အမှုလိုက်ဥပဒေအရာရှိက သင့်ဘက်က လိုက်ပါဆောင်ရွက်ပေးပါတယ်။ ရှေ့နေငှားရမ်းစရာမလိုပါဘူး။ ရဲတို့ဥပဒေအရာရှိတို့ကိုအခကြေးငွေပေးစရာမလိုပါဘူး။ နိုင်ငံတော်က (ထိခိုက်နစ်နာသူ) သင့်ကိုယ်စား ဆောင်ရွက်ပေးပါတယ်။ ရာဇဝတ်မှုများကြောင့် လူအဖွဲ့အစည်းရဲ့ လုံခြုံမှုကို ထိခိုက်နစ်နာစေလို့ပဲ ဖြစ်ပါတယ်။

- ရာဇဝတ်မှုကျူးလွန်သူကိုအရေးယူပေးဖို့ တိုင်တန်းပုံနှစ်မျိုးရှိပါတယ်။ တစ်မျိုးက သက်ဆိုင်ရာရဲစခန်းမှာ (FIR) လို့ခေါ်တဲ့ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်တာပါ။ First Imformation Report ပေါ့။ သင်က တိုင်ကြားချက်ပြုရင် ရဲက ရေးမှတ်ယူရပါတယ်။ တယ်လီဖုန်းနဲ့လည်း တိုင်တန်းနိုင်ပါတယ်။
- နောက်တစ်မျိုးက တရားရုံးကို တိုက်ရိုက်လျှောက်ထားတာပါ။ ဦးတိုက်မှုလို့ ခေါ်ပါတယ်။
- ရဲအရေးပိုင်တဲ့အမှုကို ရဲက တိုင်ချက်လက်ခံရေးဖွင့်၊ စုံစမ်းစစ်ဆေးပြီး အမှုတည်ဆောက်စွဲဆိုရပါတယ်။
- ရဲအရေးမပိုင်တဲ့အမှုကို တရားရုံးမှာဦးတိုက်လျှောက်ရပါတယ်။ရဲအရေးပိုင်တဲ့အမှုကိုလည်း ဦးတိုက်လျှောက်ထားနိုင်ပါတယ်။

ရာဇဝတ်မှုခင်းတစ်ခုအရေးယူဖို့အတွက် စတင်ဖွင့်လှစ်ရတဲ့တံခါးနှစ်ချပ်ပါ။ ကြိုက်တဲ့တံခါးကို ဖွင့်နိုင်ပါတယ်။

## စုံစမ်းစစ်ဆေးခွင့်နှင့်စီရင်ပိုင်ခွင့်အာဏာ

- ရာဇဝတ်မှုခင်းကို သက်ဆိုင်ရာနယ်မြေ(အပိုင်)ရဲစခန်းမှာ တိုင်တန်းရသလိုတရားစွဲဆိုရင်လည်း စီရင်ပိုင်ခွင့်အာဏာရှိတဲ့ တရားရုံးမှာစွဲဆိုရပါတယ်။

ပြစ်မှုမှာ အကျူးပင်တဲ့သက်သေခံပစ္စည်း တင်ပို့ရပါတယ်။ စီရင်ပိုင်ခွင့်အာဏာရှိတဲ့တရားသူကြီးကပဲ စစ်ဆေးစီရင်ရပါတယ်။

(တရားရုံးများနဲ့တရားသူကြီးများရဲ့စီရင်ပိုင်ခွင့် အာဏာကို ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ပေးထားပါတယ်)

## စီရင်ပိုင်ခွင့်အာဏာရတရားရုံး

- တရားမမှုတွေမှာ အမှုတန်ဖိုးအလိုက် စီရင်ပိုင်ခွင့်အာဏာဆိုတာရှိပေမယ့် ရာဇဝတ်မှုမှာ မရှိပါ။

ဒါပေမယ့် ဒေသအလိုက်စီရင်ပိုင်ခွင့်အာဏာ၊ အမှုအမျိုးအစားနဲ့ပြစ်ဒဏ်အလျောက် စီရင်ပိုင်ခွင့်အာဏာဆိုတာရှိပါတယ်။ ဥပဒေ ပြဋ္ဌာန်းထားပါတယ်။



## တရားစွဲဆိုခွင့်ပြုမိန့်

- စီရင်ပိုင်ခွင့်အာဏာရှိတဲ့တရားရုံးမှာ ရာဇဝတ်မှုကို အရေးယူပေးဖို့ တိုင်တန်းစွဲဆိုနိုင်တာ မှန်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်သမ္မတ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ "တရားစွဲဆိုခွင့်ပြုမိန့်" (sanction)ရရှိမှ တရားစွဲဆိုရမယ်လို့ဥပဒေကသတ်မှတ်ပြဋ္ဌာန်းထားရင် "တရားစွဲဆိုခွင့်ပြုမိန့်"မပါဘဲ တရားစွဲလို့မရပါဘူး။

( ဥပမာ၊ လူကုန်ကူးမှု၊ အပကာ-၃လို့ခေါ်တဲ့ အများပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ စွဲဆိုတဲ့အမှုမျိုးမှာ တရားစွဲဆိုခွင့်ပြုမိန့်လိုအပ်ကြောင်း ဥပဒေပြဋ္ဌာန်းထားပါတယ်)



## အာမခံ

ရဲတပ်ဖွဲ့က တရားစွဲတင်ပို့တဲ့အမှုတွေမှာ ဥပဒေအရ အာမခံပေးရမယ့်အမှုမျိုးကို ရဲခံဝန်နဲ့တင်ပို့ပါတယ်။ အာမခံမပေးနိုင်တဲ့အမှုဆိုရင် တရားခံကို အချုပ်နဲ့ တင်ပို့ပါတယ်။ တရားရုံးကို ဦးတိုက်လျှောက်ထားတဲ့ အမှုမှာ အာမခံပေးနိုင်တဲ့အမှုနဲ့ အာမခံမပေးနိုင်တဲ့ အမှုဆိုတာရှိပါတယ်။

တရားရုံးရှေ့.ကိုစွပ်စွဲခံရသူစတင်ရောက်ရှိတဲ့ အချိန်မှာ အာမခံလျှောက်ထားခွင့်ရှိပါတယ်။

အာမခံပေးရမယ့် အမှုနဲ့အာမခံပေးနိုင်တဲ့အမှုများမှာ စွပ်စွဲခံရသူက ရုံးချိန်မှန်မှန်လာပါမယ်၊ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုပါဘူး၊ သက်သေများကို ဖျက်ဆီးခြင်း မပြုပါဘူးဆိုပြီး ခံဝန်ချုပ်ဆိုရပါတယ်။ ခံဝန်စည်းကမ်းကို လိုက်နာရပါတယ်။ ခံဝန်ဖောက်ဖျက်ရင် ပြန်လည်ချုပ်နှောင်ခြင်းခံရပါမယ်။ အမှုအတောအတွင်း ထွက်ပြေးတိမ်းရှောင်ရင် ခံဝန်သူ (အာမခံသူ)တွေကို ဥပဒေအရ အရေးယူဆောင်ရွက် ရပါတယ်။

သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်တဲ့ ပြစ်မှုနဲ့စွပ်စွဲခံရသူတွေကလည်းအာမခံလျှောက်နိုင်ပါတယ်။ စွပ်စွဲခံရသူဟာ ချိန်နှာမကျန်းသူဖြစ်ရင်၊ ကလေးသူငယ်ဖြစ်ရင်၊ အမျိုးသမီးဖြစ်ရင် အစရှိတဲ့(ခြွင်းချက်များ)အရ တရားရုံးကအာမခံပေးနိုင်ပါတယ်။ စွပ်စွဲခံရသူကို အာမခံနဲ့ထုချေခွင့်ပြုတာက လူယဉ်ကျေးမှုရှင်သန်ကြီးထွားလာခြင်းရဲ့ အမှတ်လက္ခဏာပါ။ (တရားရုံးရှေ့.ရောက်ရှိပြီးတဲ့စွပ်စွဲခံရသူကို တရားရုံးမလာဘဲ နေခွင့်ပြုတဲ့အခြေအနေမျိုးလည်း ရှိတတ်ပါတယ်)

## အမှုစစ်ဆေးစီရင်ပုံ-၃မျိုး



ထောင်ဒဏ် ၆ လနှင့်အောက်အမှုကို သမ္မာန်မှုလို့ ခေါ်ပြီး ထောင်ဒဏ် ၆ လ အထက်အမှုကို ဝရမ်းမှုလို့ ခေါ်ပါ တယ်။

(၁)သမ္မာန်မှုကို သမ္မာန်မှုစစ်ဆေးနည်းနဲ့ စစ်ဆေးပါတယ်။

(၂) ဝရမ်းမှုကို ဝရမ်းမှုစစ်ဆေးနည်းနဲ့စစ်ဆေးပါတယ်။

(၃)ဥပဒေအရအကျဉ်းနည်းစစ်ဆေးတာလည်းရှိပါတယ်။

သမ္မာန်မှုမှာ စွပ်စွဲခံရသူရုံးရှေ့.ရောက်တဲ့အခါ စွပ်စွဲထားတဲ့ပြစ်မှုကို ဖတ်ပြပြီးအပြစ်ရှိမရှိမေးမြန်းပါတယ်။ ပန်ခံရင်သက်သေစစ်ဆေးဖို့ မလိုတော့ဘဲ အပြစ်ပေးနိုင်ပါတယ်။ အပြစ်မရှိကြောင်းငြင်းဆိုရင် နစ်ဖက်သက်သေတွေကို စစ်ဆေးပြီးမှ အဖိန့်ချမှတ်ရပါတယ်။

ဝရမ်းမှု မှာ တရားလိုဘက်သက်သေများကို ဦးစွာစစ်ရပါတယ်။သာမန်အားဖြင့် တိုင်တန်းသူ(တရားလို)ကို စတင်စစ်ပါတယ်။ တရားလိုကိုမစစ်သေးဘဲ တရားလိုပြ သက်သေကိုစပြီးစစ်တာမျိုးလည်း ရှိနိုင်ပါတယ်။ (အဲဒီလိုမစစ်ဆေးရဘူးလို့ ဥပဒေက တားမြစ်ထားတာ မရှိပါဘူး)

တရားလိုပြသက်သေတွေကို စစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်းမထင်ရှားရင် "တရားရှင်" လွှတ်ရပါ

ဖို့ လျှောက်ထားနိုင်ပါတယ်။

- အပြီးအပြတ်- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ စီရင်ဆုံးဖြတ်ချက်က အပြီးအပြတ်အတည်ဖြစ်ပါတယ်။

## ကြေအေးခြင်းနဲ့ ရုပ်သိမ်းခြင်း

- အမှုကြေအေးပုံနှစ်မျိုးရှိပါတယ်။ တရားရုံးရဲ့ခွင့်ပြုချက်မလိုဘဲ ကြေအေးနိုင်တဲ့အမှုနဲ့ တရားရုံးခွင့်ပြုချက်ရရှိမှ ကြေအေးနိုင်တဲ့အမှုပါ။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ မှာ ပြဋ္ဌာန်းပါတယ်) ပြစ်မှုကျူးလွန်ခံရသူ(နစ်နာသူ)ကိုယ်တိုင်ကသာ ကြေအေးနိုင်ပါတယ်။
- အမှုရုပ်သိမ်းခြင်းဆိုတာ ဥပဒေအရ ကြေအေးခွင့်မပြုနိုင်တဲ့အမှုကို အမှုရုပ်သိမ်းဖို့ ထိခိုက်နစ်နာသူကအစိုးရရှေ့နေ(ဥပဒေအရာရှိ)ထံ လျှောက်ထားချက်ကို ဥပဒေအရာရှိကသဘောတူရင် တရားရုံးကို ဆက်လက်တင်ပြပါတယ်။ ရုပ်သိမ်းခွင့်ပြု/မပြုကို ဥပဒေလုပ်ထုံးနည်းနာများအရ တရားရုံးကပဲ ဆုံးဖြတ်ပါတယ်။

USAID
FROM THE AMERICAN PEOPLE

တယ်။ထင်ရှားရင်အကျူးပင်တဲ့ပုဒ်မနဲ့ စွဲချက်တင်၊ ပြန်ခေါ်သက်သေ(recall)စစ်ဖို့ တရားခံက တောင်းဆိုရင် လိုပြသက်သေကို ပြန်ခေါ်ပေးရပါတယ်။ပြီးမှ တရားခံနဲ့ ခံပြသက်သေများကို စစ်ဆေးရပါတယ်။ သက်သေခံချက်များအရ ပြစ်မှုကျူးလွန်ကြောင်း မထင်ရှားရင် "တရားသေ"လွှတ်ရပါတယ်။ ပြစ်မှုထင်ရှားရင် အပြစ်ပေးရပါတယ်။



## အပျုခံမှုပြင်ဆင်မှုများ

- အမှုစတင် စစ်ဆေးစီရင်တဲ့တရားရုံးကို "မူလရုံး"လို့ ခေါ်ပါတယ်။ မူလရုံးက ပြစ်မှုထင်ရှားစီရင်တာကို တရားခံက မကျေနပ်ရင်တစ်ဆင့်မြင့် တရားရုံးကို အယူခံဝင်နိုင်ပါတယ်။
- မူလရုံးက တရားရှင်လွှတ်တဲ့အမိန့်၊ဒါမှမဟုတ် အပြစ်ပေးလိုက်ပေမယ့်ပြစ်ဒဏ်နည်းတယ်လို့တရားလိုဘက်က ယူဆတဲ့အမိန့်ကိုပြင်ဆင်မှု စီရင်ပိုင်ခွင့်ရှိတဲ့အထက်တရားရုံးမှာ ပြင်ဆင်မှုတင်သွင်းနိုင်ပါတယ်။ ရာဇဝတ်ပြစ်မှုစီရင်ဆုံးဖြတ်ချက်များကို မကျေနပ်တဲ့ဘက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ ဥပဒေခွင့်ပြုချက်နဲ့အညီ အယူခံမှုပြင်ဆင်မှုများ အဆင့်ဆင့်တက်ရောက်နိုင်ပါတယ်။
- အထူးအယူခံမှု- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ဆုံးဖြတ်ချက်ကိုပင်လျှင် အထူးအယူခံဝင်ခွင့်ပြု

## စာချုပ်တော်နိုဒါန်း



အင်္ဂလန်နိုင်ငံပထမမြောက်ချားလ်စ်ဘုရင်လက်ထက်၊ ဘုရင့်ချေးငွေတွေ ပြန်မဆပ်နိုင်တဲ့ သူရဲကောင်း ငါးဦးကိုဘုရင့်အမိန့်နဲ့ ဖမ်းဆီးထားရာက မတရားဖမ်းဆီးချုပ်နှောင်ခြင်းမှ လွတ်ပေးရန် တရားလွှတ်တော်သို့ လျှောက်ထားတဲ့အခါ ဘုရင်က ပြန်လွှတ်ပေးခဲ့ပါတယ်။ အဲဒီလိုနဲ့ စာချုပ်တော် ပေါ်ပေါက်လာခြင်းပါ။

## ပြန်မာနိုင်ငံနဲ့စာချုပ်တော်



စာချုပ်တော်ထုတ်ဆင့်နိုင်တဲ့ အခွင့်အာဏာကို ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၂၅ အရ တရားလွှတ်တော်ချုပ်သို့ အပ်နှင်းခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၈အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အပ်နှင်းထားပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့သာစာချုပ်တော် အမိန့်ထုတ်ဆင့်ပေးဖို့လျှောက် ထားနိုင်ပါတယ်။



## စာချုပ်တော်အကြောင်း သိစေကြောင်းစာ



## ဘယ်အခါမှာစွဲနွတ်အမိန့်ထုတ်နိုင်သလဲ

(၁) အခွင့်အာဏာရှိသည်ထက်ကျော်လွန်၍ ပြုလုပ်ခြင်း၊

(၂) အခွင့်အာဏာမရှိဘဲပြုလုပ်ခြင်း၊

(၃) အခွင့်အာဏာဖြင့် ဆောင်ရွက်ပေးရန်ရှိသည်ကို ဆောင်ရွက်မပေးခြင်း၊

(၄) အမိန့်တစ်ရပ်သည် အပေါ်ယံကြောကြည့်ရုံဖြင့် ဥပဒေအရမှားယွင်းချွတ်ချော်နေခြင်း၊

(၅) သဘာဝတရားမျှတမှုနည်းဥပဒေများ(Rules of Natural Justice)နှင့်ဆန့်ကျင်သွေဖည်နေခြင်း

စသည့် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စွဲနွတ်အမိန့်များ ထုတ်ဆင့်ပေးနိုင်ပါတယ်။

## စွဲနွတ်အမိန့်ကိုဘယ်လိုလျှောက်ထားရမလဲ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကထုတ်ပြန်ထားတဲ့ "**စွဲနွတ်အမိန့်လျှောက်ထားမှုများဆိုင်ရာနည်းဥပဒေများ**"နှင့်အညီတင်သွင်းလျှောက်ထားရပါမယ်။

(၁)ထိုကိန်းစနစ်နာသူကပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လျှောက်ထားရပါမယ်။

(၂) လျှောက်ထားသူအမည်၊လျှောက်ထားခံရသူပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၏ အမည်ပါရပါမယ်။

(၃) လျှောက်ထားလွှာပါအကြောင်းအရာနှင့်ဆီလျော်

## စွဲနွတ်အမိန့်အမျိုးအစားများ


(၁) ရှေ့တော်သွင်းစွဲနွတ်အမိန့်
(Writ of Habeas Corpus)

(၂) အာဏာပေးစွဲနွတ်အမိန့်
(Writ of Mandamus)

(၃) တားမြစ်စေစွဲနွတ်အမိန့်
(Writ of Prohibition)

(၄) အာဏာပိုင်မေးစွဲနွတ်အမိန့်
(Writ of Quo Warranto)

(၅) အမှုခေါ်စွဲနွတ်အမိန့်
(Writ of Certiorari)



## စွဲနွတ်ဘာကြောင့်လျှောက်ထားခွင့်ပြုတာလဲ

အုပ်ချုပ်ရေးအာဏာပိုင်တို့၏ တရားစီရင်ရေးသဘောဆန်သော လုပ်ဆောင်ချက် (Quasi Judicial Function) ကြောင့် ပြည်သူတစ်ဦး၏ ဥပဒေပါအခွင့်အရေး ထိခိုက်နစ်နာဆုံးရှုံးခဲ့ပါက တရားမျှတမှုရှိစေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထိန်းသိမ်းကြပ်ပေးနိုင်ရန် ဖြစ်တယ်။

## လျော်ထားတဲ့အခါသတိပြုစရာ



၃) ဒီအချက်တွေလည်း ပြည့်စုံရပါမယ်။ မပြည့်စုံရင် စာချွန်တော်လျောက်လွှာကိုလက်မခံငြင်းပယ်ခံရနိုင်ပါတယ်။

(၁) လျောက်လွှာနဲ့အတူကျမ်းကျိန်လွှာပါရှိရပါမယ်။

(၂) စာချွန်တော်လျောက်ထားရတဲ့အကြောင်းပြချက်အပြည့်အစုံကိုကျမ်းကျိန်လွှာမှာဖော်ပြရပါမယ်။

(၃) အဆိုပါအချက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုချက်ပါရှိရပါမယ်။

(၄)လျောက်လွှာနဲ့အတူမိမိအားထိခိုက်နစ်နာစေသည့် အမိန့်၊ ဆုံးဖြတ်ချက်များနှင့် အခြားလိုအပ်သော စာမှတ်စာတမ်းမိတ္တူများ ပြည့်ပြည့်စုံစုံ ပါရှိရပါမယ်။

၄) ဖော်ပြပါအချက်အလက်တစ်ခုခု မပြည့်စုံတဲ့အတွက် ငြင်းပယ်ခြင်းခံရတဲ့ စာချွန်တော်လျောက်ထားမှုတွေများစွာရှိခဲ့ပါတယ်။ ဒါကြောင့်သေသေချာချာသတိပြုစိုလိုပါတယ်။

တဲ့ "စာချွန်တော်အမျိုးအစား"ကိုဖော်ပြရပါမယ်။
(ဥပမာ အမှုခေါ်စာချွန်တော်၊တားမြစ်စေစာချွန်တော်)

(၄) လျောက်ထားသူက ဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိတဲ့ သက်သာခွင့် သို့မဟုတ် မိမိခံထိုက်နစ်နာဆုံးရှုံးမှုတို့ကို တိကျပြည့်စုံစွာ ရေးသားဖော်ပြရပါမယ်။

(၅) လျောက်လွှာနှင့်အတူကျမ်းကျိန်လွှာပါရပါမယ်။



## ငှဲးခွန်တံဆိပ်ခေါင်းထမ်းဆောင်ခြင်း

(၁) ထောင်တွင်းလျောက်ထားလွှာကို ငှဲးခွန်ထမ်းဆောင်စို့မလိုပါ။

(၂) စာချွန်တော်လျောက်ထားလွှာမှန်သမျှ ငှဲးခွန် ၅၀၀ ကျပ် ထမ်းဆောင်ရပါမယ်။

(၃) စာချွန်တော်အတွက် ကျမ်းကျိန်လွှာမှာ အခွန်တံဆိပ်ခေါင်း ၁၅၀ ကျပ် ထမ်းဆောင်ရပါမယ်။

(၄) လျောက်ထားခံရသူကိုဆင့်ခေါ်စို့ တစ်ဦးလျှင် ငှဲးခွန်တော် ၄၀၀ ကျပ် ထမ်းဆောင်ရပါမယ်။

(၅) ပြစ်မှုဖြစ်ပါက ပြစ်မှုဆိုင်ရာ အထွေထွေလျောက်ထားမှု(စာချွန်တော်)၊ တရားမမှုဖြစ်ပါက တရားမအထွေထွေလျောက်ထားမှု (စာချွန်တော်) လျောက်ထားရပါမယ်။

## စာချုပ်တော်အမှုများကိုကြားနာဆုံးဖြတ်ခြင်း

၁။ ကနဦးစစ်ကြားနာခြင်းနဲ့ အပြီးသတ်ကြားနာဆုံးဖြတ်ခြင်း ဆိုတဲ့ အဆင့်နှစ်ဆင့်ရှိပါတယ်။

(၁) ပြည့်စုံမှုရှိတဲ့ စာချုပ်တော်လျှောက်ထားမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ၃ ဦးပါဝင်တဲ့ "**ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့**"က လျှောက်ထားသူကိုဆင့်ခေါ်ကြားနာပါမယ်။

(၂) လျှောက်လွှာကို လက်ခံခြင်းပြုမပြု အဓိန်ချမှတ်ပါမယ်။

(၃) ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့ကလက်ခံခဲ့ရင် လျှောက်ထားခံရသူကိုဆင့်ခေါ်ပါမယ်။

(၄) လျှောက်ထားခံရသူက စာချုပ်တော်အဓိန်ကို အဘယ်ကြောင့်ထုတ်မပေးသင့်ကြောင်းရှင်းလင်းဖော်ပြထားသည့်ပြန်ကြားစာစီရင်ခံစာနှင့်ပြန်လှန် ကျမ်းကျိန်လွှာတင်သွင်းရပါမယ်။
(လိုအပ်တဲ့ စာရွက်စာတမ်းအထောက်အထားများ တစ်ပါတည်းတင်သွင်းဖို့လည်းလိုပါတယ်)

(၅) လျှောက်ထားသူက ချေပတျမ်းကျိန်လွှာ တင်နိုင်ပါတယ်။

(၆) အဲဒီအချက်တွေ ပြည့်စုံတဲ့အခါ ပြည်ထောင်စုတရားသူကြီးချုပ် သဘာပတိအဖြစ် ပါဝင်တဲ့ "**အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့**" က လျှောက်ထားသူနဲ့ လျှောက်ထားခံရသူတို့ကို နှစ်ဦးနှစ်ဖက်ကြားနာစီစစ်ပြီး အဓိန်ချမှတ်ပါမယ်။

## အထူးသတိပြုရမယ့်အချက်(၂)ချက်

၁။ အမှုဖေါ်စာချုပ်တော်အဓိန်နဲ့တားဆီးစေစာချုပ်တော်အဓိန်တို့ကို လျှောက်လွှာတင်သွင်းဖို့ အကြောင်းပေါ်ပေါက်တဲ့နေ့မှ ၂ နှစ်အတွင်း တင်သွင်းလျှောက်ထားဖို့လိုအပ်ပါတယ်။

၂။ စာချုပ်တော်လျှောက်ထားမှုကိုချမှတ်တဲ့အဓိန်အပေါ် အယူခံမှု ပြင်ဆင်မှုတင်သွင်းခွင့်မရှိပါ။နောက်ထပ် စာချုပ်တော်လျှောက်ထားခွင့်လည်းမရှိပါ။

## ဒါတွေလည်းအသေးစိတ်သိဖို့လို




၁။ အမှုသည်များ မနှစ်နာစေရေးအတွက် အသေးစိတ်ပြဋ္ဌာန်းချက်များကိုသိရှိဖို့လိုအပ်ပါတယ်။သိရှိနားလည်ဖို့ရာ ဒီဥပဒေနှစ်ရပ်ကို မလွဲမသွေလေ့လာသင့်ပါတယ်။

(၁) ၂၀၁၇ခုနှစ်၊စာချုပ်တော်အဓိန်လျှောက်ထားမှုဆိုင်ရာဥပဒေ (၂၀၁၇ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄)

(၂) စာချုပ်တော်အဓိန်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေများ

USAID
FROM THE AMERICAN PEOPLE




# ကယားဓလေ့ထုံးစံ၏ပြောင်းလဲလာမှုတစ်ခုကိုလေ့လာတင်ပြခြင်း

မောင်တင်ဌေး(တရားရေး)
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး

ကမ္ဘာ့အရပ်ဒေသအသီးသီးမှ "စုန်း" ဟူသည်နှင့် ပတ်သက်သည့် အဖြစ်အပျက်၊ အကြောင်းအရာများကိုမကြာခဏ ဆိုသလိုပင် သတင်းမီဒီယာမှတစ်ဆင့် ကြားသိတွေ့မြင်ကြရလျက်ရှိပါသည်။ ဤဆောင်းပါး တွင် "စုန်း" နှင့်စပ်လျဉ်းသည့် ပြောင်းလဲလာခဲ့ပြီးဖြစ်သည့် ကယားဓလေ့ထုံးစံကို တင်ပြထားခြင်းဖြစ်ပါသည်။

ဆရာကြီး ဦးကြင်ဥရေးသော ပဒေသာသီချင်းများ စာအုပ်တွင် ပါရှိသည့် "ဇော်ဂျီစကား" ၌ "ရောသည်တခါ ငါဖေဂျီသနစ်ကို၊ ဦကာဖြင့် လောင်းတော့မည်၊ သက်ပြောင်းသက်ခွာ၊ ဂါထာမန္တန်၊ မှော်ပြန်စုံးနတ်၊ ဆယ့်နှစ်ရပ်ကို ပတ်ပတ်နှောက်မွှေ၊ အရှင့်ဘုန်းနှင့် ထုံးလိုခြေ" [၁]ဟူသော စာပိုဒ်ကို ဖတ်ရှုခဲ့ရဖူးပါသည်။

သေက္ခတောင်ဆရာတော် အရှင်တိလောကမထေရ်စီရင်အပ်သော "ပဏ္ဏိတဝေဒနီယဒီပနီကျမ်း" ၌ စုန်းများလည်းလူပင်ဖြစ်သော်လည်း အတတ်ပညာ၏အစွမ်း၊ နတ်၏အာနုဘော်အစွမ်းတို့၏ ယှဉ်ခြင်းကြောင့် စိတ်ကိုလည်းနုန့်စေ၍ မေ့လျော့အောင် တတ်နိုင်ကြ၏။ ရုပ်ကိုလည်း သိမ်မွေ့အောင် ဖန်ဆင်းနိုင်ကြ၏။ ထို့ပြင် ကိုယ်ကိုကွယ်ခြင်း၊ ခွေးယောင်စသည်ဆောင်ခြင်း၊ မိမိအကြောင်းကို ပြောသော အဝေးစကားကြားနိုင်ခြင်း၊ စက်ကြိုးဆင်၍ ကောင်းကင်၌ သွားနိုင်ခြင်းစသည်ဖြင့်လည်း တန်ခိုးတွေများစွာ တတ်နိုင်ကြကုန်၏" [၂]ဟုဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

"စုန်းဟူသည်မှာ အဘယ်ပါနည်း"

ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ မြန်မာ့စွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြ ဗဟုသုတဘဏ်ကျမ်းအတွဲ ၄၌ "စုန်း"ဟူသော ဝေါဟာရမှာ "ဇုဏှ"ဟူသော ပါဠိသဒ္ဒါမှ ပျက်၍ ဇုန်း၊ စုန်းဟူ၍ အဆင့်ဆင့် ပြောင်းလဲလာသည်[၃]ဟုယေဘုယျအားဖြင့် ယူဆကြသည်ဟုဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်ခွဲထား၌ "စုန်းကဝေ"[၄] ဟူသော ပုဒ်ကို တွေ့ရှိရပါသည်။ တစ်ဖန်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန် (ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း) စာအုပ်၌ "ကဝေ" နှင့် ပတ်သက်၍ "ပြုစားတတ်သော စုန်းတစ်မျိုး"ဟုလည်းကောင်း[၅] "စုန်း" ဟူသည်မှာ "ပြုစားတတ်သည်ဆိုသော လောကီပညာသည်"[၆] ဟုလည်းကောင်း၊ "လောကီပညာ" ဟူသည်မှာ "စုန်းကဝေ စသော အတတ်ပညာ"[၇] ဟုလည်းကောင်း၊ "ပြုစား"ဆိုခြင်းမှာ "ပယောဂပညာဖြင့် သူတစ်ပါး ဒုက္ခရောက်အောင် လုပ်သည်"[၈] ဟုလည်းကောင်း၊ "ပယောဂ" ဟူသည်မှာ "စုန်းအတတ်၊ စုန်းအတတ်ဖြင့် ပြုစားနှောင့်ယှက်မှု"[၉] ဟုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤသို့ ဆိုလျှင် "စုန်း" ဟူသည်မှာ "စုန်းအတတ်ပညာဖြင့် သူတစ်ပါးဒုက္ခရောက်အောင် နှောင့်ယှက်မှု ပြုလုပ်နိုင်သည့်ပညာသည်" ကိုခေါ် ဆိုခြင်းဖြစ်သည်ဟု မှတ်ယူသော် ရနိုင်မည် ထင်ပါသည်။

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

ကယားရိုးရာဓလေ့ထုံးစံအရ စုန်းရှိသည်မရှိသည်၊ စုန်းပြုစားခြင်းရှိသည် မရှိသည်နှင့် စပ်လျဉ်း၍ မည်သို့ ယုံကြည်သည်ဆိုခြင်းကို လေ့လာရာ၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်မှ ထုတ်ဝေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ကယား) စာအုပ်၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်-





## "အစွဲအလမ်း"

ယခုအခါ စုန်း၊ ကဝေ၊ မှော်အတတ်ပညာနှင့် ပတ်သက်၍ စုန်းပြုစားတတ်သူများ မရှိဟု အချို့ကယားအမျိုးသားများက ပြောဆိုကြသော်လည်း စုန်းပြုစားခြင်းနှင့် စုန်းများရှိသည်ဟု ကယား အမျိုးသားများက ယုံကြည်ကြသည်။ ကယားအမျိုးသားများသည် စုန်းကိုအလွန်မုန်းတီး ကြောက်ရွံ့ကြသည်။ ရပ်ရွာအတွင်း၌ တစ်စုံတစ်ယောက်အား စုန်းပြုစားတတ်သည်ဟု ထင်မှတ်ကြလျှင် ထိုသူအား ရွာမှ နှင်ထုတ်ပစ်လေ့ရှိကြသည်။ ရှေးအခါက ရှားတောတိုက်နယ်ကျေးရွာတစ်ခုတွင် စုန်းဟု တရွာလုံးက ယိုးစွပ်ခံရသူအား သတ်ပစ်ခဲ့ဘူးသော အထောက်အထားတစ်ခုရှိခဲ့သည်။[၁၀]

ဂေးဘားအမျိုးသားတို့သည် စုန်းပြုစားခြင်းကို အယုံအကြည်ရှိကြသည်။ တစ်ချို့လူများဖျားနာလျှင် စုန်းပြုစား၍ ဖြစ်သည်ဟုယူဆကြသည်။

ထို့ကြောင့် လူများဖျားနာလျှင် စုန်းများကြောက်သောချင်းဖြူကို သွေး၍ ရရှိသော ချင်းအရည်ဖြင့် လူနာကို ပက်ဖြန်းပေးလေ့ရှိကြသည်။[၁၁] ကယမ်းအမျိုးသားတို့တွင် စုန်း၊ ကဝေ၊ မှော်၊ ဆရာဟူ၍ မရှိပေ။ ဗိန္ဓော ဆရာ(ဝါ) ဆေးဆရာသည် ဖျားနာသူကိုသာမက ပြုစားခံရသူများကိုပါ ကုသပေးနိုင်၍ ဗိန္ဓော ဆရာကိုပင် နတ်ဆရာဟုလည်းခေါ်သည်။[၁၂]

မနုမနောအမျိုးသားများသည် စုန်းပြုစားခြင်းကိုယုံကြည်ကြသည်။ စုန်းများသည် ညအခါ သူတစ်ပါး အိမ်များ သို့ သွားလာလည်ပတ်ပြီး လမ်းတွင် တွေ့ရှိသူများကို ပြုစားတတ်ကြသည်။ စုန်းများကို မနှစ်သက်ကြ သော်လည်း မိမိတို့ရွာတွင် စုန်းရှိမှ အခြားရွာက စုန်းများလာ၍ မပြုစားနိုင်ဟု ယူဆကြသည်။[၁၃]

ယင်းတလဲ့ အမျိုးသားများသည် အများအားဖြင့် စုန်း၊ မှော်၊ ဆရာစသည်များ မရှိဟု ယုံကြည်ကြ သော်လည်း အချို့ကစုန်းကို ယုံကြည်ကြလေသည်။

စုန်းများသည် ရပ်ရွာ၏ရန်သူဟု ယူဆကြသဖြင့် ရှေးအခါက စုန်းတတ်သူ၏အိမ်ကိုရွာသူ ရွာသားများက ဖျက်ဆီး၍ လူကိုလည်း အမြန်ဆုံးသတ်ပစ်ကြသည်။ ဤသို့မလုပ်လျှင် ရွာသူရွာသားများကို ဒုက္ခပေးမည် စိုးသောကြောင့် ဖြစ်သည်။[၁၄]

စုန်းယိုးမှု၊ စုန်းမျိုးဟု စွပ်စွဲပြောဆိုမှုတို့နှင့် စပ်လျဉ်း၍ ၁၉၇၁ခုနှစ်က ကယားပြည်နယ် ဦးစီးအဖွဲ့မှ ထုတ်ဝေခဲ့သော သမိုင်းဝင်စာတမ်းများနှင့် ကယားပြည်နယ်စာအုပ်နှင့် ကယားပြည်နယ် ယဉ်ကျေးမှုဗဟုသုတ ဦးစီးဌာနမှ ပြုစုသည့် ကယားလူမျိုးစုသမိုင်းစာတမ်းတို့တွင်ပါရှိသည့် ရာဇဝတ်မှု ကရင်နီနယ်ဓလေ့ထုံးစံ၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်-

### အပိုဒ် (၂၉) စုန်းယိုးမှု

မည်သူမဆို စုန်းမဟုတ်ဘဲ၊ သူတစ်ပါးကိုစုန်း ဖြစ်သည်ဟူ၍ အတိအလင်း ပြောဆိုစွပ်စွဲ မှားယွင်းလျှင် စုန်းယိုးသူက စုန်းယိုးခံရသူကို ငွေ ၂၀၀အထိပေးလျော်စေရမည်။ ငွေမလျော်နိုင်လျှင် အလုပ်ကြမ်း နှင့် ထောင်ဒဏ် တစ်နှစ်ထိကျခံစေရန် အပြစ်ပေးနိုင်သည်။ အကယ်၍ စုန်းအယိုးခံရသူကရေငုပ်မခံနိုင်ဘဲ၊ စုန်းအမှန် ဖြစ်ခဲ့ပါလျှင် တစ်အိမ်လုံးရွာမှ အပ သို့ နှင်ထုတ်စေနိုင်သည်။[၁၅]

အထက်ဖော်ပြပါ စာအုပ်နှင့် စာတမ်းတို့၌ပင် ပါရှိသည့် "ကရင်နီနယ်ဓလေ့ထုံးစံဥပဒေ"၌ အောက်ပါ အတိုင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်-

အပိုဒ် (၉) စုန်းယိုးမှုများတွင်။ ။ စုန်းဟုယိုးစွပ်သောအခါ စုန်းမဟုတ် မထင်ရှားဘဲ မှားယွင်း စွပ်စွဲမိလျှင် တရားခံကစုန်းအယိုးခံရသူသို့ ငွေ ၁၅၀/ ၂၀၀/ ၂၅၀ ပေးလျော် ရသည်။စုန်း ဖြစ်ကြောင်း

ထင်ရှားက သတ်ပစ်လိုက်ရသည့် ထုံးစံဓလေ့ရှိသည်။ သို့ရာတွင် အစိုးရမင်း လက်ထက်တိုင်ရောက်သည့်အခါ ထိုကဲ့သို့ သတ်ပစ်ခြင်း ထုံးစံကို ပယ်ဖျက်၍ စုန်းဖြစ်ကြောင်း ထင်ရှားသူ၏ အိမ်သားတစ်စုကို တစ်ရွာမှ တစ်ရွာသို့ နှင်ထုတ်စေသည်။

စုန်းမမှန်ဘဲမှားယွင်းယိုးစွပ်မိသူ တရားခံက အထက်ကန့်သတ်ထားသော လျော်ကြေးငွေများကို မပေးလျော်နိုင်လျှင် တရားခံဆွေမျိုးများက ပေးလျော်စေရသည်။[၁၆]

ကယားပြည်နယ်ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနမှ ပြုစုသည့် ကယားလူမျိုးစုသမိုင်းစာတမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

**(၁) စုန်းမျိုးဟု စွပ်စွဲပြောဆိုမှု**

ကယားလူမျိုးတို့သည် စုန်းရှိသည်ဟု ယုံကြည်ကြသည်။ ထိုစုန်းသည် လူတို့၏ လိပ်ပြာကို ဖမ်းစားသည်မဟုတ်ဘဲ စုန်းအတတ်ကိုတတ်သူက ရွာသားများအား အနှောင့်အယှက်ပေးတတ်သည် ဟု ယုံကြည်သည်။စုန်းအဖြစ် လူသိသောသူသည် ကျေးရွာတွင် နေထိုင်ခွင့်မပြုပါ။ ရွာမှ ထွက်ခွာသွားရန် နှင်ထုတ်ကြသည်။ စုန်းဟုယိုးစွပ်ခံရသူသည် ၎င်း၏ ဆွေမျိုးများနှင့်ရွာတွင် နေထိုင်စဉ် ရွာသားတို့က စုန်းဟု ယိုးစွပ်သူ၏ မိသားစုအားလုံး လုပ်ကြံသတ်ဖြတ်လေ့ရှိသည်။

စုန်းမျိုးဟု စွပ်စွဲပြောဆိုလျှင် စုန်းမဟုတ်ဘဲ မှားယွင်းစွပ်စွဲခြင်းဖြစ်လျှင် စွပ်စွဲပြောဆိုကျူးလွန်သူက အယိုးခံရသူအား လျော်ကြေးပေးရသည်။ လျော်ကြေးကို မိမိကိုယ်တိုင် မပေးဆောင်နိုင်လျှင် ဆွေမျိုးတို့က ပေးလျော်ရသည်။[၁၇]

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

အထက်တွင် "စုန်း"ဟူသောစကားရပ်၏ အဓိပ္ပါယ်နှင့်တကွ ကယားဓလေ့ထုံးစံနှင့် ဆက်နွယ်နေသည့် စုန်းနှင့် စပ်လျဉ်းသမျှ အချက်အလက်များကို လက်လှမ်းမီသရွေ့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ ကယားပြည်နယ် လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ်၊ ဒေါကလိုရွာ၌ ၁၉၆၃ခုနှစ်၊ ဇူလိုင်လ ၂၆ရက်နေ့က ဖြစ်ပွားခဲ့သည့် စုန်းဟုယိုးစွပ်၍ ဝိုင်းဝန်း ရိုက်နှက်သတ်ဖြတ်ခဲ့သည့် အမှုနှင့် ပတ်သက်၍ တင်ပြအပ်ပါသည်။

ယင်းအမှုနှင့် စပ်လျဉ်းသည့် အမှုအဖြစ်အပျက်၊ သက်သေခံချက်၊ အမှုအခင်းနှင့် ပတ်သက်၍ ဓလေ့ထုံးတမ်းဥပဒေအပေါ် တရားရုံး၏ ကောက်ယူသုံးသပ်ဆုံးဖြတ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးချုပ်စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာမောင်မောင် တို့ပါဝင်သော အထူးရာဇဝတ်ရုံးအယူခံအဖွဲ့က ဆုံးဖြတ်ခဲ့ပြီး စီရင်ထုံးအဖြစ် လမ်းညွှန် ထုံးဖွဲ့ထားသည့် ဆဲရယ် (၁)ပါ ၈နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(၁၉၆၈ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁ စီရင်ထုံးကို အပြည့်အစုံ ဖော်ပြအပ်ပါသည်။

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ်၊ ဒေါကလိုရွာ၌ ၁၉၆၃ခု၊ ဇူလိုင်လ ၂၆ရက်နေ့က စိုးရယ် နှင့် နဲမယ် ဇနီးမောင်နှံနှင့် မိသားစု ပေါင်း ၆ဦးကို အယူခံတရားလို ဆဲရယ် (၁)နှ ကျန်အယူခံ တရားလို ၇ဦးတို့က စုန်းဟု ယိုးစွပ်၍ ဝိုင်းဝန်းရိုက်နှက်သတ်ဖြတ်လိုက်ကြလေသည်။

လူသတ်မှုဖြင့် စွဲဆို၍၊ အထူးရာဇဝတ်ရုံးသို့ တင်ပို့စစ်ဆေးသောအခါတွင် ယခုအယူခံဝင်ကြသော တရားခံများက ဟုတ်မှန်သည့်အတိုင်း ထွက်ဆိုကြ၏။ မျက်မြင်သက်သေဟူ၍ မရှိ၊ ဆဲရယ် (၁)က ထုတ်ဖော် ပြောဆိုရာမှ အမှုပေါ်ခဲ့ခြင်းဖြစ်ရာ သူ့စကားကို ကြားရသော နဲမယ် (လိုပြ-၁)နှင့် ဖြေရယ် (လိုပြ-၂)

တို့၏ ထွက်ဆိုချက်၊ သေသူတို့၏ အလောင်းများတူးဖော်၍ ဆရာဝန်က စစ်ဆေးချက်များနှင့် တရားခံတို့ကရိုးသားစွာ ရုံးခံ ဖြစ်သမျှကို ပြောပြချက်တို့ဖြင့် အမှန်တရားကို ထင်ရှားစေခဲ့သည်။

တရားခံတို့က သေသူတို့သည် စုန်းမိသားစုဖြစ်ကြောင်း၊ ၎င်းတို့ပြုစား၍ မိမိတို့၏ဆွေမျိုးသားချင်းများ မရွေးမနှောင်းပင်သေဆုံးခဲ့ရကြောင်း၊ ဆဲရယ် (၁) ကလည်း ထိုသို့ပင် ယိုးစွပ်ကာ ဟိန်လူကြီးများထံတိုင်ကြားပြီး၍ ကယားဓလေ့ထုံးစံအရ ရှင်းလင်းသုတ်သင်ရမည်ဟု စည်းရုံးခေါင်းဆောင်သဖြင့် ပါဝင်ခဲ့ကြခြင်းဖြစ်သည်ဟု တရားခံတို့ကပြောကြသည်။

အထူးရာဇဝတ်ရုံးက စုန်းဟု ယိုးစွပ်၍ သူတစ်ပါးကို သတ်ဖြတ်ခြင်းကို ကယားဓလေ့ထုံးစံက ခွင့်မပြု။ သို့ရာတွင် စုန်းနှင့် ပတ်သက်သော အစွဲအလမ်းများ ကြွင်းကျန်လျက် ရှိသေးခြင်း၊ ခရီးလမ်းပန်းဝေးလံခက်ခဲခြင်း၊ ပညာဗဟုသုတအကြားအမြင် နည်းပါးသည့်ဒေသတို့လည်း ရှိနေသေးခြင်းတို့ကို ထည့်သွင်းစဉ်းစား၍ တရားခံတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၂၅အရ ပြစ်မှု ကျူးလွန်ကြောင်းကို ဆုံးဖြတ်ပြီးလျှင် ပြစ်ဒဏ်အသီးသီးကို သက်သာသလောက် သက်သာ၍ သတ်မှတ်ခဲ့သည်။ ခေါင်းဆောင်စည်းရုံးသူ ဆဲရယ် (၁)အား ထောင်ဒဏ် ၇နှစ်၊ ကျန်တရားခံများအနက် ၂ဦးအား ၄နှစ်စီ၊ ၂ဦးအား ၅နှစ်စီနှင့် ကျန်၃ဦးအား ဖနှစ်စီ ကျခံစေရန် အမှုအဖြစ်အပျက်အလိုက် ချမှတ်ခဲ့လေသည်။

မှုခင်းတရပ် ဖြစ်ပွားလာ၍ တရားစီရင်ရာတွင် ရပ်ရွာ၏ စည်းလုံးရေးနှင့် အလားတူမှုခင်းများ ပြန့်ပွားခြင်းမှာ ကာကွယ်စောင့်ရှောက်ရေးတို့ကို မျက်ခြေမပြတ် ထားရှိရလေသည်။ ထို့ကြောင့်တရားစီရင်ရေးတွင်ပြစ်မှုကျူးလွန်သူများကို ဆုံးမပြုပြင်သည့်အနေနှင့် ထိုက်တန်သော ပြစ်ဒဏ်ကို သတိကြီးစွာဖြင့် တိုင်းထွာသတ်မှတ်ရသည့်နည်းတူ၊ အမှုကို သင်ခန်းစာတစ်ရပ် ဖြစ်စေ၍၊ အများပြည်သူအား ပညာ ပေးခြင်းကိုလည်း ပြုရပေသည်။

ယင်းရည်ရွယ်ချက်၊ စေတနာဖြင့် ကျွန်ုပ်တို့သည် လွိုင်ကော်မြို့သို့ သွားရောက်၍ ပြည်နယ်ဦးစီးအဖွဲ့နှင့် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတို့၏ စီစဉ်ပေးချက်အရ ကယား၊ ပဒေါင် အမျိုးသားလူကြီးများနှင့် အမှုတွင်အကျုံးဝင်သောကိစ္စရပ်များကို လေ့လာဆွေးနွေးခဲ့ကြသည်။ လူကြီးများက စုန်း၊ နတ်များကိုရွာသူရွာသားအများတို့ ယုံကြည်ခြင်း၊ ပူဇော်ခြင်းအကြောင်း၊ စုန်းပြုစား၊ နတ်ပြုစားခြင်း အကြောင်းတို့ကို ပြောပြကြသည်။ စုန်းဟုအများက ယုံကြည်သူကို သူ့ပညာဖြင့် အန္တရာယ်မပြုရန် သတိပေးသည်။ မရလျှင် ရွာမှ မောင်းထုတ်ကြသည်။ စုန်းဟူ၍ ညအခါစုန်းတောက်ခြင်းဖြင့် သိသာသည်။ သို့မဟုတ် ကြက်၊ ကြောင်၊ ခွေးစသည်ဖြင့် တိရိစ္ဆာန်အရောင်လည်း ဖန်ဆင်းတတ်သည်။ နေ့အခါ၊ စေ့စေ့ သူ့ကို အကြည့်မခံရဲ၊ မျက်လုံးများအောက်သို့ စိုက်ချတတ်သည်။ မျက်နှာလွှဲသွားတတ်သည်။ သို့ရာတွင် သူတဦးကို စုန်းဟု လွယ်လွယ်နှင့် ယိုးစွပ်လေ့မရှိ။ ရပ်ရွာလူကြီးများ၊ ရွာသူရွာသားများက လေးနက်စွာ စဉ်းစားပြီးမှ ဆုံးဖြတ်ကြသည်။ ရန်ငြိုးနှင့် ယိုးစွပ်ခြင်းမျိုးလည်း ရှိတတ်သည်။ ထို့ကြောင့် မတရား ယိုးစွပ်သူကို လူကြီးများက ပြစ်ဒဏ်ခတ်သည့် စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောပြကြလေသည်။

ကျွန်ုပ်တို့ကလည်း စုန်း၊ နတ်၊ အစွဲအလမ်းဟူသည် သမိုင်းတလျှောက် ကမ္ဘာအရပ်ရပ်၌ ရှိခဲ့ကြပါသည်။ သို့ရာတွင် မကောင်းသည့် အစွဲအလမ်းများကို ပယ်ဖျောက်အောင် ပြုပြင်ကြရပါသည်။ ကိုယ့်အစွဲအလမ်းက ကောင်းသည်။ သူ့အစွဲအလမ်းက မကောင်းဟူ၍ တဖက်သတ် ပြောရန်လည်း မသင့်ပါ။ သို့ရာတွင် အစွဲအလမ်းတစ်ခုကြောင့် တစ်ပါးသူအား အန္တရာယ်ဖြစ်စေလျှင်ကား၊ ယင်းအစွဲအလန်းသည် မသင့်မြတ်သည်မှာ ထင်ရှားပါသည်။ လူတစ်ဦး၊ လူတစ်စုက စုန်းဟု ယိုးစွပ်ကာ သတ်ဖြတ်လိုက်ကြသော မိသားစုတို့၏

အသက်ကို မည်သူက ပြန်လည် ပေးသွင်းနိုင်ပါမည်နည်း။ ကျန်ရစ်သူဆွေမျိုး၊ မိခိုအားထားသူတို့၏ နစ်နာဆုံးရှုံးခြင်းကို မည်သို့လျှင် ကုစားနိုင်ပါမည်နည်း။ ရွာတွင် ဖျားနာကြလျှင် ဆေးရုံသို့ ပို့ပါ။ စုန်းပြုစားတာမဟုတ်ပါ။ စုန်းဟု ယိုးစွပ်လျှင် ရွာလူကြီးများကိုတိုင်ပါ။ လက်လွန်ခြေလွန်ကား မလုပ်ကြပါနှင့်။ လုပ်လျှင် တရားဥပဒေက လျစ်လျူရှု၍ မနေနိုင်ပါ။ တစ်ဆင့်စကားဖြင့် အစွန်အဖျားမှ ရွာများသို့ပါ ပြောကြားပေးကြပါဟု လူကြီးများနှင့် ပြည်နယ်အနှံ့အပြားမှ လာရောက်ဆွေးနွေးကြသူများအား မှာကြားလိုက်ကြသည်၊ လူကြီးများကလည်း သဘောတူ လက်ခံကြသည်။

ကယားပြည်နယ်တွင် ကျင့်သုံးကြသော ဓလေ့ထုံးတမ်းဥပဒေတွင် သူတစ်ဦးကို စုန်းဟုယိုးစွပ်ကာ သတ်ဖြတ်လျှင် ပြစ်ဒဏ်မှ လွတ်သည်ဟုမဆိုပေ။ မတရားယိုးစွပ်ခြင်းသည် ပြစ်မှုမြောက်သည်ဟုကား ဆိုပေသည်။ ကယားပြည်နယ်ဦးစီးအဖွဲ့က စုဆောင်းပြုစုလျက်ရှိသော ဓလေ့ထုံးတမ်းဥပဒေအပိုဒ် ၂၉ က အောက်ပါကဲ့သို့ ဆိုသည်–

"မည်သူမဆို စုန်းမဟုတ်ဘဲ သူတစ်ပါးကို စုန်းဖြစ်သည်ဟူ၍ အတိအလင်းပြောဆိုစွပ်စွဲမှားယွင်းလျှင် စုန်းယိုးသူက စုန်းယိုးခံရသူကို ငွေ ၂၀၀ကျပ် အထိပေးလျော်စေရမည်။ ငွေမလျော်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

အကယ်၍ စုန်းအရိုးခံရသူက ရေငုပ်မခံနိုင်ဘဲ စုန်းအမှန်ဖြစ်ခဲ့ပါလျှင် တစ်အိမ်လုံး ရွာမှအပယ်ခံ နှင်ထုတ်စေနိုင်သည်။"

စုန်းဟုအယိုးခံရသူက အစစ်မခံရဲလျှင် ရွာမှနှင်ခြင်းကို ခံရနိုင်သော်လည်း ၄င်းအား သတ်ဖြတ်ခြင်းကိုကား ထုံးတမ်းကပင် ခွင့်မပြုချေ။

အစွဲအလမ်းတစ်ရပ်ကို ဓလေ့ထုံးတမ်းဥပဒေဟု ခေါ်ဝေါ်ကာမျှနှင့် ယင်းအစွဲအလမ်းသည် တရားဥပဒေ၏ အာနိသင်ကို ရနိုင်သည်မဟုတ်။ ဓလေ့ထုံးတမ်း ဟူသမျှသည်လည်း တရားဥပဒေ၏ အာနိသင်ရှိကြသည်မဟုတ်ချေ။ ရပ်ရွာတစ်ရွာ၊ လူတစ်စုက တစ်ချိန်တစ်ကာလတွင် ကျင့်သုံးရုံမျှနှင့်လည်း ဓလေ့ထုံးတမ်းအဆင့်သို့ ရောက်သည်မဟုတ်။ အဓွန့်ရှည်စွာ ဒေသမှလူအများက နားလည်ကျင့်သုံးခဲ့၍ ကျူးလွန်ဖေါက်ဖျက်လျှင် သတ်မှတ်ထားသော ပြစ်ဒဏ်များကို တရားရုံးကဖြစ်စေ၊ တရားစီရင်ပေးသော ခုံလူကြီးများကဖြစ်စေ၊ ကျူးလွန်သူအပေါ် ချမှတ်ပေးလိမ့်မည်ဟု လက်ခံသိရှိထားကြသော ဓလေ့ထုံးတမ်းများသည်သာလျှင် တရားဥပဒေမြောက်သော ဓလေ့ထုံးတမ်းဥပဒေများ ဖြစ်ပါသည်။ ကျွန်ုပ်တို့နှင့် ဆွေးနွေးခဲ့ကြရသော ကယား၊ ပဒေါင်လူကြီးများကလည်း ယင်းသို့ပင် သဘောပေါက်ကြသည်။ သက်ကြီးစကားသက်ငယ်ကြား၍ အများလိုက်နာကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေများရှိပေသည်။ ယင်းဥပဒေများအရ မည်သည့်ပြစ်မှုကို ကျူးလွန်လျှင် မည်သည့် ပြစ်ဒဏ်ထိုက်သင့်စေရမည်ဟု တိတိကျကျ ဖော်ပြပါသည်။ အစွဲအလမ်းနှင့် ဖြစ်စေ၊ အထင်မှား၍ ဖြစ်စေ၊ ကျူးလွန်လျှင်လည်း ပြစ်ဒဏ်သင့်ပါသည်ဟု ပြောဆိုကြသည်။

ကောင်းမြတ်သည်လည်းဖြစ်၍ ဓလေ့ထုံးတမ်းဥပဒေတရပ် စစ်မှန်သည်လည်းဖြစ်လျှင် ယင်းဥပဒေကို ကျွန်ုပ်တို့က လေးနက်စွာ စဉ်းစားရမည်သာ ဖြစ်၍ တော်လှန်ရေးကောင်စီက ပြည်ထောင်စုသားတိုင်းရင်းသား လူမျိုးများနှင့် ပတ်သက်သော အယူခံချက်တွင် –

"တိုင်းရင်းသားလူမျိုးအသီးသီး၏ ထူးခြားသောအခြေအနေအရ သီးခြားလွတ်လပ်သော လုပ်ဆောင်ခွင့်ပြုရမည့်အချက်များဆိုရာ၌ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် မိမိတို့ မြေတ်နိုးချစ်ခင်သည့်

စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာနှင့် စောင့်ထိန်းအပ်သည့် ဓလေ့ထုံးတမ်းများကို သီးခြားဆောင်ရွက်နိုင်ခွင့်ရှိရပါမည်" ဟု ကြေငြာခဲ့ပြီးလည်းဖြစ်သည်။

ကချင်တောင်တန်းဥပဒေပါ ပြဋ္ဌာန်းချက်အရ ကချင်ဓလေ့ထုံးတမ်းဥပဒေကို လိုက်နာကျင့်သုံးခြင်းကို **ပြည်ထောင်စုမြန်မာနိုင်ငံနှင့် နော်ခွန်ဇော်ဘာ** [၁] စီရင်ထုံးတွင် နိုင်ငံတော် တရားရုံးချုပ်က မှတ်ချက်ပြုထားသည်ကိုလည်း ကျွန်ုပ်တို့ သတိပြုကြသည်။

ဤအမှုပါအဖြစ်အပျက်မျိုးတွင် ပြစ်ဒဏ်မှ လွတ်ကင်းစေသည့် သာဓကများရှိ-မရှိကိုလည်း မြန်မာနိုင်ငံတရားစီရင်ထုံးများနှင့် အခြားနိုင်ငံအချို့၏ ရှေးစီရင်ထုံးများတွင် ရှာဖွေလေ့လာကြသည်။ အလားတူ အဖြစ်အပျက်မျိုးတွင် ပြစ်ဒဏ်ကိုလျော့ပေါ့ပေးသည်မှအပ လုံးဝ ပြစ်ဒဏ်မှကင်းလွတ်စေသည်ကိုကား မတွေ့ရချေ။ တစ္ဆေသရဲထင်မှတ်၍လူကိုဓားနှင့်ခုတ်ကာသေစေခြင်း [၂] စုန်းဝင်သည်ထင်မှတ်၍ ရိုက်နှက်ခြင်းဖြင့် သေစေခြင်း [၃] စသည်တို့တွင် သေစေသူသည် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်သည်၊ မတော်တဆ ဖြစ်ခဲ့ရပါသည် ဟူ၍လည်း ပုဒ်မ ၈၀ကို အားကိုး၍ ကင်းလွတ်ခွင့်မရနိုင်ကြောင်း ဆုံးဖြတ်ကာ ကျူးလွန်သူများအား လျော့ပေါ့သော ပြစ်ဒဏ်များ ချမှတ်ခဲ့သည်ကိုတွေ့ရသည်။

အတည်ပြုအဖွဲ့ကဤအမှုတွင် ရာဇသတ်ကြီးပုဒ်မ ၃၂၅ပုဒ်မ ၃၀၄ သို့ လွှဲပြောင်း၍ အယူခံ တရားလိုတို့အား ပြစ်မှုထင်ရှားတွေ့ရှိခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ပြစ်ဒဏ်နှင့် ပတ်သက်၍ စဉ်းစားရာတွင် ဆဲရယ် (၁)မှ အပ၊ အခြားသော အယူခံတရားလိုများသည် အစွဲအလမ်း အမှန်တကယ် ရှိနေကြသည်မှာ ထင်ရှားပေသည်။ ၎င်းတို့အား ဆဲရယ် (၁)က ဟိန်လူကြီးများအား ပြောပြီးပြီ၊ ဓလေ့ထုံးတမ်းအရ စုန်းဟု ယိုးစွပ်သူတို့ကို သုတ်သင်နိုင်ပြီဟု လှည့်ဖျားပြောဆိုခဲ့သည်မှာလည်း ထင်ရှားသည်။

ထို့အပြင် ၎င်းတို့သည် အထူးရာဇဝတ်ရုံးရှေ့၌ ရိုးသားစွာ ဟုတ်မှန်သည့်အတိုင်း ပြောခဲ့ကြပေသည်။ ၎င်းတို့အနက် ငယ်ရွယ်သူများလည်း ပါဝင်သည်။ ၎င်းတို့သည် အထူးရာဇဝတ်ရုံး ဖွဲ့စည်းစစ်ဆေးနေစဉ် နှစ်အတန်ကြာအချုပ်အနှောင်ခံခဲ့ရပြီးပြီ။ ထောင်ဒဏ်ကြာမြင့်စွာ ကျခံကြရမည့်အစား လုပ်အားပေးလျက် သတိတရားရစေကာ သေသူတို့၏ ကျန်ရစ်သော မိုရိုအားထားသူတို့ကို ဘဝသစ်ထူထောင်နိုင်ရန် ကူညီစေလျှင် သင့်မြတ်မည်။ ထိုသို့ ပြစ်ဒဏ်ကို ပြင်ဆင်ခြင်းဖြင့် ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသည့်အတိုင်းအမှုကို သင်ခန်းစာပြု၍ ပြည်နယ်သားအများကို ကောင်းသော ပညာသတိပေးရာလည်း ရောက်မည်ဟု ကျွန်ုပ်တို့ ယူဆကြသည်။

**မဟွန်ဒူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** [၄] တွင် ခေတ်နှင့် မလျော်တော့သော ဂလဲစား ချရမည်ဟူသည့် အစွဲအလမ်းသည် ချင်းတောင်အချို့ဒေသတို့၌ ကြွင်းကျန်နေသေးသည်ကို သတိပြု၍ ပြစ်မှုထင်ရှားခြင်းကို အတည်ပြုကာ ပြစ်ဒဏ်ကို လျော့ပေါ့ပေးခဲ့သည့် တရားရုံးချုပ် စီရင်ထုံးလည်းရှိသည်။

အထက်ပါအကြောင်းများကြောင့် မြရယ် (ခ) မီးရယ်၊ ဆဲရယ် (၂) ဆော်ရယ်၊ တေရယ်၊ မြီရယ် (၁)၊ ပို့ရယ်နှင့် ဖြေရယ် ၇ဦးတို့အပေါ် ထောင်ဒဏ်အသီးသီးသတ်မှတ်ထားသည်ကို ထောင်ဒဏ် ၃နှစ်စီသာ

---

[၁] ၁၉၆၆၊မြန်မာနိုင်ငံစီရင်ထုံး၊၁၄၁၇၊နိုင်ငံတော်တရားရုံးချုပ်။

[၂] မောင်ရွှေထူးနှင့်အစိုးရ၁၈၉၆ခုနှစ်၊မြန်မာနိုင်ငံစီရင်ထုံး၊အတွဲ ၂၊ ၁၃၉။

[၃] မောင်ဖိုးကျော် ပါ၄ နှင့်အစိုးရ၊အထက်မြန်မာနိုင်ငံစီရင်ထုံး၊အတွဲ ၁၊ (၁၉၀၂-၀၃)၁။

[၄] ၁၉၆၅ခုနှစ်၊မြန်မာနိုင်ငံစီရင်ထုံး၊၁၆၃။

ကျခံစေရမည်ဟု လျော့ပေါ့၍ သတ်မှတ်လိုက်သည်။ ယခုမှ နောက်တွင်ကျန်သော ထောင်ဒဏ်ကာလအတွင်း ကယားပြည်နယ်တွင်း၌ ကောင်းစွာ နေထိုင်ပါမည်ဟူသော ကိုယ်တိုင် ခံဝန်နှင့်ငင်း၊ တစ်လလျှင် တစ်ကြိမ် ငင်းတို့ နေထိုင်ရာ သို့မဟုတ် လုပ်ကိုင်ရာ ရပ်ရွာ၊ မြို့နယ်မှ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသို့ သွားရောက်၍ အစီရင်ခံမည်ဟူသော စည်းကမ်းချက်နှင့် ငင်း၊ ငင်းတို့အား အပြင်၌ လုပ်အားပေးနိုင်ရန် လွှတ်ထားရမည်။ ထိုကာလအတွင်း၌ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ပြီးလျှင် သေသူတို့၏ ကျန်ရစ်သော ဇနီး၊ သားသမီး၊ မိဘစသူတို့အား အယူခံတရားလိုတစ်ဦးလျှင် ငွေ ၂၀၀ကျပ်စီကို အရစ်ကျပေးသွင်း၍ ရာဇဝတ်ကြေး ဆပ်စေရမည်။ ဤအမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် သေဆုံးသူတို့၏ ကျန်ရစ်ရာ ဖော်ပြပြီးသော အရင်းအချာ မှီခိုသူများ မည်သူတို့ရှိသည်ကို စုံစမ်း၍ ဓလေ့ထုံးတမ်းနှင့်အညီ အယူခံတရားလို တစ်ဦးစီက ပေးသွင်းသောငွေ ၂၀၀ ကျပ်၊ စုစုပေါင်း ၁၄၀၀ကျပ်မှ ၎င်းတို့ရထိုက်သော ဝေပုံကျဝေစုကို ပေးစေရန်ကို လွှဲ၍ကော်ခရိုင် ရာဇဝတ်တရားသူကြီးက တာဝန်ယူစေရမည်။ ဆဲရယ် (၁) သည် လှည့်ဖျား၍ ခေါင်းဆောင်ခဲ့သူဖြစ်၍ ၎င်းသည် ထောင်ဒဏ် ၅နှစ် ကျခံစေရမည်ဟု သတ်မှတ်လိုက်သည်။

လွှဲ၍ကော်မြို့၊ ဆွေးနွေးပွဲတွင် ပါဝင်ကူညီခဲ့သော ပြည်နယ်ဦးစီး ဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီဝင်များ၊နိုင်ငံတော် ရှေ့နေချုပ်နှင့် အမှုတွင် လိုက်ပါဆောင်ရွက်သော အစိုးရ ရှေ့နေကြီးနှင့် ကယားပြည်နယ် ဓလေ့ထုံးတမ်းဥပဒေစာတမ်းများ ပြုစုတင်သွင်းကြသော ပြည်နယ် ဥပဒေအရာရှိဦးတင်အုန်း၊ အတွင်းဝန်ဦးခင်မောင်သန်းနှင့်ကယားပြည်နယ် လက်ထောက်စာရင်း တရားသူကြီး ဦးမန်းသိန်းလွင်တို့အား ကျေးဇူးတင်ကြောင်း ကျွန်ုပ်တို့ မှတ်တမ်းတင်ပါသည်။[၁၈]

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

ကယားပြည်နယ်၊ လွှဲ၍ကော်ခရိုင်၊ ရွာတောမြို့နယ်တွင် ၁၉၆၃ခုနှစ်က ဆဲရယ် (၁)ပါ စဦးတို့ ကျူးလွန်ခဲ့သည့် အမှုဖြစ်ပွားခဲ့ပြီးနောက် ၄၆နှစ်အကြာ ၂၀၀၉ ခုနှစ်တွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဟန်လီ ကျေးရွာ၌ လူတစ်စုက အမျိုးသမီးတစ်ဦးကို "စုန်းမ" ဟုစွပ်စွဲကာ သတ်ဖြတ်ခဲ့သည်ဆိုသည့် (တရားလို ရဲအုပ်ကျော်နုနှင့် တရားခံဦးရီးအိပါ ၉) အမှုကို လွှဲ၍ကော်ခရိုင်တရားရုံးက ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂ အဖြစ် လက်ခံစစ်ဆေးခဲ့ရပါသည်။

အဆိုပါအမှုမှာ၃၁-၁၂-၂၀၀၉ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုရဲစခန်းမှ စခန်းမှူးရဲအုပ်ကျော်နု (လ/၁၂၄၉၇၃) သည် ဒီးမော့ဆိုရဲစခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ဒီးမော့ဆိုမြို့နယ်၊ ညောင်ကုန်း (ခေါ်) နားဇရက်ကျေးရွာနေ ဦးစီးပါး၏ သမီး မောင်စစ္စတို့၊ မောင်မိုးဇက်တို့၏ အစ်မတော်သူ မအန်ဂျလာ ပျောက်ဆုံးနေမှု နှင့် ပတ်သက်၍ စုံစမ်းပေးပါရန် ၁၄-၁၂-၂၀၀၉ ရက်နေ့တွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ လိပ်မူ၍ ဒီးမော့ဆိုမြို့နယ် ရဲတပ်ဖွဲ့မှူးထံ မိတ္တူပေးလာသော တိုင်ကြားစာနှင့် ပတ်သက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ တာဝန်ပေးချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ဒီးမော့ဆိုရဲစခန်းမှ စခန်းမှူးရဲအုပ်ကျော်နု ပါဝင်သည့် အဖွဲ့သည် စုံစမ်းခဲ့ရာ ပျောက်ဆုံးနေသူ မအန်ဂျလာအား ၁၇-၃-၂၀၀၉ရက်နေ့က ဟန်လီ ကျေးရွာနေ ဦးရီးအိပါ လူတစ်စုက "စုန်းမ" ဟု စွပ်စွဲကာ သတ်ဖြတ်လိုက်ကြောင်း သံသယဖြစ်ဖွယ် စုံစမ်းသိရှိရ၍ အမှန်တကယ် သတ်ဖြတ်ခံရခြင်းဟုတ်မဟုတ် စုံစမ်းစစ်ဆေးဖော်ထုတ်ရန် စခန်းမှူး ရဲအုပ်ကျော်နုက ပထမသတင်းပေးချက် ရေးဖွင့်ခဲ့သောအမှုဖြစ်ပြီး အမှုကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ တရားခံဦးရီးအိပါ ၉ဦးတို့ကို လွှဲ၍ကော်ခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂အရ တရားစွဲဆိုတင်ပို့ခဲ့သော အမှုဖြစ်ပါသည်။

ယင်းအမှုကို လွှိုင်ကော်ခရိုင်တရားရုံးက စစ်ဆေးကြားနာခဲ့ပြီး တရားခံ ဦးရီးအိ (ခ) ပါတစ္စတာ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ အလုပ်နှင့် ထောင်ဒဏ်၁၀နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့၍ ကျန်တရားခံများဖြစ်ကြသော ဂျိုဝါးနီ၊ ဖိုးဝါးနီ၊ အန်နွေးရာ၊ ကာလိစ်တို၊ ရိုးမားနို၊ ရောဘတ်၊ ဆာဗီးနိနှင့် စတဲပါးနို တို့အပေါ်ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂)/၃၄အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။[၁၉]

တရားခံများက ကယားပြည်နယ်တရားရုံးသို့၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀မှ ၁၈ တို့ဖြင့်အသီးသီးအယူခံဝင်ရောက်ရာတွင် ကယားပြည်နယ်တရားရုံးသို့ ဦးရီးအိအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ ပြစ်မှုထင်ရှားစီရင်မှုကို အတည်ပြု၍ ပြစ်ဒဏ်ကို အလုပ်နှင့် ထောင်ဒဏ်၁၀နှစ်အစား အလုပ်နှင့် ထောင်ဒဏ် ၇နှစ်ကျခံစေရန်ပြောင်းလဲအမိန့်ချမှတ်ခဲ့ပြီး ဖိုးဝါးနီ၊ အန်နွေးရာ၊ ကာလိစ်တို၊ ရိုးမားနို၊ ရောဘတ်၊ ဆာဗီးနို၊စတဲဗားနို၊ဂျိုဝါးနီတို့အပေါ် မူလရုံးမှပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)/၃၄အရ အလုပ်နှင့်ထောင်ဒဏ် ၁၀နှစ် ကျခံစေရန်ချမှတ်ထားသော မှုပြစ်ထင်ရှားစီရင်မှုကို ပယ်ဖျက်၍ ဂျိုဝါးနီ၊ ဖိုးဝါးနီ၊ အန်နွေးရာ၊ ကာလိစ်တို၊ ရိုးမားနို၊ ရောဘတ်၊ ဆာဗီးနိတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)/၃၄အရ အလုပ်နှင့် ထောင်ဒဏ်၄နှစ်စီကျခံကြစေရန်စတဲဗားနိအားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄နှင့်ကလေးသူငယ် ဥပဒေပုဒ်မ ၇၁(ခ) အရ အလုပ်နှင့် ထောင်ဒဏ်၂နှစ်ကျခံစေရန် ပြောင်းလဲအမိန့်ချမှတ်ခဲ့ပါသည်။[၂၀၂၁၂၂၂၃၂၄၂၅၂၆၂၇၂၈]

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၊ ဒေသအသီးသီး၊ လူမျိုးအသီးသီးတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့်အတူ ယဉ်ကျေးမှုဓလေ့ထုံးစံတို့သည်လည်း အစဉ်မပြတ် လိုက်ပါပြောင်းလဲ ဖြစ်ပေါ်နေကြသည်သာ ဖြစ်ပါသည်။

တရားရုံးချုပ်ရှေ့နေဆရာကြီး ဦးမြစိန်ပြုစုသည့် "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ" ကျမ်းစာအုပ် ဒဿမအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း၌ ဖော်ပြထားသည့် ယင်းကျမ်းစာအုပ် စတုတ္ထအကြိမ် ပုံနှိပ်ခြင်းအတွက် ရေးသားခဲ့သည့် ထိုစဉ်က နိုင်ငံတော်တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၏ အမှာစာတွင် ဓလေ့ထုံးတမ်းတို့၏ ဖြစ်ပေါ်၊ တိမ်မြုပ်၊ပျောက်ကွယ်၊ ပြောင်းလဲတတ်သည့် သဘောသဘာဝနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြခဲ့သည်ကိုတွေ့ရှိရပါသည်။

"ဓလေ့ထုံးတမ်းဟူသည် အများက နားလည်လက်ခံလိုက်နာကျင့်သုံးသဖြင့် တစ်ချိန်ချိန်တွင် အာဏာပိုင်တစ်ဖွဲ့ဖွဲ့က ပြဋ္ဌာန်းသောဥပဒေမျိုးထက်ပင် အာနိသင်ထက်မြက်တတ်သေးသည်။ ဓလေ့ထုံးတမ်းတို့သည် နေ့ချင်းညချင်း အင်္ဂါအစုံအလင်နှင့် ပေါ်ထွက်လာကြသည်မဟုတ်၊ ရပ်ရွာ၊ မြို့နယ်၊ နိုင်ငံတွင်း၌ ကူးလူးဆက်ဆံခြင်းမှ ကြံုသလို၊ လိုအပ်သလို လက်ခံကျင့်သုံးလာကြသည့် စည်းကမ်းတို့သာလျှင် ဓလေ့ထုံးတမ်းဖြစ်လာသည်။ခေတ်နှင့်မလျော်သောစည်းကမ်းတို့သည်လည်း တစ်စနှင့်တစ်စ တိမ်မြုပ် ပျောက်ကွယ်သွားကုန်၏။ ထို့ကြောင့် ဓလေ့ထုံးတမ်းဥပဒေသည် ဟောင်းနွမ်းသည် ခေတ်မမီဟူ၍မရှိ၊ သူ့သွေးသစ်သူဖြည့်၍ သူ့အရေကို သူလဲတတ်သည်။[၂၉]

ထို့အတူ ကယားဓလေ့ထုံးတမ်းတို့တွင်လည်း ခေတ်နှင့်လျော်ညီ၍ အများနားလည်လက်ခံလိုက်နာကျင့်သုံးကြသည့် စည်းကမ်းတို့သည်သာလျှင် ဓလေ့ထုံးတမ်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ခေတ်နှင့်မလျော်ညီသော ဓလေ့ထုံးတမ်းတို့သည် တစ်စနှင့် တစ်စ တိမ်မြုပ်ပျောက်ကွယ်သွားကြမည်ဖြစ်ပါသည်။

ကယားဓလေ့ထုံးစံတွင် "စုန်း" ဟူသည်နှင့် စပ်လျဉ်း၍ "ကရင်နီနယ်ဓလေ့ထုံးစံဥပဒေ" အပိုဒ် (၉)တွင် ဖော်ပြထားသည့်အတိုင်း စုန်းဖြစ်သည်ဆိုသူကို သတ်ပစ်သည့်ဓလေ့ထုံးစံမှာ ပယ်ဖျက်ပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် "စုန်း" ဟူသည်နှင့်စပ်လျဉ်းသည့် ကယားဓလေ့ထုံးတမ်းသည် သူ့သွေးသစ် သူဖြည့်၍ သူ့အရေသူလဲခဲ့ပြီးဖြစ်ကြောင်း ပြောင်းလဲလာခဲ့ပြီဖြစ်သည့် ကယားဓလေ့ထုံးစံတစ်ခုကို လေ့လာပြုစုတင်ပြအပ်ပါသည်။

**မောင်တင်ဌေး(တရားရေး)**
**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး**

(ဤဆောင်းပါးတွင် တင်ပြထားသည့် အကိုးအကားကျမ်းစာအုပ်စာတမ်းများမှ ကောက်နုတ်ချက်များကို ယင်းကျမ်းစာအုပ်စာတမ်းများပါမူရင်းစာလုံးပေါင်းသတ်ပုံများဖြင့်ပင်တင်ပြထားခြင်းဖြစ်ပါသည်)

**ကျမ်းကိုးစာရင်း**


၁။ ကယားပြည်နယ်ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန — ကယားလူမျိုးစု သမိုင်း၊ ၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ

၂။ ကယားပြည်နယ်ဦးစီးအဖွဲ့ — သမိုင်းဝင်စာတမ်းများနှင့် ကယားပြည်နယ် ၁၉၇၁ခုနှစ်

၃။ ကြင်ဉ၊ ဦး — ပဒေသာသီချင်းများ တတိယအကြိမ်ပုံနှိပ်ခြင်း၊ ၁၉၆၃ခုနှစ်၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်

၄။ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန — ၁၃၂၄ခု (သာသနာ၂၅၀၆) ၁၉၆၃ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်ခွဲထားပထမအကြိမ် ပုံနှိပ်ခြင်း။ ၁၉၉၆ခုနှစ်၊ အောက်တိုဘာလ

၅။ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန — စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ စာရေးကိရိယာ၊ပုံနှိပ်နှင့် ဓာတ်ပုံပစ္စည်း ရောင်းဝယ်ရေးက ပုံနှိပ်ထုတ်ဝေသည်။ မြန်မာအဘိဓာန် ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် ပုံနှိပ်ခြင်း။ ၂၀၀၈ခုနှစ်၊ ဩဂုတ်လ

၆။ မြစိန်၊ ဦး၊ တရားရုံးချုပ်ရှေ့နေ၊ မန္တလေးမြို့ — ဦးမောင်လွင်၊ နေလင်းပုံနှိပ်တိုက်၊ တောင်ဒဂုံ စက်မှုဇုံ (၂) တွင် ပုံနှိပ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ (ဒသမအကြိမ်ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း)

ထုတ်ဝေသူ ဒေါ်ဘာရတီ (ဝ၃၉၄၃) ဂုဏ်ထူး
စာပေ အမှတ်(၁၇၀)၊ ၃၃လမ်း၊ ရန်ကုန်။

၇။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ် — ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသား ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ကယား) ဒုတိယပုံနှိပ်ခြင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မူပိုင် နိုဝင်ဘာလ၊ ၁၉၇၀ပြည့်နှစ်

၈။ ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း — မြန်မာ့စွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြ ဗဟုသုတဘဏ်၊ အတွဲ – ၄ စောင်း –တူ ဒုတိယနှိပ်ခြင်း၊ ၁၉၆၂ခုနှစ် စာပေဗိမာန် ပုံနှိပ်တိုက် ၃၆၁၊ ပြည်လမ်းတွင် ရိုက်နှိပ်၍ စာတည်း ဦးမြတ်စိုးက တာဝန်ခံထုတ်ဝေသည်။

၉။ အရှင်တိလောကမထေရ် — ပဏ္ဍိတဝေဒနိယဒီပနီကျမ်း တတိယအကြိမ်၊ မတ်လ၊ ၂၀၀၆ ခင်ချိုထွန်းစာပေ အမှတ်–၈၆၊ ၃၇–လမ်း၊ ရန်ကုန်မြို့

**မြန်မာနိုင်ငံတရားစီရင်ထုံး**

၁၀။ ဆဲရယ် (၁)ပါ ၈နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁

**စီရင်ချက်**

၁၁။ လွှိုင်ကော်ခရိုင်တရားရုံး၊ ၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂ တရားလိုရဲအုပ်ကျော်နုနှင့် တရားခံ၊ ၁။ ဦးရီးအိ
၂။ ဂျိုဝါးနီ
၃။ ဇိုဝါးနီ
၄။ အန်ဇြွန်းရာ
၅။ ကာလိစ်တို
၆။ ရိုမားနီ
၇။ ရောဘတ်
၈။ ဆာဗီးနီ
၉။ စတဲဗါးနီ

၁၂။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၁၀ စတဲဗားနီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

၁၃။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၁၁ ဆာဗီးနိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၄။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၂ အန်နွေးယာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၅။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၃ ရိုးမားနိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၆။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄ ရောဘတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၇။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံအမှုအမှတ် ၁၅ ရီးအိနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၈။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံအမှုအမှတ် ၁၆ ကာလိစ်တိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၉။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံအမှုအမှတ် ၁၇ ဂျိုဝါးနိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
၂၀။ ကယားပြည်နယ်တရားရုံး၊ ၂၀၁၀ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံအမှုအမှတ် ၁၈ ဇိုဝါးနိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

## အောက်ခြေမှတ် မှတ်စု

၁။ ပဒေသာသီချင်းများ
ဦးကြင်ဥ
တတိယအကြိမ်ပုံနှိပ်ခြင်း
၁၉၆၃ခုနှစ်၊ ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၄ခုနှစ် (သာသနာ - ၂၅၀၆) ၁၉၆၃ခု စာ ၁၇-၁၈
၂။ ပဏ္ဍိတဝေဒနီယဒီပနီကျမ်း
အရှင်တိလောကမထေရ်
တတိယအကြိမ်
မတ်လ၊ ၂၀၀၆
ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇လမ်း၊ ရန်ကုန်မြို့ စာ-၁၄၅
၃။ မြန်မာ့စွယ်စုံကျမ်း
စာပေဗိမာန်၏ ရုပ်ပြဗဟုသုတဘဏ်၊ အတွဲ-၄
စောင်း- တူ
ဒုတိယအကြိမ်ပုံနှိပ်ခြင်း
၁၉၆၂ခုနှစ်
စာပေဗိမာန်ပုံနှိပ်တိုက်

၃၆၁၊ ပြည်လမ်းတွင် ရိုက်နှိပ်၍ စာတည်းမှူး
ဦးမြတ်စိုးက တာဝန်ခံထုတ်ဝေသည်။ စာ-၇၇
၄။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်ခွဲထား
ပညာရေးဝန်ကြီးဌာန
မြန်မာစာအဖွဲ့ဦးစီးဌာန
၁၉၉၆ခုနှစ်၊ အောက်တိုဘာလ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန
စာရေးကိရိယာ ပုံနှိပ်နှင့်မာတ်ပုံပစ္စည်းရောင်းဝယ်ရေးက
ပုံနှိပ်ထုတ်ဝေသည်။ စာ-၃၄
၅။ မြန်မာအဘိဓါန်
ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း
၂၀၀၈ခုနှစ်၊ ဩဂုတ်လ
ဦးမောင်လွင်၊ နေလင်းပုံနှိပ်တိုက်
တောင်ဒဂုံစက်မှုဇုံ (၂)တွင် ပုံနှိပ်သည်။ စာ-၇
၆။ ။ စာ-၁၁၃
၇။ ။ စာ-၃၃၃
၈။ ။ စာ-၂၃၃
၉။ ။ စာ-၂၁၀
၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားယဉ်ကျေးမှု
ရိုးရာဓလေ့ထုံးစံများ (ကယား)
ဒုတိယပုံနှိပ်ခြင်း
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမူပိုင်
နိုဝင်ဘာလ၊ ၁၉၇၀ပြည့်နှစ်
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ
ပါတီစည်းရုံးရေးဗဟိုကော်မတီဌာနချုပ် စာ ၂၁၁-၂၁၂
၁၁။ ။ စာ-၂၁၃
၁၂။ ။ စာ-၂၁၇
၁၃။ ။ စာ-၂၁၉
၁၄။ ။ စာ ၂၂၁-၂၂၂
၁၅။သမိုင်းဝင်စာတမ်းများနှင့် ကယားပြည်နယ်
၁၉၇၁ခုနှစ်
ကယားပြည်နယ်ဦးစီးအဖွဲ့ စာ -၁၉၆
ကယားလူမျိုးစုသမိုင်း
၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ
ကယားပြည်နယ်ယဉ်ကျေးမှုဗီမာန်ဦးစီးဌာန စာ-၂၃၄

၁၆။သမိုင်းဝင်စာတမ်းများနှင့် ကယားပြည်နယ်
၁၉၇၁ခုနှစ်
ကယားပြည်နယ်ဦးစီးအဖွဲ့ စာ – ၂၀၂
ကယားလူမျိုးစုသမိုင်း
၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ
ကယားပြည်နယ်ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန စာ–၂၂၁
၁၇။ ကယားလူမျိုးစုသမိုင်း
၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ
ကယားပြည်နယ်ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန စာ –၂၁၆
၁၈။ ဆဲရယ်(၁)ပါဓနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ
၁၉၆၈ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁ စာ – ၇
၁၉။လွှိုင်ကော်ခရိုင်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂
တရားလို ရဲအုပ်ကျော်နှနှင့် တရားခံ ၁။ဦးရီးအိ
၂။ ဂျိုဝါးနီ
၃။ ဇိုဝါးနီ
၄။ အန်နွေးရာ
၅။ ကာလိစ်တို
၆။ ရိမားနို
၇။ ရောဘတ်
၈။ ဆာဗီးနို
၉။ စတဲဗါးနို
စီရင်ချက် စာ –၆
၂၀။ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
စတဲဗားနိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက်
စာ ၈–၉
၂၁။ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
ဆာဗီးနိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက်
စာ–၈
၂၂။ ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
အန်နွေးယာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက်
စာ –၈

၂၃။ ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
ရှိမားနီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်
စီရင်ချက် စာ -၈

၂၄။ ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
ရောဘတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက် စာ-၈

၂၅။ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
ရီးအိနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက် စာ-၈

၂၆။ ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
ကာလိစ်တိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက် စာ -၈

၂၇။ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
ကျိုဝါးနီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက် စာ -၈

၂၈။ ကယားပြည်နယ်တရားရုံး
၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀
ဇိုဝါးနီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
စီရင်ချက် စာ-၈၈

၂၉။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
ဦးမြစိန်
တရားရုံးချုပ်ရှေ့နေ၊ မန္တလေးမြို့။
ဒသမအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း။
ထုတ်ဝေသူ ဒေါ်ဘာရတီ (၀၃၉၄၃)
ဂုဏ်ထူးစာပေ၊ အမှတ် (၁၇၀)၊ ၃၃လမ်း
ရန်ကုန်

စတုတ္ထအကြိမ်ပုံနှိပ်ခြင်းအတွက်
နိုင်ငံတော်တရားသူကြီးချုပ်
ဒေါက်တာမောင်မောင်၏ အမှာစာ

**မောင်တင်ဌေး(တရားရေး)**
**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး**

# အာမခံ၊ ပြဿနာများနှင့် တရားရုံးများ

ပြေလွင်မြင့်

အာမခံပေးရမယ့်ပြစ်မှုနဲ့ တရားစွဲခံရသူကို အာမခံမပေးဘဲ ဘာကြောင့် ချုပ်နှောင်ထားသလဲ သိချင်လို့၊ မြို့နယ်ရုံးက တရားသူကြီးကိုမေးကြည့်ပါတယ်။

စွပ်စွဲထားတဲ့ပြစ်မှုဟာ၊ အာမခံပေးရမယ့်ပုဒ်မဖြစ်ပါတယ်။ ဒါကြောင့် အာမခံလျှောက်ထားနိုင်တယ်လို့ ရှင်းပြပါတယ်။ သူက မတရားစွပ်စွဲခံရတာဖြစ်လို့ အာမခံမယူလိုပါဘူး။ တရားရုံးက အာမခံပေးရင်လည်း ရုံးချိန်း မလာနိုင်ပါဘူးပြောလို့ ချုပ်မိန့်ပေးလိုက်တာပါ။

ကျွန်တော်လည်းသက်ပြင်းချရုံပဲ တတ်နိုင်ပါတယ်။

အာမခံမယ့်သူမရှိရင်လည်း ကျွန်တော်က ကိုယ်ပိုင်ခံဝန်နဲ့ ပေးမလို့ပါ။ အာမခံပေးရင်လည်း ရုံးချိန်းရင် မလာနိုင်ဘူး ပြောတာနဲ့ မလွှဲမရှောင်သာ ချုပ်မိန့်ပေးလိုက်ရတာပါ။

တရားခံလို့ခေါ်တဲ့ စွပ်စွဲခံရသူက အမျိုးသမီးပါ။ သူတစ်ပါးလက်ရှိထားတဲ့မြေကို ကျော်နင်းဝင်ရောက်ခဲ့တယ်လို့ တိုင်တန်းရတယ်။ ရဲက ပုဒ်မ ၄၄၇အရ တိုင်ချက်ရေးဖွင့်ပြီး တရားခံပြေးမှု စွဲတင်ခဲ့တယ်။

အဲဒီနောက် ရဲကပဲဖမ်းပြီးတရားရုံးကိုပို့ခဲ့တာပါ။ တရားရုံးရဲ့ ချုပ်မိန့်အရကားပေါ်တက်ခါနီးမှာ မီဒီယာတွေ အသံဖမ်းစက်တွေ၊ ကင်မရာတွေ တဖျပ်ဖျပ်တသောသောနဲ့ မြို့နယ်တရားရုံးရှေ့ အတော်လေးစည်စည်ကားကား ဖြစ်ခဲ့ပါတယ်။

မကြာသေးခင်ကလည်း ထူးဆန်းတာတစ်ခုဖြစ်ခဲ့ပါတယ်။ အာမခံပေးနိုင်တဲ့ပြစ်မှုနဲ့ တရားစွဲခံဖို့ တရားရုံးကိုသွားခဲ့သူတစ်ဦးက သူ့အနေနဲ့အာမခံလျှောက်ထားမှာမဟုတ်ဘူးလို့ လူသိရှင်ကြားကြေညာခဲ့တယ်။ တရားရုံးအနေနဲ့တော့ဖြင့် စွပ်စွဲခံရသူ (တရားခံ)အပေါ် စွပ်စွဲထားတဲ့ပြစ်မှုက ဥပဒေအရအာမခံပေးရမယ့်အမှုမျိုးဆိုရင် အာမခံပေးချင်တယ်။ သူကအာမခံမယူလိုပါဘူး ငြင်းဆိုနေပါလျက်ကနဲ့ အတင်းအာမခံပေးလို့လည်းမဖြစ်ဘူး၊ အတော့်ကိုခွတီးခွကျနိုင်တဲ့ကိစ္စဖြစ်ပါတယ်။

ဘယ်သူပဲဖြစ်ဖြစ်၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်၊ ပြစ်မှုတစ်ရပ်ရပ်နဲ့ တိုင်တန်းစွပ်စွဲခံရလို့ တရားရုံးကိုတင်ပို့လာတဲ့အခါ ဆိုင်ရာအမှုစစ်တရားသူကြီးအနေနဲ့ ပထမဦးစွာဖြေရှင်းဆုံးဖြတ်ပေးရတာက အာမခံကိစ္စပါဘဲ။

များစွာသော အမှုသည်များက အာမခံလိုချင်ကြပါတယ်။ အမှုစစ်ဆေးဆဲကာလအတွင်း အ ချုပ်အနှောင်နဲ့ မဟုတ်ဘဲ စွပ်စွဲခံထားရတဲ့အမှုကို အာမခံယူပြီး ထုချေဖြေရှင်းလိုကြပါတယ်။ အချုပ်လွတ်ထုချေခွင့်ပြုပါ။ ကျွန်တော် ကျွန်မတို့ကို အာမခံမယ့်သူတွေက ဒီလိုဒီလိုအခြေအမြစ်ရှိသူတွေပါဆိုပြီး တရားရုံးကယုံကြည်အောင် ခံဝန်သူအထောက်အထားတွေနဲ့ တင်ပြလျှောက်ထားကြပါတယ်။

လျှောက်ထားချက်အပေါ် တရားခံဘက်နဲ့တရားလို(ဥပဒေအရာရှိများ) ဘက်ကို တရားသူကြီး ကကြားနာရပါတယ်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ နောက်ဆက်တွဲဇယား (၂)ဆိုတာရှိပါတယ်။ ဘယ်လိုပြစ်မှု (ပုဒ်မ)မျိုးကိုအာမခံပေးရမယ်။ ဘယ်လိုပြစ်မှုမျိုးကတော့ဖြင့် အာမခံမပေးနိုင်ဘူး စသဖြင့် အတိုအကျ ပြဋ္ဌာန်းထားပါတယ်။ ခွဲခြားပြဋ္ဌာန်းထားတာပါ။

ကျင့်ထုံးပုဒ်မ ၄၉၆အရ အာမခံပေးကိုပေးရမယ့်အမှုတွေကို အထက်ကနောက်ဆက်တွဲဇယား (၂)မှာ ဖော်ပြထားပါတယ်။ အဲဒါ ပြဋ္ဌာန်းချက်ပါ။ ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက် တရားရုံးတွေက မလွဲမသွေ လိုက်နာရပါမယ်။ ဥပမာ ရာဇသတ်ကြီး ပုဒ်မ ၄၄၇အရ စွဲဆိုတဲ့ ပိုင်နက်ကျော်နင်းမှု၊ ငြိမ်းစုစီဥပဒေပုဒ်မ –၁၉ အရ စွဲဆိုတဲ့အမှုများဟာ ကျင့်ထုံးပုဒ်မ ၄၉၆ အရ အာမခံပေးကိုပေးရမယ် ဆိုတဲ့အမှုများဖြစ်ပါတယ်။

အာမခံပေးရမယ့် အမှုတွေမှာ စွပ်စွဲခံရသူကိုဖမ်းဆီးချုပ်နှောင်ထားရင် ဥပဒေနဲ့မညီညွတ်ပါဘူး။ တရားရုံးများလည်း တာဝန်မကင်းဖြစ်နိုင်ပါတယ်။ ဥပမာ– ရာဇသတ်ကြီးပုဒ်မ–၄၄၇၊ငြိမ်းစုစီပုဒ်မ –၁၉ တို့လို အမှုတွေမှာ စွပ်စွဲခံရသူကို ရဲကဖမ်းဆီးချုပ်နှောင်မထားနိုင်ပါဘူး။ တရားသူကြီးထံ တင်ပြပြီး ချုပ်မိန့်မတောင်းနိုင်ပါဘူး။ တောင်းရင်လည်း တရားသူကြီးက မပေးပါဘူး။ ဥပဒေနဲ့မညီလို့ဖြစ်ပါတယ်။

စွပ်စွဲခံရသူတစ်ဦးကို တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းမပြုသေးသရွေ့ အပြစ်ကင်းစင်သူ (innocent person) အဖြစ် မှတ်ယူရပါတယ်။ ဇယား (၂)မှာအာမခံမပေးနိုင်တဲ့ ပြစ်မှုဖြစ်ပေမယ့် သေဒဏ်၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်စီရင်ထိုက်တဲ့ ပြစ်မှုမဟုတ်ရင် ကျင့်ထုံးပုဒ်မ–၄၉၇(၁)အရ အာမခံနဲ့နေခွင့်ပြုသင့်တယ်လို့ စဉ်းစားလေ့ရှိပါတယ်။ စွပ်စွဲတိုင်တန်းခံရသူကို အာမခံပေးပြီး ထုချေခွင့်ပြုသင့်တယ်ဆိုတဲ့ အတွေးအခေါ်ဟာ လူ့ယဉ်ကျေးမှု ရှင်သန်ကြီးထွားလာခြင်းရဲ့ အမှတ်လက္ခဏာပါ။

စွပ်စွဲခံရသူတစ်ဦးကို အမှုအတောအတွင်း အချုန်ကြာမြင့်စွာ ချုပ်နှောင်ထားတဲ့အတွက် ပြစ်မှုထင်ရှားမတွေ့ရသေးဘဲ ကြိုတင်ပြစ်ဒဏ်ပေးခြင်းမျိုး မပြုအပ်ဘူး ဆိုတဲ့ စီရင်ထုံးဖွဲ့ချက်မျိုးတောင်ရှိပါတယ်။

အာမခံကိစ္စနဲ့ပတ်သက်ပြီး စွပ်စွဲခံရတဲ့ပြစ်မှုအလိုက် (အကြမ်းဖျဉ်းအားဖြင့်) သုံးမျိုးခွဲခြားထားပါတယ်။

(၁)အာမခံပေးရမယ့်ပြစ်မှု (၂)ကျင့်ထုံးဇယား ၂မှာ အာမခံမပေးနိုင်ကြောင်းဖော်ပြထားပေမယ့် သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်စီရင်ထိုက်တဲ့ပြစ်မှုမဟုတ်ရင် တရားရုံးက အာမခံ ပေးနိုင်တဲ့ပြစ်မှုနဲ့ (၃)သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်စီရင်ထိုက်တဲ့အမှုဖြစ်ပေမယ့်လည်း မိန်းမသား၊ ၁၆နှစ်အောက် ကလေးနဲ့ နာမကျန်းသူ၊ ချည့်နဲ့သူတို့ကို တရားသူကြီးက အာမခံပေးဖို့ စဉ်းစား နိုင်ပါတယ်။ ဒါကြောင့် သေဒဏ်၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်တဲ့ပြစ်မှုနဲ့ စွပ်စွဲခံရသူကိုလည်းပဲ (ခြွင်းချက်အနေနဲ့) ချည့်နဲ့သူ၊ နာမကျန်းသူဖြစ်ရင် အမျိုးသမီး ဒါမှမဟုတ် ၁၆နှစ်အောက် ကလေးသူငယ် ဖြစ်နေရင် အာမခံပေးဖို့ညွှန်ကြားနိုင်ကြောင်း တရားရုံးတွေကို အခွင့်အာဏာပေးထားပါတယ်။

သဘာဝကျကျပြောရရင် ဘယ်သူမှ အချုပ်အနှောင်နဲ့ မနေလိုကြပါဘူး။ ပြစ်မှုကျူးလွန်ခဲ့စေဦးတော့ သူတို့ဟာ အမှုအတောအတွင်း အာမခံနဲ့နေလိုကြပါတယ်။ စွပ်စွဲခံရတဲ့အမှုကို အချုပ်အနှောင်ထဲက မဟုတ်ဘဲ အာမခံနဲ့ရင်ဆိုင်ဖြေရှင်းလိုကြပါတယ်။ ဒါ သဘာဝပါပဲ ။ အပြစ်ပေးခံရမယ်ဆိုရင်တောင်မှ သူ့ကိုမှီခိုနေသူ အကျဉ်းထောင်ထဲမသွားရခင် သူ့မိသားစုအတွက် သူ့ကိုမှီခိုနေသူအတွက် တစ်စုံတစ်ရာ စီစဉ်ဆောင်ရွက်ပေးခဲ့ဖို့ အချိန်နည်းနည်းလိုတတ်ပါတယ်။

သို့သော် စွပ်စွဲခံရသူတိုင်းကိုတော့ဖြင့် တရားရုံးတွေက အာမခံပေးနေတာမဟုတ်ပါဘူး။ အာမခံနဲ့နေခွင့်ပြုလိုက်ရင်၊ အလားတူ အမှုမျိုးထပ်မံကျူးလွန်ဖွယ်ရာရှိမရှိ၊ မလျော်ညြောသို့မဟုတ် ဓနအင်အား

သုံးပြီး သက်သေတွေကို ဖျက်ဆီးမယ့်သူဟုတ်မဟုတ်၊ ရုံးချိန်းမှန်မှန်လာရောက်နိုင်ခြင်းရှိမရှိ (ထွက်ပြေးမယ့်သူဟုတ်မဟုတ်) သူ့အတွက် ဒါမှမဟုတ် အများပြည်သူအတွက် အန္တရာယ်ဖြစ်စေနိုင်ခြင်းရှိမရှိ၊ တရားရုံးတွေက အသည်းအသန် စဉ်းစားလေ့ရှိပါတယ်။ အာမခံပေးလိုက်တဲ့အခါလည်း အဲဒီလိုအချက်တွေကို အတိအကျလိုက်နာပါ့မယ်ဆိုပြီး ခံဝန်ချုပ်ဆိုရပါမယ်။

အာမခံပေးရမယ့်အမှုပဲဖြစ်ဖြစ်၊အာမခံမပေးနိုင်တဲ့အမှုဖြစ်ပေမယ့်လည်း တရားရုံးရဲ့ဆင်ခြင်တုံတရားအရအာမခံပေးတဲ့အခါပဲဖြစ်ဖြစ် အဲဒီလိုခံဝန်ချုပ်ကိုတော့ဖြင့် မလွဲမသွေ ချုပ်ဆိုရပါမယ်။ မလွဲမသွေ လိုက်နာရပါတယ်။ ခံဝန်ချုပ်ဖောက်ဖျက်ရင်တော့ဖြင့် ပြန်လည်ဖမ်းဆီးချုပ်နှောင်ရပါတယ်။ ဒါ တရားရုံးရဲ့ကျင့်စဉ်ပါ။ လုပ်ထုံးလုပ်နည်းပါ။

ဒါကြောင့် ဥပဒေအရ အာမခံပေးကိုပေးရမယ့်အမှုဖြစ်ပေမယ့်လည်း မတရားစွပ်စွဲခံရတာဖြစ်လို့ အာမခံပေးမယ်ဆိုရင်လည်း ရုံးချိန်းမလာနိုင်ဘူးဆိုသူကို မလွဲမရှောင်သာချုပ်မိန့်ပေးလိုက်တာပါ လို့ တရားသူကြီး ကပြောခဲ့တာဖြစ်ပါတယ်။

ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးဆိုတာကို နည်းနည်းပြောဖို့လိုမယ်ထင်ပါတယ်။

လူတစ်ဦးတစ်ယောက်ရဲ့ပြုလုပ်မှုကို ပြစ်မှုကြောင်းအရ အရေးယူပေးပါဆိုပြီး စွပ်စွဲတိုင်တန်းပုံနှစ်မျိုးရှိပါတယ်။

တစ်ခုက တရားရုံးကို ဦးတိုက်လျှောက်ထားမှုဖြစ်ပြီး နောက်တစ်မျိုးက ရဲစခန်းမှာ ပထမသတင်းပေးတိုင်ချက် (FIR) ဆိုပြီး ရေးဖွင့်တဲ့အမှုဖြစ်ပါတယ်။ ဦးတိုက်လျှောက်ထားမှုမှာတိုင်တန်းသူ (တရားလို)ကို ဦးစွာ စစ်ဆေးပြီး ပြစ်မှုမမြောက်ရင် ဒါမှမဟုတ် တိုင်တန်းမှုဟာ အခြေအမြစ်မရှိရင် စွပ်စွဲခံရသူကို ဆင့်ခေါ်ခြင်းမပြုတော့ဘဲ တရားရုံးက အမှုကိုပလပ်ရပါတယ်။ အခြေအမြစ်ရှိတယ်၊ ပြစ်မှုမြောက်တယ် လို့ယူဆဖွယ်ရာရှိမှ စွပ်စွဲခံရသူကို ဆင့်ဆိုတာဖြစ်ပါတယ်။

ရဲစခန်းမှာတိုင်ချက်ရေးဖွင့်တဲ့အမှုမှာတော့ဖြင့် ရဲကစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ပြစ်မှုတစ်ခုနဲ့ အကျုံးဝင်တယ် ဆိုရင် တရားရုံးကို တရားစွဲတင်ပို့ရပါတယ်။ ရဲက စွဲတင်တဲ့အခါ တရားသူကြီးက ဘယ်သူ့ကိုမှ မစစ်ဆေးရသေးဘဲ တိုင်ချက်ဖတ်ပြီး လွှတ်ပစ်လိုက်လို့မရပါဘူး။ စွဲတင်တဲ့ပုဒ်မအလျောက်အမှုကို လက်ခံစစ်ဆေးရပါတယ်။ နှစ်ဖက်ကြားနာ စစ်ဆေးရပါတယ်။

သေချာတဲ့အချက်က စွပ်စွဲခံရသူက မတရားစွပ်စွဲခံရတာပါ ဆိုရုံနဲ့ ယုံကြည်လက်ခံပြီး လွှတ်ပစ်လို့ မရတာပါ။

စွပ်စွဲခံရသူက အချုပ်နဲ့ဖြေရှင်းမလား၊ အာမခံနဲ့ဖြေရှင်းမလား၊ ရွေးချယ်ရပါမယ်။ အာမခံနဲ့ထုချေဖြေရှင်းလိုတယ်ဆိုရင် အာမခံလျှောက်ထားရပါတယ်။ရုံးကခွင့်ပြုရင် ခံဝန်ချုပ်ဆိုရပါမယ်။ ခံဝန်စည်းကမ်းကို လိုက်နာရပါတယ်။

မတရားစွပ်စွဲခံရတာမျိုးရှိနိုင်ပါတယ်။ ဒါပေမယ့် နှစ်ဖက်ဆိုင်ပြိုင်ဖြေရှင်းရပါမယ်။ တရားရုံးရဲ့အဆုံးအဖြတ် ကိုခံယူရပါမယ်။ ဒါဟာ တရားဥပဒေစိုးမိုးရေးကို လေးစားရာရောက်ပါတယ်။ မတရားစွပ်စွဲခံရတာကြောင့် အာမခံမယူလိုပါဘူး။ အာမခံပေးရင်လည်း ရုံးချိန်းမလာနိုင်ဘူးဆိုတာက ခုတ်ရာတစ်ခြား၊ ရှရာတစ်လွဲဖြစ်နေပါတယ်။

မသိနားမလည်သူတို့က သူရဲကောင်းထင်နိုင်ပါတယ်။ (rule of law)ကတော့ဖြင့် ပွန်းပဲ့သွားပါပြီ။ နေသားတကျမရှိနိုင်သေးတဲ့ကာလမှာ တရားရုံးများရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေလည်း အတော်များပါတယ်။

လွတ်တော်နဲ့လွတ်တော်ပြင်ပနိုင်ငံရေးလို့ ဆိုပါတယ်။ အတွင်းနဲ့အပြင်တို့တက်ညီလက်ညီ လုပ်နေခဲ့တဲ့ နိုင်ငံရေးပုံစံတစ်ခုကိုပြပါဆိုရင် တရားရုံးနိုင်ငံရေး လို့ပြောရမယ်ထင်ပါတယ်။ အကြံကုန်နေတဲ့နိုင်ငံရေးသမားတစ်ချို့က ထင်ပေါ်လိုမှုအတွက် တရားရုံးနိုင်ငံရေးကိုလွယ်လင့်တကူရွေးလုပ်တတ်ပါတယ်။

တရားရုံးတွေမှာလည်း အမှုအကျင့်ဟောင်း၊ လောဘအဟောင်း၊ ပြဋ္ဌာန်းချက်အဟောင်းတွေနဲ့အကူးအပြောင်းထဲမှာ ရှေးဆန်မှုတွေရှိနေဆဲ၊ ပြုပြင်စရာတွေရှိနေဆဲဆိုတာ မငြင်းနိုင်ပါဘူး။ ဂဠုန်ဆားချက် – လိုသူများအတွက် ပစ်မလွဲဖြစ်ဆဲပါပဲ။

နယ်ချဲ့ဗြိတိသျှမတော်မတရားလုပ်တာ ထင်ရှားစေချင်လို့ ဆားချက်ဥပဒေကို ဂန္ဓီကဆန့်ကျင်ခဲ့တာ၊ သူ့ရဲ့နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေအပေါ် နှစ်ရှည်ထောင်ဒဏ်ချမှတ်စေဖို့ တရားရုံးကို နှိုးဆွခဲ့၊ သွေးဆောင်ခဲ့တာ၊ သူ့ခေတ်နဲ့သူအောင်မြင်ခဲ့ပါတယ်။ နည်းနာအသစ်တော့မဟုတ်ပါဘူး။

အာမခံပေးနိုင်ပါလျက် အာမခံပေးလို့မရအောင် သူ့တာဝန်သူလုပ်နေတဲ့တရားသူကြီးတွေကို အကျဉ်းအကြပ်တစ်ခုထဲကို တွန်းပို့လိုက်တာက လုပ်နည်းအသစ်မဟုတ်ပါဘူး။ အဆင့်မြင့်နိုင်ငံရေးလည်း မဖြစ်နိုင်ပါဘူး။

တရားဥပဒေစိုးမိုးရေးအကြောင်းပြောနေသူတို့ကိုယ်တိုင် တရားဥပဒေစိုးမိုးရေးကို ကွဲကွဲပြားပြားနားလည်သင့်ပါတယ်။

**ပြေလွင်မြင့်**

# ပြန်ခေါ်သက်သေခေါ်မရလျှင်

တင်ဟုန် (တရားရေး)

မြို့နယ်တရားရုံးများတွင် ပြန်ခေါ်သက်သေစစ်ဆေးရန် ခေါ်မရသဖြင့် ကြန့်ကြာနေသောအမှုများ ရှိနေကြောင်း၊ သက်သေမလာဘဲအမှုကို ဆက်သွားလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ နှင့် ဆန့်ကျင်ရာ ရောက်မလားဟု သံသယဖြစ်နေကြောင်း ဒုတိယမြို့နယ်တရားသူကြီးတစ်ဦးက ပြောပြပါသည်။

စစ်ပြီးတရားလိုပြသက်သေများကို တရားခံက ပြန်ခေါ်စစ်မေးခွင့်နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၆နှင့် ၂၅၇တို့တွင်ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ၂၅၆ (၁)တွင် တရားခံက စွဲချက်ကို အပြစ်မရှိကြောင်းငြင်းဆိုပြီး သို့မဟုတ် စစ်ဆေးစီရင်ရန်တောင်းဆိုပြီးနောက် စစ်ဆေးပြီး တရားလိုပြသက်သေများကို ပြန်ခေါ်ပေးရန် ချက်ချင်းတင်ပြတောင်းဆိုလျှင် တရားရုံးက ထိုသက်သေကို ဆင့်ခေါ်ပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) တွင် တရားခံအနေဖြင့် မိမိဘက်မှ ချေပသည့်အဆင့်သို့ ရောက်ရှိ၍ သက်သေတစ်ဦးတစ်ယောက်ကို စစ်ဆေးရန် သို့မဟုတ် ပြန်လှန်စစ်မေးရန်အတွက် ဆင့်ဆိုပေးရန်လျှောက်ထားလျှင် တရားသူကြီးက ဆင့်ခေါ်ပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁) အရ စစ်ပြီးတရားလိုပြသက်သေပြန်ခေါ်စစ်မေးခွင့် အခွင့်အရေးသည် တရားခံအပေါ် စွဲချက်တင်သည့်အခါတွင် ချက်ခြင်းတင်ပြတောင်းဆိုရမည်။ ယင်းသို့တရားခံက ဆင့်ခေါ်ပေးရန် တင်ပြသည့်အခါ တရားလိုပြသက်သေကို တရားရုံးကခေါ်ယူပေးရန် ငြင်းဆိုခွင့်ရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆တွင် ပြဋ္ဌာန်းထားကြောင်းမတွေ့ရပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇တွင် သက်သေကိုစစ်ဆေးရန် သို့မဟုတ် ပြန်လှန်စစ်မေးရန် အတွက် ဆင့်ခေါ်ရန်လျှောက်ထားခြင်းမှာ အနှောင့်အယှက်ပြုရန် သို့မဟုတ် ကြန့်ကြာစေရန်သို့မဟုတ် တရားမျှတစွာဆုံးဖြတ်နိုင်ရေးကို ထိခိုက်စေရန်အလို့ငှာပြုလုပ်ကြောင်း တရားရုံးကယုံကြည်ပါက သက်သေကိုဆင့်ခေါ်ပေးရန်ငြင်းဆိုနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။[၁]

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁)အရ စစ်ဆေးပြီး တရားလိုပြသက်သေကို ပြန်ခေါ်စစ်မေးရန် တင်ပြခြင်းအား တရားရုံးအနေဖြင့် ငြင်းဆိုခွင့်မရှိဘဲ မလွဲမသွေဆင့်ခေါ်စစ်မေးခွင့်ပြုရမည် ဖြစ်သည်။

အမှုစစ်တရားသူကြီးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းသည် တရားမျှတမှုကင်းမဲ့ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ အမှုကို ပျက်ပြယ်စေသည်ဟု ယူဆရမည်ဖြစ်သည်။[၂]

ပြန်ခေါ်သက်သေအားပြန်ခေါ်ခွင့်ရရှိသော်လည်း ဥပဒေကခွင့်ပြုထားသည့်အတိုင်း ပြန်လှန်မေးခွန်းထုတ်ခွင့်မရလျှင် ပြန်ခေါ်ခွင့်မရသကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်။[၃]

---

၁။ ကျော်အောင်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၊ ၂၀၀၂၊ မတစ၊ ၁၁(၁၅)

၂။ မောင်အုံဘွယ်ပါ ၂ နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၄၈၊မတစ (လွှတ်တော်)၈၆၃

၃။ ဦးအောင်ကြီး၊ ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့ကျောက်ဖြူမြို့နယ် နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ (ကျောက်ဖြူမြို့ရာဘက်စက်ရှင်) ၁၉၇၂၊မတစ၊၃၇(၃၉)

သို့ရာတွင် ပြန်ခေါ်သက်သေဆင့်ခေါ်၍ မရနိုင်သော အခြေအနေမျိုးရှိနိုင်ပါသည်။ သက်သေအဖြစ် ဆင့်ခေါ်၍မရနိုင်သူတို့၏ ထွက်ဆိုချက်များနှင့်စပ်လျဉ်း၍ သက်သေခံအက်ဥပဒေပုဒ်မ ၃၂နှင့် ၃၃တို့တွင် လည်းကောင်း၊ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂(၁)တွင်လည်းကောင်း ပြဋ္ဌာန်းထားသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၃၃တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

တရားစီရင်သည့်မှုခင်းတွင် ဖြစ်စေ သက်သေထွက်ချက်ရယူရန် ဥပဒေအရအခွင့်အာဏာရှိသူ၏ ရှေ့တွင်ဖြစ်စေ ထွက်ဆိုသော သက်သေ၏ထွက်ချက်သည် ထိုသက်သေသေဆုံးသည့်အခါဖြစ်စေ၊ ရှာဖွေမတွေ့နိုင်သည့်အခါဖြစ်စေ၊ သက်သေမခံနိုင်သည့်အခါဖြစ်စေ၊ တစ်ဖက်အမှုသည်က ရှောင်တိမ်းနေစေသည့်အခါဖြစ်စေ၊ ထိုသက်သေကိုဆင့်ခေါ်လျှင် ကုန်ကျမည့်စရိတ်သို့မဟုတ် ကြန့်ကြာမည့်အချိန်သည် အမှု၏အကြောင်းခြင်းအရာကို ထောက်ရှုလျက် မျှတခြင်းမရှိဟု တရားရုံးမှထင်မြင်သည့်အခါဖြစ်စေ၊ နောက်စစ်ဆေးသည့် တရားစီရင်သောမှုခင်းတွင်သော်လည်းကောင်း၊ လက်ရှိစစ်ဆေးနေသည့်အမှု၌ နောက်ပိုင်းတွင်သော်လည်းကောင်း သက်သေထွက်ချက်တွင်ပါသည့်အကြောင်းခြင်းရာသည် မှန်ကန်ကြောင်း ထင်ရှားအောင်ပြုလုပ်ရန် သက်သေခံဝင်သည်။ သို့ရာတွင် နောက်အမှုပါအမှုသည်တို့သည် ယခင် အမှုမှ အမှုသည်များသော်လည်းကောင်း အကျိုးပတ်သက်ဆက်ခံသူသော်လည်းကောင်း ဖြစ်ရမည်။ ပထမအမှုတွင် တစ်ဖက်အမှုသည်က ပြန်လှန်မေးခွန်းထုတ်ခွင့်ရရှိခဲ့ရမည်။ ပထမအမှု၏ ငြင်းချက်များသည် ဒုတိယအမှု၏ ကျန်ငြင်းချက်များနှင့် သဘောတူရမည်။

ရှင်းလင်းချက်။ ။ ဤပုဒ်မ၏ အဓိပ္ပာယ်အလို့ငှာ ပြစ်မှုဆိုင်ရာမှုခင်းသည် စွပ်စွဲသူနှင့်တရားခံတို့အကြား စစ်ဆေးသည့်မှုခင်းဖြစ်သည်ဟု မှတ်ယူရမည်။

**ငပိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၄]တွင် တရားခံကပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁) အရ ပြန်ခေါ်သက်သေခေါ်ပေးရန် တောင်းဆိုခဲ့ရာ သမ္မန်စာချအပ်ခြင်း၊ ဖမ်းဝရမ်းထုတ်ဆင့် အတည်ပြုခြင်း ပြုလုပ်ခဲ့သော်လည်း သက်သေကို ရှာမတွေ့တော့ပေ။ အယူခံတွင် စွဲချက်မတင်မီက စစ်ဆေးခဲ့သော သက်သေအား တရားခံက ပြန်လှန်စစ်မေးခွင့်ရရှိမှသာ သက်သေခံအက်ဥပဒေပုဒ်မ ၃၃အရ တရားလိုဘက် သက်သေတစ်ဦး ၏ ထွက်ချက်မှာ တရားခံအပေါ် သက်သေခံဝင်မည်ဖြစ်ကြောင်း၊ ဝရမ်းမှုတွင် စွဲချက်မတင်မီ တရားခံသည် တရားလိုပြသက်သေများအား အခွင့်အရေးတစ်ရပ်အနေဖြင့် ပြန်လှန်စစ်မေးခွင့်မရှိကြောင်း၊ တရားသူကြီးက မိမိသဘောအရလည်းကောင်း၊ လုပ်ရိုးလုပ်စဉ်အရလည်းကောင်း တရားခံများအပေါ် စွဲချက်မတင်မီ ရှေ့နေများအား ပြန်လှန်စစ်မေးခွင့်ပေးရုံမျှဖြင့်၊ ရှေ့နေများက ပြန်လှန်စစ်မေးရုံမျှဖြင့် တရားခံများအပေါ် စွဲချက်တင်ပြီးနောက်သက်သေအား ထပ်မံပြန်လှန်စစ်မေးရန် ခေါ်မပေးနိုင်လျှင် ထိုသက်သေ၏ ထွက်ချက်သည် သက်သေခံမဝင်နိုင်ကြောင်း ထုံးဖွဲ့ထားသည်။

ပြစ်မှုဆိုင်ရာဥပဒေ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၆) အရ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ ကို ထပ်မံဖြည့်စွက်ခဲ့သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၂(၁) တွင် "တရားခံက တိုင်တန်းသူ (ရှိခဲ့လျှင် ) နှင့် တရားလိုပြသက်သေများကို ပြန်လှန်စစ်မေးခွင့် ရရှိစေရမည်" ဟု ဖြည့်စွက်ခဲ့သည်။ ငပိန်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမှုကဲ့သို့ အခြေအနေမျိုး မဖြစ်ပေါ်အောင် ကာကွယ်ရန်အတွက် ဖြည့်စွက်လိုက်ခြင်းဖြစ်သည်။ ယင်းပြင်ဆင်ဖြည့်စွက်လိုက်သည့် ပုဒ်မက တရားခံအား စွဲချက်မတင်မီ ပြန်လှန်စစ်မေးခွင့်ရပိုင်ခွင့်ကို တရားခံအားပေးခဲ့သည်။

---

၄။ ၁၉၅၃၊ မတစ (လွှတ်တော်ချုပ်) ၁၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံနှင့်ဦးလှထွန်းဖြူအမှု**[1]တွင် တရားလွှတ်တော်ချုပ်က သက်သေခံအက်ဥပဒေပုဒ်မ ၁၃၈တွင် သက်သေအားစစ်ဆေးရာ၌လိုက်နာရန် လုပ်ထုံးလုပ်နည်းပါရှိကြောင်း၊ အမှုသည်တစ်ဦးအား တစ်ဖက်အမှုသည်က စစ်မေးသောသက်သေကို ပြန်လှန်စစ်မေးခွင့်ပေးထားကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆တွင်ပါရှိသော ပြန်လှန်စစ်မေးခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်သည် တရားလိုပြသက်သေကို ထပ်မံစစ်မေးရန်အလို့ငှာ တရားခံအား ထပ်ဆင့်ပေးထားသော အခွင့်အရေး ဖြစ်ကြောင်း၊ တရားမမှုခင်းများတွင် အဓိကစစ်မေးချက်ပြီးဆုံးပြီးနောက် ပြန်လှန် စစ်မေးခြင်းပြုလုပ်ရကြောင်း၊ သက်သေအား ပြန်လှန်စစ်မေးရန်အတွက်ကြိုတွေ့ခဲ့ရကြောင်း၊ သက်သေအား ပြန်လှန်စစ်ဆေးဆဲတွင် အချိန်မရ၍ အမှုကိုချိန်းဆိုရပြီးနောက် သက်သေကိုရုတ်မရတော့သည့်အချက်တွင်မူ သက်သေအားပြန်လှန် စစ်မေးရန်အခွင့်အလမ်းနှင့်စပ်လျဉ်း၍ စောဒက တက်နိုင်သော်လည်း နောက်အမှုတွင်ဖြစ်စေ၊ အမှု၏ နောက်အဆင့်တွင်ဖြစ်စေ အဆိုပါသက်သေခံချက် သက်သေခံဝင်မဝင်မှာ စစ်မေးခွင့်ပြဿနာအပေါ် မူတည်ကြောင်း၊ ပြစ်မှုဆိုင်ရာမှုခင်းများနှင့် စပ်လျဉ်း၍ အခန်း ၂၀အရ စစ်ဆေးစီရင်သော သမ္မာန်မှုများမှာ တရားမမှုနှင့် သဘောချင်းတူကြောင်း၊ ယင်းအခန်းပါပုဒ်မများတွင် ပြန်လှန်စစ်မေးခြင်းကိစ္စကို ဖော်ပြထားခြင်း မရှိစေကာမူ သက်သေခံအက်ဥပဒေပုဒ်မ ၁၃၈ကို လိုက်နာရန်ဖြစ်သဖြင့် တရားလိုပြသက်သေတစ်ဦးဦးအား ပြန်လှန်စစ်မေးခွင့်ရှိရမည့်အပြင် ပြန်လှန် စစ်မေးရန် အခွင့်အလမ်းလည်း ရှိရမည်ဖြစ်ကြောင်း ဝရမ်းမှုတွင် စွဲချက်မတင်မီအဆင့် ၌ ပုဒ်မ၂၅၂တွင် ပြန်လှန်စစ်မေးသည့်ကိစ္စကို အတိအလင်းဖော်ပြထားခြင်းမရှိကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ပါ လုပ်ထုံးလုပ်နည်းသည် သက်သေခံအက်ဥပဒေပုဒ်မ ၁၃၈ပါလုပ်ထုံးလုပ်နည်းနှင့် ခြားနားကြောင်း၊ အကြောင်းမူစက်ရှင်အမှုမှာကဲ့သို့ ပြန်ခေါ်တရားလိုပြသက်သေကို အဓိကစစ်ဆေးခြင်းမရှိကြောင်း၊ သို့ရာတွင် ၎င်းအား ပြန်လှန်စစ်မေးခွင့်ပေးထားကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၃၃ တွင် နောက်ထပ် စွဲဆို သည့်တရားစီရင်သောမှုခင်းကို ဖော်ပြပြီး ဤပုဒ်မတွင် လိုအပ်ချက်သုံးရပ်ကို ဖော်ပြသော ခြွင်းချက်ရှိကြောင်း၊ ပထမလိုအပ်ချက်မှာမှုခင်းသည် တူသောအမှုသည်များ သို့မဟုတ်ထိုသူတို့ အကျိုးကို ဆက်ခံသူများအချင်းချင်းတရားဆိုင်သောမှုခင်းဖြစ်ရန်လိုကြောင်း၊ ထူးခြားသည့်အချက်မှာ "was" ဟူသော စကားလုံး ကိုသုံးစွဲခြင်းဖြစ်ကြောင်း၊ ဤလိုအပ်ချက်သည် တရားစီရင်သော မှုခင်းတစ်မှုတည်း၏ နောက်ပိုင်းအဆင့်နှင့် အဆက်အစပ်မရှိနိုင်ကြောင်း၊ ထို့ပြင်ရာဇဝတ်မှုများတွင် တရားစွဲဆိုသူသည် နိုင်ငံတော်ဖြစ်ပြီး တရားခံသေဆုံးသည့်အခါ မှုခင်းရပ်စဲသွားမည်ဖြစ်၍ အကျိုးကိုဆက်ခံသူပြဿနာမပေါ်ပေါက်နိုင်သောကြောင့် ဤ လိုအပ်ချက်သည် အဓိပ္ပါယ်မရှိကြောင်း၊ ဒုတိယလိုအပ်ချက်မှာ ပထမမှုခင်းတွင် ပြန်လှန် စစ်မေးရန် အခွင့်အရေးနှင့် အခွင့်အလမ်း ဖြစ်ကြောင်း၊ ဤလိုအပ်ချက်သည် ရာဇဝတ်တရားသူကြီးရှေ့တွင် စုံစမ်းမှုအဖြစ် စတင်ပြီး တရားသူကြီးတစ်ဦးရှေ့တွင် နောက်ပိုင်း၌ စစ်ဆေးစီရင်ရန်တင်ပို့သောအမှုနှင့် သက်ဆိုင်မည် ဖြစ်ကြောင်း၊ ကျန်သည်တို့တွင် ရာဇဝတ်တရားသူကြီးတစ်ဦးတည်း ရှေ့ဝရမ်းမှု စစ်ဆေးစီရင်ခြင်းနှင့်မတူသော သီးခြားမှုခင်းနှစ်ရပ်အကျုံးဝင်မည်ဖြစ်ကြောင်း၊ ဝရမ်းမှုတွင် စွဲချက်တင်ပြီးနောက် အရေးယူဆောင်ရွက်သောမှုခင်းသည် မှုခင်းတစ်ခုတည်း၏ နောက်ပိုင်းအဆင့် သာဖြစ်ကြောင်း၊ တတိယအချက်မှာ ပထမနှင့် ဒုတိယမှုခင်းတွင် ပေါ်ပေါက်သော အငြင်းထွက်ပြဿနာမှာ အဓိကအားဖြင့် တူညီဖို့လိုအပ်ခြင်းဖြစ်ကြောင်း၊ သီးခြားမှုခင်းများကို သီးခြားဖော်ညွှန်းထားသော ဒုတိယနှင့် တတိယ

၅။ ၁၉၅၈၊ မတစ (လွှတ်တော်ချုပ်) ၁၆၀

လိုအပ်ချက်များသည် တရားစီရင်သော မှုခင်းတစ်ခုတည်းနှင့် မသက်ဆိုင်နိုင်ကြောင်း၊ အထူးတရားသူကြီး တစ်ဦးက စစ်ဆေးစီရင်သော အမှုတွင် တရားခံအား စစ်ဆေးစီရင်ရန် တင်ပို့သည်နှင့် ပြစ်မှုကိုအရေးယူပြီး ၁၉၄၆ခုနှစ်၊ အထူးတရားသူကြီးများအက်ဥပဒေပုဒ်မ ၄(၂) အရ ရာဇဝတ်တရားသူကြီးက ဝရမ်းမှုများစစ်ဆေးစီရင်ရာတွင် လိုက်နာရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း ၂၁ တွင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းကို လိုက်နာသည်ဖြစ်ရာ သက်သေခံအက်ဥပဒေပုဒ်မ ၃၃၏ ခြွင်းချက် နှင့် သက်ဆိုင်မည်ဖြစ်ကြောင်း၊ မှုခင်းတစ်ခု၏ ရှေးကျသော အဆင့်တွင် ထွက်ဆိုပြီး ထိုစဉ်က တရားခံက ပြန်လှန်စစ်မေးခဲ့သောသက်သေ၏ သက်သေခံချက်သည် ပုဒ်မ ၃၃၏ အဓိကစာပိုဒ်အရ သက်သေခံဝင်ကြောင်း ဆုံးဖြတ်သည်။

ပြန်ခေါ်သက်သေခေါ်မရပါက ၎င်း၏ ယခင်ထွက်ချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၃၃အရ သက်သေခံဝင်သည်ဖြစ်၍ တရားရုံး၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ပြီး အမှုကို ဆက်လက် ဆောင်ရွက်ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ရာမရောက်ပေ။

သို့ရာတွင် ရှာဖွေမတွေ့နိုင်သူ၏ သက်သေခံချက်ကို လက်ခံခြင်းမပြုမီ သက်သေအား လုံလဝီရိယစိုက်ထုတ်ရှာဖွေခဲ့ကြောင်း သက်သေခံချက်ရှိရန် လိုအပ်သည်။ သက်သေအပေါ် သမ္မာန်စာအကြိမ်ကြိမ် ချအပ်ရုံဖြင့်မလုံလောက်ပေ။ တရားသူကြီးသည်သက်သေရုံးရှေ့ရောက်ရှိစေရန် ဖမ်းဝရမ်းထုတ်ဆင့်သည်အထိ ဆောင်ရွက်သင့်သည်။

Emperor V. Dost Muham mad, (1905) 28 All 98 အမှုတွင် အောက်ပါအတိုင်း ညွှန်ပြထားကြောင်း ဖော်ပြအပ်ပါသည်။

Proof of a diligent search is necessary before tendering the evidence of a witness who cannot be found. A Sessions Judge, finding that the witnesses who had been summoned to give evidence for the prosecution, did not appear on the date fixed, adjourned the case for eighteen days and ordered fresh summonses to be issued. On the adjourned date, the withnesses were agin absent. There upon the Sessions Judge made use of evidence, which those witnesses had given before the committing Migistrate purporting to do so under this section. It was held that the evidence could not be so used, the Sessions Judge ought to have directed warrants to issues to enforce the attendance of prosecution witnesses and compelled their attendance in Court.

**တင်ဟုန် (တရားရေး)**

# အမှတ်တမဲ့ကလေးများရဲ့ အမှတ်တရများ

မောင်တင်ဌေး(တရားရေး)

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာစာအဖွဲ့ကထုတ်ဝေတဲ့မြန်မာအဘိဓာန် (ဒုတိယအကြိမ်) ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်းမှာ "အမှတ်တမဲ့"ကို "သတိမမူဘဲ ဂရုမပြုဘဲ" "မတော်တဆ"လို့ ဖွင့်ဆိုထားပြီး "အမှတ်တရကိုတော့ "စိတ်တွင် မမေ့မပျောက် သတိရအောင်" "စိတ်တွင် မမေ့မပျောက် သတိရလျက်" လို့ရှင်းပြထားတာ ဖတ်ရပါတယ်။

ကျွန်တော့်စိတ်ထဲမှာ အမှတ်တရ မမေ့မပျောက်သတိရလျက်ရှိနေဆဲဖြစ်တဲ့ တရားစီရင်ရာမှာ တစ်ခါတစ်ရံဖြစ်ပေါ်တတ်တဲ့ သတိမမူမိဘဲ အမှတ်တမဲ့ရေးသားသုံးသပ် ဆုံးဖြတ်ဆောင်ရွက်ခဲ့တဲ့ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်တစ်ချို့ကိုဒီဆောင်းပါးမှာ တင်ပြထားပါတယ်။

ဆရာကြီးဦးမြဟာ ကျွန်တော်တို့ တရားရေးလောကမှာ အထူးထင်ရှားကျော်ကြားလှပါတယ်။ တရားရေးဝန်ထမ်းများရဲ့ ဌာနတွင်းသင်တန်းများမှာ တရားစီရင်ရေးနဲ့ပတ်သက်လို့ သင်ကြားပေးခြင်း၊ ဟောပြောပို့ချခြင်းများ မြောက်များစွာပြုလုပ်ခဲ့ပြီး တရားစီရင်ရေးရာ၊ ဥပဒေရေးရာဆောင်းပါး စာအုပ်စာတမ်းများစွာကိုလည်း ရေးသားခဲ့သူဖြစ်ပါတယ်။ ဆရာကြီးဦးမြရေးခဲ့တဲ့ သောင်းပြောင်းထွေလာ ဥပဒေပြဿနာအတွဲ (၁)က အတွဲ (၁၀)အထိဟာ ပြည့်စုံပြီး တရားခွင်မှာ လက်တွေ့အသုံးဝင်လွန်းလို့ မန္တလေးမြို့က တရားလွှတ်တော်ရှေ့နေ ဦးမင်းဆွေ (တရားရေးအရာရှိဟောင်း၊ အောင်ဆန်း ၇) က "အင်္ဂလိပ်တွေက ဇွန်းနဲ့ခက်ရင်းနဲ့ စားတယ်၊ တရုတ်တွေက တူနဲ့ စားတယ်၊ ကျွန်တော်တို့ကတော့ သောင်းပြောင်းနဲ့ စားတာဗျ" လို့အားရပါးရ မကြာခဏ ပြောလေ့ရှိတာ ကြားခဲ့ရဖူးပါတယ်။

ကျွန်တော် ၁၉၇၉ခုနှစ်၊ ဇွန်လ ၇ရက်နေ့မှာတရားရေးဝန်ထမ်းအဆင့် (၄)အဖြစ် စတင်ခန့်အပ်ခြင်းခံရလို့ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်၊ (အခြေခံပြည်သူ့ရေးရာဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ် ၄၂၊ (ဇယျ-၄၂) သင်တန်းကို တက်ရောက်ပြီး ရန်ကုန်မြို့ ဗဟိုတရားရုံးမှာ ဌာနတွင်းသင်တန်းတက်ရချိန်ကစတင်ကာ ဆရာကြီး ဦးမြပို့ချခဲ့တဲ့ ဥပဒေဘာသာ တရားစီရင်ရေးပညာရပ်တွေကို လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ ကျွန်တော် မန္တလေးတိုင်းတရားရုံးမှာ ဒုတိယလက်ထောက်တိုင်းတရားသူကြီး (တရားမ) (တရားရေးဝန်ထမ်းအဆင့် -၃) အဖြစ် တာဝန်ထမ်းဆောင်စဉ် ဆရာကြီးဦးမြရဲ့ တရားရုံးချုပ်(မန္တလေး)မှာ ပြုလုပ်တဲ့ ဟောပြောပို့ချမှုတစ်ခု တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီပို့ချမှုမှာ ဆရာကြီးဦးမြ သင်ကြားပေးခဲ့တာတွေအနက် အမှတ်တရစွဲထင်နေတဲ့ တရားသူကြီးတစ်ဦးရဲ့ အမှတ်တမဲ့ ဆုံးဖြတ်ခဲ့တဲ့အမှုအကြောင်းကို တင်ပြလိုပါတယ်။

ဆရာကြီးဦးမြက-

"တပည့်တို့၊ ဆရာ မကြာခင်က ဖတ်ခဲ့ရတဲ့ အမှုနှစ်မှုအကြောင်း ပြောပြမယ်။ လူတစ်ယောက်က ပြစ်မှုနှစ်မှုကျူးလွန်တဲ့အတွက် အမှုနှစ်မှုနဲ့ တရားစွဲဆိုတင်ပို့တယ်။ တရားသူကြီးတစ်ဦးတည်းကပဲ နှစ်မှုစလုံးကို စစ်တယ်။ တစ်ရက်ထဲမှာ နှစ်မှုစလုံးကို အဓိန့်ချတယ်။ သက်ညှာတဲ့ပြစ်ဒဏ်ချမှတ်တယ်။ နှစ်မှုစလုံးအတွက် တရားသူကြီးရဲ့ သက်ညှာတဲ့ပြစ်ဒဏ်ချမှတ်ရတဲ့အကြောင်းပြချက်ကတော့ တရားခံဟာ ပြစ်ချက်ဟောင်းမရှိလို့ ဆိုတဲ့ အကြောင်းပြချက်ပါဘဲ။

တပည့်တို့ သေသေချာချာ စဉ်းစားကြည့်ပါအုံး၊ တရားခံဟာ အရင်ကပြစ်ချက်ဟောင်းရှိကြောင်း မပေါ်ပေါက်တာတော့မှန်ပါတယ်။ ဒီတရားသူကြီး ဒီတရားခံအပေါ် ဆုံးဖြတ်တာ နှစ်မှုလေ ဒီတရားခံ ပြစ်ချက်ဟောင်းမရှိလို့ သက်ညှာတဲ့ပြစ်ဒဏ်ချမှတ်တဲ့အကြောင်းပြချက်က ပထမအမှုဆုံးဖြတ်ချိန်မှာ ဆီလျော်ပေမယ့် ဒုတိယအမှုကို အမိန့်ချမှတ်တော့မယ့်အချိန်မှာတော့ ဒီတရားခံမှာ ပြစ်ချက်ဟောင်း မရှိဘူး ဆိုတာ မဟုတ်တော့ပါဘူး။ အခုလေးတင် သူအမိန့်ချလိုက်တဲ့ ပထမအမှုရဲ့ ပြစ်ဒဏ်ဟာ ဆက်ပြီး အမိန့်ချမယ့် ဒုတိယအမှုအတွက်တော့ သူ့မျက်စိရှေ့မှောက်မှာတင်ဘဲ ပြစ်ချက်ဟောင်းဖြစ်သွားပြီလေ။ ဒီတော့ ဒုတိယအမှုမှာ တရားခံကို ပြစ်ချက်ဟောင်းမရှိလို့ သက်ညှာတဲ့ပြစ်ဒဏ်ချမှတ်တယ်ဆိုတဲ့ အကြောင်း ပြချက်က မှန်နိုင်ပါတော့မလား။ တရားစီရင်ရာမှာ ဒီလိုအမှတ်တမဲ့ မှားယွင်းမှုလေးတွေမဖြစ်ကြဖို့ သတိ ထားကြရမှာ လို့ ဟောပြောပို့ချခဲ့တာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀လောက်က ဆရာကြီးဦးမြရဲ့ဒီသင်ကြားပို့ချမှုတွေကို မကြာခင်က ပြုလုပ်ခဲ့တဲ့ ကယားပြည်နယ်တရားလွှတ်တော်နဲ့ ကယားပြည်နယ်အတွင်းက တရားရေးအရာရှိများရဲ့ တွေ့ဆုံပွဲတစ်ခု မှာ တစ်ခါတုန်းက ဆရာကြီးဦးမြက ကျွန်တော်တို့ကို ဒီလိုပို့ချဆွေးနွေးသင်ပြပေးခဲ့တယ် ဆိုတဲ့အကြောင်း အစည်းအဝေး တက်ရောက်လာကြတဲ့ မျိုးဆက်သစ် တရားရေးအရာရှိငယ်များကို မှတ်မှတ်ရရလက်ဆင့် ကမ်းမျှဝေလို့ သိမှတ်စေခဲ့ပါသေးတယ်။

ကျွန်တော်ဖတ်ခဲ့ရတဲ့ အမှုတွဲတစ်ချို့မှာလည်း မူလရုံးအမှုစစ်တရားသူကြီးတစ်ချို့ရဲ့ အမှတ်တမဲ့ ဖြစ်ခဲ့ကြတဲ့ အရေးအသားတစ်ချို့ကိုတွေ့ရပါတယ်။

တစ်မှုကမူလရုံးတရားသူကြီးက မုဒိမ်းမှုနဲ့ပတ်သက်လို့ စီရင်ချက်မှာ ဓာတုဗေဒဝန်ရုံးပြန်ကြားချက် တွင် သက်သေခံပစ္စည်းငွေမ်းကျစ်ထုပ်တံတွင် သုတ်ပိုးစမ်းသပ်မတွေ့ရှိရကြောင်း ဖော်ပြထားတယ်လို့ ရေးသားထားတာတွေ့ရတယ်။ ဒါနဲ့ သေချာအောင် မူလရုံးအမှုတွဲမှာပါရှိတဲ့ ဓာတုဗေဒဝန်ရုံးရဲ့ ပြန်ကြားစာကို ဖတ်ကြည့်တော့ ပေးပို့သောငွေမ်းကျစ်ထုတ်တံတွင် သုတ်ပိုးစမ်းသပ်မတွေ့ရှိရပါ လို့ ဖော်ပြထားတာ တွေ့ရတယ်။ ဓာတုဗေဒဝန်ရုံး ကတော့ စာလုံးပေါင်းသတ်ပုံ အမှန်အတိုင်းရေးထားတာပါ။ အမှန်ကသုတ်ပိုးမဟုတ်ပါ။ သုက်ပိုးပါ (သတစ်ချောင်းငင် တသတ်မဟုတ်ပါ၊ သ တစ်ချောင်းငင် ကသတ်ပါ) သုက်ပိုးဆိုတဲ့စာလုံးမှာ သတစ်ချောင်းငင် ကို တ မသတ်ပါဘူး။ ကသတ်ပါတယ် လို့တရားရုံးချုပ် (မန္တလေး) က တရားရုံးချုပ်တရားသူကြီး ဆရာဦးစိန်လှိုင် က အစည်းအဝေးတစ်ခုမှာ ရှင်းပြခဲ့ဖူးလို့ ကျွန်တော့် စိတ်ထဲမှာလည်း အမှတ်ထင်ထင် ဖြစ်နေခဲ့တာပါ။

နောက်တစ်မှုက မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ဆောင်ရွက်တဲ့အမှုပါ။ အဲ့ဒီအမှုရဲ့ ပထမသတင်းပေးတိုင်တန်းချက်မှာ တရားခံရဲ့နေအိမ်ကို သတင်းအရ ဝင်ရောက် ရှာဖွေရာမှာ တရားခံအိပ်နေတဲ့ အိပ်ရာဘေးကြမ်းပြင်ပေါ်က WBစာတမ်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြားတွေ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့တယ်လို့ ဖော်ပြထားတာတွေ့ရှိပြီး တရားလိုပြသက်သေ တွေရဲ့ ထွက်ဆိုချက်တွေကို ဖတ်ကြည့်တော့ တစ်ချို့ကလည်း သက်သေခံ ပစ္စည်းဆေးပြားတွေကို WBစာတမ်းပါဆေးပြားတွေလို့ ပြောကြသလို၊ တစ်ချို့ကလည်း WYစာတမ်း ပါဆေးပြားတွေလို့ ပြောကြပါတယ်။ မူလရုံး အမှုစစ်တရားသူကြီးရဲ့စီရင်ချက်မှာတော့ သက်သေခံဆေးပြားတွေကို WY စာတမ်းပါ ဆေးပြားတွေလို့ ဖော်ပြထားတာတွေ့ရတယ်။ ဒီသက်သေခံ ဆေးပြားတွေနဲ့ ပတ်သက်တဲ့ ဓာတုဗေဒဝန်ရုံးရဲ့ပြန်ကြားချက်မှာကတော့ သက်သေခံပစ္စည်း WB စာတမ်းပါ ပန်းရောင်ဆေးပြားများဟာ

မက်အင်မိဖီတမင်း (Mathamphetamine) ဖြစ်ကြောင်းပြန်ကြားခဲ့တာ တွေ့ရပါတယ်။ မူလရုံးအမှုတွဲပါ စာရွက်တွေကို တစ်ရွက်ချင်း ပြန်လှန်ကြည့်တော့ အမှုကသက်သေခံပစ္စည်း ဆေးပြားတွေရဲ့ ဓာတ်ပုံတွေကို တွေ့ရတယ်။ အဲဒီဓာတ်ပုံတွေမှာ တွေ့ရတာကတော့ ဆေးပြားတွေပေါ်မှာ ထင်ထင်ရှားရှားရေးထားတဲ့ စာလုံးတွေက WB ပါ။ WY မဟုတ်တာ တွေ့ရပါတယ်။

နောက်ထပ်တစ်မူကတော့ တရားခံအပေါ် မူလရုံးက မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅အရ ပြစ်မှုထင်ရှားစီရင်ခဲ့တဲ့ အမှုပါ။ အဲဒီအမှုမှာ တရားခံရဲ့ ဆီးနမူနာမှာ အင်ဖက်တမင်း (Amphetamine)စမ်းသပ်တွေ့ရှိရတဲ့အတွက် တရားခံဟာ မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ကြောင်း ထင်ရှားတယ်လို့ မူလရုံးအမှုစစ်တရားသူကြီးကသုံးသပ်ပြီး မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅အရ ပြစ်ဒဏ်ချမှတ်ခဲ့တာပါ။ ဒီဥပဒေ၊ ဒီပုဒ်မနဲ့ ပြစ်ဒဏ်ချတာမှားတယ်လို့ မဆိုနိုင်ပေမယ့် အင်ဖက်တမင်း (Amphetamine)ဆိုတာက ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၁၂၊ ဇယား (၂)၊ စဉ် (၁)အရ စိတ်ကိုပြောင်းလဲစေသောဆေးဝါးပါ။ မူလရုံးအမှုစစ်တရားသူကြီးသုံးသပ်သလို မူးယစ်ဆေးဝါးတော့ မဟုတ်ပါဘူး။

ကျွန်တော်အထက်မှာတင်ပြခဲ့တဲ့ အမှုတွေမှာ အမှုစစ်တရားသူကြီးရဲ့ အမှတ်တမဲ့ ရေးသားသုံးသပ်ဆုံးဖြတ်ဆောင်ရွက်ချက်များဟာ သက်ဆိုင်ရာအမှုသည်တွေအပေါ် ထိခိုက်နစ်နာစေမှု တစ်စုံတစ်ရာ ဖြစ်ပေါ်တယ် မဆိုနိုင်ပေမယ့် အမှုစစ်တရားသူကြီးတစ်ချို့ရဲ့ တစ်ချို့သော အမှတ်တမဲ့ အမှားကလေးများကြောင့် သက်ဆိုင်ရာ အမှုသည်များအပေါ် ထိခိုက်နစ်နာသွားစေတာမျိုးလည်း ဖြစ်ပေါ်နိုင်စရာတွေ ရှိတတ်ပါတယ်။

"တံငါသည်ရေနစ်၊ သမားလည်းသားသေ" နဲ့လူတွေဟာ ကိုယ်ကျွမ်းကျင်ရာနယ်ပယ်မှာပေမယ့် အပြည့်အဝတော့ စိတ်ချရဖို့ ခက်လှလို့ "မမှားသောရှေ့နေ၊ မသေသောဆေးသမား ဆိုရိုးစကားတောင် ရှိတာမို့ ပုထုဇဉ်မှန်သမျှ ဘယ်သူမှ အမှားနဲ့ကင်းနိုင်ကြမှာမဟုတ်ဘူးဆိုတာ အများကလက်ခံနိုင်ကြမှာပါ။ ဒါပေမဲ့ အမှားခံရတဲ့သူတွေ၊ အမှားရဲ့ဒဏ်ကိုခံစားရတဲ့သူတွေအတွက်ကတော့ ဒီဆိုရိုးစကားနဲ့ ပညာရှင်တွေရဲ့ အမှားကို အလွယ်တကူ နားလည်လက်ခံခွင့်လွှတ်နိုင်ကြမယ် မထင်ပါဘူး။

ဒါကြောင့်လည်း အလွန်တော်တဲ့ စက်ရှင်မင်းကြီးတစ်ယောက်ဟာ ထောင်ဝရမ်းတစ်ခုကို ရေးရာမှာ အမှတ်တမဲ့ အမှားလေးတစ်ခုပါသွားခဲ့ဖူးတဲ့အတွက် ဒီထက်အဆင့်မြင့်တဲ့ ရာထူးမှာ တာဝန်ထမ်းဆောင်ခွင့်မရတော့ဘဲ စက်ရှင်မင်းကြီးဘဝနဲ့ပဲ အငြိမ်းစားယူသွားခဲ့ရတယ်ဆိုတဲ့အကြောင်း ကျွန်တော်ငယ်ငယ်ကကြားခဲ့ရဖူးပါတယ်။

ကိုယ့်ရဲ့ အမှတ်တမဲ့ဆောင်ရွက်ချက်ကြောင့် ကိုယ်ကိုယ်တိုင်ရော သူတစ်ပါးပါ တစ်စုံတစ်ရာ ထိခိုက်နစ်နာမှု မရှိစေချင်တာ အားလုံးရဲ့ဆန္ဒပဲမို့၊ မိမိသူတစ်ပါး နှစ်ဦးသားထိခိုက်နစ်နာမှု မဖြစ်ရလေအောင် တရားစီရင်ရာမှာ "ပညာရှိသတိဖြစ်ခဲ" မဖြစ်ကြဘဲ "ပညာရှိသတိဖြစ်ခဲ" ဖြစ်ကြရင်တော့ အမှတ်တမဲ့ အမှားကလေးများကင်းစင်ပြီး တရားရေးမဏ္ဍိုင်ကြီးခိုင်ခြင်းရဲ့ အကြောင်းတစ်ခုအဖြစ် အထောက်အကူ ဖြစ်စေမှာအမှန်ပဲလို့ တင်ပြအပ်ပါတယ်။

**မောင်တင်ဌေး(တရားရေး)**
**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး**

# လွတ်လပ်စွာပြောဆိုခွင့် ၊ အမုန်းတရားစကားနှင့် တရားဥပဒေ

ဦးအုန်းနိုင်(တရားရေး)

လွတ်လပ်စွာပြောဆိုခွင့် (Freedom of Speech)သည် အတွေးအခေါ်နှင့် ထင်မြင်ယူဆချက်များကို စကားပြောဆိုမှု၌ ဖြစ်စေ၊ ရေးသားရာ၌ ဖြစ်စေ ဟန့်တားနှောင့်ယှက်မှုမရှိဘဲ (သို့မဟုတ်) ပြစ်ဒဏ်ချမှတ်မှုကို စိုးရိမ်မှုမရှိဘဲ ထုတ်ဖော်နိုင်သော လွတ်လပ်မှု ဟုဆိုကြသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၁၉အရ "လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့် နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာ စွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို သတင်းမီဒီယာတစ်ရပ်ရပ်မှ တစ်ဆင့် နယ်နိမိတ်အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်း ပါဝင်သည်" ဟူ၍ အာမခံပေးထားသည်ကို တွေ့နိုင်သည်။

လွတ်လပ်စွာ ပြောဆိုခွင့်အား နိုင်ငံအတော်များများတွင် ခွင့်ပြုထားသည်။ ပုံစံအမျိုးမျိုးဖြင့် တားမြစ်ထားသည့်နေရာများလည်းရှိနေပေသေးသည်။ သို့သော်လွတ်လပ်စွာပြောဆိုခွင့်အား အပြည့်အဝ ပေးအပ်ကာကျင့်သုံးသော တိုင်းပြည်မူကား မရှိချေ။ နိုင်ငံအားလုံးသည် လွတ်လပ်စွာပြောဆိုခွင့်အား ပြီးပြည့်စုံစွာ မရသေးသကဲ့သို့ အကြောင်းပြချက်အမျိုးမျိုးဖြင့် ပို၍ ပိတ်ပင်ခံကြရသော နိုင်ငံများလည်း ရှိပါသည်။

ဤနေရာတွင် ပြဋ္ဌာန်းထားသောဥပဒေများကို ချိုးဖောက်ဆန့်ကျင်ခြင်း မရှိမှသာ လွတ်လပ်စွာ ပြောဆိုနိုင်သည်။

-နိုင်ငံတော်လုံခြုံရေး

-တရားဥပဒေစိုးမိုးရေး

-ရပ်ရွာအေးချမ်းသာယာရေး

ပြည်သူတို့၏ကိုယ်ကျင့်တရားဆိုင်ရာ ပြဋ္ဌာန်းထားသည့်ဥပဒေများအား မဆန့်ကျင်ပါက လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ပါသည်။ အဆိုပါ ကန့်သတ်ချက်များနှင့်ဆိုင်သော ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း သိရှိရန်လိုပေမည်။ မည်သည့်ဥပဒေများဖြစ်ပြီး မည်သည့်အကြောင်းခြင်းရာများ ပါဝင်ကြောင်း မသိရှိပဲဖြစ်စေ၊ သိရှိပါလျက် ရည်ရွယ်ချက်ရှိရှိ ဖြစ်စေ ဆန့်ကျင်မှုများကို တားမြစ်ထားသည်ကို တွေ့နိုင်ပါသည်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းပေးထားသည့်ဥပဒေများနှင့်မဆန့်ကျင်လျှင် ဆိုသည့်စကားရပ်အား တွေ့နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁၀၊ပုဒ်မ ၃၅၄တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းပေး ထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်
(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်
(ဂ) အသင်းအဖွဲ့သို့မဟုတ် အစည်းအရုံးများဖွဲ့စည်းဆောင်ရွက်ခွင့်
(ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုးသို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် ဟူ၍ ပြဋ္ဌာန်းထားသည်။

ယင်းအချက်အား အခြားဒီမိုကရေစီနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးများနှင့် ယှဉ်ကြည့်လျှင် တောင်အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၂)တွင် လွတ်လပ်စွာပြောဆိုခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ပုဒ်မ ၁၆တွင်

(၁) လူတိုင်းလူတိုင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိရမည်။
ယင်းတွင် (က) ပုံနှိပ်မီဒီယာနှင့် အခြားသော မီဒီယာများ၏လွတ်လပ်မှု
(ခ) သတင်းအချက်အလက်နှင့်အတွေးအခေါ်များအား လက်ခံရယူနိုင်ခွင့် သို့မဟုတ် ဝေငှဖြန့်ချိနိုင်ခွင့်
(ဂ) အနုပညာဖန်တီးမှုဆိုင်ရာလွတ်လပ်ခွင့်နှင့်
(ဃ) ပညာရပ်လွတ်လပ်မှုနှင့် သိပ္ပံပညာသုတေသနလွတ်လပ်မှု ပါဝင်သည်။
သို့သော် (က) စစ်ဆင်နွှဲရန်ဝါဒဖြန့်ချိမှု
(ခ) မကြာမီဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုများကို နှိုးဆော်ဖန်တီးခြင်း
(ဂ) လူမျိုး၊ လူမျိုးစု၊ လိင်သို့မဟုတ် ဘာသာရေး အမုန်းတရားများ ဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း၊ အန္တရာယ်ဖြစ်ပေါ်စေသော အမုန်းတရားများကိုဖြစ်ပေါ်စေခြင်း စသည်တို့ကို တားမြစ်ကန့်သတ်ထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံနှင့် မရှေးမနှောင်း ဒီမိုကရေစီကူးပြောင်းမှုတွင်ပါဝင်လာသည့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် –

ပုဒ်မ၁၇(၁) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း နှင့် သတင်းအချက်အလက်အခွင့်အရေးများအား အာမခံသည်။

(၂) လူတိုင်းလူတိုင်းသည် ၎င်းတို့၏ ပြောစကား၊ အရေးအသား၊ ပုံနှိပ်စာ၊ ရုပ်ပုံသို့မဟုတ် အခြားသော ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့်ဖြစ်စေ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ခွင့်ရှိသည်။

(၃) ဆင်ဆာတည်းဖြတ်တားမြစ်ခြင်းကို ခွင့်မပြု။

(၄) လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက်များကို ပျံ့နှံ့အောင်လုပ်ဆောင်ခြင်းအား ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် အခြားသောသူများ၏လွတ်လပ်ခွင့်များနှင့် အခွင့်အရေးများ၊နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူလုံခြုံရေး၊ အများပြည်ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားများကို ကာကွယ်ရန်အတွက် လိုအပ်သော အတိုင်းအတာများရှိလျှင် ဥပဒေဖြင့်ကန့်သတ်ကောင်းကန့်သတ်နိုင်သည်။

ဤနေရာတွင် တွေ့နိုင်သည်မှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ ထုတ်ဖော်ခွင့်များပေးထားသည်။ သို့သော် အမုန်းတရားပေါ်ပေါက်စေသောစကားမပါဝင် ဟူသောအချက်ဖြစ်သည်။

လွတ်လပ်စွာ ပြောဆိုရေးသားခွင့်တွင် သတိချပ်ရမည်မှာ မိမိတွင် လွတ်လပ်စွာပြောဆိုရေးသားခွင့်

ရှိသကဲ့သို့ အခြားသူအားလုံးလည်း မိမိနှင့်အလားတူ ရှိသည်ဆိုခြင်းပင် ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မိမိ၏ပြောဆိုရေးသားချက်သည် တစ်ပါးသူနှင့် သက်ဆိုင်လာပါက သတိပြုရန်လိုသည်။ သူတစ်ပါး၏ အကျိုးစီးပွားအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေထိခိုက်မှုတစ်ခုတစ်ရာရှိပါက မိမိကတာဝန်ယူရမည် ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉တွင် "မည်သူမဆိုနှုတ်ဖြင့်ဖြစ်စေ၊ ဖက်ရှင်စေရန် ကြံရွယ်သည့် စကားဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၏အသရေကို နစ်နာစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသူနှင့် စပ်လျဉ်း၍ စွပ်စွဲခြင်းသည် ထိုသူ၏ အသရေကို နစ်နာစေမည်ဟု သိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိချက်နှင့် သော်လည်းကောင်း ထိုသူနှင့်စပ်လျဉ်းသော စွပ်စွဲချက်ကို ပြုလျှင်သို့တည်းမဟုတ် ကြေညာလျှင် ထိုသူသည် အောက်ပါကင်းလွတ်ချက်များမှတစ်ပါး အဆိုပါလူ၏အသရေကို ဖျက်သည်မည်၏။

ရှင်းလင်းချက် (၁)။ ။ သေသူတစ်ဦးတစ်ယောက်ကိုစွပ်စွဲသော စွပ်စွဲချက်သည် ထိုသူ အသက်ရှင်လျက်ရှိပါက ထိုသူ၏အသရေကို နစ်နာစေမည်ဖြစ်လျှင်သော်လည်းကောင်း၊ ထိုသူ၏မိသားစုအား သို့တည်းမဟုတ် အခြားဆွေမျိုးအရင်းများအား စိတ်နှလုံးထိခိုက်စေရန် ကြံရွယ်လျှင်လည်းကောင်း သေသူကို စွပ်စွဲခြင်းကို အသရေဖျက်မှု မြောက်နိုင်သည်။

ရှင်းလင်းချက် (၂)။ ။ ကုမ္ပဏီကို ကုမ္ပဏီအဖြစ်ဖြင့် သော်လည်းကောင်း၊ အသင်းကို အသင်းအဖြစ်ဖြင့် သော်လည်းကောင်း လူတစ်စုကို လူတစ်စုအဖြစ်ဖြင့်သော်လည်းကောင်း စွပ်စွဲခြင်းသည် အသရေဖျက်မှု မြောက်နိုင်သည်။

ရှင်းလင်းချက် (၃)။ ။ တစ်ခုမဟုတ်လျှင် တစ်ခုဟုတ်ကြောင်း စွပ်စွဲခြင်းသည် အသရေဖျက်မှု မြောက်နိုင်သည်။

ရှင်းလင်းချက် (၄)။ ။ စွပ်စွဲချက် တစ်ခုသည် လူတစ်ဦးတစ်ယောက်၏ အကျင့်စာရိတ္တကိုသော်လည်းကောင်း၊ ဉာဏ်ပညာအရည်အချင်းကိုသော်လည်းကောင်း၊ ထိုသူ၏ မျိုးရိုးဇာတ်နှင့် ဖြစ်စေ၊ အလုပ်အကိုင်နှင့်ဖြစ်စေ၊ စပ်လျဉ်းသော ကျင့်ဝတ်ကိုသော်လည်း၊ ထိုသူ၏ စီးပွားရေးဂုဏ်ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အထင်အမြင်သေးခြင်း ဖြစ်စေလျှင် သို့တည်းမဟုတ် ထိုသူ၏ ကိုယ်အင်္ဂါသည် စက်ဆုပ်ဖွယ်ဖြစ်သည်ဟုသော်လည်းကောင်း၊ ယေဘုယျအားဖြင့် ရွံရှာဖွယ်အခြေခံရှိသည်ဟုသော်လည်းကောင်း၊ သူတစ်ပါး၏ ယုံကြည်ခြင်း မဖြစ်စေလျှင် ထိုစွပ်စွဲချက်သည် အသရေကို ဖျက်သည်မည်၏။

ထို့ကြောင့်မြန်မာနိုင်ငံတွင် လွတ်လပ်စွာပြောဆိုခွင့် အတိုင်းအတာတစ်ခုထိ ရရှိနေသော်လည်း ထိုပြောဆိုခွင့်အတွက် တာဝန်ခံမှုနှင့် တာဝန်ယူမှုတို့ကို နားလည်ရန် လိုအပ်နေသေးကြောင်း သုံးသပ်နိုင်ပါသည်။ ခိုင်လုံသောအကြောင်းယုတ္တိနှင့် သဘောရိုးဖြင့် မဟုတ်ဘဲ တစ်ဦးဦးအပေါ် ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်အပေါ်ဖြစ်စေ ပြောဆိုရေးသားလျှင် အသရေဖျက်မှုကို ကျူးလွန်ရာရောက်နိုင်ပေသည်။ တစ်ဖက်မှ လွတ်လပ်စွာရေးသားပြောဆိုခွင့်ကိုဖော်ထုတ်ခြင်းဖြစ်သော်လည်း အခြားတစ်ဖက်အတွက် ဂုဏ်သိက္ခာထိခိုက်၍ အသရေဖျက်သည်ဟုထင်မြင်ယူဆလျှင် ခံရသူဘက်မှ တရားစွဲဆိုနိုင်ပေသည်။ သို့သော် အသရေဖျက်မှုမမြောက်သော ရေးသားဖော်ပြချက်များ တစ်နည်းအားဖြင့် ကင်းလွတ်ချက် (Exceptions) များမှာ-

၁။ အများပြည်သူအကျိုးအတွက် ပြုလုပ်ရန်သို့တည်းမဟုတ် ကြေညာရန်လိုအပ်သည့် မှန်ကန်သော အရာကို စွပ်စွဲခြင်း

၂။ ပြည်သူ့ဝန်ထမ်း၏တာဝန်ဝတ္တရားဆိုင်ရာအပြုအမူ

၃။ အများပြည်သူပြဿနာဆိုင်ရာ တစ်ဦးတစ်ယောက်သောသူ၏အပြုအမူ
၄။ တရားရုံးများ၏ မူခင်းဆောင်ရွက်ချက်များကို ကြေငြာခြင်း
၅။ တရားရုံးတွင် စီရင်ဆုံးဖြတ်သည့်အမှု၏အရည်အသွေးသို့တည်းမဟုတ် သက်သေများနှင့် အခြားသက်ဆိုင်သူများ၏အပြုအမူ
၆။ အထင်အရှားဆောင်ရွက်မှု၏အရည်အသွေး
၇။ တစ်ဦးတစ်ယောက်သောသူအပေါ်၌ ဥပဒေနှင့်အညီ အခွင့်အာဏာရှိသူက သဘောရိုးဖြင့် အပြစ်ပြောဆိုခြင်း
၈။ လူတစ်ဦးတစ်ယောက်အကြောင်းကို အခွင့်အာဏာရရှိသူအား သဘောရိုးဖြင့် ပြောဆိုစွပ်စွဲခြင်း
၉။ တစ်ဦးတစ်ယောက်သောသူက မိမိ၏အကျိုးကို သို့တည်းမဟုတ် အခြားသူ၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရန် သဘောရိုးဖြင့် စွပ်စွဲခြင်း
၁၀။ သတိပေးခြင်းခံရသူအကျိုးအတွက် ဖြစ်စေ၊ အများပြည်သူ၏အကျိုးအတွက်ဖြစ်စေ ရည်ရွယ်၍သတိပေးခြင်းတို့ဖြစ်ကြပြီး ယင်းကင်းလွတ်ချက်များတွင် အကျုံးဝင်ပါက လွတ်လပ်စွာ ပြောဆိုခွင့်ကို ကျင့်သုံးနိုင်ပေသည်။

လူတစ်ဦးတစ်ယောက်၏ လွတ်လပ်စွာ ပြောဆိုခွင့်သည့် "ရာဇဝတ်မကင်းသော ခြောက်လှန့်မှု" (criminal intimidation)"စော်ကားမှု" (Insult)နှင့် "စိတ်ငြိုငြင်စေမှု" (Annoyance)တို့ကို ဖြစ်စေနိုင်ကြောင်း တွေ့ရသည်။

လွတ်လပ်စွာ ပြောဆိုခွင့်သည် မိမိယုံကြည်ရာ အတွေးအခေါ်၊ ယူဆချက်တို့ကို အချုပ်အနှောင်မဲ့ထုတ်ဖော်ခွင့်ရှိသော်လည်း တစ်ခါတစ်ရံ အများပြည်သူအကျိုးပျက်စီးစေမှုကို ဖြစ်စေသော ဖော်ပြချက် (statements conduct to public mischief) ကိုကျူးလွန်ရာရောက်စေတတ်ခြင်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ တွင် ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၅၀၅။ ။ မည်သူမဆိုဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေငြာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင်

(က) ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုမှ အရာရှိအား သို့တည်းမဟုတ် တပ်သားကစစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ မိမိ၏တာဝန်ဝတ္တရားကို မလေးစားခြင်း သော်လည်းကောင်း၊ ပျက်ကွက်ခြင်းကိုသော်လည်းကောင်း ပြုစေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ပြုစေတန်ရာသည့် အကြောင်းရှိလျှင် သို့တည်းမဟုတ်

(ခ) နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိုပ်ပစ်ရေးကိုဖြစ်စေထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း၊ ကြောက်ခြင်းထိတ်လန့်ခြင်း တစ်ခုခုကိုဖြစ်စေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင် သို့တည်းမဟုတ်

(ဂ) လူအမျိုးအစားအချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် ပြစ်မှု ကျူးလွန်အောင် လှုံ့ဆော်ရန် အကြံရှိလျှင် သို့တည်းမဟုတ် အဆိုပါ လှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင် ထိုပြုစုပြောဆိုချက်တို့မှာ အများပြည်သူ၏အကျိုးပျက်စီးမှုကို ဖြစ်စေသောဖော်ပြချက် ဖြစ်သည်။

သို့သော် တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်၊ ကောလဟာလသတင်းကိုဖြစ်စေ ထုတ်ပြန်

ကြေငြာရာတွင် မှန်ကန်သည့် ယုံကြည်ရန် အကြောင်းရှိသည့်ပြင် အထက်ကဆိုခဲ့သော အကြံမရှိပဲ ပြုလျှင် ထုတ်ပြန်ကြေငြာလျှင် ဖြန့်ချိလျှင် ဤပုဒ်မအရ ပြစ်မှုမမြောက်ကြောင်း ကင်းလွတ်ချက် ပြုထားသည်။

**ဦးလောရုံနှင့် ဦးလှမောင်** အမှု[၁]တွင် သတင်းစာအယ်ဒီတာတို့သည် အထူးလူတန်းစားမဟုတ်ဘဲ အခြားသူများနည်းတူ အသရေဖျက်သည့်စကားများကို ၎င်းတို့၏ သတင်းစာများ၌ ရေးသားခြင်း ဖြစ်လျှင် အသရေဖျက်မှုအတွက် တာဝန်ရှိကြောင်း၊ သတင်းစာပါ သတင်းများအား စာဖတ်သူများက အဟုတ်ထင်တတ်သဖြင့် ၎င်းတို့၏ သတင်းမှတ်ချက်များသည် မှုတ၍ အမှန်တရားအပေါ် အခြေခံသင့်သောကြောင့် ပို၍ တာဝန်ရှိကြောင်း၊ တရားလိုကို ရည်ညွှန်းကြောင်းနားလည်ပါက နာမည်အထင်အရှားမပါသော်လည်း သက်ဆိုင်မှုရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ **ဦးလောရုံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ**အမှု[၂]တွင်လည်း စွပ်စွဲသည့်အချက် သို့မဟုတ် ပုတ်ခတ်သည့်အချက်တို့ကို အတည်ပြုရန် ခိုင်လုံသော သို့မဟုတ် သင့်မြတ်သော အချက်အလက်များ ရှိ/မရှိ ဂရုစိုက်စုံစမ်းခြင်း ၊ အယ်ဒီတာသည် အခြားသူတစ်ဦးတစ်ယောက်အား နစ်နာစေသည့်စွပ်စွဲချက် သို့မဟုတ် ပုဂ္ဂိုလ်ရေးပုတ်ခတ်ခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း၊ အသရေဖျက်ခံရသူအား စာဖြင့် ရည်ညွှန်းခြင်းကို စာဖတ်သူများက သိနားလည်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉အလို၄၁ နာမည်ကို အထင်အရှား ဖော်ပြရန်မလိုကြောင်း ဆုံးဖြတ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ပြည်သူလူထုအနေဖြင့် ရိုးသားသော စိတ်ထားဖြင့် မှန်ကန်သောအကြောင်းများကိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုကာ မိမိတို့၏ အခွင့်အရေးများကိုမရရအောင် ပူးပေါင်းလုပ်ဆောင်ကြရမည် ဖြစ်သကဲ့သို့ အခြားသူများ၏ အခွင့်အရေးများအား မကျူးလွန်မဖောက်ဖျက်နိုင်ရေးအတွက် သတိပြုရမည် ဖြစ်သည်။ လွတ်လပ်စွာပြောဆိုခွင့်ကို အသုံးပြုကာ ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးစသည်တို့ကို မတည်မငြိမ် ဖြစ်စေရန် ဖန်တီးမှုများကြောင့် အမှုအခင်း၊ ပဋိပက္ခများဖြစ်ပွားစေတတ်သည်ကိုလည်း ဂရုပြုရန် လိုပါသည်။ မိမိတို့ယုံကြည်ရာကို လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ခွင့်အား ကျင့်သုံးရန် ဖြစ်သကဲ့သို့ ထိုအခွင့်အရေးကို မပျက်စီးအောင် ကာကွယ်ရမည် ဖြစ်ပါသည်။ အခွင့်အရေးအားကျင့်သုံးရင်း တစ်ဖက်မှာလည်း မလိုလားအပ်သော အကျိုးဆက်များ ဖြစ်ပေါ်စေမည့်အမုန်းတရားစကား(Hate speech)၏ ကန့်သတ်နယ်နိမိတ်တွင်းသို့ ရောက်ရှိမသွားစေရန်လည်း စံတစ်ရပ်ဖြင့် ပိုင်းခြားသတ်မှတ်နိုင်ရန် လိုအပ်လျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ဦးအုန်းခိုင် (တရားရေး)**

ကျမ်းကိုး
-ပြစ်မှုဆိုင်ရာဥပဒေသိကောင်းစရာ (ဦးသက်ဖေ)
-The Journal of Human Rights & Demoracy.

---

၁။ ၁၉၅၄ လွှတ်တော်ချုပ် ၇၆
၂။ ၁၉၅၄ လွှတ်တော် ၁၁၆

# ကျင့်ထုံးဆိုင်ရာ ပြဿနာများ

တင်ဟုန် (တရားရေး)

(က) **အယူခံရုပ်သိမ်းခွင့်**

တရားမကြီးမှုနှင့် ပြစ်မှုဆိုင်ရာမူလမှုများ ရုပ်သိမ်းခြင်းအတွက် တရားမကျင့်ထုံးဥပဒေနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတို့တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ အယူခံမှုများရုပ်သိမ်းခွင့်နှင့် ပတ်သက်၍မူ အတိအလင်း ပြဋ္ဌာန်းချက်မရှိပေ။ မိတ်ဆွေတရားလွှတ်တော်ရှေ့နေတစ်ဦးက ပြစ်မှုဆိုင်ရာ အယူခံမှုတစ်မှုကို ပြန်လည်ရုပ်သိမ်းလိုကြောင်း ပြောဖူးပါသည်။

နိုင်ငံတော်ကစွဲဆိုသော အမှုမျိုးမဟုတ်ဘဲ တိုက်ရိုက်လျှောက်ထားစွဲဆိုသော သာမန်မှုမျိုးကို ရုပ်သိမ်းခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၈နှင့် သက်ဆိုင်သည်။

နိုင်ငံတော်ကစွဲဆိုသောပြစ်မှုဆိုင်ရာအမှုများကို ရုပ်သိမ်းရန်လိုအပ်လျှင် သက်ဆိုင်ရာဥပဒေအရာရှိက လျှောက်ထားခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄နှင့် သက်ဆိုင်သည်။

တရားမကြီးမှု ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၃ နည်း ၁တွင် ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၇(၂)အရ တရားမကြီးမှုကို အယူခံရုံးက ရုပ်သိမ်းခွင့်ပြုနိုင်ကြောင်း A.I.R 1953 Nga 127, (1915) 37 All 326, (1917) 40 Mad 259, (1920) 44 Bom 598 အမှုတို့တွင် ထုံးဖွဲ့ထားသည်။

အယူခံရုံးသည် တရားမအယူခံမှုကို ရုပ်သိမ်းခွင့်ပြုနိုင်သည့် အခွင့်အာဏာရှိကြောင်း Ram Pershad V. Bhurosa Koonwar 9 W.R.328 အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်။

"An appellate court has authority to permit an appeal to be withdrawn." W.R. (Suther Land's Weekly Reporter, 1862-1876. Calcutta Weekly Reporter, 1852-1906).

တရားမကျင့်ထုံးဥပဒေအမိန့် ၂၃နည်း ၁ပါ ပြဋ္ဌာန်းချက်များသည် အယူခံမှုများနှင့်လည်း သက်ဆိုင်ကြောင်း D.F.MULLA ၏ The Code of Civil Procedure, 1941.11th edn P.952 တွင် 9 W.R 328, Pandu V.Devji (1883) 7Bom 287 တို့ကို ရည်ညွှန်းပြီးအောက်ပါအတိုင်းဖော်ပြထားသည်။

"This rule applies to appeals- This rule applies to appeal see S.107. Hance any appellate Court may allow an appeal to be withdrawn, and the High Court may allow a second appeal to be withdrawn." See 0.41,r 22(4) and notes thereto.

ပြစ်မှုဆိုင်ရာ အယူခံမှုများနှင့် ပတ်သက်၍ လက်ခံကြားနာရန်တင်သွင်းထားသော အယူခံလျှောက်လွှာတစ်ခုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၁အရ အကျဉ်းနည်းဖြင့် ပလပ်ခြင်းမခံရမီ ရုပ်သိမ်းနိုင်ကြောင်း Chundernath 5 C.L.R 372 အမှုတွင်အောက်ပါအတိုင်း ညွှန်ပြထားသည်။

"A petition of appeal presented for admission may be withdrawn before it is dismissed under this section." (S.421 Cr.P.C) C.L.R (Calcutta Law Reports, 1878-1883).

သို့ရာတွင် အယူခံမှုကို လက်ခံကြားနာပြီးသည်နှင့် တစ်ပြိုင်နက်အယူခံကို အမှုအရည်အသွေးအရ အဆုံးအဖြတ်ပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၁ အရ ဖြစ်စေ၊ ပုဒ်မ ၄၂၂နှင့် ပုဒ်မ ၄၂၃တို့အရ ဖြစ်စေ ဆက်လက်ဆောင်ရွက်သွားရန်မှာ အယူခံတရားရုံး၏ တာဝန်ဖြစ်ကြောင်း၊ အယူခံမှုကို တင်သွင်း၍ တရားရုံးက လက်ခံသည်နှင့် တစ်ပြိုင်နက် အယူခံတရားလိုဌ် ရုပ်သိမ်းခွင့်မရှိသလို တရားရုံးကလည်း ရုပ်သိမ်းခွင့် မပြုနိုင်ကြောင်း EMP. V.Ghulam Md, A.I.R 1942 Lah 296 (298) အမှုတွင် အောက်ပါအတိုင်း ညွှန်ပြထားသည်။

The legislature have never contemplated any withdraw of an appeal once lodged whether by the accused or by the crown and once the appeal has been lodged and admitted, it is not in the power of any court is bound once the appeal is admitted to proceed under sec.421 or under secs 422 and 423, to decide the appeal on the merits.

ထို့ကြောင့် ပြစ်မှုဆိုင်ရာအယူခံမှုကို လက်ခံခွင့်ပြုပြီးဖြစ်လျှင် ကြားနာပြီးအမှုအရည်အသွေး အရ ထိုက်သင့်သလို ဆုံးဖြတ်ရန်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

## (ခ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂အရ သက်သေ၏ထွက်ဆိုချက်

အမှုတစ်မှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂အရသက်သေ၏ ထွက်ဆိုချက်မိတ္တူဖြင့် သက်သေအား တိုက်ဆိုင် စစ်ဆေးရာမှ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂အရ စုံစမ်းမှုတွင် ရဲအရာရှိက ရယူခဲ့သည့် သက်သေထွက်ချက်ကို တရားခံက မိတ္တူကူးယူခွင့်ရှိမရှိ၊ ရုံးရှေ့တွင် သက်သေအား တိုက်ဆိုင်စစ်မေးခွင့်ရှိမရှိ အငြင်းပွားခဲ့ကြောင်း တရားသူကြီးတစ်ဦးက ပြောပြပါသည်။

ရာဇဝတ်တရားသူကြီးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂အရ တိုင်တန်းချက်မှန်မမှန် သိသာရန် ကိစ္စအလို့ငှာ စုံစမ်းစစ်ဆေးခြင်းလုပ်ရန် ရဲအရာရှိတစ်ဦးအား ညွှန်ကြားနိုင်သည်။ ရဲအရာရှိ၏ အစီရင်ခံစာနှင့် ရဲအရာရှိက စစ်ဆေးခဲ့သူများ၏ အစစ်ခံချက်တို့မှာ အမှုတွဲ၏ တစ်စိတ်တစ်ဒေသ ဖြစ်သောကြောင့် တရားခံသည် ယင်းအစီရင်ခံစာနှင့် အစစ်ခံချက်တို့ကို ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ရှိကြောင်း မောင်ရှိန်းနှင့် နိုင်ငံတော် 1941.R.L.R 590တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်။

If under section 202 of the Cr.P.C a magistrate directs a police officer to investigate into the truth of falsehood of a complaint, the report of such officer as well as the statements of the persons by him on which his report is based from part of the record of the case and the accused is entitled to have inspection and copies of both.

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂အရ စုံစမ်းထောက်လှမ်းမှု ပြုလုပ်နေစဉ် ရယူသော ထွက်ဆိုချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄နှင့် ပုဒ်မ ၃၆၄တို့အရ ရယူခဲ့သည့်ထွက်ဆိုချက်များကဲ့သို့ အမှုတွင် ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ပေ။ စုံစမ်းထောက်လှမ်းမှုပြုလုပ်နေစဉ် ကာလတွင် တိုင်တန်းခံရသူသည် တရားခံဟု မဆိုနိုင်သေးသဖြင့် ၎င်း၏ ထွက်ဆိုချက်ကို ၎င်းအားဆန့်ကျင်ရန် သက်သေခံအဖြစ် လက်မခံနိုင်ပေ။[၁]

---

၁။ Sat Narain 32 Cal 1085

သို့ရာတွင် အမှုသည်များ၏ ဝန်ခံချက်များသည် နည်းလမ်းတကျသက်သေထင်ရှားပြီးဖြစ်လျှင် အမှုတွင်စပ်ဆိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂အရ သက်သေများ၏ အစစ်ခံချက်ကို သက်သေခံအက်ဥပဒေ ပုဒ်မ၁၄၅အရ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အဆိုပါသက်သေကို ဆန့်ကျင်မေးမြန်းရန်အတွက် အသုံးပြုနိုင်သည်။[၂]

သက်သေခံအက်ဥပဒေပုဒ်မ ၁၅၅(၃)အရ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အဆိုပါ သက်သေကို မယုံကြည်ထိုက်ကြောင်း ပြဆိုရန်အတွက် အသုံးပြုနိုင်သည်။ ထိုသို့အသုံးပြုခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်းမရှိပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂၏ ပိတ်ပင်တားမြစ်ချက်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအခန်း ၁၄အရ စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ရဲအရာရှိထံပေးသော အစစ်ခံချက်များနှင့်သာသက်ဆိုင်သည်။[၃]

ပြစ်မှုဆိုင်ရာကျင့်ထုံးသပဒေပုဒ်မ ၂၀၂အရ စုံစမ်းထောက်လှမ်းမှုပြုလုပ်ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအခန်း ၁၆အရ ဆောင်ရွက်ခြင်းဖြစ်သဖြင့် အခန်း ၁၄အရ စုံစမ်းထောက်လှမ်းမှု ပြုလုပ်သော ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ပါပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း သတိပြုရန် ဖြစ်သည်။

## (ဂ) စွဲချက်တင်ပြီးနောက် တိုင်တန်းသူ လာရောက်ရန် ပျက်ကွက်ခြင်း

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၀ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သည့် အမှုမျိုးတွင် တရားခံအပေါ် စွဲချက်တင်ပြီးနောက် တရားလို ရုံးရှေ့မလာရောက်တော့သဖြင့် ကြန့်ကြာနေသည့်အမှုများ ရှိနေကြောင်း တရားသူကြီးတစ်ဦးက ပြောပြဖူးသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၀နှင့် အကျုံးဝင်သည့်ပြစ်မှုတွင် တရားလိုမလာရောက်ပါက စွဲချက်မတင်မီအဆင့်တွင် တရားသူကြီးက ဆင်ခြင်တုံတရားကို ကျင့်သုံး၍ တရားခံအား စွဲချက်မတင်မီ ပြန်လွှတ်နိုင်သည်။

စွဲချက်မတင်မီလွှတ်မိန့်ချမှတ်ရသည့် အဓိကအကြောင်းရင်းမှာ တိုင်တန်းသူမလာရောက်ခြင်းသည် အမှုဆက်လုပ်ရန် ဆန္ဒမရှိတော့ခြင်းဖြစ်မည်ဟု မှတ်ယူသည့်သဘောပင် ဖြစ်သည်။[၄]

သို့ရာတွင် တရားခံအပေါ် စွဲချက်တင်ပြီးနောက် တိုင်တန်းသူလာရောက်ပျက်ကွက်စေကာမူ တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ရန် ဖြစ်စေ သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်ရန်ဖြစ်စေ အမှုအရည်အသွေးအရ ဆုံးဖြတ်ရန်အတွက် အမှုကို ဆက်လက်ဆောင်ရွက်ရန်မှာ တရားရုံး၏ တာဝန်ဖြစ်ကြောင်း Narain V.Mewa Singh.22 Cr.L.J 312 (lah) အမှုတွင် အောက်ပါအတိုင်း ညွှန်ပြထားသည်။

Once a charge has been framed, it is the duty of trail Court to proceed with the trial, even in the absence of the complainant, and to convict or acquit the accused on the merits.

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၀နှင့် အကျုံးဝင်သော အမှုများသည် ရဲအရေးမပိုင်သည့် အမှုမျိုးဖြစ်၍ သက်ဆိုင်ရာ နစ်နာသူတို့က တရားရုံးသို့ ဦးတိုက်လျှောက်ထားလေ့ရှိသည်။ တိုင်တန်းသူဘက်မှ ရှေ့နေရှေ့ရပ်များက လိုက်ပါဆောင်ရွက်လေ့ရှိကြသည်။ ယင်းအမှုမျိုးတွင် သာမာန်အားဖြင့် ဥပဒေအရာရှိ

၂။ Mf. Rahonte V. Mandu A.I.R 1934 Lah. 286

၃။ Naresh V. EMP 44.Cr.L.J 145(149)

၄။ Harum V. Abdul 12.Cr.L.J 184 Sind

ကတိုင်တန်းသူတရားလိုဘက်မှ လိုက်ပါဆောင်ရွက်လေ့မရှိပေ။

ဦးတိုက်လျှောက်ထားမှုများတွင် တရားရုံးက ရဲအရေးပိုင်သော ပြစ်မှုဖြင့် အရေးယူရန် ဆုံးဖြတ်ပါက ဥပဒေအရာရှိအား လိုက်ပါဆောင်ရွက်ရန် စာဖြင့်အသိပေးအကြောင်းကြားရန် တရားရုံးချုပ်က ၁၄.၈.၁၉၉၂ နေ့စွဲပါအမှာစာဖြင့်ညွှန်ကြားခဲ့ဖူးသည်။ ရဲအရေးမပိုင်သည့်အမှုများတွင်ယခုကဲ့သို့ထူးခြားသည့် အခြေအနေမျိုးတွင် ဆောင်ရွက်ရန်နည်းလမ်းကိုမူညွှန်ပြခဲ့ဖူးကြောင်း မတွေ့ရပေ။ မလိုအပ်၍လည်းဖြစ်နိုင်ပါသည်။

ဒေါ်ရွှေကွေးလိန်းပါ ၂နှင့် ဦးဟရန်နော် ၁၉၇၄ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၉(မန္တလေးမြို့ ရုံးထိုင်ဗဟိုတရားရုံး) အမှုတွင် မဃားခိုးမှု တစ်မှုတွင် ပြည်နယ်ဥပဒေဝန်ထမ်းအဆင့်၂က တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သည်ဆိုသော အကြောင်းပြချက်တစ်ခုအပါအဝင် အခြားအကြောင်းပြချက်များကိုပါ တင်ပြ၍ ရုံးပြောင်းလျှောက်ထားရာ ဗဟိုတရားရုံးက ယင်းအမှုကို ဆုံးဖြတ်ရာတွင် ပြည်နယ်ဥပဒေဝန်ထမ်းအဆင့် ၂သည် ပြစ်မှုဆိုင်ရာ အမှုများတွင်ဥပဒေဝန်ထမ်းအနေဖြင့် တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့်ရှိကြောင်း ဆုံးဖြတ်သည်။

ပြစ်မှုဟူသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးနှင့် ဆန့်ကျင်သည့် ကိစ္စဖြစ်ပြီး ပြစ်မှုကျူးလွန်သူအား ၎င်းကျူးလွန်သည့် ပြစ်မှုအတိုင်းအတာအလျောက် အပြစ်ပေးရန်မှာ နိုင်ငံတော်၏ တာဝန်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၂အရ ပြစ်မှုဆိုင်ရာ အမှုများတွင်တရားလိုသည် နိုင်ငံတော်သာဖြစ်သည်။[၅]

ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၆(ဃ) တွင် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ ဥပဒေအရာရှိအား တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ရန် တရားရုံးက အသိပေးအကြောင်းကြားပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

## (ဃ) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးရန် ခေါ်သည့်အခါ တိုင်တန်းသူ မလာရောက်ခဲ့လျှင်

ဦးတိုက်လျှောက်ထားမှုတစ်မှုကို စစ်ဆေးရန် အမှုခွဲဝေရရှိသည့် ဒုတိယမြို့နယ်တရားသူကြီးက တိုင်တန်းသူအားပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးရန်ခေါ်သည့်အခါ မလာရောက်သည့်အတွက် အခက်တွေ့ရပုံကို ပြောပြပါသည်။ စီနီယာတရားသူကြီးက တိုင်တန်းသူမှ အမိန့်ဆင့်စာခံမပေးကြောင်း အကြောင်းပြပြီး အမှုကိုပလပ်နိုင်ကြောင်း အကြံပေးသည်ဟုလည်းပြောပြပါသည်။

တရားရုံးသည် တိုင်လျှောက်ချက်တစ်ခုကို လက်ခံရရှိလျှင် တိုင်လျှောက်သူအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀မဆိုင်းမတွ စစ်ချက်ရယူရန် လိုအပ်သည်။[၆]

Abhoyeswari V.Kishori 42 Cal.19(23)အမှုတွင် တိုင်တန်းသူအား ချက်ချင်းစစ်ဆေးရမည်ဖြစ်သောကြောင့် သာမာန်အားဖြင့် တိုင်လျှောက်ချက်ကို တိုင်တန်းသူ ကိုယ်တိုင်တင်သွင်းရမည့် သဘော

---

၅။ ဦးစိုးရပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၉၊ မတစ၊ ၁၉

၆။ ဒေါ်အစနာဘီဘီ(ခ) ဒေါ်အစီနာမာဘီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၈၉၊ မတစ၊ ၃၉

ဖြစ်သည်။ တိုင်တန်းသူက လက်မှတ်ထိုးမထားသော ထို့ပြင် ယင်းတိုင်လျှောက်ချက်တင်သွင်းရန် အခွင့်အာဏာရှိသူက တင်သွင်းခြင်း မဟုတ်သော တိုင်လျှောက်ချက်ကို လက်မခံရဟု ပြဆိုထားသည်။

Chuhermal, 30 Cr.L.J 732 (733)အမှုတွင်သို့ရာတွင် တိုင်တန်းသူကိုယ်တိုင် မတင်သွင်းသော တိုင်လျှောက်ချက်မှာ ဥပဒေအရ မှားယွင်သည်ဟု မဆိုနိုင်ပေ။ တိုင်လျှောက်ချက်ကို တိုင်တန်းသူ ကိုယ်တိုင် မတင်သွင်းခဲ့လျှင် ရာဇဝတ်တရားသူကြီးသည် မိမိချိန်းဆိုသော နေ့ရက်တွင် တိုင်တန်းသူ လာရောက်စေရန် ဆင့်ဆိုနိုင်ပြီး ထိုနေ့က ၎င်းအား စစ်ဆေးနိုင်သည်ဟု ညွှန်ပြထားသည်။

တိုင်တန်းသူအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀အရ စစ်ဆေးခြင်းမှာ ပုံစံကျနအောင် ဆောင်ရွက်ရခြင်း မဟုတ်ပေ။ ထိုသို့ မစစ်ဆေးဘဲ တိုင်တန်းချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ ပလပ်လျှင် ဖြစ်စေ၊ ပုဒ်မ ၂၀၂ အရ စုံစမ်းစစ်ဆေးလျှင်ဖြစ်စေ လုပ်ပိုင်ခွင့်မရှိဘဲဆောင်ရွက်ရာ ရောက်သောကြောင့် ယင်းပျက်ကွက်မှုသည် အဓိကမှားယွင်းမှုဖြစ်သည်။[၇]

တိုင်တန်းသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀အရ စစ်ဆေးခြင်းမပြုဘဲ ၎င်း၏ အမှုကို ပလပ်ခွင့် မရှိပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀အရ တိုင်တန်းသူအား စစ်ဆေးရန် ၎င်းအား ဆင့်ဆိုပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန်သာ ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**တင်ဟုန် (တရားရေး)**

၇။ မောင်သာတူ နှင့် နိုင်ငံတော်၊ ၁၉၁၀-၁၃၊ အထက်မြန်မာပြည်၊ ၇၃

# တစ်ဖက်သတ်စစ်ဆေးခြင်း

ဒေါ်တင်တင်မာ

အထူးအဆန်း တင်ပြခြင်းမဟုတ်ပါ။ သိပြီးသားဖြစ်ပါသော်လည်း ကျင့်ထုံးနှင့် သွေဖီနေကြ၍ တစ်ညီတစ်ညွတ်တည်းဖြစ်စေရန် နှိုးဆော်တင်ပြခြင်းသာဖြစ်ပါသည်။ တရားပြိုင်မလာလျှင် တစ်ဖက်သတ်စစ်မည် ဟူသော သာမန်အသိကို ရင်ဝယ်ပိုက်၍ အမှုသည်တရားလိုဘက်က လျှောက်ထားသည့် အတိုင်းတစ်ဖက်သတ် စစ်မည်ဟု လွယ်လွယ်အမိန့်ချနေကြသည်ကို (၉၀%) နီးပါးမြင်တွေ့နေရသောကြောင့် တင်ပြခြင်းဖြစ်ပါသည်။

တရားပြိုင်အား ဆင့်ခေါ်မရ ဆင့်စာအတည်မဖြစ်၍ တစ်ဖက်သတ်စစ်မည်ဟု လွယ်လွယ်ကူကူ အမိန့်ချ နေသူသည် ဆရာမြ၏ တရားမဥပဒေပြဿနာအဖြာဖြာစာအုပ်ကို မဖတ်ဘူး၍ဟုတ်မည် မထင်ပါ။ ထိုစာအုပ်တွင် အမိန့် ၉၊ နည်း ၆ အကြောင်း သိကောင်းစရာများ ဗဟုသုတ သိမှတ်စရာများပါဝင်ပါသည်။ သေချာစွာ မှတ်သားခြင်းမရှိ၍သာ လွဲချော်နေကြသည် ထင်ပါသည်။ အမိန့် ၉၊ နည်း ၆ ကို လွယ်လွယ်မသုံးစေချင်ပါ။ အမိန့် ၉၊ နည်း ၆ အပိုဒ်ခွဲ(၁)တွင် တရားမမှုကို ကြားနာရန်ချိန်းဆိုသော ရက်တွင် တရားလိုသာလာရောက်ပြီး တရားပြိုင်မလာရောက်သောအခါဟုဆိုထား၍ တစ်ဖက်သတ်စစ်ဆေးရန်အတွက် တရားပြိုင်မလာသော ထိုနေ့ ရုံးချိန်းသည် ကြားနာရန်ချိန်းဆိုသောနေ့ ဖြစ်ရန်လိုပါသည်။ ကြားနာရန်ချိန်းဆိုခြင်းမဟုတ်ဘဲ တရားပြိုင်လာရန်သာ ချိန်းဆိုသောနေ့တွင် ဆင့်စာအတည်ဖြစ်ပါလျှက် မလာသောတရားပြိုင်ကို တစ်ဖက်သတ်စစ်မည်ဟု အရေးမယူနိုင်ပါ။ အမိန့် ၉၊ နည်း ၆ အရ ဆောင်ရွက်ရန်မှာ သမ္မာန်စာအတည်ဖြစ်ရန်လိုပါသည်။ ဦးရှောင်ဟီးပါ(၂)ဦးနှင့် ဦးစိန်မောင်ပါ(၂)ဦး (၁၉၇၈ စာ ၁၀၆) အမှုကိုကြည့်ပါ။

ယင်းအမှုတွင် "ဆင့်စာလုလင် မောင်နသည် တရားပြိုင်တို့က သမ္မာန်စာကို ငြင်းဆိုသည့်အခါ တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၁၇ အရ သမ္မာန်စာကို လူမြင်နိုင်မည့်နေရာဖြစ်သော တံခါးမကြီးတွင် ကပ်ခဲ့ပြီး အကျိုးအကြောင်းကို တရားရုံးသို့ အစီရင်ခံရမည်ဖြစ်ပါသည်။ ဆင့်စာလုလင်က တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၁၇ အရ အစီရင်ခံသည့်အခါ တရားရုံးက နည်းဥပဒေ ၁၉ အရ သမ္မာန်စာကို ဥပဒေနှင့်အညီ ချမှတ်ခဲ့ကြောင်း မှန်မမှန်ကို ဆင့်စာလုလင်အား စုံစမ်းစစ်ဆေးပြီး သမ္မာန်စာ အတည်ဖြစ်မဖြစ် တရားရုံးက အမိန့်ချမှတ်ရမည်။ တရားရုံးက သမ္မာန်စာအတည်ဖြစ်သည်ဟု အမိန့် ချမှတ်ပြီး မှသာလျှင် အမှုကို တစ်ဖက်သတ်စစ်ဆေးရန် အမိန့်ချမှတ်နိုင်သည်ဟု ထုံးဖွဲ့ထားပါသည်။ ဤနေရာတွင် သာမန်အတည်ပြုခြင်းနှင့်ပတ်သက်၍တင်ပြလိုပါသည်။အချို့အချို့သည် ရှေ့နေက သတင်းစာ ကြော်ငြာပေးပါ။ အခြားနည်းဆင့်ဆိုပေးပါဟု လျှောက်တိုင်း ခွင့်ပြုသည်ဟု အလွယ်တကူအမိန့်ချသည်ကို အတော်များများတွေ့ဖူးပါသည်။

တရားပြိုင်သည် သမ္မာန်စာချအပ်ခြင်းမခံရစေရန် ရှောင်တိမ်းနေသည်ဟုလည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် သမ္မာန်နည်းလမ်းအတိုင်း ချအပ်ခြင်းမပြုနိုင်ဟုလည်းကောင်း၊ တရားရုံးက ကျေနပ်မှုရှိမှသာလျှင် အမိန့် ၅၊ နည်း ၂၀(၁)အရ အခြားနည်းသမ္မာန်စာချအပ်ရန် အမိန့်ချနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် တစ်ကြိမ်အတည်မဖြစ်ရုံနှင့် အခြားနည်းဆင့်ဆိုရန်မဟုတ်ဟု ယူဆပါသည်။ ထိုက်သင့်သော လုံ့လစိုက်ထုတ်၍ တရားပြိုင်ကို ရှာဖွေမတွေ့နိုင်သောအခါ၊ တိမ်းရှောင်နေကြောင်း ပေါ်လွင်သောအခါမှသာ အခြားနည်းဆင့်ဆိုမည်ဟု အမိန့်ချပြီး သတင်းစာတွင် ကြော်ငြာရန်ဆောင်ရွက်သင့်ပါသည်။

သတင်းစာကို လက်လှမ်းမမှီသူ၊ သတင်းစာမဝယ်သူ၊ ဖတ်လေ့မရှိသူ၊ သတင်းစာမရောက်နိုင်သည့် နေရာတွင် နေထိုင်သူအတွက် သတင်းစာတွင်ကြော်ငြာခြင်းသည် နစ်နာမှုဖြစ်စေနိုင်သဖြင့် သတင်းစာတွင် ကြော်ငြာလောက်အောင် လုံလောက်သောအကြောင်းရှိမရှိ တရားရုံးက ကျေနပ်မှုရှိနိုင်အောင်ပြုလုပ်ပြီးမှ အမိန့်ချသင့်ပါသည်။

သတင်းစာကြော်ငြာပြီး ရုံးချိန်းလည်းလုံလောက်စွာ ပေးထားပါလျှက် ရုံးချိန်းနေ့တွင် တရားပြိုင်မလာလျှင် သမ္မာန်စာအတည်ဖြစ်ကြောင်း ဦးစွာအမိန့်ချရပါမည်။ နောက်တစ်ဆင့်အနေနှင့် သမ္မာန်စာအတည်ဖြစ်၍ တရားပြိုင်လာခဲ့သော် ချေလွှာတင်ရန် ရုံးချိန်းပေးရမည်ဖြစ်သောကြောင့် တရားပြိုင်မလာသော်လည်း တရားရုံးက ဝတ္တရားကျေအောင် ချေလွှာတင်ရန် ရုံးချိန်းတစ်ချိန်းပေးသင့်ပါသည်။ ဤသို့အဆင့်ဆင့်မဆောင်ရွက်ဘဲ သမ္မာန် စာအတည်ဖြစ်ရုံနှင့် တစ်ဖက်သတ်စစ်ပေးပါဟု လျှောက်သူက လျှောက်၍ အမိန့်ချသူက ချသည်မှာ မဖြစ်သင့်ပါ။ ဤအခြေအနေတွင် လျှောက်ထားပါက ကြားနာရန်ချိန်းဆိုသောရက်တွင်မှ တင်ပါဟု အသိပေးသင့်ပါသည်။ ချေလွှာတင်ရန်ရက်တွင်လည်း တရားပြိုင်မလာရောက်ပါက ကြားနာရန် ရုံးချိန်းပေးပြီး ကြားနာရန်ရက်တွင်မှ အမိန့် ၉၊ နည်း၆(၁)အရ ဆောင်ရွက်ရန်ဖြစ်ပါသည်။

လေ့လာသင့်သော စီရင်ထုံးများမှာ ဦးစိန်လှိုင်နှင့် ဦးမောင်မောင်အေးပါ–၂ (၁၉၈၆ မတစ စာ ၁၃၇)၊ ဦးကြည်နှင့် ဦးအေးချို (၁၉၈၃ မတစ စာ ၁၃၇)၊ ဦးအကောက်ပါ–၃နှင့် ဦးမောင်မောင်ပါ–၂(၁၉၈၃ မတစ စာ ၅၇)၊ ဦးဘရွှေနှင့် ဒေါ်လှအေး (၁၉၇၈ မတစ စာ ၈၃) တို့သည် တစ်ဖက်သတ်စစ်ဆေးခြင်းအတွက် လေ့လာသင့်သော စီရင်ထုံးများဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**ဒေါ်တင်တင်မာ**

# အစုရှယ်ယာများ လွှဲပြောင်းခြင်း

မောင်တင်မင်း (ရှေ့နေ)

(The Transfer of Shares)

ကုမ္ပဏီတစ်ခုကို ဖွဲ့စည်းတည်ထောင်သည်နှင့် ရှယ်ယာ ဟူသည်ပါဝင်လာပါသည်။ အဓိက ကျသော ရှယ်ယာကို သိရှိရန်လည်း လိုအပ်လာပါသည်။ အစုရှယ်ယာများစုပေါင်းလိုက်သောအခါ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ မတည်ငွေရင်း (share capital) ဖြစ်လာပါသည်။ ကုမ္ပဏီတစ်ခု၏ မတည်ငွေရင်းတန်ဖိုးပေါ်တွင် အညီအမျှပိုင်းခြားသတ်မှတ်ထားသည့် တန်ဖိုးတစ်ခုသည် ရှယ်ယာ တစ်ခုပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂ (၁၆) တွင် " Share" means share in the share capital of the company, and includes stock except when a distinction between stock and shares is expressed or implied. ဟူ၍ပြဋ္ဌာန်ထားရာ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းတွင်ပါဝင်သော အစုရှယ်ယာကို ဆိုလိုသည့်အပြင် စတော့ (stock) နှင့် အစုရှယ်ယာကို အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ခွဲခြားသတ်မှတ်ထားသည့် အခါမှလွဲ၍ စတော့များလည်း ပါဝင်သည်ကို တွေ့ရပါသည်။ အစုရှယ်ယာကို အရေအတွက်ဖြင့် ခွဲခြားသတ်မှတ်နိုင်သည်ဖြစ်သကဲ့သို့ အစုရှယ်ယာတစ်ခုချင်း၏ ငွေကြေးတန်ဖိုးကိုလည်း သတ်မှတ်ထားပြီးဖြစ်သည့် အလျောက် အစုရှင်၏ရှယ်ယာပိုင်ဆိုင်မှုကို သိနိုင်မည်ဖြစ်ပါသည်။

ရှယ်ယာ၏သဘောသဘာဝကို လေ့လာကြည့်ပါကလည်း ရှယ်ယာသည် ငွေကြေးပမာဏ တစ်ရပ်မဟုတ်သည့်တိုင်အောင် ငွေကြေးတန်ဖိုးဖြင့် တိုင်းထွာလျှက် အကျိုးခံစား၊ စံစားနိုင်ခွင့်ရှိသည့် စာချုပ်စာတမ်းတစ်ရပ် (instrument) ဖြစ်ကြောင်းတွေ့ရပါသည်။ ရှယ်ယာသည်ရွှေ့ပြောင်းနိုင်သောပစ္စည်း (moveable) ဖြစ်ပြီး အစုရှင်တစ်ဦးက အခြားအစုရှင်တစ်ဦးဦးကိုဖြစ်စေ၊ အခြားပြင်ပပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ လွှဲပြောင်းပေးနိုင်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၈ (၁) တွင် "The share or other interest of any member in a company shall be moveable property transferable in manner provided by the article of the company." ဟူ၍ ပြဋ္ဌာန်းထားပါသည်။ ကုမ္ပဏီတစ်ခုတွင် အဖွဲ့ဝင်တစ်ဦး၏ အစုရှယ်ယာများ၊ သို့မဟုတ် အခြားအကျိုးခံစားခွင့်များသည် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မလွှဲမသွေဖြစ်စေရမည် (shall be)။ သို့ဖြစ်၍ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းတွင်သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း အစုရှယ်ယာများကို လွှဲပြောင်းနိုင်ခွင့် ရှိစေမည်ဖြစ်ပါသည်။ ထိုသို့အစုရှယ်ယာများကို လွှဲပြောင်းကြရာ၌ အစုရှယ်ယာလွှဲပြောင်းပေးသူနှင့် အစုရှယ်ယာလွှဲပြောင်းလက်ခံရတဲ့သူတို့သည် အစုရှယ်ယာလွှဲ ပြောင်းပေးခြင်းစာချုပ်တစ်ရပ်ကိုချုပ်ဆိုကြရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ ကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်-၁၉၊ ၂၈-၃-၂၀၁၄) ပုဒ်မ ၅၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ဇယား (၁) Schedule-1 (Stamp duty on instrurments) အမှတ်စဉ် ၆၂ အရ လွှဲပြောင်းပေးသည့်အစုရှယ်ယာတန်ဖိုးအပေါ်တွင် (၀.၃) ရာခိုင်နှုန်း (0.3 per centum on the value of share) ကိုလည်းတံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးသည် မိမိ၏အစုရှယ်ယာများအားလုံး (သို့မဟုတ်) တစ်စိတ် တစ်

ဒေသကို အခြားသူတစ်ဦးတစ်ယောက်သို့ လွှဲပြောင်းပေးနိုင်ပါသည်။ ထိုသို့ လွှဲပြောင်းရာတွင် ကုမ္ပဏီ အက်ဥပဒေ ပုဒ်မ (၃၄) နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်။

ပုဒ်မ ၃၄ (၁) အရ အစုရှယ်ယာလွှဲပြောင်းပေးသူကဖြစ်စေ၊ အစုရှယ်ယာလက်ခံရယူသူကဖြစ်စေ၊ အစုရှယ်ယာများလွှဲပြောင်းခြင်းကို ကုမ္ပဏီများမှတ်ပုံတင်ရုံး (The Registrar of Companies Directorate of investment and Company Administration (DICA) တွင် မှတ်ပုံတင်ရန် လျှောက်ထားရမည် ဖြစ်ပါသည်။သို့ရာတွင်လွှဲပြောင်းသည့်အစုရှယ်ယာများသည် တစ်စိတ်တစ်ဒေသသာငွေပေးသွင်းပြီး ဖြစ်သည့်အစု ရှယ်ယာများဖြစ်ပြီး၊ အစုရှယ်ယာလွှဲပြောင်းပေးသူက မှတ်ပုံတင်ပေးရန်လျှောက်ထားလာပါက ကုမ္ပဏီက လွှဲပြောင်းစာရရှိထားကြောင်း နို့တစ်စာကို အစုရှယ်ယာလက်ခံရရှိသူထံသို့ ပေးပို့အကြောင်း ကြားခြင်းမရှိဘဲ၊ လွှဲပြောင်းစာကို မှတ်ပုံတင်ထားခြင်းမပြုရန်၊ တားမြစ်ထားသည်ကို လေ့လာ တွေ့ရှိရပါသည်။ "လွှဲပြောင်းခြင်း" နှင့်ပတ်သက်၍ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ (၅) တွင် "In the Following sections transfer of property" means an act by which a living person Conveys property, in present or in future, to one or more other living persons, or to himself or to himself and one or more other living persons , and " to transfer property " is to perform such act." ဟူ၍ပြဋ္ဌာန်းထားပါသည်။ ဆက်လက်၍ ဖော်ပြထားသည်မှာ – " In this section " living person"includes a company or association or body of individuals, whether incorporated or not , but nothing herein contained shall affect any law for the time being in force relating to transfer of property to or by companies associations or bodies of individuals. ဟူ၍ဖြစ်ပါသည်။

သက်ရှိထင်ရှားဖြစ်သော အစုရှယ်ယာရှင်တစ်ဦးသည် အခြားသက်ရှိထင်ရှားဖြစ်သည့် တစ်ဦး တစ်ယောက်(သို့မဟုတ်) အများကိုဖြစ်စေ၊ မိမိကိုယ်တိုင် (သို့မဟုတ်) မိမိကိုယ်တိုင်နှင့်တကွတစ်ဦး(သို့မဟုတ်) အများဖြစ်စေ၊ ပစ္စုပ္ပန်အချိန်ကာလ၌သော်လည်းကောင်း၊ အနာဂတ်အချိန်ကာလ၌သော်လည်းကောင်း၊ ပစ္စည်း လွှဲပြောင်းပေးခြင်းသည်ပင်လျှင် လွှဲပြောင်းခြင်း မည်ပါလိမ့်မည်။ Living Personတွင်လည်း ဥပဒေအရဖွဲ့စည်း ထားသော (သို့မဟုတ်) မဖွဲ့စည်းထားသောကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များပါဝင်သည်ကို တွေ့ရှိ ရမည်ဖြစ်ပါသည်။

အစုရှယ်ရာများလွှဲပြောင်းခြင်း (သို့မဟုတ်) ရောင်းချခြင်းကို ပြုလုပ်ရာတွင် မည်သည့်အချိန်အခါတွင် လွှဲပြောင်းခြင်း(သို့မဟုတ်) ရောင်းချခြင်းပြုလုပ်ရမည်ဟု အချိန်ကာလသတ်မှတ်ထားခြင်း မရှိသည်နှင့်အညီ တစ်ခါတစ်ရံတွင် အမြတ်ဝေစုများကြေညာသည့် အချိန်တွင်သော်လည်းကောင်း၊ အမြတ်ဝေစုကြေညာခါနီး အချိန်တွင်သော်လည်းကောင်း၊ ဖြစ်တတ်ပါသည်။ အစုရှယ်ယာများလွှဲပြောင်းခြင်း(သို့မဟုတ်) ရောင်းချခြင်း သဘောတူစာချုပ်တွင် အစုရှယ်ယာများလွှဲပြောင်းလက်ခံသူက အဆိုပါအစုရှယ်ယာများနှင့်ပတ်သက်သည့် အမြတ်ဝေစုများကို လက်ခံရယူခွင့်ရှိကြောင်း သတ်မှတ်ချက်ပါရှိပါက ယင်းအစုရှယ်ယာများအတွက် ထိုက်သင့်သည့် အမြတ်ဝေစုကို လွှဲပြောင်းလက်ခံရယူခွင့် ရှိပါသည်။ ထိုသို့သောလွှဲပြောင်းခြင်းကို အမြတ်ဝေစုပါ လွှဲပြောင်းပေးခြင်း (Cum Dividend) ဟုခေါ်ဆိုရမည်ဖြစ်ပါသည်။

ထိုသို့မဟုတ်ဘဲ အမြတ်ဝေစုများကို အစုရှယ်ယာရှင်(၀ါ) အစုရှယ်ယာလွှဲပြောင်းပေးသူကသာ ရယူခံစားစေပြီး၊ အစုရှယ်ယာလွှဲပြောင်းလက်ခံရယူသူသို့ အစုရှယ်ယာများလွှဲပြောင်းပေးရာ၌ အမြတ်ဝေစု ပါဝင်ခံစားစေခြင်းမရှိခွင့်ချန်၍လွှဲပြောင်းပေးခြင်းကိုလည်း ပြုလုပ်၍ရသည်ကိုလည်းလေ့လာတွေ့ရှိရပါသည်။

ထိုသို့သော လွှဲပြောင်းခြင်းကို အမြတ်ဝေစုကိုချန်လှပ်၍ လွှဲပြောင်းခြင်း (Ex Dividend) ဟုခေါ်ဆိုရမည် ဖြစ်ပါသည်။

အစုရှယ်ယာလွှဲပြောင်းပေးသူနှင့် အစုရှယ်ယာလွှဲပြောင်းလက်ခံရယူသူတို့သည် ထိုက်သင့်သည့် တံဆိပ်ခေါင်းထားသော အစုရှယ်ယာများလွှဲပြောင်းပေးသည့် သဘောတူစာချုပ်တစ်ရပ်ကို အစုရှယ်ယာအလွှဲပြောင်းပေးရန် လျှောက်လွှာနှင့်အတူ ကုမ္ပဏီသို့လက်ရောက်ပေးအပ်ထားခြင်း မရှိပါက ကုမ္ပဏီ၏အစုရှယ်ယာများလွှဲပြောင်းပေးခြင်းကိုကုမ္ပဏီကတရားဝင်မှတ်ပုံတင်ထားခြင်းမပြုနိုင်သည်ကိုလည်း ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄(၃) တွင် လေ့လာတွေ့ရှိရပါသည်။ ထိုသို့ အစုရှယ်ယာများလွှဲပြောင်းပေးရန် လျှောက်ထားခြင်းအပေါ် ကုမ္ပဏီသည် လက်ခံခွင့်ပြုနိုင်ပါသည် (သို့မဟုတ်) ငြင်းပယ်နိုင်ပါသည်။ ကုမ္ပဏီက အစုရှယ်ယာလွှဲပြောင်းခြင်းကို ငြင်းပယ်လျှင် အစုရှယ်ယာများလွှဲပြောင်းပေးသည့် သဘောတူစာချုပ်ကို ကုမ္ပဏီသို့တရားဝင်ပေးအပ်သည့်နေ့မှ နှစ်လအတွင်း အစုရှယ်ယာလွှဲပြောင်းပေးသူနှင့် အစုရှယ်ယာလွှဲပြောင်းလက်ခံရယူသူများထံသို့ ငြင်းပယ်ကြောင်းနို့တစ်စာကို ပေးပို့ရမည်ဖြစ်ကြောင်း ကုမ္ပဏီများအက်ဥပဒေပုဒ်မ၃၄(၄) တွင် လေ့လာတွေ့ရှိရပါသည်။ ထိုသို့အစုရှယ်ယာများ လွှဲပြောင်းပေးခြင်းကို ငြင်းပယ်နိုင်ရန်အတွက် ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်းတွင် ငြင်းပယ်နိုင်ခွင့်ပေးနိုင်ကြောင်း သတ်မှတ်ဖော်ပြထားရန်လည်း လိုအပ်သည်ကို တွေ့ရှိရပါသည်။

ကွယ်လွန်သွားသော အစုရှယ်ယာရှင်တစ်ဦး၏ အစုရှယ်ယာများကို အစုရှယ်ယာရှင်၏ တရားဝင်ကိုယ်စားလှယ်ကလည်း တရားဝင်လွှဲပြောင်းပေးခြင်း ပြုနိုင်ပါသည်။ အဆိုပါအစုရှယ်ယာရှင်၏ တရားဝင်ကိုယ်စားလှယ်သည်ကုမ္ပဏီ၏အဖွဲ့ဝင်သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ အကယ်၍ အစုရှယ်ယာလွှဲပြောင်းပေးသည့် စာချုပ်ချုပ်ဆိုစဉ် အချိန်ကာလတွင် အစုရှယ်ယာလွှဲပြောင်းသူ၏ တရားဝင်ကိုယ်စားလှယ်သည် ကုမ္ပဏီ၏အဖွဲ့ဝင်မဟုတ်ဘဲအခြားသူတစ်ဦးတစ်ယောက်ဖြစ်နေသည့်တိုင်အောင် ထိုသူသည် ကုမ္ပဏီ၏အဖွဲ့ဝင်တစ်ဦးဖြစ်သကဲ့သို့ မှတ်ယူပြီး အစုရှယ်ယာလွှဲပြောင်းပေးခြင်းသည် တရားဝင်ဖြစ်စေရမည်ဟု ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅ ၌ သတ်မှတ်ထားသည်ကို မှတ်သားမိပါသည်။

ထို့နောက်ကုမ္ပဏီများမှတ်ပုံတင်ရုံးက ကုမ္ပဏီများအက်ဥပဒေပုဒ်မ၁၀၄အရ အစုရှယ်ယာခွဲဝေ ချထားခြင်းနှင့်ဆိုင်သော အစီရင်ခံတင်ပြချက်(Return of Allotments-FORM VI)နှင့် ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၅အရ ဒါရိုက်တာများ၊ မန်နေဂျာများ၊ မန်နေဂျင်းအေးဂျင့်များနှင့် အခြားပြောင်းလဲခြင်း များဆိုင်ရာမှတ်တမ်းပုံစံ (PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES-FORM XXVI) တို့တွင် အစုရှယ်ယာလွှဲပြောင်းလက်ခံရယူသူများအားအသိအမှတ်ပြု ပြောင်းလဲဖော်ပြခြင်းဖြင့် အစုရှယ်ယာများ ပြောင်းလဲခြင်းကို အတည်ပြုစေပါသည်။

အထက်ပါဖော်ပြထားချက်များသည် အစုရှယ်ယာများလွှဲပြောင်းခြင်းနှင့်ပတ်သက်၍ တစ်စိတ်တစ်ဒေသ ဖော်ပြချက်များသာဖြစ်ကြပြီး၊ လက်တွေ့အစုရှယ်ယာများလွှဲပြောင်းပေးကြရာ၌ များစွာသိမ်မွေ့ခက်ခဲပါသည်။အစုရှယ်ယာများလွှဲပြောင်းပေးခြင်းအဆင့်ဆင့်ကို ချောမောစွာ ဆောင်ရွက် လုပ်ကိုင်နိုင်ရန် အလို့ငှါ တစ်စိတ်တစ်ပိုင်း လေ့လာရေးသားတင်ဆက်လိုက်ပါသည်။

**မောင်တင်မင်း (ရှေ့နေ)**

# ဂျပန်နိုင်ငံတရားလွှတ်တော်ချုပ်တရားသူကြီး မစ္စတာ ကိုဂျီမီယာကာဝါနှင့် တွေ့ဆုံခြင်း

မြတ်မျိုးလတ် (တရားရေး)

ဂျပန်နိုင်ငံ နာဂိယာတက္ကသိုလ်၊ ဥပဒေပညာဌာနတွင် လာရောက်ပညာသင်ကြားကြသည့် နိုင်ငံတကာ မှ ကျောင်းသားများ စိတ်ဝင်တစားရွေးချယ်တက်ရောက်လေ့ရှိသည့် သင်တန်းတစ်ခုရှိပါသည်။ ၎င်းသင်တန်းမှာ "ဂျပန်နိုင်ငံ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ (Japanese Judicial Institution)" အမည်ရှိ သင်တန်းပင် ဖြစ်ပါသည်။ အကြောင်းမှာ အဆိုပါသင်တန်းသည် ဥပဒေသမားများ စိတ်ဝင်တစား သွားရောက်လေ့လာလိုသည့် နေရာဌာနများစွာကို လေ့လာရေးပို့ဆောင်ပေးသည့် သင်တန်းဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော်လည်း ဂျပန်နိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများကို သွားရောက်လေ့လာလိုသောကြောင့် တက္ကသိုလ်သို့ ရောက်ရောက်ချင်း ပထမနှစ်ဝက်ကာလမှာပင် အဆိုပါသင်တန်းတွင် စာရင်းသွင်း၍ တက်ရောက်ခဲ့ပါသည်။

သင်တန်းမှ သင်တန်းဆရာသည် တွဲဖက်ပါမောက္ခဖြစ်ပြီး အောင်မြင်ကျော်ကြားသည့် ရှေ့နေတစ်ဦးလည်း ဖြစ်ရာ တရားစီရင်ရေးနှင့် ဆက်နွယ်နေသောဌာနများသို့ သွားရောက်လေ့လာရာတွင် အဆင်ပြေချောမွေ့ပါသည်။ သင်တန်း၏ လေ့လာရေးအစီအစဉ်များစွာအနက် တိုကျိုမြို့ရှိ တရားလွှတ်တော်ချုပ်သို့ လေ့လာရေးသွားရောက်ရသည့် ခရီးစဉ်သည် လွန်စွာစိတ်ဝင်စားဖွယ်ကောင်းပါသည်။ အကြောင်းမှာ လေ့လာရေးခရီးစဉ်တွင် တရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး မကြာခင် အသက်(၇၀)ပြည့်၍ ပင်စင်ယူတော့မည့် နာဂိယာတက္ကသိုလ်ကျောင်းသားဟောင်း မစ္စတာကိုဂျီမီယာကာဝါနှင့် တွေ့ဆုံခွင့်ရမည်ဖြစ်ပြီး မိမိမေးမြန်းလိုသည့် မေးခွန်းများကို ရင်းရင်းနှီးနှီး မေးမြန်းခွင့်ရရှိမည်ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

၂၀၁၂-ခုနှစ်၊ ဇန္နဝါရီလ (၆)ရက်နေ့တွင် ကျွန်တော်တို့သင်တန်းသားများသည် တိုကျိုမြို့ရှိ တရားလွှတ်တော်ချုပ် အဆောက်အအုံသို့ ရောက်ရှိခဲ့ကြပြီး စုံညီတရားခွင်ခန်းမတွင် တရားသူကြီး မစ္စတာကိုဂျီမီယာကာဝါနှင့် တွေ့ဆုံခွင့်ရရှိကာ မိမိတို့မေးမြန်းလိုသော မေးခွန်းများကို ရင်းရင်းနှီးနှီး မေးမြန်းခွင့်ရရှိခဲ့ကြပါသည်။ သင်တန်းသားများ မေးမြန်းသော မေးခွန်းများကို စိတ်ရှည်လက်ရှည်ဖြေကြားပေးခဲ့သော တရားသူကြီး မစ္စတာကိုဂျီမီယာကာဝါ၏ ဖြေကြားချက်များတွင် ဂျပန်နိုင်ငံ၏ တရားစီရင်ရေးစနစ်နှင့် တရားသူကြီးတစ်ဦး၏ ပုံရိပ်လွှာများကို တစေ့တစောင်း ရှုမြင်သုံးသပ်ခွင့်ရရှိနိုင်သဖြင့် ဘာသာပြန်၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**သင်တန်းဆရာ**

မင်္ဂလာရှိသောနေ့လည်ခင်းပါ "မစ္စတာကိုဂျီမီယာကာဝါ" ခုလို နာဂိယာတက္ကသိုလ်ကျောင်းသား

ဟောင်းတစ်ယောက်ကို ဂျပန်နိုင်ငံရဲ့ထိပ်တန်းရာထူးနေရာမှာ တွေ့မြင်ခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိသလို တက္ကသိုလ်ရဲ့ 'ဆင်းန်ပိုင်' (ကျောင်းသားဟောင်းနောင်တော်ကြီး) အနေနဲ့ 'ကိုဟိုင်' (ကျောင်းသားသစ် ညီငယ် ညီမငယ်)များကို မအားလပ်တဲ့ကြားက တွေ့ဆုံခွင့်ပေးတဲ့အပြင် ဂျပန်နိုင်ငံ တရားစီရင်ရေးနှင့် ပတ်သက်ပြီး သိလိုသမျှတွေကိုလည်း ရင်းရင်းနှီးနှီးမေးမြန်းခွင့်ပြုတဲ့အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း သင်တန်းသား အားလုံးကိုယ်စား ပဏာမပြောကြားလိုပါတယ်၊ သင်တန်းသားများက မေးခွန်းတွေမမေးမြန်းခင် ဆရာ့အနေနဲ့ ဂျပန်နိုင်ငံတရားလွှတ်တော်ချုပ်အကြောင်း နိဒါန်းပျိုး မိတ်ဆက် ပြောကြားပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**မစ္စတာ ကိုဂျီမီယာကာဝါ**

မင်္ဂလာနေ့လည်ခင်းပါ၊ နာဂိယာတက္ကသိုလ်က ကျွန်တော့်ညီငယ်ညီမငယ်များကို ကျွန်တော် ပင်စင်ယူခါနီး ခုလိုတွေ့ဆုံခွင့်ရတဲ့အပြင် ဂျပန်နိုင်ငံတရားစီရင်ရေးစနစ်အကြောင်း မိမိသိသမျှကို ပြန်လည် မျှဝေပြောကြားခွင့် ရတဲ့အတွက်လည်း များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဂျပန်နိုင်ငံတရား လွှတ်တော်ချုပ် မှာ တရားသူကြီးချုပ် အပါအဝင် တရားသူကြီးစုစုပေါင်း (၁၅)ဦး ရှိပါတယ်။ တရားသူကြီးချုပ် ကို ဂျပန်ဧကရာဇ်(Ten' nou) က တာဝန်ပေးအပ်ခဲ့ပြီး ကျန်တရားသူကြီးတွေကိုတော့ အစိုးရအဖွဲ့ (Cabinet) က ရွေးချယ်ပြီး ဂျပန်ဧကရာဇ် (Ten ' nou) က အတည်ပြု ခန့်အပ်ပါတယ်။ တရားသူကြီးတွေကို ရွေးချယ်ရာမှာ အနည်းဆုံး(၁၀)ဦးကို ဥပဒေအရာမှာကျွမ်းကျင်နှံ့စပ်တဲ့ တရားလွှတ်တော်များက တရားသူကြီးချုပ်တွေ၊ ဥပဒေအရာရှိတွေ၊ ရှေ့နေတွေ၊ တက္ကသိုလ်က ဥပဒေပါမောက္ခတွေ ထဲကနေ ရွေးချယ်ခန့်အပ်ပါတယ်၊ လက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ တရားလွှတ်တော်ချုပ် တရားသူကြီးတွေထဲမှာ တရားလွှတ်တော်တရားသူကြီးတွေ (၆)ဦး၊ ဥပဒေအရာရှိ (၂)ဦး၊ ရှေ့နေ (၄)ဦး၊ ဥပဒေပါမောက္ခ (၁)ဦးနှင့် အုပ်ချုပ်ရေးဌာနက ရွေးချယ်ခံရသူ(၂)ဦး (အလုပ်သမားဝန်ကြီးဌာနက တစ်ဦးနှင့် နိုင်ငံခြားရေး ဝန်ကြီး ဌာနကတစ်ဦး) တို့ပဲဖြစ်ပါတယ်။

ဂျပန်နိုင်ငံတရားလွှတ်တော်ချုပ်မှာ တရားသူကြီးတွေ ရွေးချယ်တဲ့စနစ်ဟာ တရားစီရင်ရေးဆိုင်ရာ နယ်ပယ်မှာ အသက်မွေးဝမ်းကျောင်းပြုနေသူတွေကို ပေါင်းစပ်ရွေးချယ်တဲ့ ဥပဒေပညာရေးစနစ်ကို အခြေခံ ထားတာဖြစ်ပါတယ်။ တရားသူကြီး၊ ဥပဒေအရာရှိနှင့် ရှေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူတွေဟာ အစိုးရရှေ့နေစာမေးပွဲ (National Bar Examination) ကိုအတူတူဖြေဆို အောင်မြင်ပြီးမှသာ ရရှိတဲ့အဆင့် အလိုက် သက်ဆိုင်ရာလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ခွင့်ပြုထားပါတယ်။ တကယ်တော့ ဂျပန်နိုင်ငံက တရားသူကြီးတွေ ရွေးချယ်ခန့်အပ်တဲ့စနစ်ဟာ Civil Law စနစ်ကျင့်သုံးတဲ့ ဥရောပနိုင်ငံတွေရဲ့စနစ်နှင့် ဆင်တူတာကြောင့် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်စတဲ့နိုင်ငံတွေမှာလို လုပ်သက်ရင့်ရှေ့နေတွေ၊ ဥပဒေ အရာရှိတွေထဲကနေ တရားသူကြီးတွေကို ရွေးချယ်တဲ့စနစ်နှင့် ခြားနားပါတယ်။ ကျွန်တော့်အမြင်ကတော့ ဂျပန်နိုင်ငံရဲ့စနစ်ကို ပိုပြီးသဘောကျမိပါတယ်။ ဘာလို့လဲဆိုတော့ တရားလွှတ်တော်ချုပ် တရားသူကြီးတွေကို နယ်ပယ်စုံကရွေးချယ် တာဝန်ပေးတဲ့အတွက် အမြင်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံက ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်မှုတွေ ပြုလုပ်နိုင်တာကြောင့်ပဲ ဖြစ်ပါတယ်။ ကဲ– မေးချင်တဲ့မေးခွန်းတွေကို ရင်းနှီးပွင့်လင်းစွာ မေးနိုင်ပါတယ်။

**သင်တန်းသားတစ်ဦး**

ကျွန်တော်သိချင်တာကတော့ တရားလွှတ်တော်ချုပ်မှာ တရားခွင်ဘယ်နှစ်ခွင်ရှိတယ်၊ ပြီးတော့

အမှုတွေကို ဘယ်လိုစီမံခန့်ခွဲစစ်ဆေးတယ် ဆိုတာကို သိချင်ပါတယ်။

**မစ္ဆတာ ကိုကျိမိုယာကာဝါ**

တရားသူကြီး (၁၅)ဦးစလုံးထိုင်တဲ့ စုံညီတရားခွင်တစ်ခုနှင့် တရားသူကြီး(၅)ဦးစီထိုင်တဲ့ တရားခွင်(၃)ခု ရှိပါတယ်။ စုံညီတရားခွင်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာတွေ၊ အရင်တုန်းကအစဉ်အဆက်လက်ခံ လိုက်နာခဲ့ကြတဲ့ စီရင်ထုံးတွေကိုပြင်ဆင်ဆုံးဖြတ်ရမယ့် ကိစ္စတွေကို ကြားနာဆုံးဖြတ်ရပါတယ်။ တရားလွှတ်တော်ချုပ်ဟာ အောက်ရုံးတွေရဲ့ ဥပဒေဆိုင်ရာ မှားယွင်းမှုတွေကို တည့်မတ်ပေးရပါတယ်။ တရားမမှုတွေမှာတော့ အကြောင်းချင်းရာ လွဲမှားစွာကောက်ယူဆုံးဖြတ်မှုတွေ ဒါမှမဟုတ် မျက်မြင်အနေအထားအရ တရားမျှတမှု မရှိကြောင်း သိသာထင်ရှားနေတဲ့ အခါမျိုးတွေမှာ အောက်ရုံးရဲ့စီရင်ချက်တွေကို ပြင်ဆင်ပြီးအမိန့်ချမှတ်ရတာမျိုး တွေရှိပါတယ်၊ ဒီလိုပါပဲ ပြစ်မှုဆိုင်ရာ အမှုတွေမှာဆိုရင်လည်းပဲ ပြစ်မှုနှင့်ပြစ်ဒဏ်မျှတမှုမရှိတဲ့ ဆုံးဖြတ်ချက်တွေ၊ အကြောင်းချင်းရာအရ လွဲမှားကောက်ယူဆုံးဖြတ်ထားတာတွေ၊ သိသာထင်ရှားစွာ မှားယွင်းတဲ့ဆုံးဖြတ်ချက် တွေအပေါ်မှာ ပြင်ဆင်အမိန့်ချမှတ်ရလေ့ရှိပါတယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာသတိရလို့ ပြောပြချင်တဲ့အချက်ကတော့ ဂျပန်နိုင်ငံတရားလွှတ်တော်ချုပ် တရားသူကြီးတွေအားလုံးဟာ ပြစ်မှုဆိုင်ရာအမှု၊ တရားမမှု၊ စီမံခန့်ခွဲရေးဆိုင်ရာအမှု၊ အလုပ်သမားဆိုင်ဥပဒေဆိုင်ရာအမှု၊ အသိဉာဏ်ပစ္စည်းဆိုင်ရာအမှုတွေ... တဲ့ နယ်ပယ်တိုင်းကအမှုတွေကို ကိုင်တွယ်စစ်ဆေးကြားနာခွင့်ရှိတယ်ဆိုတာပဲ ဖြစ်ပါတယ်။ နောက်တစ်ချက် ပြောချင်တာကတော့ ဂျပန်နိုင်ငံမှာ စစ်ဘက်ဆိုင်ရာတရားရုံးများ သီးခြားတည်ထောင်ထားခြင်းမရှိဘဲ စစ်မှုထမ်းများဥပဒေချိုးဖောက်ပါက အရပ်ဘက်တရားရုံးတွေမှာပဲ တရားစွဲဆိုဆောင်ရွက်ကြတာပါပဲ။

တရားရုံးမှာ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းစနစ်ကို ထည့်သွင်းထားပြီး တရားမမှုခင်းတွေ၊ ကူးသန်းရောင်းဝယ် ရေးဆိုင်ရာအမှုတွေ၊ မိသားစုရေးရာမှုခင်းတွေကို စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းနည်းနှင့် ဖြေရှင်းဆုံးဖြတ်လျှက် ရှိပါတယ်။ ဒါ့အပြင် တရားရုံးပြင်ပမှာလည်း Alternative Dispute Resolution (ADR) အဖွဲ့အစည်းတွေ အများအပြားရှိပြီး အနုပညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ နည်းလမ်းနှင့်လည်း ဖြေရှင်းဆောင်ရွက်တာတွေ ရှိပါတယ်။

**သင်တန်းသားတစ်ဦး**

ကျွန်တော်သိချင်တာကတော့ ဂျပန်နိုင်ငံမှာ တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်နှင့် တရားသူကြီးတွေ ရဲ့ သက်တမ်းကို ဘယ်လိုသတ်မှတ်ထားတယ်၊ သူတို့ကို ဘယ်လိုရွေးချယ်ခိုင်းတယ်ဆိုတာကို သိချင်ပါတယ်။

**မစ္ဆတာ ကိုကျိမိုယာဝါ**

တရားလွှတ်တော်ချုပ်တရားသူကြီးတွေဟာ အသက်(၇၀)ပြည့်တဲ့အခါမှာ ပင်စင်ယူကြရပါတယ်။ စင်စစ် အကျဉ်းစစ်တရားရုံးက တရားသူကြီးတွေဟာလည်း အသက်(၇၀)မှာ ပင်စင်ယူကြရသလို ကျန်တရားရုံးတွေမှာတော့ တရားသူကြီးတွေဟာ အသက် (၆၅)နှစ်မှာ ပင်စင်ယူကြရပါတယ်။ တရားလွှတ်တော်က တရားသူကြီးချုပ် တစ်ဦးကို တရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ရွေးချယ်ခန့်အပ်တဲ့အခါ သူဟာအသက်အားဖြင့် (၆၅)နှစ် ပြည့်ပြီး ဖြစ်နေတတ်ပါတယ်။ ဒီလိုပါပဲ အခြားသောနယ်ပယ်က ရောက်ရှိလာတဲ့ တရားလွှတ်တော်ချုပ် တရားသူကြီးတွေဟာလည်း သက်တမ်းအားဖြင့် အများဆုံး(၃)နှစ်အထိသာ လုပ်ကိုင်နိုင်ကြတာကို တွေ့ရပါတယ်။ ဒီလိုတရားလွှတ်တော်ချုပ် တရားသူကြီးတွေအဖြစ်

တိုတောင်းတဲ့ကာလသက်တမ်းသာ တာဝန်ထမ်းဆောင်ကြရတာဟာ ဂျပန်နိုင်ငံရဲ့တရားရုံးဖွဲ့စည်းပုံစနစ်က အခြားနိုင်ငံတွေရဲ့ဖွဲ့စည်းပုံတွေနှင့် ကြီးမားစွာခြားနားတဲ့အချက် တစ်ချက်ပဲဖြစ်ပါတယ်။ ကျွန်တော် တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်နဲ့ (၂၈)လ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလအတွင်း တရားသူကြီး (၁၁)ဦး အလွှဲအပြောင်းပြုလုပ်ခဲ့ကြပြီး အဲဒီအထဲမှာ ကျန်းမာရေးကြောင့် သေဆုံးသွားတဲ့တရားသူကြီး (၂)ဦးပါဝင်တယ်။ ကျနော်ပါဝင်ခဲ့တဲ့ (၅)ဦးထိုင်တရားခွင်မှာ (၄)ဦးက အနားယူခဲ့ကြတာကြောင့် (၂)နှစ်အတွင်းမှာ ကျနော်က စီနီယာတရားသူကြီး ဖြစ်ခဲ့ရပါတယ်။

အချို့နိုင်ငံတွေမှာ တရားလွှတ်တော်ချုပ်တရားသူကြီးတွေရဲ့ သက်တမ်းကို ဘဝတစ်သက်တာ သတ်မှတ်ထားတာတွေ ရှိပါတယ်။ အဲဒီလိုနိုင်ငံတွေမှာ တရားလွှတ်တော်ချုပ်တရားသူကြီးတွေအဖြစ် အနှစ် (၂၀)ကနေ (၃၀)အထိ တာဝန်ထမ်းဆောင်ကြတာတွေကို တွေ့ရမှာပါ။ ကျွန်တော်ကတော့ ဂျပန်နိုင်ငံမှာ ကျင့်သုံးတဲ့ပုံစံကို သဘောကျပါတယ်။ ဘာလို့လဲဆိုတော့ ပြောင်းလဲနေတဲ့ လူမှုအဖွဲ့အစည်းနှင့် လိုက်လျောညီထွေစွာ အသစ်အသစ်သော လူသားအရင်းအမြစ်တွေကို အပြောင်းအလဲဖြစ်နေစေတာကြောင့်ပဲ ဖြစ်ပါတယ်။

တရားလွှတ်တော်ချုပ်ဟာ များပြားတဲ့အမှုတွေကို စီမံခန့်ခွဲနေရပါတယ်။ တစ်နှစ်မှာ တရားမနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အယူခံမှု (၅၀၀၀)ခန့်နှင့် ပြစ်မှုဆိုင်ရာအယူခံမှု (၂၂၀၀)ခန့် စစ်ရေးစီရင်နေရပါတယ်။ အဲဒီအမှုစုစုပေါင်းရဲ့ သုံးပုံတစ်ပုံကို ကျနော်ပါဝင်တဲ့ (၅)ဦးထိုင်တရားခွင်က စစ်ရေးစီရင်ရပါတယ်။ ဒါကြောင့် ကျနော့်အနေနဲ့ တစ်လကိုပျှမ်းမျှအမှု (၂၁၀)ကနေ (၂၂၀)လောက်အထိ ကိုင်တွယ်စစ်ဆေးကြားနာရပါတယ်။ ဒါ့အပြင် ကျွန်တော့်တို့မှာ အထူးအယူခံမှုနှင့် စာချွန်တော်လျှောက်ထားမှုတွေလည်း အများအပြား ရှိနေတတ်သေးပါတယ်။ တကယ်တော့ တရားလွှတ်တော်ချုပ်တရားသူကြီး တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ရတာဟာ လွန်စွာမှပဲ ပင်ပန်းလှပါတယ်။ ဒါ့ကြောင့်လည်း တရားသူကြီးတစ်ဦးရဲ့သက်တမ်းကို ကြာရှည်စွာသတ်မှတ်ပေးဖို့ မဖြစ်နိုင်တာပဲ ဖြစ်ပါတယ်။

အစိုးရအဖွဲ့ (Cabinet) က တရားသူကြီးချုပ်အသစ်ကို ရွေးချယ်သတ်မှတ်တဲ့အခါ လက်ရှိ တရားသူကြီးချုပ်က ရွေးချယ်သတ်မှတ်ခြင်းခံရသူနှင့်ပတ်သက်လို့ သူ့ရဲ့သဘောထားမှတ်ချက်ကို အစိုးရအဖွဲ့ဆီတင်ပြရပြီး ဒီသဘောထားမှတ်ချက်ကလည်း အရေးပါအရာရောက်လှပါတယ်။ ဒီလိုပါပဲ။ အစိုးရအဖွဲ့က တရားလွှတ်တော်ချုပ် တရားသူကြီးတွေကို ခန့်အပ်တဲ့အခါမှာလည်း ဥပဒေပါမောက္ခတွေထဲက ရွေးချယ်တဲ့အခါမှာလည်း တရားလွှတ်တော်ချုပ်ရဲ့ သဘောထားမှတ်ချက်က အရေးပါလှပါတယ်။ အမှုလိုက် အရာရှိတွေထဲက ရွေးချယ်ခန့်အပ်တဲ့ အခါမှာတော့ ရှေ့နေချုပ်ရုံးရဲ့သဘောထားမှတ်ချက်က အရေးပါပါတယ်။ ရှေ့နေများထဲက ရွေးချယ်ခန့်အပ်တဲ့အခါမှာတော့ ဂျပန်ရှေ့နေများအသင်း (Japan Federation of the Bar Association) ကပေးပို့တဲ့ သဘောထား မှတ်ချက်များဟာ သိပ်အရေးပါပါတယ်။

စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ကြီးဌာနများကခန့်အပ်တဲ့ တရားသူကြီး(၂)ဦးနှင့်ပက်သက်လို့တော့ မမှန်မကန် ရွေးချယ်ခန့်အပ်မခြင်းမရှိစေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တရားလွှတ်တော်ချုပ်တို့ရဲ့ သဘောထားမှတ်ချက်တွေကိုလည်း အစိုးရအဖွဲ့က တလေးတစား ထည့်သွင်းစဉ်းစားလေ့ရှိပါတယ်။ အစိုးရအဖွဲ့ဟာ တရားလွှတ်တော်ချုပ် တရားသူကြီးတွေ ခန့်အပ်ခြင်းနှင့်ပက်သက်ပြီး လက်တွေ့ကျင့်သုံးတဲ့နေရာမှာ မိမိသဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်တာမျိုးမဟုတ်ဘဲ တရားလွှတ်တော်ချုပ်ရဲ့ သဘောထား မှတ်ချက်တွေအပေါ်မှာလည်း အလေးအနက်ထား ထည့်သွင်းစဉ်းစားပါတယ်။ ဒါဟာလည်း ဂျပန်နိုင်ငံရဲ့ ရင့်ကျက်တဲ့

ဒီမိုကရေစီအဖြစ်ရဲ့ပြယုဂ်တစ်ခုလို့ ဆိုရမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း တရားလွှတ်တော်ချုပ်တရားသူကြီးတွေ ရွေးချယ်တဲ့နေရာမှာ ပွင့်လင်း မြင်သာမှု မရှိတဲ့အတွက် အစိုးရအဖွဲ့ထဲမှာ ဘက်လိုက်မှု မရှိနိုင်တဲ့ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းသင့်တယ်ဆိုတဲ့ ဝေဖန်မှုတွေ ရှိနေပါတယ်။

**သင်တန်းသားတစ်ဦး**

ကျွန်တော်တို့သိချင်တာတွေကို စိတ်ရှည်လက်ရှည်ရှင်းပြပေးတဲ့အတွက် များစွာကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်၊ ကျနော်ကတော့ ဂျပန်နိုင်ငံရဲ့ တရားစီရင်ရေးဆိုင်ရာ လွှတ်လပ်မှု အခြေအနေကို သိချင်ပါတယ်။

**မစ္စတာ ကိုဂျီမီယာကာဝါ**

ဂျပန်နိုင်ငံမှာ ဥပဒေပြုရေး၊ စီမံခန့်ခွဲရေး နှင့် တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီး သုံးရပ်ဟာ တစ်ခုနှင့်တစ်ခု လွှတ်လွှတ်လပ်လပ် သီးခြားစီရပ်တည်လျှက်ရှိပါတယ်။ တရားလွှတ်တော်ချုပ်ဟာ တရားသူကြီးတွေနှင့် တရားရုံးဝန်ထမ်းတွေရဲ့ လုပ်ခလစာနှင့် သက်သာချောင်ချိရေးကိစ္စရပ်တွေ၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်တွေမှာ လွှတ်လွှတ်လပ်လပ် စီမံခန့်ခွဲပိုင်ခွင့်ရှိပါတယ်။ ဂျပန်နိုင်ငံမှာ တရားသူကြီးတွေကို လစာပေးတဲ့စနစ် က အခြားအရာရှိတွေကို လစာပေးတဲ့စနစ်နှင့် ကွဲပြားပါတယ်။ မနှစ်က ကျွန်တော်ဟာ အမေရိကန်နှင့် ကနေဒါ နိုင်ငံတို့ကို သွားရောက်ပြီး အဲဒီနိုင်ငံတွေက တရားသူကြီးတွေလစာနှင့် ထောက်ပံ့ကြေးကို ဘယ်လိုပုံစံထောက်ပံ့ ပေးကြသလဲဆိုတာ လေ့လာခဲ့ပါတယ်။ အဲဒီအခါမှာ သိရှိခဲ့ရတာကတော့ ကျွန်တော်တို့နိုင်ငံက တရားသူကြီးတွေဟာ လစာတော်တော်ကောင်းကြတယ် ဆိုတာ ကိုပါပဲ။ ဂျပန်နိုင်ငံတရားလွှတ်တော်ချုပ်ရဲ့ ဘတ်ဂျက်ကို ရေးဆွဲတင်ပြချက်အပေါ် အစိုးရအဖွဲ့ နှင့် ပါလီမန်တို့က အတည်ပြုပေးတာဖြစ်ပါတယ်။ ဒီနှစ်ပိုင်းမှာ နိုင်ငံရဲ့ ဘတ်ဂျက်အခြေအနေအရ ပြင်ဆင်မှု အနည်းအကျဉ်းရှိပေမယ့် အစဉ်အဆက်ကတော့ တရားလွှတ်တော်ချုပ်က တောင်းခံတဲ့ ဘတ်ဂျက်အပေါ် ပြင်ဆင်တာဖြတ်တောက်တာ မရှိခဲ့ပါဘူး။

ဒီနေရာမှာ စကားစပ်မိလို့ ဂျပန်နိုင်ငံတရားစီရင်ရေးစနစ်ရဲ့ ထူးခြားချက်တွေကို ပြောပြချင်ပါတယ်။ ဂျပန်နိုင်ငံတရားစီရင်ရေးစနစ်ရဲ့ အဓိကအရေးကြီးတဲ့ ထူးခြားချက်တွေထဲက ပထမဆုံးပြောချင်တဲ့ အချက်ကတော့ နိုင်ငံရေးနဲ့ဆက်နွယ်တဲ့ကိစ္စတွေမှာ သမာသမက်ကျမှုရှိဖို့ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ်။ တရားရုံးများဆိုင်ရာ ဥပဒေ (Court Law) ပုဒ်မ–၅၂၊ အပိုဒ် ၁ အရ တရားသူကြီးတွေဟာ တာဝန်ထမ်းဆောင်နေစဉ်အတွင်း အစိုးရအဖွဲ့ဝင်၊ ဒါမှမဟုတ် လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခွင့်မရှိပါဘူး၊ သူတို့ဟာ နိုင်ငံရေးပါတီတစ်ခုရဲ့ အဖွဲ့ဝင်ဖြစ်ခွင့်ရှိပေမယ့် နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုတွေမှာတော့ ပါဝင်ခွင့်မရှိပါဘူး။

ဒါပေမယ့် ဒီလိုသတ်မှတ်ထားတာဟာ တရားလွှတ်တော်ချုပ်တရားသူကြီးအပါအဝင် တရားသူကြီးအားလုံးဟာ နိုင်ငံရေးပါတီအဖွဲ့ဝင် ဖြစ်ခွင့်မရှိဘူးလို့ ဆိုထားသလို ထင်ရပါတယ်။ ဒီလိုဘက်လိုက်မှုရှိတယ်လို့ ထောက်ပြလာနိုင်တဲ့ကိစ္စမျိုးမှာ ပါဝင်ပတ်သက်မှုမရှိအောင် သိုသိုသိပ်သိပ်နေတတ်ကြတာဟာ ဂျပန်နိုင်ငံ တရားစီရင်ရေးရဲ့ လက္ခဏာတစ်ရပ်ပဲ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ဂျပန်နိုင်ငံတရားစီရင်ရေးဟာ အဂတိတရားကင်းရှင်းမှုစာရင်းမှာ ထိပ်တန်းက ရပ်တည်နေတယ် ဆိုတာပါပဲ။ တရားရုံးတွေ၊ ဥပဒေရုံးတွေမှာ လာဘ်စားမှုလိုမျိုး အဂတိလိုက်စားမှုတွေ မရှိပါဘူး။ ပြည်သူတွေကလည်း တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေက လာဘ်ငွေတောင်းခံခြင်းမပြုနိုင်ဘူး

ဆိုတာ အပြည့်အဝ ယုံကြည်လက်ခံထားကြပါတယ်။ ဒါကြောင့်လဲပဲ လာဘ်ပေးလာဘ်ယူမှုတွေ မတွေ့ရတာပါ။

ရှေ့နေတွေကလည်း အဂတိလိုက်စားလို့မရပါဘူး။ တစ်ဖက်အမှုသည်ဆီက ငွေတောင်းတဲ့ရှေ့နေ မျိုးကို Bar Association ကအရေးယူဆောင်ရွက်တာတွေ၊ ထုတ်ဖော်ကြေညာတာတွေလုပ်ပါတယ်။ ဂျပန်နိုင်ငံက ရဲတပ်ဖွဲ့ဆိုရင်လည်းပဲ ဒီလိုပါပဲ။ ကမ္ဘာ့နိုင်ငံတွေထဲမှာ နိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် အဂတိလိုက်စားမှု ကင်းတယ်ဆိုတဲ့ နာမည်ကောင်းရထားပါတယ်။ ဒါပေမယ့် အဂတိလိုက်စားတာ၊ လာဘ်စားတာတွေ လုံးဝမရှိဘူးလို့ မဆိုလိုပါဘူး။ လွန်စွာအနည်းအကျဉ်းလောက်သာ တွေ့ရတတ်ပါတယ်။

ဂျပန်နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ဒီလိုအဂတိတရားကင်းရှင်းမှုရဲ့အခြေခံက ဂျပန်လူမျိုးတွေရဲ့ ရိုးရာအစဉ်အလာယဉ်ကျေးမှုနှင့် ပညာရေးစနစ်ကြောင့်လို့ ဆိုချင်ပါတယ်။ (၁၆) ရာစုလောက်က ရေးသားခဲ့တဲ့မှတ်တမ်းတွေအရ အနောက်တိုင်းလူ့အဖွဲ့အစည်းနှင့်ယှဉ်ပြီး ဂျပန်လူမျိုးတွေရဲ့ အဆင့်မြင့်တဲ့ ပညာရေးစနစ်နှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ တန်ဖိုးမြင့်မားမှုတွေက သက်သေခံနေပါတယ်။ ကမ္ဘာ့မှာ (၁၆)ရာစုက (၂၀)ရာစုအထိ စာတတ်မြောက်မှုနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ တန်ဖိုးမြင့်မားမှုတွေကို နိုင်းယှဉ်ကြရာမှာ ဂျပန်နိုင်ငံဟာ အမြင့်ဆုံးအဆင့်မှာရှိခဲ့တာကို တွေ့ကြရမှာပါ။ ဂျပန်လူမျိုးတွေဟာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ နှင့် ဆာမူရိုင်းတွေရဲ့ ပညာရေးနှင့်ကိုယ်ကျင့်သိက္ခာဆိုင်ရာ ပို့ချသင်ကြားမှုတွေ၊ ကွန်ဖြူးရှပ်ဝါဒဆိုင်ရာ အခြေခံသဘောတရားရေးရာ သင်ကြားပို့ချမှုတွေကို ငယ်စဉ်ဘဝကတည်းက ရရှိခဲ့ကြတာကြောင့်လဲ ဒီလိုခိုင်မာတဲ့ ပညာရေးစနစ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံခိုင်မာမှုတွေကို ရရှိခဲ့ကြတာပါ။

၁၈၆၈–ခုနှစ်၊ မေးဂျီခေတ် (Meiji Era) မှာ ဂျပန်နိုင်ငံရဲ့တရားစီရင်ရေးစနစ်ဟာ အနောက်တိုင်းက ခေတ်မီတဲ့စနစ်နှင့် ပေါင်းစပ်ပြီး ပြုပြင်ပြောင်းလဲမှုလုပ်ခဲ့ပေမယ့် တရားရုံးတွေနှင့် ဥပဒေရုံးတွေဟာ ဂုဏ်သိက္ခာရှိမှု ကို ဆက်လက်ထိန်းသိမ်းခဲ့ကြပါတယ်။ အဲဒီဂုဏ်သိက္ခာရှိမှုက ရှေ့နေတွေ ရဲအမှုထမ်းတွေဆီပါ ပျံ့နှံ့ပြီး အဂတိတရားကင်းရှင်းတဲ့ အဖွဲ့အစည်းတွေအဖြစ်နှင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။

တတိယအချက်ပြောချင်တာကတော့ တရားသူကြီးတွေ ရွေးချယ်ခန့်အပ်တာနှင့်ပတ်သက်လို့ တရားသူကြီးများ ခန့်အပ်ခြင်းဆိုင်ရာ စုံစမ်းထောက်လှမ်းရေးကော်မတီ (The Judge Appointment Inspection Committee) ကို မကြာသေးခင်ကပဲ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကော်မတီမှာ အဖွဲ့ဝင်(၁၁)ဦးပါဝင်ပြီး တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ..စတဲ့ ဥပဒေသမား (၅)ဦး ပါဝင်ပါတယ်။ ကျန်တဲ့ (၆)ဦးကတော့ ဥပဒေပညာရှင်တွေဖြစ်ပါတယ်။ ဂျပန်နိုင်ငံတစ်ဝှမ်းက တရားလွှတ်တော် (၈)ခုမှာလည်း ဒေသဆိုင်ရာ ကော်မတီအသီးသီးကို ဖွဲ့စည်းထားပါတယ်။ အဲဒီကော်မတီဟာ တရားစီရင်ရေးဆိုင်ရာ သင်တန်း ပြီးဆုံးပြီး တရားသူကြီး ဖြစ်လာအောင် ကြိုးပမ်းနေသူတွေအတွက် အရည်အချင်းစစ်စာမေးပွဲတွေ ပြုလုပ်ပေးပြီး စာမေးပွဲရလဒ်တွေကိုလည်း အစီရင်ခံတင်ပြရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဖော်ပြချက်အရ ခရိုင်အဆင့်တရားသူကြီးတွေရဲ့ သက်တမ်းဟာ (၁၀)နှစ်ဖြစ်ပြီး သက်တမ်းစေ့တဲ့အခါ အဲဒီကော်မတီနှင့် ညှိနှိုင်းပြီး ထပ်မံရွေးချယ်ပါတယ်။ ဒီစနစ်ကလည်း တရားသူကြီးခန့်အပ်ခြင်းနှင့် ပြန်လည်ရွေးချယ် ခန့်အပ်တဲ့ကိစ္စတွေမှာ ပွင့်လင်းမြင်သာမှုရှိရှိနှင့် ဘက်လိုက်မှုကင်းကင်း ဆောင်ရွက်နိုင်ဖို့ ပြုပြင်ပြောင်းလဲခဲ့တာပဲ ဖြစ်ပါတယ်။

စတုတ္ထအချက်အနေနဲ့ ပြောချင်တာကတော့ ဂျပန်နိုင်ငံတရားစီရင်ရေးစနစ်ဟာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်ဆိုတာပါပဲ။ အစိုးရရှေ့နေစာမေးပွဲ (National Bar Examination) အောင်ပြီးတဲ့

သူတွေဟာ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေလုပ်မယ့်သူအားလုံး တရားလွှတ်တော်ချုပ်က ကြီးမှူးပြုလုပ်တဲ့ တရားစီရင်ရေး ဆိုင်ရာသင်တန်းမှာ အတူတူတက်ရောက်ကြရပါတယ်။ သူတို့ဟာ လုပ်သက်ရင့် အရာရှိတွေရဲ့ကြီးကြပ်မှုအောက်မှာ လေ့လာသင်ယူတာတွေ၊ ဥပဒေရေးရာလေ့ကျင့်ရေးနှင့် သုတေသန သင်တန်းကျောင်း (Legal Training and Research Institute) ကပို့ချပေးတဲ့ ပုံမှန်သင်တန်းတက်ရောက်တာတွေ လုပ်ကြရပါတယ်။ ပြီးတော့ သူတို့တွေထဲကအများစုဟာ နိုင်ငံခြားမှာ တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် သွားရောက်ပြီး ရှေ့နေရုံးတွေမှာ ကုမ္ပဏီတွေမှာ သွားရောက်လေ့လာရတာတွေ ရှိပါတယ်။ ဒီလိုမျိုး တရားသူကြီးတွေကို ပညာပေးတဲ့ အစီအစဉ်တွေဟာ ကမ္ဘာမှာအကျိုးအရှိဆုံးနည်းစနစ်တွေပဲလို့ ဆိုချင်ပါတယ်။ နောက်တစ်ချက် ပြောပြချင်တာက ကျနော်တို့တရားရေးရာဝန်ကြီး ဌာနအောက်မှာ ဥပဒေအရာရှိတွေအတွက် သုတေသနနှင့် သင်တန်းကျောင်း (The Research and Training Institute) ဆိုတာလည်း ရှိပါတယ်။ ပြင်ပရှေ့နေတွေကိုလည်း ဂျပန်နိုင်ငံရှေ့နေများအသင်း (Japan Federation of the Bar Association) က ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ သင်ရိုးတွေကို ပို့ချသင်ကြားပေးတာတွေ ရှိပါတယ်။

**သင်တန်းသားတစ်ဦး**

ဂျပန်နိုင်ငံမှာ ဂျူရီစနစ်လိုမျိုး အရပ်သားတွေကို တရားစီရင်စေတဲ့ Saiban-in လို့ခေါ်ကြတဲ့ Lay Judge System ကျင့်သုံးနေမှုအကြောင်းတွေကိုလည်း သိချင်ပါတယ်ဆရာ။

**မစ္စတာ ကိုဂျီမီယာကာဝါ**

Saiban-in လို့ခေါ်ကြတဲ့ Lay Judge System ကို ဂျပန်နိုင်ငံမှာ ၂၀၀၉ခုနှစ်ကစတင်ပြီး ကျင့်သုံးခဲ့ကြတာပါ။ လူသတ်မှုလိုမျိုး လူအများစိတ်ဝင်စားပြီး ကြီးလေးတဲ့ပြစ်မှုတွေကို မူလမှုစစ်ဆေးရာမှာ အရပ်သား (၆)ဦးကို ရွေးချယ်ခန့်အပ်ပြီး ပါဝင်တရားစီရင်စေတာပဲဖြစ်ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှု ပြုလုပ်ခဲ့တာဟာဆိုရင် ဂျပန်နိုင်ငံတရားစီရင်ရေးစနစ်မှာ ဥပဒေသမားတွေကသာ စီရင်ဆုံးဖြတ်နေရာကနေ နိုင်ငံသားများ ပါဝင်တဲ့ တရားစီရင်ရေးစနစ်ကို ရည်ရွယ်ချက်ကြီးကြီးနှင့် ဦးတည်ဆောင်ရွက်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပြည်သူပါဝင်တဲ့ တရားစီရင်ရေးကို ပြုပြင်ပြောင်းလဲခဲ့ရာမှာ ဒီ Saiban-in စနစ်ဟာထူးခြားတဲ့ ပြုပြင်ပြောင်းလဲမှုတစ်ခုလို့ ဆိုရမှာပါ။

ဒီစနစ်ကိုစတင်ပြီးနောက်မှာ ပြစ်မှုဆိုင်ရာတရားရုံးတွေမှာ သိသိသာသာပြောင်းလဲသွားရပါတယ်။ အရင်က ရေးသားထွက်ဆိုချက်တွေပေါ်မှာသာ အဓိကအခြေခံတဲ့ တရားစီရင်ရေးကနေ ပြည့်သူ့ရှေ့မှောက်မှာ တရားစီရင်ရေးဆီကို ပြောင်းလဲသွားခဲ့ပါတယ်။ အချေအတင် ငြင်းခုံစရာအချက်တွေကလည်း လျော့နည်းလာခဲ့ရပါတယ်။ တရားစွဲဆိုသူ ဥပဒေအရာရှိတွေက သက်သေခံချက်တွေတင်ပြရာမှာလည်း တိုးတက်မှုတွေရှိလာခဲ့ပါတယ်။ ဒီစနစ်ဟာ ဂျပန်နိုင်ငံရဲ့ပြစ်မှုတရားစီရင်ရေးကို တိုထွင်ဆန်းသစ်မှုတွေနှင့် ပြောင်းလဲသွားစေခဲ့တယ်။ ဒီစနစ်ဟာ ဆယ်စုနှစ်တွေအတွင်း လေ့လာဆန်းစစ်မှုတွေအရ ကြီးမားတဲ့ရလဒ်တစ်ခုလို့လည်း ပြောရမှာ ဖြစ်ပါတယ်။

အရပ်သားတရားသူကြီးတွေကို ရွေးချယ်တဲ့အခါ ဥပဒေအရာမှာ ကျွမ်းကျင်နှံ့စပ်မှုမရှိတဲ့ သာမန်နိုင်ငံသားတွေကိုသာ ရွေးချယ်ပါတယ်။ ဒီစနစ်ရဲ့ရည်ရွယ်ချက်ကတော့ အရပ်သားတွေရဲ့သာမန်အမြင်နှင့် ဥပဒေသမားတွေ ရဲ့ ဥပဒေပညာကို အခြေခံတဲ့အတွေးအမြင်တွေထဲမှာ ပေါင်းစပ်အကောင်အထည်ဖော်စေဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ အခက်အခဲတစ်ခုကတော့ အရပ်သားတရားသူကြီးတွေကို တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနှင့် မိတ်ဆက်ပေးပြီး ပရော်ဖက်ရှင်နယ်တရားသူကြီးတွေရဲ့ စွမ်းရည်တွေနှင့် ပေါင်းစပ်

ပေးရတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီစိန်ခေါ်မှုကို ကျနော်တို့ဖြေရှင်းခဲ့ကြပါတယ်။ ယခုဆိုရင် အရပ်သား တရားသူကြီးတွေက သေဒဏ်လိုအပြင်းထန်ဆုံးပြစ်ဒဏ်မျိုးကိုတောင် ပေးဖို့ဝန်မလေး ကြတော့ပါဘူး။ ဒါက ဘာကိုဖော်ပြသလဲဆိုရင် ပြည်သူတွေအနေနဲ့ တရားစီရင်ခြင်းအတွေ့အကြုံရင့်ကျက်လာမှုကို မြင်တွေ့ရခြင်းလို့ပဲ ကျွန်တော်ယုံကြည်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း အရပ်သားတရားသူကြီးတစ်ယောက် အဖြစ် ဖြစ်ဖူးချင်ကြတာကို အံ့သြဖွယ် တွေ့မြင်လာရပါတယ်။ ဒါ့ကြောင့် အရပ်သားတရားသူကြီး တွေဟာ လည်း ခက်ခဲတဲ့အမှုတွေနှင့် တွေ့ကြုံလာရတဲ့ အခါမှာ အောင်မြင်အောင် လုပ်ဆောင်နိုင်ကြမယ်ဆိုတာ ယုံကြည်မိပါတယ်။

**သင်တန်းဆရာ**

သင်တန်းသားတွေမေးမြန်းတဲ့ မေးခွန်းတွေကို ယခုလိုပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ တရားလွှတ်တော်ချုပ် တရားသူကြီး မစ္စတာကိုဂျိမီယာကာဝါကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဆရာကြီးရဲ့ ဖြေကြားချက်များဟာ ဂျပန်နိုင်ငံတရားစီရင်ရေးစနစ်အကြောင်း တော်တော်များများ လွှမ်းခြုံနိုင်တာဖြစ်လို့ သင်တန်းသားများအတွက်လည်း များစွာအကျိုးများပါတယ်။ ဆရာ့အနေနှင့် အလုပ်တာဝန်တွေ မအားလပ်တဲ့ ကြားက သင်တန်းသားတွေကို အချိန်ပေးပြီး လက်ခံတွေ့ဆုံခွင့်ပေးတဲ့အပြင် သင်တန်းသားများ မေးမြန်းသမျှကိုလည်း စိတ်ရှည်လက်ရှည် ရှင်းပြဖြေကြားပေးခဲ့တဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**မြတ်မျိုးလတ် (တရားရေး)**

# စာချုပ်တော်အရိပ်အမြွက်

ဦးတင်ဝင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ပုဒ်မ-၂၉၆၏ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အောက်ပါစာချုပ်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိ၏-

(၁) **ရှေ့တော်သွင်းစာချုပ်တော်အမိန့်၊**

(၂) **အာဏာပေးစာချုပ်တော်အမိန့်၊**

(၃) **တားမြစ်စေစာချုပ်တော်အမိန့်၊**

(၄) **အာဏာပိုင်မေးစာချုပ်တော်အမိန့်၊**

(၅) **အမှုခေါ်စာချုပ်တော်အမိန့်**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ နှင့် ၂၀၁၄ ခုနှစ်၊ စာချုပ်တော်အမိန့်များ လျှောက်ထားမှုဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်လည်း အလားတူစာချုပ်တော်အမိန့်များ ထုတ်ပိုင်ခွင့် အာဏာကို ပြဋ္ဌာန်းထား၏။

နိုင်ငံသားများအား ပေးထားသော အခွင့်အရေးများ (Rights) နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား စာချုပ်တော်အမိန့် ထုတ်ပေးခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၇၈ အရအပ်နှင်းသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း စာချုပ်တော်အမိန့်များ ထုတ်ဆင့်ခွင့် အာဏာသည် အခွင့်အရေး (Rights)ကို သတ်မှတ်သည့် အရင်းခံပြဋ္ဌာန်းချက် (Substantive Law)ဖြစ်ကြောင်း ညွှန်ပြသည်။[၁]

ထိုပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းစာချုပ်တော်ဆိုင်ရာ အထွေထွေလျှောက်ထားမှု (၁၄) မှုကို စီရင်ထုံးပြုသည်။

အထက်ပါစီရင်ထုံးများနှင့် ရှေးစီရင်ထုံး (၃) ခုပေါင်းစပ်ပြီး စာချုပ်တော်အကြောင်း အရိပ်အမြွက်ကို တင်ပြပါမည်။

စာချုပ်တော်အမိန့်ရလိုကြောင်း လျှောက်ထားလာသည့်အခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ရမည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ တင်ပြထားခြင်း ရှိမရှိ စိစစ်ရမည်။ လျှောက်ထားလွှာနှင့် ကျမ်းကျိန်လွှာကို ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းရန်ဖြစ်သည်။ ဆိုင်ရာ ပြဋ္ဌာန်းချက်ကို စာချုပ်တော်အမိန့်များ လျှောက်ထားမှုဆိုင်ရာ ဥပဒေ ပုဒ်မ ၆ နှင့် နည်းဥပဒေ ၃၊ ၂၁၊ ၄၅ တို့တွင်မြင်နိုင်သည်။

စာချုပ်တော်အမိန့်လျှောက်ထားမှုများတွင် ကျမ်းကျိန်လွှာပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက်သည် ယင်းလျှောက်ထားမှုအတွက် သီးခြားသက်သေခံချက်များ ရယူခြင်းမပြုဘဲကျမ်းကျိန်လွှာပါအချက်များအရ စာချုပ်အမိန့် ထုတ်ဆင့်ရန် သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ရန်အတွက် ဖြစ်သည်။ တင်သွင်းသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင်ပြုလုပ်သည့် ကျမ်းကျိန်လွှာမဟုတ်လျှင် လျှောက်ထားလွှာပါ အချက်များမှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားဖြစ်သည်ဟု မဆိုနိုင်၍

လျှောက်ထားလွှာ အပယ်ခံရနိုင်သည်ကို သတိပြုရန်လိုသည်။[၂]

**အရေးကြီးသည့်အချက်မှာ** ကျမ်းကျိန်လွှာများကို ပေါ့ပေါ့တန်တန် ပြုလုပ်ရန်မဟုတ်။ လေးလေးနက်နက် သတိပြုဆောင်ရွက်ရန်ဖြစ်သည်။ စာချွန်တော်အမိန့် လျှောက်ထားရခြင်းအကြောင်းအချက်များကို လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာတွင် ပြည့်ပြည့်စုံစုံဖော်ပြပြီး ကျမ်းကျိန်လွှာပါအချက်များ မှန်ကြောင်းဝန်ခံချက်ပါရှိရန် လိုအပ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် ထုတ်ဆင့်ရန် သင့် မသင့်ကို မူလရုံးများကဲ့သို့ သက်သေများဆင့်ခေါ် စစ်ဆေးမည်မဟုတ်ဘဲ လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြ ထားသည့် ကျမ်းကျိန်လွှာများကို စိစစ်ကြည့်ရှု၍ မျက်မြင်အားဖြင့် ချမှတ်သည့်အမိန့်များသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ စာချွန်တော်အမိန့်ထုတ်ဆင့်ရန် လိုအပ်ခြင်း ရှိ မရှိကို စိစစ်ဆုံးဖြတ်မည်ဖြစ်သည်။[၃]

၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် စာချွန်တော်အမိန့်များ၏ အဓိပ္ပာယ်ကို ဤသို့ဖွင့်ဆိုထားသည်–

**(၁) ရှေ့တော်သွင်း စာချွန်တော်အမိန့် ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတရားရုံးတစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။**

အာဏာပိုင်၏ ပြည်နှင်ဒဏ်အမိန့်ဖြင့် ချုပ်နှောင်ခံရသည့် လျှောက်ထားသူများအား ထုချေခွင့် ပေးရာ၌ သာမန်တရားရုံးများတွင် လိုက်နာသောနည်းဥပဒေများအရ စစ်ဆေးရန်မလိုချေ။ အရေးကြီးသည့်အချက်မှာ သင့်တော်သလိုစုံစမ်းရရှိသော သက်သေခံချက်များကို အရေးယူခံရသောသူများအား သိစေပြီး ၎င်းတို့အား ထိုအချက်များမမှန်လျှင်မမှန်ကြောင်း ငြင်းကွယ်ရန်လည်းကောင်း၊သက်သေအထောက် အထားပြရန် လည်းကောင်း အခွင့်အရေးပေးရမည်။ မပေးလျှင် အာဏာပိုင်၏ အမိန့်ပယ်ဖျက်ခံရလိမ့်မည်။[၄]

ရှေ့တော်သွင်းစာချွန်တော်အမှုမျိုးတွင် တရားလွှတ်တော်ချုပ်သည် အမိန့်ချမှတ်သော အာဏာပိုင်၏ ရှေ့တွင် ထိုအမိန့်ကို ချမှတ်ရန်အကြောင်း အထောက်အထားများရှိ မရှိကိုသာ ကြည့်မြဲဖြစ်သည်။ အထောက်အထားများရှိလျှင် ၎င်းတို့ကို ယုံကြည်အားကိုး၍ အမိန့်ချမှတ်ရန် ထိုက်မထိုက်ကို တရားလွှတ်တော်ချုပ်က စဉ်းစားရိုးမရှိချေ။ အာဏာပိုင်၏ အမိန့်သည် လွှတ်လပ်မှုနှင့် ပြည်ထောင်စုနိုင်ငံတော်အတွင်း မည်သည့် နေရာ၌ မဆို နေထိုင်အခြေစိုက်ခွင့် မူလအခွင့်အရေးများကို ထိခိုက်လာလျှင်အဆိုပါအမိန့်ကို ရှေ့တော်သွင်းစာချွန်တော်ဖြင့်ပယ်ဖျက်နိုင်သည်။[၅]

ပြည်နှင်ဒဏ်အမိန့်ကို မနာခံ၍ နိုင်ငံခြားသားတစ်ဦးကို မိမိတိုင်းပြည်သို့ပြန်ပို့ရန် ဖမ်းဆီးချုပ်နှောင်ထားခြင်းမှာမူ ဥပဒေနှင့်ဆန့်ကျင်သည်ဟု မဆိုနိုင်၍ စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်မည်မဟုတ်ပေ။[၆]

**(၂) အာဏာပေးစာချွန်တော်အမိန့်ဆိုသည်မှာ တရားဝင်အခွင့်အာဏာရှိသူ တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။**

ရှင်းရလျှင်၊

အစိုးရဝန်ထမ်းတစ်ဦးဦးသည် မိမိဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတစ်ခုခုကို မဆောင်ရွက်သည့် အတွက် တစ်စုံတစ်ယောက်၏ ဥပဒေရေးရာအခွင့်အရေးကို ထိခိုက်ခြင်း၊ ဆုံးရှုံးခြင်းတို့ပေါ်ပေါက်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကအာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်၍ သတ်မှတ်ထားသော တာဝန်ကို ဆောင်ရွက်စေရန်ဖြစ်သည်။

ဥပမာပြပါမည်။ ရဲတပ်ဖွဲ့စခန်းမှူးထံ အမှုဖွင့်အရေးယူပေးရန် တိုင်ချက်ဖွင့်သည့်အကြောင်းအရာမှာ မြေလွှတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအခန်း ၉ ပါ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ ဖြစ်သည့် အတွက် ရဲလက်စွဲအပိုဒ် ၁၄၁၄ နှင့်အညီ ချက်ချင်းတိုင်ချက်ရေးဖွင့်ရန်ဖြစ်သော်လည်း ဆောက်ရွက်ပေးမှုမပြုခြင်းသည် မိမိထမ်းဆောင်ရမည့် ရဲလက်စွဲပါတာဝန်ကို လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်၍ တိုင်ချက်ရေးဖွင့်ပေးရန် အာဏာပေးစာချွန်တော်အမိန့် ထုတ်ပေးမည်ဖြစ်သည်။ (၇)

အာဏာပေးစာချွန်တော်အမိန့်သည် အာဏာပိုင်အဖွဲ့အစည်းက ဥပဒေနှင့်အညီ ထမ်းဆောင်ရန်ပျက်ကွက်သည့် ၎င်း၏ပြည်သူ့တာဝန်ဝတ္တရားဆိုင်ရာ ပျက်ကွက်မှုကို ဖြည့်ဆည်းဆောင်ရွက်စေရေးအတွက် တရားလွှတ်တော်ချုပ်က တိုက်ရိုက်ညွှန်ကြားနိုင်သည့် စာချွန်တော်အမိန့်တစ်ရပ်ဖြစ်သည်။ တရားလွှတ်တော်ချုပ်ကပင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနဌာနမှူးကမြေပုံ၊ မြေရာဇဝင်(အရောင်း)ထုတ်ပေးရန် ငြင်းဆိုခဲ့ခြင်းသည် မှားယွင်းနေကြောင်း ပေါ်ပေါက်၍ အာဏာပေးစာချွန်တော် အမိန့်ဖြင့် တည့်မတ်ပေးဖူးသည်။ (၈)

**(၃) တားမြစ်စေစာချွန်တော်အမိန့်ဆိုသည်မှာ တရားရုံး တစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီစဉ်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာကျော်လွန်၍ဖြစ်စေ၊ တရားမျှတမှုကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းမပြုရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။**

သို့တည်းမဟုတ် အောက်တရားရုံးက စီရင်ပိုင်ခွင့်အာဏာမရှိဘဲစီရင်ခြင်းအား တားမြစ်ရန် ထုတ်ပြန်သည့် အမိန့်ဖြစ်သည်။ အချင်းဖြစ်ပြဿနာကို စီရင်ပိုင်ခွင့်အာဏာရှိသည်ဖြစ်လျှင် အောက်တရားရုံး၏ ဆုံးဖြတ်ချက် များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။(၉)

သာဓကမှာ၊

တိုင်းဒေသကြီးတရားလွှတ်တော်က ပြင်ဆင်မှုတွင် မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ ဒဏ်ငွေကျပ် ၅၀၀ ပေးဆောင်စေရန်ချမှတ်သည့်အမိန့်ကို အတည်ပြုခြင်းနှင့်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃)အရ အချင်းဖြစ်မြေကို မူလရုံးတရားလိုသို့ လက်ရောက်ပေးစေရန် ချမှတ်သည့်အမိန့်များအား ပယ်ဖျက် ပေးရေးနှင့် ယင်းမြေကွက်နှင့်ပက်သက်သရွေ့ မည်သည့်တရားရုံးကမျှ ပြစ်မှုကြောင်းအရ အရေးယူခြင်း မပြုစေရန်အတွက် တားမြစ်စေရန် စာချွန်တော်အမိန့် တောင်းခံရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က "တိုင်းဒေသကြီးလွှတ်တော်သည် ပြင်ဆင်မှုရုံးအနေဖြင့် ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃)အရ မူလတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂(၁) အရ ချမှတ်ခွင့်ရှိသည့်အမိန့်အတိုင်း ချမှတ်နိုင်သည့်အာဏာရှိကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားတောင်းခံရာတွင် လက်အောက်ခံတရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကို စီရင်ဆုံးဖြတ်ခြင်းအား စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည် မဟုတ်ကြောင်း"

သုံးသပ်ဆုံးဖြတ်သည်။ (၁၀)

တားမြစ်စေစာချုန်တော်အမိန့် သို့မဟုတ် အမှုခေါ်စာချုန်တော်အမိန့်ကို သုံးလအတွင်း လျှောက်ထားတောင်းခံရန်ဖြစ်သည်။ ယင်းသို့ လျှောက်ထားခြင်းမရှိလျှင် စာချုန်တော်အမိန့်ထုတ်ပေးခြင်းမပြုရန် စာချုန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၆၁တွင် ပိတ်ပင်ထားသည်။ စာချုန်တော်အမိန့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ယခင်တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းသည့်နည်းဥပဒေများနှင့် ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင်လည်း အမှုခေါ်စာချုန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချုန်တော်အမိန့်ကို ပြကွဒိန်သုံးလအတွင်း လျှောက်ထားခြင်းမပြုလျှင် ခွင့်မပြုရန်အလားတူ ပြဋ္ဌာန်းထားသည်။ (၉)

သို့သော်လည်း ၂၀၁၄ ခုနှစ်၊ စာချုန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆ တွင် **"အမှုခေါ် စာချုန်တော်အမိန့်နှင့် တားမြစ်စေစာချုန်တော်အမိန့်တို့နှင့် စပ်လျဉ်း၍ လျှောက်ထားလွှာ တင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ နှစ်နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းခြင်း မပြုလျှင် စာချုန်တော်အမိန့် ထုတ်ပြန်ခြင်းမပြုရ"** ဟု ပြဋ္ဌာန်းထားရာ ယင်းဥပဒေအာဏာတည်သည့် (၅-၆-၂၀၁၄) မတိုင်မီကချမှတ်သော စီရင်ချက်နှင့် ဒီကရီများအပေါ် အမှုခေါ်စာချုန်တော်အမိန့်နှင့် တားမြစ်စေစာချုန်တော်အမိန့် ထုတ်ဆင့်ခွင့်မရှိဟု ဆိုရမည်ဖြစ်သည်။ အကိုးအကားမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အောက်ပါသုံးသပ် ဆုံးဖြတ်ချက် ဖြစ်သည်-

"ပြည်ထောင်စုတရားစီရင်ရေးဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့် (၃၁-၁-၂၀၁၁)နေ့တွင် အာဏာတည်သည်။ လျှောက်ထားသူက အမှုခေါ် စာချုန်တော်အမိန့် နှင့် တားမြစ်စေစာချုန်တော်အမိန့် ထုတ်ဆင့်ပြင်ဆင်ပေးရန် လျှောက်ထားသည့် ပန်းဘဲတန်းမြို့နယ်တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီများသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ အတည်မဖြစ်ခင်က ချမှတ်သောစီရင်ချက်နှင့် ဒီကရီများဖြစ်သည်။ ယင်းစီရင်ချက်နှင့် ဒီကရီများအပေါ် နောက်ကြောင်းပြန်၍ အမှုခေါ်စာချုန်တော်အမိန့်နှင့် တားမြစ်စေစာချုန်တော်အမိန့်များကို ဤရုံးတော်မှ ထုတ်ဆင့်ခွင့်မရှိပေ။"

ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က "ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ပါ ပြဋ္ဌာန်းချက်သည် အမှုခေါ်စာချုန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချုန်တော်အမိန့် လျှောက်ထားမှုများနှင့်သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိ၍ ပုဒ်မ ၅ အရ ကျမ်းကျိန်လွှာပူးတွဲတင်ပြလျှောက်ထားစေဦး ဤရုံးတော်က ခွင့်ပြုနိုင်မည်မဟုတ်ကြောင်း" ဥပဒေသဘောကို ထုတ်ဖော်ညွှန်ပြသည်။ (၁)

(၄) **အာဏာပိုင်မေးစာချုန်တော်အမိန့် ဆိုသည်မှာ အဓိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာ အပ်နှင်းထားသည့် အဖွဲ့အစည်းတစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ထားခြင်း ရှိမရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်းရှိမရှိ စိစစ် ထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။**

ဥဒါဟရဏ်များပြပါမည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြေပုံကူး (အရောင်း) ထုတ်ပေးရန် လျှောက်ထားချက်အပေါ် ငြင်းပယ်ခဲ့ခြင်းသည် ဌာနကလိုက်နာရသည့်နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပေါ် အခြေမခံဘဲ မွေးစားသူမိခင်၏ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကိတ္တိမမွေးစားခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အစွဲလာမ်တရားဥပဒေများအပေါ် ဆင်ခြင်သုံးသပ်၍ မှားယွင်းစွာအဆုံးအဖြတ် ပြုလုပ်ထားကြောင်းနှင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများ အခန်း(၉)မှတ်တမ်းများ၊ ပုံစံများသတ်မှတ်ခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် မိတ္တူကူးခြင်း အခန်း(၄၃)ပါ ထုတ်ပြန်ထားချက်များနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်လျက်ရှိကြောင်း တွေ့ရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အာဏာပေးစာချွန် တော်အမိန့်ထုတ်ပြန်၍ တည့်မတ်ပေးသည်။ [၈]

"မန္တလေး စည်ပင်သာယာရေးကော်မတီက ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့် ကျူးကျော်သူများကို ဖယ်ရှားရန် ဥပဒေအရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်နှင့်အညီ အကြောင်းကြား၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး လျှောက်ထားသူမှ ဖျက်သိမ်းပေးခြင်းမပြုသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဖျက်သိမ်းရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်၍ အစည်းအဝေးမှတ်တမ်း ထုတ်ပြန်ခဲ့ခြင်းမှာမူ မိမိ၏လုပ်ပိုင်ခွင့်ကို ကျော်လွန်အလွဲသုံးစားပြုလုပ်ဆောင်ရွက်ခဲ့သည် ဟု ဆိုနိုင်မည်မဟုတ်ကြောင်း" သုံးသပ်၍ စာချွန်တော်အမိန့်လျှောက်ထားခြင်းကို ပယ်ခဲ့သည်။ [၁၁]

**(၅) အမှုခေါ်စာချွန်တော်အမိန့်ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့်ညီညွတ်မှုတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။**

တနည်းအားဖြင့် အောက်တရားရုံး၏ဆုံးဖြတ်ချက်သည် ၎င်း၏စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်ခြင်းရှိ မရှိကို အထက်တရားရုံးက ကျေနပ်စွာသိရှိနိုင်ရန် အောက်ရုံးဆုံးဖြတ်ချက်ကို တောင်းယူကြည့်ရှုရန် ရည်ရွယ်ပြီးထုတ်ပြန်သည့် အမိန့်ဖြစ်သည်။ [၉]

အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့်ပေးပါရန်လျှောက်ထားမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဤသို့ဆုံးဖြတ်သည်။

"၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၆(၁)(က)အရ ငှားရမ်းခများပေးသွင်းခွင့်ပြုရန် ကျောက်တံတားမြို့နယ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ထံ လျှောက်ထားခဲ့ခြင်းမှာ တရားဝင်အိမ်ငှားဖြစ်သူ ဦးသိန်းထွန်းမဟုတ်ပေ။ သမီးဖြစ်သူ ဒေါ်အေးအေးပြုံးက ငှားရမ်းခပေးသွင်းခွင့်ပြုရန် လျှောက်ထားခြင်းအပေါ် ၎င်းအမည်ဖြင့် ငှားရမ်းခများပေးဆောင်စေရန် ခွင့်ပြုမိန့်ချမှတ်ခဲ့ခြင်းသည် တရားဝင်အိမ်ငှားရှိပါလျက် အိမ်ငှားအသစ်ဖန်တီးရာရောက်၍ ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရ လည်းကောင်း မှန်ကန်ညီညွတ်မှုမရှိပေ။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်အနေဖြင့် အိမ်ငှားရမ်းခများကို လက်ခံရာတွင် ပေးအပ်ထားသည့်စီရင်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကောက်ယူနိုင်သည်။ တရားရုံး တစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက် သည် ဥပဒေနှင့်ညီညွတ်မှုတမှုမရှိကြောင်း၊ အပေါ်ယံကြောကြည့်ရုံဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်နေကြောင်း ပေါ်ပေါက်လျှင် ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို အမှုခေါ်စာချွန်တော်ထုတ်ဆင့်၍

တည့်မတ်ပြင်ဆင်ရန် ဖြစ်သည်။ (၁၂)

အမှန်မှာ "မြို့ပြဆိုင်ရာဌာနဆိုင်ရာ ကြားရမ်းခကြီးကြပ်ရေးဝန်၏ အခွင့်အာဏာသည် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥဒေအရ မြို့နယ်အုပ်ချုပ်ရေးမှူးအား အပ်နှင်းထားသည့် အခွင့်အာဏာဖြစ်သည်။ မြို့ပြဆိုင်ရာဌာနဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်သည် ၎င်းအား အပ်နှင်းသည့်အခွင့်အာဏာကို ဥပဒေနှင့်အညီကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။ ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌာနဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃၀ တွင် စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည့် ကိစ္စများတွင် တရားမကျင့်ထုံးဥပဒေနှင့်အညီ စစ်ဆေးရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားချက်အရ မြို့ပြဆိုင်ရာဌာနဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်သည် မြို့ပြဆိုင်ရာဌာနဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ ၎င်း၏ အခွင့်အာဏာအတွင်း ကျရောက်သောမူခင်းကိစ္စများကို စုံစမ်းစစ်ဆေးဆုံးဖြတ်ခြင်းသည် တရားစီရင်ရေး သဘောဆောင်သော (Quasi Judicial Function) ဆောင်ရွက်မှုဖြစ်သဖြင့် သက်သေခံချက်များအပေါ် မိမိတွေ့ရှိ ကောက်ယူချက်များအရ ဆုံးဖြတ်ရန်ဖြစ်သည်။ မြို့ပြဆိုင်ရာဌာနဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်သည် ယင်းသို့ဆုံးဖြတ်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အတည်ပြုတင်ပြရန် ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိ။ ထို့ကြောင့် အစည်းအဝေးတွင်တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်းသည် မိမိအားအပ်နှင်းထားသည့် စီရင်ပိုင်ခွင့်အာဏာကို နည်းလမ်းတကျ ကျင့်သုံးဆောင်ရွက်ရာ မရောက်ပေ"ဟု သုံးသပ်ပြီး စာချုန်တော်အမိန့် ထုတ်ဆင့်ပေးသည်။ (၁၃)

အလားတူပင်၊

- တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိဟု မြင်သာသောအမှု (၁၄)
- တရားမကျင့်ထုံးပုဒ်မ ၈၀ အရ နို့တစ်စာပေးရန်လိုကြောင်းဖြင့် အမှုကိုပယ်သောအမှု (၁၅)
- စည်းကမ်းသတ်ကာလ ကုန်ဆုံးပြီးနောက် စွဲဆိုခြင်းကိုလက်ခံသောအမှု (၁၆)

များကို အမှုခေါ်စာချုန်အမိန့်ထုတ်ဆင့်၍ တည့်မတ်ပေးသည်။

ချုပ်၍ဆိုရမူ အမိန့်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟု လည်းကောင်း၊ အခွင့်အာဏာရှိသည်ထက် ကျော်လွန်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ထိုအမိန့်သည် အပေါ်ယံကြောကြည့်ရုံဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည့် အမိန့်တစ်ရပ်ဖြစ်သည်ဟု လည်းကောင်း ပေါ်လွင်ခြင်းမရှိလျှင် ယင်းအမိန့်မျိုးကို စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ခွင့်မရှိ။ (၃)

အပြန်အလှန်အားဖြင့်၊

အမိန့်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟုလည်းကောင်း၊ အခွင့်အာဏာရှိသည်ထက် ကျော်လွန်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ထိုအမိန့်သည် အပေါ်ယံကြောကြည့်ရုံမျှဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည့် အမိန့်တစ်ရပ်ဖြစ်သည်ဟု ပေါ်ပေါက်ပါက စာချုန်တော်အမိန့်ဖြင့် ပြင်ဆင် တည့်မတ်ပေးရသည်။ (၁၆)

စာချုန်တော်အမိန့်၊ အယူခံမှုနှင့် ပြင်ဆင်မှုအာဏာများအကြောင်းကို အပြီးသတ်တင်ပြပါမည်။

စာချုန်တော်အမိန့်ထုတ်ဆင့်သည့်အာဏာသည် အယူခံမှုများကို ကြားနာသည့် စီရင်ပိုင်ခွင့်အာဏာနှင့် လုံးဝကွဲပြားခြားနားသည်။ အကယ်၍ အောက်တရားရုံးက ဥပဒေအရဖြစ်စေ၊ အကြောင်းခြင်းရာအရဖြစ်စေ မှားယွင်းဆုံးဖြတ်ထားခြင်းသည် သူ၏စီရင်ပိုင်ခွင့်အာဏာအတွင်း ဆုံးဖြတ်ခြင်းဖြစ်ပါက ကြီးကြပ်ကွပ်ကဲရန်အာဏာရှိသောစာချုန်တော်အမိန့်ထုတ်ဆင့်နိုင်ခွင့်ရှိသောပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝင်ရောက် စွက်ဖက်မည် မဟုတ်ပေ။ အောက်တရားရုံး၏ အဆိုပါဆုံးဖြတ်ချက်သည် မှန်ကန်မှုရှိ မရှိ၊

သင့်မြတ်လျော်ကန်မှု ရှိ မရှိကို စစ်ကြောရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ အယူခံမှုလျှောက်ထားခြင်းပင် ဖြစ်သည်။ (၉)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်တောင်းခံသည့် လျှောက်ထားလွှာများကို ကြားနာရာတွင် ပြစ်မှုထင်ရှားစီရင်ထားသည့် အမိန့်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံစီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို သုံးစွဲ၍ သုံးသပ်ဝေဖန်ခြင်းမပြုပေ။ ထိုရုံးများက ချမှတ်သောအမိန့်သည် မှားယွင်းချွတ်ချော်နေပါက လျှောက်ထားသူတို့သည် ဥပဒေက ခွင့်ပြုသည့်အတိုင်း အထက်တရားရုံးများသို့ အယူခံဝင်ရန် သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားရန် ဖြစ်သည်။

တစ်နည်းအားဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထား တောင်းခံရာတွင် လက်အောက်ခံတရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကို စီရင်ဆုံးဖြတ်ခြင်းအား စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည် မဟုတ်ပေ။ (၁၀)

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာကို အပ်နှင်းထားသည်။ စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာကို အပ်နှင်းထားသည့် ရည်ရွယ်ချက်မှာ အောက်တရားရုံးများက ယင်းတို့၌ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာထက်ပို၍ ဆောင်ရွက်ခြင်း၊ အပ်နှင်းထားသောစီရင်ပိုင်ခွင့်အာဏာကို လက်ခံနိုင်ဖွယ်မရှိအောင် ကျင့်သုံးရန် ပျက်ကွက်ခြင်းတို့ပြုလုပ်ခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးကြပ်ကွပ်ကဲခြင်းအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို ကျင့်သုံးရန်ဖြစ်သည်။

ထို့ကြောင့် အောက်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံတင်သွင်းခြင်း သို့မဟုတ် ပြင်ဆင်မှုလျှောက်ထား၍ အမြင့်ဆုံးတရားရုံးဖြစ်သော ယခင်တရားရုံးချုပ်၊ ယခုပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပြီးပါက အမြင့်ဆုံးတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အဆင့်တူအမြင့်ဆုံးတရားရုံးက ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကိုသုံးစွဲ၍ စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်ပေ။ ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို လက်အောက်တရားရုံးများအပေါ်တွင်သာ ကျင့်သုံးရန် ဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ အယူခံစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ အပြီးသတ်ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အပေါ် ပြန်လည်စစ်ဆေးစီရင်စေရန် လျှောက်ထားနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ပြည်ထောင်စုတရားစီရင်ရေးရေးဥပဒေ ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခြင်းသာ ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ပြီး ဖြစ်လျှင်ကား ထပ်မံ၍ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခွင့်မရှိတော့ကြောင်း သတိချပ်မှတ်သားရမည် ဖြစ်ပေသည်။ (၁၇)

**(တင်ဝင်း)**
**အဖွဲ့ဝင်**
**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ**
**လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**

**ကိုးကားသောစီရင်ထုံးများ**

၁။ ဦးကျော်မြင့် နှင့် ဒေါ်တင်လှ (၂၀၁၁ မတစ ၁)
(၎င်း၏ အခွင့်ရကိုယ်စားလှယ် (၎င်း၏ အခွင့်အရကိုယ်စားလှယ်
ဦးကျော်မြင့် (ခ) ဟူတောင်အာမက်) ဦးမောင်မောင်ခင်)

၂။ ဒေါ်ဘေဘီသန်းပါ ၉ နှင့် ဦးတင့်လွင် (၂၀၁၁ မတစ ၇၈)
ဦးညီညီထွန်း ပါ ၁၁ ဦးတင့်လွင်
ဒေါက်တာလှမောင်ဒင် ဦးတင့်လွင်

၃။ ဒေါ်သန်းသန်းဌေးပါ ၂ နှင့် တိုင်းဒေသကြီး(၂၀၁၁ မတစ ၁၂၇)
တရားလွှတ်တော်တရားသူကြီး
မကွေးတိုင်းဒေသကြီးတရားလွှတ်တော်
မကွေးမြို့ပါ ၇

၄။ မဘီဂမ်ဘဟာခါတွန်ပါ ၁၄ နှင့် အတွင်းဝန် (၁၉၆၁မတစ၊လွှတ်ချုပ်၊ ၅၃)
လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသား
မှတ်ပုံတင်ရေးဝန်ကြီးဌာန၊ရန်ကုန်မြို့ပါ ၂

၅။ ဦးဝင်းဖေ နှင့် ပြည်ထောင်စု(၁၉၅၇၊မတစ၊လွှတ်ချုပ်၊ ၃၂)
မြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန၊ အတွင်းဝန်

၆။ ချန်ယူတ နှင့် အမြဲတမ်း (၁၉၅၇၊ မတစ၊ လွှတ်ချုပ်၊၄၆)
အတွင်းဝန်၊ နိုင်ငံခြားရေးရုံး၊ ရန်ကုန်မြို့ပါ၁)

၇။ ဦးသန်းထွဋ် နှင့် စခန်းမှူး၊ (၂၀၁၄ မတစ ၅၄)
နောင်ချို၊ ပြည်သူ့ရဲစခန်း၊ နောင်ချိုမြို့။

၈။ ဦးကျော်မင်းပါ (၂) နှင့် ဌာနမှူး၊ (၂၀၁၃ မတစ ၁)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

၉။ ဒေါ်မြရွှေ နှင့် ခရိုင်တရားသူကြီး၊ (၂၀၁၁ မတစ ၁၀၃)
(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဟသံ်တခရိုင်တရားရုံး၊ ဟသံ်တမြို့ပါ ၃
မစန်းစန်းဝေ)

၁၀။ ဦးမြင့်သန်းပါ ၅ နှင့် ပြည်ထောင်စု (၂၀၁၁ မတစ ၇၃) (ပြစ်မှု)
သမ္မတမြန်မာနိုင်ငံတော်ပါ ၂

၁၁။ ဦးဇော်မျိုးဝင်း နှင့် ဌာနမှူး (၂၀၁၄ မတစ ၈၀)
အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေး
စည်ပင်သာယာရေး ကော်မတီ)

၁၂။ ဦးခင်လှ (ခ) အီစွပ်မာမ်ဆာ (အီးအေမာမ်ဆာဝကာပ်ဖ် ဂေါပကလူကြီးမင်း) နှင့် မြို့နယ် (၂၀၁၄ မတစ ၁၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေးဝန်းရုံး၊ ကျောက်တံတားမြို့နယ်ပါ ၂

၁၃။ ဒေါ်အိုက်ရှာဘီဘီ အမ်၊ ဂျီ၊ အာရစ်(ဖ်) နှင့် မြို့နယ်၊ (၂၀၁၄ မတစ ၁၉၉) မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေးဝန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေးဝန်းရုံး၊ပန်းဘဲတန်းမြို့နယ်ပါ ၂

၁၄။ ကိုအောင်အောင်သိန်း နှင့် တိုင်းဒေသကြီး (၂၀၁၄ မတစ ၁၈၆) တရားလွှတ်တော်တရားသူကြီး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ပါ ၄

၁၅။ ဒေါ်ဝင်း ပါ ၂ နှင့် တိုင်းဒေသကြီး (၂၀၁၃ မတစ ၁၂၀) တရားလွှတ်တော်တရားသူကြီး၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ပါ ၄

၁၆။ ဒေါက်တာမြင့်အောင် (ဌင်း၏အခွင့်ရကိုယ်စားလှယ် ဒေါက်တာမင်းစိုးအောင်) နှင့် တိုင်းဒေသကြီး (၂၀၁၃ မတစ ၁၀၇) တရားလွှတ်တော်တရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ပါ ၃

၁၇။ သျှင်ဉာဏ်ဏ (ခ) ရှင်မိုးပြာ နှင့် ပြည်ထောင်စုသမ္မတ (၂၀၁၁ မတစ ၁၂၆) မြန်မာနိုင်ငံတော်(ပြစ်မှု)

# ထွေရာလေးပါးအမှုတွဲများ

ဦးဝင်းအောင်၊ ခရိုင်တရားသူကြီး
တမူးခရိုင်တရားရုံး

ကျွန်ုပ်၏တရားသူကြီးအတွေ့အကြုံမှာ ၂၇နှစ်ရှိပါပြီ။ မိမိကိုယ်တိုင် ကိုင်တွယ်ခဲ့ရသောအမှုတွဲများ၊ သူတစ်ပါး ကိုင်တွယ်ခဲ့သည်ကို မိမိကဆက်လက်ကိုင်တွယ်ခဲ့ရသော အမှုတွဲများ၊ စီရင်ပိုင်ခွင့်အာဏာအရ အထက်ရုံးမှ မိမိထံရောက်ရှိလာသော အမှုတွဲများ၊ အောက်ရုံးကို စစ်ဆေးရာတွင် တွေ့ရှိရသော အမှုတွဲများ စသည်ဖြင့် မြောက်များလှစွာသော အမှုတွဲများကို ကိုင်တွယ်ကြည့်ရှုမှတ်သားခွင့်ရခဲ့ပါသည်။ ပညာလည်း ယူခွင့်ရခဲ့ပါသည်။

ထိုထိုသော အတွေ့အကြုံများအရ ပညာများရရှိသကဲ့သို့ လိုအပ်ချက်များ၊ အလွဲများကိုလည်း မြင်တွေ့ခဲ့ရပါသည်။ သတိမမူဂူမမြင် ဆိုသကဲ့သို့ လိုအပ်ချက်များ၊ အလွဲများကိုလည်း တွေ့ဖူးပါသည်။ ဤစာစောင်မှာ အတွေ့အကြုံနှယ်သေးသော junior များကိုသာ ရည်ရွယ်ပါသည်။

**၁။ အမှုတွဲတည်ဆောက်ခြင်း**

တရားမမှုများတွင် (က)၊ (ကက)၊ (ခ) ဖိုင်ဟူ၍ (၃)ဖိုင်ရှိသည်ကို သတိချပ်ရပါမည်။ (တရားရုံးများလက်စွဲ အပိုဒ် ၁၁၄၂)

**၂။ သက်သေခံစာမှတ်စာတမ်း (ပြစ်မှု ပုံစံ –၁၀)**

အချို့သော အမှုတွဲများတွင် ပြစ်မှုပုံစံ ၁၀၏အကြောင်းအရာဇယားကွက်၌ သက်သေခံ (က)၊ (ခ)၊ (၁)၊ (၂)၊ (၃) စသည်ဖြင့် ရေးသားကြပါသည်။ မှားပါသည်။ အကြောင်းအရာ ဇယားကွက်ဆိုသည်မှာ အမှု ပြီးသည့်အခါ အမှုသည်က သက်သေခံ စာရွက်စာတမ်းကို ပြန်ထုတ်ယူလျှင် ရေးသွင်းရန်သာ ဖြစ်ပါသည်။ (တရားရုံးများ လက်စွဲအပိုဒ် –၁၀၇၆) သက်သေခံ (က)၊ (ခ)၊ (၁)၊ (၂) စသည်တို့ကို ယင်းဇယား၏ လက်ဝဲဘက် အစွန်ဆုံးရှိ အမှတ်စဉ်စာတိုင်၌သာ ရေးသွင်းရပါမည်။

နမူနာ –

| အမှတ်စဉ် | စာရွက်စာတမ်းအမျိုးအမည် | လက်ခံသည့်နေ့ | မည်သူကတင်သည် | အကြောင်းအရာ |
|---|---|---|---|---|
| က | ပထမသတင်းပေးတိုင်ချက် | ၂.၅.၂၀၁၅ | တရားလို | |
| ခ | ရှာဖွေပုံစံ | ၅.၅.၂၀၁၅ | တရားလို | |
| ဂ | ကားအရောင်းအဝယ် | ၁၂.၆.၂၀၁၅ | တရားလို | သက်သေခံ(ဂ)စာချုပ်ကို တရားလိုမောင်ဖြူထံ ၁၀.၈.၂၀၁၅ ရက် နေ့တွင် ထုတ်ပေးလိုက်သည်။ မိတ္တူတစ်စောင်ထား ရှိသည်။ ဦးနီ မြို့နယ်တရားသူကြီး |

## ၃။ ပြစ်မှုပုံစံ (၃)

ပြစ်မှုပုံစံ (၃) သည် ရှေးဦးစွာ ဆောင်ရွက်သည့် မှုခင်းမှတ်တမ်းဖြစ်ပါသည်။ ယင်းပုံစံတွင် အချို့က တရားခံတစ်ဦးတည်း၏အမည်ကိုသာ ရေးတတ်ပါသည်။ ဥပမာ –မောင်ဖြူ ပါ–၄ ဟုရေးတတ်ကြပါသည်။ မှားပါသည်။ တရားခံအားလုံး၏ အမည်ကိုရေးရန်တရားရုံးများ လက်စွဲအပိုဒ် ၁၁၀ဖြတွင် ညွှန်ကြားထားပါသည်။

နမူနာ –

ပြစ်မှု ပုံစံ (၃) – **သက်သေခံပစ္စည်းစာရင်း**

ရွှေဘိုမြို့နယ်တရားရုံး

၂၀၁၅ခုနှစ်၊ ပြစ်မှုကြီးအမှတ်

တရားလို **ရဲအုပ်အောင်သိန်း** အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တရားခံ **(၁) ကြက်နီ၊ (၂) ငှက်ကြား၊ (၃) ထွန်းဖြူ**

၂၀၁၅ခုနှစ်၊ ဇူလိုင်လ ရက်

တရားခံများ အချုပ်ဖြင့် လာရောက်သည်။

တရားလိုကိုယ်စားလှယ် ဦးမောင်မောင် မြို့နယ်ဥပဒေအရာရှိ

တရားခံကိုယ်စားလှယ် ဦးတင်ထွန်းညွှန့် တရားလွှတ်တော်ရှေ့နေ

ရှေးဦးစွာဆောင်ရွက်သည့် မှုခင်းမှတ်တမ်းဖြစ်သောကြောင့် သက်သေခံပစ္စည်းမရှိပါကလည်း ဤပုံစံကို မလွဲမသွေ ရေးသွင်းရပါမည်။ ပြစ်မှုတိုင်းတွင် ရေးသွင်းရပါမည်။

## ၄။ သက်သေခံတံဆိပ်တုံး

အချို့ကသက်သေခံတံဆိပ်တုံးကို စာ (၄)ကြောင်းခန့်သာပြုလုပ်ထားတတ်ကြပါသည်။ တရားရုံးများ လက်စွဲအပိုဒ် ၄၉ပါအတိုင်း ပြုလုပ်ရပါမည်။

သို့မှသာလျှင် သက်သေခံအဖြစ်တင်သွင်းသော စာမှတ်စာတမ်းကို သက်သေခံအဖြစ် လက်မခံပယ်ချလျှင် ပယ်သောနေ့ စာတန်းတွင် ရေးသွင်းနိုင်မည်ဖြစ်ပါသည်။ အချို့က သက်သေခံအဖြစ် လက်မခံပါက တင်သွင်းသူထံချက်ချင်း ပြန်ပေးတာတွေ့ဖူးပါသည်။ သက်သေခံ အဖြစ် လက်မခံပါကလည်း ပြန်ပေး၍ မရပါ။ (ခ)ဖိုင်တွင် တွဲထားရပါမည်။ တရားရုံးများ လက်စွဲအပိုဒ် ၁၀၈၁ကို ကြည့်ပါ။ အမှုပြီးမှသာလျှင် ပြန်ပေးရပါမည်။ ချက်ချင်း ပေးလိုက်ပါက အထက်ရုံးသို့ ပြင်ဆင်မှု တက်သည့်အခါ another paperကို ပြောင်းလဲတင်ပြနိုင်သော အန္တရာယ်ရှိပါသည်။

## ၅။ ထောင်ဒဏ်ချမှတ်ခြင်း

အချို့ထောင်ဒဏ်ကို တစ်ပေါင်းတည်း ကျခံစေ'ဟု သုံးနှုန်းတတ်ကြပါသည်။ concurrently ဟူသော စာလုံး၏အဓိပ္ပါယ်ကို တရားရုံးချုပ်က ၁၉၈၉ခုနှစ်တွင် တစ်ပြိုင်တည်း ဟုတရားဝင်ဘာသာပြန်ထားပြီး ဖြစ်ပါသည်။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅(၁)နှင့် ၃၉၇တွင်တွေ့နိုင်ပါသည်။ concurrently ၏ အဓိပ္ပါယ်မှာလည်း at the same time ဖြစ်သောကြောင့် တစ်ပြိုင်တည်းပင် ဖြစ်ပါသည်။ တစ်ပြိုင်တည်း ဟုရေးသားမှသာလျှင် ပြဋ္ဌာန်းဥပဒေနှင့်ညီညွတ်ပါမည်။ ဥပဒေပညာတတ်ဆန်ဆန်ရေးသားရာရောက်ပါမည်။

**၆။ ဒီကရီရေးဆွဲခြင်း**

ဒီကရီရေးဆွဲရာတွင် မည်သည့်အချက်များပါရမည်ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၂၀နည်း ၆တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

The decree shall agree with the judgment, it shall contain the number of the suit, the names and descriptions of the parties, ဟု ပြဋ္ဌာန်းထားပါသည်။ အမှုသည်တို့၏ အမည်ကိုသာမက ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကိုပါ ရေးရပါမည်။

ဥပမာ

တရားနိုင် ဦးဖြူ၊ မန်နေဂျာ၊ အေအေကုမ္ပဏီ၊ အမှတ် ၇၇၊ သုတလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်/ တရားရှုံး ဦးနီ၊ လက်ထောက်မန်နေဂျာ၊ ရွှေတိုးလုပ်ငန်းစု အမှတ်-၄၄၊ ဘီလမ်း၊ စမ်းချောင်းမြို့နယ်/ shall ဟု သုံးနှုန်းထားသောကြောင့် အမှုသည်တို့၏ ကိုယ်ရေးအချက်အလက်များကို မလွဲမသွေ ရေးရပါမည်။ ထိုသို့ ပြည့်စုံစွာ ရေးသားမှသာလျှင် ပညာတတ်ဆန်ပါမည်။ ပြဋ္ဌာန်းဥပဒေနှင့် ညီညွတ်ပါမည်။

ဒီကရီကို အချို့က ဒီဂရီ ဟုရေးပါသည်။ ဒီကရီဆိုသည်မှာ Decree ကိုအသံဖလှယ်ထားခြင်း ဖြစ်ပါသည်။ ဒီဂရီဆိုသည်မှာ Degree ကိုဆိုလိုပါသည်။ Decreeသည် အဓိန့်ဟု အဓိပ္ပါယ်ရပါသည်။ Degree ၏ အဓိပ္ပါယ်မှာ ဘွဲ့၊ ယူနစ်၊ ဒီဂရီကောလိပ်၊ အပူချိန်စသည်တို့ကို ဆိုလိုပါသည်။ အချို့သော ရှေ့နေ ကိုယ်စားလှယ်လွှဲစာများ တွင် ဒီဂရီဟု သုံးနှုန်းထားသည်ကို တွေ့ဖူးပါသည်။ အလွန်လွဲချော်နေပါသည်။ အဓိပ္ပါယ်တစ်မျိုး ထွက်နေပါသည်။

**၇။ ဒီကရီလွှဲပြောင်းခြင်း**

ဒီကရီကို အခြားရုံးသို့ လွှဲပြောင်းရာတွင် အချို့က ဇာရီအမှုတွဲတစ်တွဲလုံးပေးပို့သည်ကို ကြုံဖူးပါသည်။ မှားပါသည်။ တရားရုံးများ လက်စွဲအပိုဒ် -၁၈၇ အရ အောက်ပါ စာရွက်စာတမ်းများကိုသာ လွှဲပြောင်းပေးပို့ရပါမည်။

(၁) ဒီကရီ မိတ္တူ (၁) စောင်

(၂) ဒီကရီ မပြေငြိမ်းကြောင်း သက်သေခံလက်မှတ်စာ (တရားမပုံစံ -၇၁) (၁)စောင်နှင့် (တရားမပုံစံ -၇၂) (၁) စောင်

(၃) ဒီကရီကိုဇာရီ ပြုရန်ချမှတ်သည့်အမိန့်မိတ္တူ (၁)စောင်

(၄) အတည်ပြုရန် ဒီကရီကို အခြားရုံးသို့ပို့သည့် အမိန့်မိတ္တူ (၁) စောင် (တရားမပုံစံ -၇၀) Decree transfer နှင့် Court transfer ကို ကွဲကွဲပြားပြား သိရပါမည်။

**၈။ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်း**

သက်သေခံမူးယစ်ဆေးဝါးများကို အယူခံကာလကျော်ပါက ဖျက်ဆီးစေ ဟု အမိန့်ချသည်ကို တွေ့ဖူးပါသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၆၄(ခ)။ ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောဆေးဝါးများကို လိုအပ်သလို စီမံခန့်ခွဲနိုင်ရန်

အလို့ငှာ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစီမံခန့်ခွဲရေးအဖွဲ့သို့ ပေးပို့ရန် အမိန့်ချမှတ်ရမည်။

ပုဒ်မ ၂(ဂ) ။ ။ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါးသို့မဟုတ်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကိုဆိုသည်။

အထက်ဖော်ပြပါ ပုဒ်မ ၆၄(ခ) အရဆိုပါက **သက်သေခံမူးယစ်ဆေးဝါးများကို အယူခံကာလ ကျော်ပါကပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သက်ဆိုင်ရာ မူးယစ်ဆေးဝါးစီမံခန့်ခွဲရေးအဖွဲ့ထံသို့ အပ်နှံစေ** ဟု အမိန့်ချမှတ်မှသာလျှင် မှန်ကန်ပါမည်။

အချို့က သက်သေခံပစ္စည်းမှာ အမှုအတွင်း အာမခံဖြင့်ပေးထားပြီးဖြစ်၍ အမိန့်ချရန်မလိုဟူ၍ပင် အမိန့်ချထားသည်ကို တွေ့ဘူးပါသည်။ စစ်ဆေးစီရင်မှုဆုံးခန်းတိုင်ရောက်ရှိသည့်အခါ ပြစ်/ကျင့်၅၁၇ အရ သက်သေခံ ပစ္စည်းစီမံခန့်ခွဲသည့် အမိန့်ကို မလွဲမသွေ ချမှတ်ရပါသည်။ အမှုအတွင်းအာမခံနှင့် ပေးထားခြင်းမှာ ပြစ်/ကျင့် ၅၁၆-ကအရ ခေတ္တပေးထားခြင်းသာ ဖြစ်ပါသည်။ အပြီးသတ်စီမံခန့်ခွဲသည့် အမိန့်ကို ချမှတ်ရန် လိုပါသည်။

## ၉။ စီရင်ထုံးမှပြောသောမှတ်သားစရာများ

### (၁) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ -၄၇၆

ပြစ်မှုတွင်ဖြစ်စေ၊ တရားမမှုတွင်ဖြစ်စေ မမှန်သောသက်သေခံစာရွက်စာတမ်းများ လိမ်လည်တင်သွင်းသည်ဟုဆိုကာ စုံစမ်းစစ်ဆေး အရေးယူပေးရန် တစ်ဖက်အမှုသည်က တရားရုံးသို့ လျှောက်ထားသည်များရှိတတ်ပါသည်။ စုံစမ်းစစ်ဆေးမည်ဟု တရားရုံးကဆုံးဖြတ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၇၆အရ ဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်လျှင် အမှုကိုမည်ကဲ့သို့ ဖွင့်မည်နည်း။

ပြစ်မှုမပေါ်ပေါက်လျှင် ပြစ်/ထွေမှုဖွင့် ၍ တရားမမှုမှ ပေါ်ပေါက်လျှင် မ/ထွေမှုဖွင့်ရန် ဖြစ်ပါသည်။

မောင်စိုးစိုးအောင် နှင့် ဒေါ်မြင့်မြင့်ခင် ပါ-၃ (ပြစ်မှုစီရင်ထုံး)

(၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ -၉၀)

### (၂) ပုဒ်မ ၂၂၄

ဤပုဒ်မအရ ထောင်ဒဏ်ချမှတ်သည့်အခါ ထောင်ဒဏ်မှ ချုပ်ရက်နုတ်ခွင့်မရှိပါ။

ဦးစိန်လှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

(၁၉၈၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ -၁၀)

### (၃) အချုပ်ကာလ နုတ်ခြင်း

အချုပ်ကာလကို တစ်ကြိမ်ထက် နုတ်ခွင့်မရှိပါ။

၁၉၆၇ခုနှစ် တရားရုံးများ ညွှန်ကြားလွှာ အမှတ်-၈ (ခ)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ကောဘသောင်း

(၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ -၂၂)

### (၄) အာမခံကိစ္စ

မူလရုံးက တရားခံအားအာမခံပေးလိုက်သည်ကို တရားလိုဘက်မှ ကျေနပ်မှုမရှိသောကြောင့် အထက်ရုံးသို့ တက်ရောက်ခြင်း၊ မူလရုံးက တရားခံကိုအာမခံမပေးသောကြောင့် တရားခံက ကျေနပ်မှုမရှိလျှင်

၎င်းက အထက်ရုံးသို့တက်ရောက်ခြင်းများ ရှိတတ်ပါသည်။အာမခံကို ပယ်ဖျက်လိုလျှင် အထက်ရုံးသို့ ပြင်ဆင်မှုတက်ရန်ဖြစ်ပါသည်။ အာမခံရလိုလျှင် အထက်ရုံးသို့ ပြစ်မှုဆိုင်ရာ အထွေထွေမှု တင်ရပါမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ကိုင်း

(၁၉၆၃ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ–၄၃၃)

**(၅) လယ်ယာမြေ ကျော်နင်းမှု**

လယ်ယာမြေကိစ္စတွင် မြေကျော်နင်းမှုဖြင့် ပြစ်မှုကြောင်းအရ တရားရုံးက အရေးယူရန်မဟုတ်၊ သက်ဆိုင်ရာ မြေယာကော်မတီက သာလုပ်ခွင့်ရှိသည်။

ဦးမြအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

(၁၉၉၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ –၁၀၈)

**(၆) အပေါင်ဒီကရီနှင့် အရစ်ကျပေးဆပ်ခြင်း**

အပေါင်ဒီကရီတွင် အပေါင်ထားသည့်ပစ္စည်းကို ရောင်းချရန် ညွှန်ကြားထားသဖြင့် သာမန် ငွေပေးရန် ဒီကရီ မဟုတ်၊ အရစ်ကျပေးဆပ်ခွင့်မပြုနိုင်။

ဦးစောမြ ပါ–၆ နှင့် နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်

(၁၉၆၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ –၁၂၇၉)

ဦးခင်မောင်ကြီး ပါ–၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်

(၁၉၇၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၆)

**(ဂျေအို ဝင်းအောင်)**



# တရားစီရင်ရေးဆိုင်ရာ

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ၂၀၁၃ခုနှစ်၊ တရားမအထူးအယူခံအမှတ် ၄၄

၂၀၁၂ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၉၀တွင် ချမှတ်ခဲ့သော ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဒေါ်မိုးသီတာ နှင့် ဦးမြတင်
အယူခံတရားလို အယူခံတရားပြိုင်
အယူခံတရားလိုအတွက် – ဦးသန့်ဇော်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးဝင်းဌေး၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

၂၀၁၄ခုနှစ်၊ မတ်လ ၁၀ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀၉တွင် ဒေါ်မိုးသီတာက ဦးမြတင်အပေါ် လိမ်လည်ကြောင်း မမှန်မကန်ဖော်ပြတိုင်တန်းပြီး ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရသည့်အတွက် ဂုဏ်သရေထိခိုက်နစ်နာသဖြင့် လျော်ကြေးငွေကျပ်သိန်း ၅၀၀ ရလိုမှု စွဲဆိုသည်။ ခရိုင်တရားရုံးက ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ပဏာမငြင်းချက်ကို ဦးစွာကြားနာပြီး အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းဖြေဆို၍ တရားလို၏ အဆိုလွှာကို ပလပ်ခဲ့သည်။ တရားလို ဒေါ်မိုးသီတာက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၂ခုနှစ်၊တရားမပထမအယူခံမှုအမှတ်-၂၂ ဖြင့် အယူခံရာ အယူခံမှုကို ခွင့်ပြု၍ မူလမှုကို ပြန်လည်ဖွင့်လှစ်ကာ ကျန်ငြင်းချက်များကို သက်သေခံချက်ရယူပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်သွားရန် ညွှန်ကြားခဲ့သည်။ ယင်းအမိန့်ကို တရားပြိုင်ဦးမြတင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၂ခုနှစ်၊ တရားမအယူခံမှု အမှတ် ၄၉၀ဖြင့် အယူခံဝင်ရာ အယူခံမှုကို ခွင့်ပြု၍ မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုခဲ့သည်။ ထို့ကြောင့် ဒေါ်မိုးသီတာက အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၃ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ (အထူး)အမှတ် ၇၄တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

"လိမ်လည်ကြောင်း မမှန်မကန်ဖော်ပြတိုင်တန်းပြီး ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရသည့်အတွက် လျော်ကြေးငွေရလိုကြောင်း တရားစွဲသည့်အမှုတွင် ကာလစည်းကမ်းသတ်အက် ဥပဒေပထမဇယား၊အပိုဒ် ၂၃အရ လျှောက်ထားသူအား အပြီးအပြတ်လွှတ်ခြင်းကို အတည်ပြုကြောင်း တရားရုံးချုပ်က အမိန့်ချမှတ်သည့် ၈-၁၀-၂၀၁၀နေ့မှ စတင်ရေတွက်ခြင်းမပြုဘဲ မူလရုံးက အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည့် ၁၂-၁-၂၀၁၀ရက်နေ့မှစတင်ရေတွက်၍ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း မူလရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် ဥပဒေအရ မှန်ကန်မှုတခြင်းရှိမရှိ။

အယူခံတရားလို၏ရှေ့နေက ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၉ပါ ပြဋ္ဌာန်းချက်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၀ပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထည့်သွင်းသုံးသပ်မှုမပြုဘဲ မူလရုံးက အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည့် ၁၂-၁-၂၀၁၀နေ့မှစ၍ စည်းကမ်းသတ်ကာလကို ရေတွက်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၀အရ အယူခံမှုတွင် ချမှတ်ပေးသည့် အမိန့်များမှာ ပုဒ်မ ၄၁၇နှင့် အခန်း ၃၂တွင် ပြဋ္ဌာန်းပါရှိသည့်အမှုများမှ တစ်ပါး အပြီးသတ်အတည်ဖြစ်စေရမည်ဟု ဆိုထားရာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ မူလရုံး၏ တရားသေလွှတ်သည့်အမိန့်အပေါ် နိုင်ငံတော်ကသာ အယူခံဝင်ခွင့်ရှိသဖြင့် အယူခံရုံး၏ ဆုံးဖြတ်ချက် ချမှတ်ပြီးမှသာလျှင် အပြီးအပြတ်ဖြစ်ကြောင်း၊ ထို့ကြောင့် လမ်းမတော်မြို့နယ်တရားရုံးက တရားလို

ဒေါ်မိုးသီတာအား တရားသေလွတ်သည့်အမိန့်အပေါ် ရှေ့နေချုပ်ရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇အရ တရားရုံးချုပ်သို့ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၆၆/၂၀၁၀တင်သွင်းရာ ၈-၁၀-၂၀၁၀ နေ့တွင်အယူခံမှုကို ပလပ်ခဲ့၍ ၈-၁၀-၂၀၁၀နေ့မှ အမှုပြီးပြတ်ကြောင်း၊ ဒေါ်မိုးသီတာက ဤတရားမမှုကို ၂၅-၂-၂၀၁၁နေ့တွင် စွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်အက် ဥပဒေပထမဇယား၊အပိုဒ် ၂၃အရ ၈-၁၀-၂၀၁၀နေ့မှ စတင်ရေတွက်လျှင် ကာလစည်းကမ်းသတ်တစ်နှစ်အတွင်း ကျ ရောက်ကြောင်း၊ သို့ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် ဥပဒေအရမှန်ကန်မှုတမှု မရှိဟု ကြားနာခဲ့သောပြဿနာကို ဖြေဆိုသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၂၃ တွင် စည်းကမ်းသတ်ကာလတစ်နှစ်ကို စတင်ရေတွက်ရမည်ကို ပြဋ္ဌာန်းထားရာတွင် ပထမဦးစားပေးနည်းလမ်းမှာ မူလရုံးက တရားသေလွတ်သည့်နေ့ရက်မှစ၍သာ ပြဋ္ဌာန်းထားကြောင်း၊ တရားသေလွတ်သည့်အမိန့်ကို အယူခံရုံး ကအတည်ပြုသည့်နေ့ရက်မှစ၍ ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ထိုသို့အယူခံရုံးက အတည်ပြုသည့်နေ့ရက်မှစ၍ ရေတွက်ရန်ဟု ယခင်က လိုက်နာဆုံးဖြတ်ခဲ့ဖူးသည့် စီရင်ထုံး၊ သာဓကလည်း မရှိကြောင်း၊ ဒုတိယဦးစားပေးနည်းလမ်းမှာ အခြားနည်းဖြင့် အမှုပြီးပြတ်သည့်နေ့မှစ၍ဟု ပြဋ္ဌာန်းထားကြောင်း၊ လမ်းမတော်မြို့နယ်တရားရုံးမှ ဦးမြတင် စွဲဆိုသောပြစ်မှုကြီးအမှတ် ၄၀၉/၂၀၀၉ကို တရားသေလွတ်ခဲ့သည့်အမိန့်သည် ဦးမြတင်အတွက် အပြီးသတ်ဖြစ်၍ ဦးမြတင်အနေဖြင့် အယူခံတင်သွင်းခွင့်ပင် မရှိကြောင်း၊ ဒုတိယဦးစားပေးနည်းလမ်းဖြစ်သည့် အခြားနည်းလမ်းပြီးပြတ်သည့်နေ့မှစ၍ ကာလစည်းကမ်းသတ်ရေတွက်ရခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃အရ တရားရှင်လွှတ်မိန့်ကို ကာယကံရှင်ကိုယ်တိုင် အထက်တရားရုံးအဆင့်ဆင့်သို့ ပြင်ဆင်မှုတက်ရောက်ခွင့်ရှိသဖြင့် နောက်ဆုံးအဆင့် တရားရုံးက တရားရှင်လွှတ်မိန့်ကို အတည်ပြုမှသာ ယင်းအမှုသည် ဆုံးခန်းတိုင် (terminated) လုံးဝ ပြီးပြတ်သွားပြီဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ တရားခံအား အမှုကျေအေးရုတ်သိမ်း ပေးခြင်းဖြင့် အမှုပြီးပြတ်ခြင်းသည်လည်း အခြားနည်းပြီးပြတ်ခြင်းဟု ကောက်ယူရန်ဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၂၃တွင် "တရားလိုအား တရားသေလွှတ်သည့်နေ့ရက်ကစ၍" ဟု အဓိပ္ပါယ်ရှင်းလင်းစွာ ပြဋ္ဌာန်းထား၍ အယူခံတရားလိုကို လမ်းမတော်မြို့နယ်တရားရုံးက တရားသေလွှတ်သည့်နေ့ရက်ကစ၍ ကာလစည်းကမ်းသတ်ရေတွက်ခြင်းသည်သာလျှင် ဥပဒေနှင့် ညီညွတ်မည်ဖြစ်ကြောင်း၊ ထိုစကားရပ်ကို အယူခံတရားသေလွှတ်မိန့်အတည်ပြုသည့်နေ့ရက်ဟု ကောက်ယူမည်ဆိုပါက ကာလစည်းကမ်းသတ်အက်ဥပဒေကို မိမိသဘောဖြင့် ချဲ့ထွင်ဆုံးဖြတ်ရာရောက်မည် ဖြစ်ကြောင်း၊ တရားရုံးက ထိုသို့ ပြုပိုင်ခွင့်မရှိကြောင်း၊ **စိန်ရတနာပိုးယက္ကန်းစက်လီမိတက်နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ-၃ အမှု** [၁] ၊ ၁။ **ဦးထွန်းလှိုင်** ၂၊ **ဦးသာဝင်း နှင့် ၁။ ဦးကြည်ဝင်း ပါ-၅၊ ၂။ ဦးကျော်စိန် ပါ-၄ အမှု** [၂] တို့တွင် ညွှန်ပြကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၉တွင် စည်းကမ်းသတ်ကာလကို စ၍ ရေတွက်ရမည့်အချိန်ကျရောက်ပြီးနောက်မှတရားစွဲရန် မစွမ်းဆောင်နိုင်ခြင်း၊ တရားစွဲဆိုရန် မဖြစ်နိုင်ခြင်းဖြစ်ပေါ်လာသည်ကို အကြောင်းပြု၍ စည်းကမ်းသတ်ကာလရေတွက်ခြင်းကို မရပ်စဲစေရဟု ပြဋ္ဌာန်းထားရာ အယူခံမှုရင်ဆိုင်နေသည်ဆိုသည့်အကြောင်းဖြင့် ရပ်ဆိုင်းထားခွင့်မရှိကြောင်း၊ သို့ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် မှန်ကန်ကြောင်းဖြင့် ဖြေဆိုကာ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

လမ်းမတော်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ်၄၀၉/၂၀၀၉တွင် ဦးမြတင်၏ အမှုဖွင့်တိုင်တန်းချက်

---

၁။ ၁၉၆၉ခုနှစ် ၊မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၀၅

၂။ ၁၉၇၁ခုနှစ် ၊မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၂

အရ ရဲစခန်းက ဒေါ်မိုးသီတာကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက ဒေါ်မိုးသီတာကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၈(၁)အရ အမှုမှ အပြီးအပြတ်လွှတ်ကြောင်း ၁၂-၁-၂၀၁၀နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ တရားသေလွှတ်မိန့်ကို ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၆၆/၂၀၁၀ ဖြင့် အယူခံတင်သွင်းခဲ့ရာ အယူခံမှုကို ပလပ်ကြောင်း ၈-၁၀-၂၀၁၀ နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

ထိုကဲ့သို့ဦးမြတင်က ပြစ်မှုကြောင်းအရ မမှန်မကန်တိုင်တန်းတရားစွဲဆိုခဲ့ခြင်းကြောင့် ဒေါ်မိုးသီတာ၏ မိသားစု ဂုဏ်သရေထိခိုက်နစ်နာဆုံးရှုံးရသည့်အတွက် လျော်ကြေးငွေကျပ်သိန်း ၅၀၀ ရထိုက်ကြောင်းဖြင့် ဒေါ်မိုးသီတာက အဆိုပြုကာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် မူလတရားမကြီးမှု အမှတ် ၈၀၉/၂၀၁၁ ဖြင့် ဦးမြတင်အပေါ် ၂၅-၁-၂၀၁၁ နေ့တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မူလရုံးတရားလို ဒေါ်မိုးသီတာက အဆိုလွှာအပိုဒ် ၇ တွင် တရားစွဲဆိုရန် အကြောင်းမှာ ၈-၁၀-၂၀၁၀ နေ့နှင့် နောက်ပိုင်းတွင် ပေါ်ပေါက်ကြောင်း၊ ကာလစည်းကမ်းသတ်အတွင်းကျရောက်ကြောင်းဖြင့် အဆိုပြုထားသည်။

မူလရုံးတရားပြိုင်ဦးမြတင်က တရားလို၏အမှုသည် ကာလစည်းကမ်းသတ်ရက်များစွာ ကျော်လွန်နေကြောင်းဖြင့် ချေပသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၂၃တွင် မသမာစိတ်ဖြင့် ရာဇဝတ်ကြောင်း တရားစွဲဆိုခြင်းကြောင့် လျော်ကြေးငွေရလိုမှုကို တရားလိုကို တရားသေလွှတ်သည့်နေ့ရက်ကစ၍ သို့တည်းမဟုတ် ရာဇဝတ်ကြောင်းစွဲဆိုမှု အခြားနည်းပြီးပြတ်သည့်နေ့ရက်ကစ၍ တစ်နှစ်အတွင်း စွဲဆိုရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားသည်။

အယူခံတရားလို၏ ရှေ့နေက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၀ပါ ပြဋ္ဌာန်းချက်ကို ထည့်သွင်းသုံးသပ်မှုမပြုသဖြင့် မှားယွင်းကြောင်းတင်ပြသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၈တွင် ဤအယူခံတွင် အယူခံတရားရုံးတစ်ရုံးက ချမှတ်ထားသည့် စီရင်ချက်နှင့် အမိန့်များမှာ ပုဒ်မ ၄၁၇နှင့် အခန်း ၃၂တို့တွင် ပြဋ္ဌာန်းပါရှိသည့် အမှုများမှတစ်ပါး အပြီးသတ်အတည်ဖြစ်သည့်ကိစ္စရပ်ကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တရားသေလွှတ်သည့်နေ့ရက်ကို သတ်မှတ်ပြဋ္ဌာန်းခြင်း မဟုတ်ပေ။ ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယားအပိုဒ် ၂၃၊ ပထမပိုင်းတွင် "တရားသေလွှတ်သည့်နေ့ရက်မှစ၍" ဟုရှင်းလင်းထင်ရှားစွာ ဖော်ပြပြဋ္ဌာန်းထားခြင်းကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၀ နှင့် စပ်ဆိုင်ခြင်းမရှိပေ။ အဆိုပါ အပိုဒ် ၂၃၊ ဒုတိယပိုင်းတွင် "ရာဇဝတ်ကြောင်းစွဲဆိုမှု အခြားနည်းပြီးပြတ်သည့်နေ့ရက်မှစ၍" ဟုပြဋ္ဌာန်းထားရာ ရာဇဝတ်မှုပြီးပြတ်သည့်နေ့ကို ဆိုလိုခြင်းဖြစ်သဖြင့် အဆိုပါအခြားနည်းပြီးပြတ်သည့်နေ့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၀ ပြဋ္ဌာန်းချက်နှင့် စပ်ဆိုင်နိုင်သည်ဟု ယူဆရသည်။ ထို့ကြောင့် ဤအမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယင်းပုဒ်မ ၄၃၀ကို ထည့်သွင်းသုံးသပ်မှုမပြုခြင်းသည် မှားယွင်းခြင်းမရှိချေ။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၉တွင် စည်းကမ်းသတ်ကာလကို ရေတွက်ရမည့် အချိန်ကျရောက်ပြီးနောက်မှ တရားစွဲဆိုရန် မစွမ်းဆောင်နိုင်ခြင်းသော်လည်းကောင်း၊ တရားစွဲဆိုရန် မဖြစ်နိုင်ခြင်းသော်လည်းကောင်းဖြစ်ပေါ်လာသည်ကိုအကြောင်းပြု၍ စည်းကမ်းသတ်ကာလရေတွက်ခြင်းကို မရပ်စဲစေရဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ကာလစည်းကမ်းသတ်ကို တစ်ကြိမ်ရေတွက်ခွင့်ရလျှင် ရပ်ဆိုင်းခွင့်မရှိသည့် သဘောဖြစ်သည်။

မူလရုံးတရားလိုဒေါ်မိုးသီတာစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊

အပိုဒ် ၂၃အရ တရားသေလွတ်သည့်နေ့မှစ၍ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ခွင့်ရမည်ဖြစ်သည်။ တရားသေလွတ်သည့်နေ့ဟု အတိအလင်းပြဋ္ဌာန်းသတ်မှတ်ထားသည့်အတွက် မူလရုံးကသော်လည်းကောင်း၊ အယူခံရုံးကသော်လည်းကောင်း၊ မည်သည့်တရားရုံးက ဖြစ်စေ တရားသေလွတ်မည့်နေ့မှစ၍ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ရမည်ဖြစ်သည်။ မူလရုံး၏တရားသေလွတ်သည့်အမိန့်ကို အယူခံရုံးကဆုံးဖြတ်ပြီးမှ အတည်ဖြစ်မဖြစ်စောင့်ဆိုင်း၍ တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်မည် သို့မဟုတ် ထိုအယူခံရုံးက တရားသေလွတ်မိန့်ကို အတည်ပြုပြီးသည့်အခါမှ တရားစွဲဆိုသင့်သည်ဟု ကောက်ယူလျှင် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၂၃ပါ "တရားသေလွတ်သည့် နေ့ရက်မှစ၍" ဆိုသည့် စကားရပ်ကိုချဲ့ထွင် အဓိပ္ပါယ်ကောက်ယူရာ ရောက်ပေလိမ့်မည်။

တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံးက အဓိပ္ပါယ်ဖွင့်ဆိုရန်၊ ဋ္ဌိကာချဲ့ရန်မလို၊ အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေကိုချဲ့ခြင်း၊ ချုံ့ခြင်း၊ထွင်ခြင်းပြုမိတတ်သည်ကို ဆင်ခြင်ရမည်ဟု ၁။ ဦးထွန်းလှိုင်၊ ၂။ ဦးသာဝင်းနှင့် ၁။ ဦးကြည်ဝင်း ပါ ၅၊ ၂။ ဦးကျော်စိန် ပါ–၄ အမှု တွင် ညွှန်ပြထားသည်။

ထို့ကြောင့်ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၂၃တွင် တရားလိုကို တရားသေလွတ်သည့်နေ့ရက်ကစ၍ စည်းကမ်းသတ်ကာလတစ်နှစ်ရေတွက်ရခြင်းကို လမ်းမတော်မြို့နယ် တရားရုံးက ပြစ်မှုကြီး အမှတ် ၄၀၉/၂၀၀၉တွင် မူလရုံးတရားလို ဒေါ်မိုးသီတာအား အပြီးအပြတ်လွှတ်သည့် ၁၂–၁–၂၀၁၀နေ့မှစ၍ ရေတွက်ရန်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိပေ။

သို့ဖြစ်၍ ကြားနာခဲ့သော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုကာ ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်–

"လိမ်လည်ကြောင်း မမှန်မကန်ဖော်ပြတိုင်တန်းပြီး ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရသည့်အတွက် လျော်ကြေးငွေရလိုကြောင်းတရားစွဲသည့်အမှုတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၂၃အရ လျှောက်ထားသူအား အပြီးအပြတ်လွှတ်ခြင်းကို အတည်ပြုကြောင်း တရားရုံးချုပ်က အမိန့်ချမှတ်သည့် ၈–၁၀–၂၀၁၀ နေ့မှစတင်ရေတွက်ခြင်းမပြုဘဲ မူလရုံးက အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည့် ၁၂–၁–၂၀၁၀ရက်နေ့မှစတင်ရေတွက်၍ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း မူလရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်သည် ဥပဒေအရမှန်ကန်မှုတကြောင်း" ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/–သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

| | | |
|---|---|---|
| (သာဌေး)<br>တရားသူကြီး | (စိုးညွှန့်)<br>တရားသူကြီး | (မြသိမ်း)<br>တရားသူကြီး |
| (မြင့်အောင်)<br>တရားသူကြီး | (အောင်ဇော်သိန်း)<br>တရားသူကြီး | (မြင့်ဟန်)<br>တရားသူကြီး |

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ၂၀၁၃ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅၃

၂၀၁၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၅၅ တွင် ချမှတ်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

| | |
|---|---|
| မဝတုတ် (ခ) မန္တွဲ.ရီမြင့် နှင့် | ၁။ ကိုမိုးအောင် |
| | ၂။ ဦးကြူးစွမ် |
| | ၃။ ဒေါ်သင်းသင်းဦး |
| | (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် |
| | ဦးမောင်မောင်ညွှန့်) |
| အယူခံတရားလို | အယူခံတရားပြိုင်များ |

အယူခံတရားလိုအတွက် – ဦးသန်းဦး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးသောင်းထွန်း၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

၂၀၁၄ ခုနှစ်၊ ဧပြီလ ၇ ရက်

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၇ တွင် မဝတုတ် (ခ) မန္တွဲ.ရီမြင့်က ကိုမိုးအောင်၊ ဦးကြူးစွမ်နှင့် မသင်းသင်းဦးတို့အပေါ် ဟင်္သာတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆၄/ ၂၀၀၇ တွင် ချမှတ်ခဲ့သော အမိန့်နှင့် ဒီကရီအရ လင်မယားနှစ်ဦးပိုင်ပစ္စည်းများရလိုမှုစွဲဆိုခဲ့ရာ လင်မယားနှစ်ဦးပိုင်ပစ္စည်းများတွင် တရားလို၏ဝေစုအဖြစ်တစ်ဝက်ရထိုက်ကြောင်း ပဏာမဒီကရီ ချမှတ်ခဲ့သည်။အဆိုပါ ပဏာမဒီကရီကို တရားလို မဝတုတ် (ခ) မန္တွဲ.ရီမြင့် က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၅၅ ဖြင့် အယူခံရာ အောင်မြင်မှုမရရှိချေ။ ထို့ကြောင့် မဝတုတ် (ခ) မန္တွဲ.ရီမြင့်က အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၃၈ တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာများကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"၁။ တရားပြိုင်၏ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခွင့်ပြုခဲ့သော မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံသည့် ဟင်္သာတ ခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၈/ ၂၀၁၀၏ စီရင်ချက်တွင် သာမန်အိမ်ထောင်ရေး ပြစ်မှုဖြင့်သာ အကျုံးဝင်ကြောင်း ပြောင်းလဲသုံးသပ်ခဲ့သော်လည်း အယူခံဒီကရီတွင် ထိုအချက်ကို အတိအလင်းရေးဆွဲဖော်ပြခြင်းမရှိဘဲ အယူခံမှုကို ပလပ်ပြီး မူလရုံးဒီကရီကို အတည်ပြုကြောင်းသာ

ဖော်ပြပါရှိပါလျက် လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲဝေပေးရန် ဆုံးဖြတ်ရမည့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်က တရားလိုမဝတုတ် (ခ) မနွဲ့ရီမြင့်သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများတွင် ၎င်း၏ဝေစု အဖြစ်တစ်ဝက်ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခြင်းသည် မှန်ကန်ခြင်း ရှိ မရှိ၊

၂။ လင်ဖြစ်သူက မယားဖြစ်သူအား ဓမ္မတာနှင့်ဆန့်ကျင်၍ ကာမစက်ယက်မှုကျူးလွန်ခြင်းအပေါ် ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုအဖြစ် ကောက်ယူဆုံးဖြတ်နိုင်ခြင်း ရှိ မရှိ၊

၃။ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၁၁၇/၂၀၁၁ တွင် ချမှတ်သော ပဏာမဒီကရီကို အတည်ပြုခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်ခြင်း ရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက ခရိုင်တရားရုံးမှစီရင်ချက်တွင် လင်ဖြစ်သူကိုမိုးအောင်၏ ရက်စက်မှုသည် သာမန်အိမ်ထောင်ရေးပြစ်မှုတွင် အကျုံးဝင်သောရက်စက်မှုသာဖြစ်ကြောင်း သုံးသပ်ခဲ့သော်လည်း ဒီကရီတွင် ထိုအချက်ကိုဖော်ပြခြင်းမပြုခဲ့သောကြောင့် သာမန်အိမ်ထောင်ရေးပြစ်မှုဟု ဆုံးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ ခရိုင်တရားရုံးကဒီကရီတွင် အယူခံမှုကိုပလပ်ပြီး မူလရုံးဒီကရီကိုအတည်ပြုကြောင်း ဖော်ပြချက်သည် မူလရုံးဒီကရီတွင်ပါရှိသောကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုအရ တရားလိုသည် လင်မယားကွာရှင်းပြတ်စဲခွင့်ကို စရိတ်နှင့်တကွအနိုင်ဒီကရီချမှတ်သည်ဟူသော မူလမြို့နယ်တရားရုံး၏ဒီကရီကို အတည်ဖြစ်စေလျက်ရှိကြောင်း၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းခွဲဝေပေးရန်စွဲဆိုမှုကို ဆုံးဖြတ်ရမည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သည် ဥင်းချက် (၃)ကို နှစ်ဖက်အငြင်းပွားနေသော ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှု သို့မဟုတ် သာမန်အိမ်ထောင်ရေးပြစ်မှုဆိုခြင်းကို မိမိ၏ဆင်ခြင်တုံတရားအရ အဆုံးအဖြတ်ပေးရမည်ဖြစ်ပါလျက် ဆုံးဖြတ်ရန်ပျက်ကွက်ခဲ့ကြောင်း၊ လင်ဖြစ်သူကိုမိုးအောင်သည် တရားလိုအပေါ် ဓမ္မတာနှင့်ဆန့်ကျင်သော အဓမ္မပြုကျင့်မှုကြောင့် ဟသံ်တမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၃/၂၀၀၆ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇ အရ ထောင်ဒဏ် ၆ နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း၊ တရားပြိုင်ကိုမိုးအောင်သည် ဇနီးဖြစ်သူတရားလိုအား လူအများရှေ့တွင် မထီမဲ့မြင်ဆက်ဆံရုံမျှမက လင်ပိုင်းဆိုင်ရာကိစ္စတွင်လည်း ကြမ်းကြုတ်စွာဆက်ဆံသူဖြစ်ခြင်းကြောင့် ကြီးလေးသော အိမ်ထောင်ရေးရက်စက်မှုဖြစ်သည်ဟု ကောက်ယူသင့်ကြောင်း၊ ဟသံ်တခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၈/၂၀၁၀ ၏ဒီကရီကိုအခြေပြု၍ သာမန်အိမ်ထောင်ရေးပြစ်မှုဖြင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းတွင် ဝေစုတစ်ဝက်ရထိုက်ကြောင်းချမှတ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း၊ သို့ပါ၍ ဤအထူးအယူခံမှုကို ခွင့်ပြု၍ ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုအရ တရားပြိုင်၏ဝေစုကို ဆုံးရှုံးခံစေရန် ဒီကရီချမှတ် သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုတွင် မြို့နယ်တရားရုံးက တရားလိုသည် လင်မယားကွာရှင်းပြတ်စဲခွင့်ကို စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးလိုက်သည်ဟု ဒီကရီ ရေးဆွဲခဲ့ခြင်းဖြစ်ပြီး၊ မည်သည့်အကြောင်းကြောင့် လင်မယားပြတ်စဲခွင့်ဒီကရီ ချမှတ်ပေးခဲ့သည်ကို ဖော်ပြထားခြင်းမရှိကြောင်း၊ ခရိုင်တရားရုံးက မြို့နယ်တရားရုံး၏ လင်မယားပြတ်စဲခွင့်ဒီကရီကို ဆက်လက်

အတည်ပြုရာတွင်လည်း မြို့နယ်တရားရုံး၏ဒီကရီတွင် မည်သည့်အကြောင်းကြောင့် ကွာရှင်းခွင့်ဒီကရီချမှတ်ပေးကြောင်း ဖော်ပြထားခြင်းမရှိသောကြောင့် မြို့နယ်တရားရုံး၏ဒီကရီကို ဆက်လက်အတည်ပြုကြောင်း ချမှတ်ရန်မှလွဲ၍ အခြားအချက်များ ဖော်ပြရန်မရှိကြောင်း၊ **ဒေါ်ခင်အေးနှင့် ဒေါ်စောမြင့်အမှု**(၁) ကို ကိုးကားလျက် ဟင်္သာတခရိုင်တရားရုံးက အယူခံမှုတွင် သာမန်ရက်စက်မှုဖြစ်သည်ဟု သုံးသပ်ချက်မှာ အကြောင်းခြင်းရာအပေါ် ဥပဒေအရ ကောက်ယူဆုံးဖြတ်ချက်ဖြစ်၍ ဥပဒေနှင့်မညီသဖြင့် မိမိတွင် နစ်နာသည်ဆိုပါက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၄(ခ)နှင့်အညီ အယူခံမှုကိုပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခွင့်ရှိပါလျက် အယူခံတရားလိုက ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ဟင်္သာတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆၄/၂၀၀၇ တွင် ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီ၊ ဟင်္သာတခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၈/၂၀၁၀ တွင် ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီတို့မှာ လင်မယားကွာရှင်းပေးစေလိုမှုတွင် ရက်စက်မှုကြောင့် ကွာရှင်းခွင့်ဒီကရီရထိုက်ကြောင်း သက်သေခံချက်များအပေါ် အခြေပြုကာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစီရင်ချက်နှင့် ဒီကရီများသည် သက်သေခံအက်ဥပဒေပုဒ်မ ၄၁ နှင့် ၇၅ တို့အရ သက်သေခံဝင်သော အများပြည်သူဆိုင်ရာစာမှတ်စာတမ်း ဖြစ်ပြီး မှန်ကြောင်းမှတ်ယူနိုင်သည့် စာမှတ်စာတမ်းဖြစ်ကြောင်း၊ ဟင်္သာတခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၈/၂၀၁၀ တွင် အဆုံးအဖြတ်ပြုခဲ့သည့် သာမန်ရက်စက်မှုဖြင့် လင်မယားကွာရှင်းပေးစေလိုမှု ကို ချမှတ်ခဲ့သောစီရင်ချက်နှင့်ဒီကရီကို အဆင့်မြင့်တရားရုံးကပယ်ဖျက်ထားခြင်းမရှိ၍ တည်မြဲလျက် ရှိကြောင်း၊ အတည်ဖြစ်လျက်ရှိသော သက်သေခံဝင်သည့်ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီသည် အယူခံတရားလိုစွဲဆိုသည့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများရလိုမှုတွင် အဓိကဆုံးဖြတ်ရန်ရှိသည့် အချက်နှင့် စပ်ဆိုင်သဖြင့် အဆိုပါ စီရင်ချက်နှင့် ဒီကရီအပေါ် အခြေပြု၍ဆုံးဖြတ်ရန်သာရှိကြောင်း၊ သို့ပါ၍ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

မူလရုံးတရားလိုမဝတုတ်(ခ)မန္တ့်ရီမြင့်ကခင်ပွန်းကိုမိုးအောင်အပေါ် ဟင်္သာတမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ် ၆၄/၂၀၀၇ တွင် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုစွဲဆိုခဲ့သည်။ အဆိုပါအမှု၏ စီရင်ချက်တွင် ငြင်းချက် ၄ ရပ်ကို အောက်ပါအတိုင်းထုတ်နုတ်စီရင်ခဲ့သည်-

၁။ တရားပြိုင်သည် ကြီးလေးသော ရက်စက်မှုကိုကျူးလွန်၍ တရားလိုသည် ကွာရှင်းထိုက်သည်မှာ မှန်သလား၊

၂။ တရားလိုနှင့်တရားပြိုင်သည် နှစ်ဦးသဘောတူကွာရှင်းထိုက်သည်မှာ မှန်သလား၊

၃။ တရားပြိုင်၏ပြုမူဆောင်ရွက်ချက်သည် ကြီးလေးသောရက်စက်မှုဖြစ်သည်မှာ မှန်သလား၊

၄။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။

ငြင်းချက်အမှတ် (၁)နှင့် (၃)တို့ကို တရားပြိုင်သည်ကြီးလေးသော ရက်စက်မှုကို ကျူးလွန်၍ တရားလိုသည် ကွာရှင်းထိုက်သည်မှာမှန်ကြောင်း၊ ငြင်းချက်အမှတ် (၂)ကို နှစ်ဦးသဘောတူကွာရှင်းထိုက်သည်မှာ မမှန်ကြောင်းဖြေဆိုခဲ့သည်။

ငြင်းချက်အမှတ် (၄)ကို တရားပြိုင်အား ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုများအရ တရားလိုသည် လင်မယားကွာရှင်းပြတ်စဲခွင့်ကို စရိတ်နှင့်တကွအနိုင်ဒီကရီချပေးလိုက်သည်ဟု စီရင်ချက်တွင်

(၁) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၀၁(၂၀၃)

ဖြေဆိုဆုံးဖြတ်ထားသည်။

ဟင်္သာတမြို့နယ်တရားရုံး၏ ဒီကရီတွင် အောက်ပါအတိုင်းဖော်ပြရေးဆွဲထားကြောင်းတွေ့ရသည်-

"တရားလိုသည် လင်မယားကွာရှင်းပြတ်စဉ်ခွင့်ကို စရိတ်နှင့်တကွအနိုင်ဒီကရီချပေးလိုက်သည်။"

မူလရုံးတရားပြိုင် ကိုမိုးအောင်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဟင်္သာတခရိုင်တရားရုံးသို့ တရားမအယူခံမှုအမှတ် ၈/၂၀၁၀တင်သွင်းခဲ့သည်။ အဆိုပါ အယူခံမှုတွင် အယူခံတရားလိုကိုမိုးအောင်က မြို့နယ်တရားရုံးက ၎င်းအားကြီးလေးသောရက်စက်မှုကျူးလွန်သည်ဟု သုံးသပ်ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ နှစ်ဦးသဘောတူကွာရှင်းသည့် စီရင်ချက်နှင့် ဒီကရီပြင်ဆင်ချမှတ်ပေးရန် အဓိကအယူခံအကြောင်းပြချက်အဖြစ် တင်ပြကြောင်းတွေ့ရသည်။

ဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်တွင် တရားလိုသည် တရားပြိုင်အပေါ် ရက်စက်မှုကြောင့် ကွာရှင်း ခွင့်ရနိုင်ကြောင်း ထင်ရှားသော်လည်း တရားပြိုင်၏ ရက်စက်မှုသ [illegible] သာမန်အိမ်ထောင်ရေးပြစ်မှုတွင်သာ အကျုံးဝင်သော ရက်စက်မှုဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ နှစ်ဦးသဘောတူကွာရှင်းသည့် ဒီကရီ အား ချမှတ်နိုင်ခြင်းမရှိဘဲ တရားပြိုင်၏ ရက်စက်မှုကြောင့် ကွာရှင်းခွင့် ဒီကရီ ချမှတ်ရမည်ဖြစ်သဖြင့် မြို့နယ်တရားရုံးမှ ကွာရှင်းပြတ်စဉ်ခွင့်ပြုရန် ချမှတ်ခဲ့သည့် ဒီကရီကို ဆက်လက်အတည်ပြုရမည်သာဖြစ်ကြောင်းဖြင့် သုံးသပ်ခဲ့သည်။

ခရိုင်တရားရုံး၏ ဒီကရီတွင် အောက်ပါအတိုင်း ဖော်ပြရေးဆွဲထားသည်။

"အယူခံမှုကို ပလပ်သည်။ ဟင်္သာတမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၆၄/၂၀၀၇ တွင် ၂၀-၁-၂၀၁၀နေ့က တရားလိုသည် တရားပြိုင်အပေါ် လင်မယားကွာရှင်းပြတ်စဉ်ခွင့်ကို စရိတ်နှင့်တကွ ခွင့်ပြုသည့် ဒီကရီကို အတည်ပြုသည်။"

ဟင်္သာတမြို့နယ်တရားရုံးက လင်မယားကွာရှင်းပြတ်စဉ်ခွင့်ဒီကရီချမှတ်ပေးသည်ကို တရားပြိုင် ကိုမိုးအောင်သည် ကွာရှင်းခွင့်ဒီကရီကို ကျေနပ်သော်လည်းငြင်းချက်အမှတ် (၁) (၂) (၃) တို့နှင့် စပ်လျဉ်း၍ တရားပြိုင်၏ အကျိုးကိုဆန့်ကျင်ကောက်ယူသည့်ဆုံးဖြတ်ချက် (Finding) အပေါ် ဟင်္သာတခရိုင်တရားရုံးသို့ အယူခံဝင်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ခရိုင်တရားရုံးက စီရင်ချက်တွင် လင်ဖြစ်သူ ကိုမိုးအောင်၏ ရက်စက်မှုသည် သာမန်အိမ်ထောင်ရေးပြစ်မှုတွင် အကျုံးဝင်သော ရက်စက်မှုသာ ဖြစ်ကြောင်း သုံးသပ်ခဲ့သော်လည်း ဒီကရီတွင် ဖော်ပြခြင်းမပြုခဲ့သောကြောင့် သာမန်အိမ်ထောင်ရေးပြစ်မှုဟု ဆုံးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ ခရိုင်တရားရုံးက ဒီကရီတွင် အယူခံမှုကို ပလပ်ပြီး မူလရုံးဒီကရီကို အတည်ပြုကြောင်း ဖော်ပြချက်သည်မူလရုံးဒီကရီတွင်ပါရှိသော ကြီးလေးသောရက်စက်မှုအရ လင်မယားကွာရှင်းပြတ်စဉ်ခွင့်ပြုသည့် အနိုင်ဒီကရီကို အတည် ဖြစ်စေခြင်းဖြစ်ကြောင်းဖြင့် တင်ပြသည်။

မူလမြို့နယ်တရားရုံး၏ စီရင်ချက်တွင် တရားပြိုင်ကိုမိုးအောင်သည် ကြီးလေးရက်စက်သော အိမ်ထောင်ရေး ပြစ်မှုကို ကျူးလွန်သောကြောင့် တရားလိုသည် လင်မယားကွာရှင်းပြတ်စဉ်ခွင့်ဒီကရီကို ချမှတ်ပေးလိုက်ကြောင်း သုံးသပ်ထားသည်။ သို့သော် ဒီကရီတွင်မူ ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုကို ဖော်ပြခြင်းမပြုဘဲ အောက်ပါအတိုင်း ရေးဆွဲထားသည်ကို တွေ့ရသည်-

"တရားလိုသည် လင်မယားကွာရှင်းပြတ်စဉ်ခွင့်ကို စရိတ်နှင့်တကွအနိုင်ဒီကရီချပေးလိုက်သည်။"

ဟင်္သာတခရိုင်တရားရုံးက အယူခံမှုစီရင်ချက်တွင် တရားပြိုင်ကိုမိုးအောင်၏ ရက်စက်မှုသည် သာမန်

အိမ်ထောင်ရေးပြစ်မှုဖြစ်၍ ကွာရှင်းခွင့်ဒီကရီချမှတ်ရမည်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသော်လည်း ဒီကရီရေးဆွဲရာတွင် သာမန်အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခွင့်ပြုကြောင်းကို ဖော်ပြခဲ့ခြင်းမရှိချေ။ ဟသံတမြို့နယ်တရားရုံး၏ ဒီကရီကို အတည်ပြုသည်ဆိုခြင်းက မြို့နယ်တရားရုံး၏ ဒီကရီတွင် ဖော်ပြထားသည့် အတိုင်း လင်မယားကွာရှင်းပြတ်စဲခွင့်ဒီကရီကို ဆက်လက်၍သာ အတည်ပြုရာရောက်သည်။

ဟသံတခရိုင်တရားရုံး၏ စီရင်ချက်တွင် မူလရုံးတရားပြိုင်သည် သာမန်အိမ်ထောင်ရေးပြစ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း အတိအလင်းဖော်ပြသုံးသပ်ထားခြင်းကြောင့် မြို့နယ်တရားရုံး၏ ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုဟု သုံးသပ်ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ခြင်းမဟုတ်ပေ။ ထို့ကြောင့် အယူခံတရားလို၏ ရှေ့နေတင်ပြချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။ မြို့နယ်တရားရုံး၏ ဒီကရီတွင် ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုဟု ဖော်ပြရေးဆွဲထားခြင်းမဟုတ်ပေ။ မြို့နယ်တရားရုံး၏ ဒီကရီတွင် ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုဟု ဖော်ပြရေးဆွဲထားခြင်းမပြုသောကြောင့် ခရိုင်တရားရုံးက အယူခံမှု ဒီကရီတွင် မြို့နယ်တရားရုံး၏ လင်မယားကွာရှင်းပြတ်စဲခွင့်ပြုသည့်ဒီကရီကို အတည်ပြုကြောင်း ဒီကရီချမှတ်ရန်သာဖြစ်၍ ခရိုင်တရားရုံး၏ ဒီကရီသည် မှားယွင်းခြင်းမရှိချေ။

တရားရုံးများက ဒီကရီရေးဆွဲရာတွင် လိုက်နာရမည့်အချက်များကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်းဥပဒေ ၆နှင့် တရားရုံးများလက်စွဲအပိုဒ် ၁၇၅ တို့တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်းဥပဒေ ၆(၁)တွင် ဒီကရီသည် စီရင်ချက်နှင့်ညီညွတ်ရမည်။ ဒီကရီတွင်တရားမမူအမှတ်၊ အမူသည်များ၏အမည်များနှင့် အကြောင်းခြင်းရာများ၊ တောင်းဆိုချက်၏ အကြောင်းခြင်းရာများ ပါဝင်ရမည့်အပြင် ခွင့်ပြုသောသက်သာခွင့်သို့မဟုတ် အမှုတွင်အခြားစီရင်ဆုံးဖြတ်ချက်ကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။

တရားရုံးများလက်စွဲ အပိုဒ် ၁၇၅(၁)တွင် ဒီကရီရေးဆွဲရန် တာဝန်ရှိသည့် စာရေးသည် စီရင်ချက်အလုံးစုံကို ဖတ်ရှုခြင်းအားဖြင့် တရားသူကြီးက မည်သည့်သက်သာခွင့်ကိုပေးရန် ကြဲရွယ်ကြောင်း သိရှိနားလည်ရမည်။ ထိုသက်သာခွင့်မှာ မည်သည့်အက်ဥပဒေ၊ အမိန့်၊ နည်းဥပဒေအရ ထိုသက်သာခွင့်ကို ပေးကြောင်း အမှန်သိရှိအောင် ပြုလုပ်ရမည်။ စီရင်ချက်၏ အဆုံးသတ်စာပိုဒ်တွင် ရေးသားဖော်ပြထားသည်ကို ဒီကရီသို့မဟုတ် အမိန့်ထဲသို့ ကူးယူရေးသွင်းရုံမျှနှင့် လုံလောက်မည်မဟုတ်ကြောင်း ညွှန်ပြထားသည်။

ဒီကရီ၏ သဘောသည် နှစ်ဖက်အမှုသည်များရပိုင်ခွင့်နှင့် တာဝန်တို့ကို ပြည့်စုံတိကျစွာ အပြီးအပြတ် သတ်မှတ်ပေးခြင်းဖြစ်သည်။ စီရင်ချက်တွင် အမှု၏အကြောင်းခြင်းရာ၊ ဥပဒေပြဿနာ စသည်တို့ကို ဖော်ပြ၍ အငြင်းပွားသည်တို့ကို ကောက်ချက်ထုတ်၍ ကောက်ချက်တစ်ချက်ချင်းစီကို ဆုံးဖြတ်ရသည်။ ထိုဆုံးဖြတ်ချက်တို့ကို အခြေခံ၍တစ်ဘက်နှင့် တစ်ဘက်တို့၏ ရပိုင်ခွင့်နှင့် တာဝန်တို့ကို အပြီးသတ်အပြည့်အစုံ သတ်မှတ်ရသည်။ ထိုသတ်မှတ်ချက်တို့ကို ခြုံငုံမိအောင် ဒီကရီအမိန့်တွင် ရေးဆွဲဖော်ပြရမည်ဟု **မောင်ထန်ခုပ်ပါ ၃နှင့် ဦးလွန်းထမ်း အမှု** [၂] တွင် လမ်းညွှန်ထုံးပြုထားသည်။

ထို့ကြောင့် တရားရုံးများသည် ဒီကရီကို စီရင်ချက်နှင့် ညီညွတ်စွာ ရေးဆွဲကြရမည် ဖြစ်သည်။ ဤအမှုတွင် မူလမြို့နယ်တရားရုံးက စီရင်ချက်တွင် ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခွင့်ပြုကြောင်း သုံးသပ်ခဲ့ပါလျက် ဒီကရီတွင် လင်မယားကွာရှင်းပြတ်စဲခွင့်ပြုကြောင်းသာ ဖော်ပြရေးဆွဲခြင်းသည် စီရင်ချက်နှင့်အညီ ဒီကရီရေးဆွဲရာမရောက်ကြောင်း၊ ထို့အတူ ဟသံတခရိုင်

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၄၈၉

တရားရုံးသည်လည်း စီရင်ချက်တွင် သာမန်အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းပြတ်စဲခွင့်ပြုကြောင်း သုံးသပ်ဆုံးဖြတ်သော်လည်း ဒီကရီတွင် ထိုသို့ ဖော်ပြရေးဆွဲမှုမပြုဘဲ၊ မြို့နယ်တရားရုံး၏ လင်မယားကွာရှင်းပြတ်စဲခွင့်ပြုသည့် ဒီကရီကိုအတည်ပြုသည်ဟုသာ ဖော်ပြခဲ့ခြင်းသည် စီရင်ချက်နှင့် ညီညွတ်စွာ ရေးဆွဲရာမရောက်ကြောင်းတွေ့ရသည်။

ဟင်္သာတခရိုင်တရားရုံးက အယူခံမှုတွင် တရားပြိုင်ကိုမိုးအောင် တောင်းဆိုသည့် နှစ်ဦးသဘောတူ ကွာရှင်းခွင့် (ငြင်းချက် –၂)ကို ခွင့်ပြုခဲ့ခြင်းမရှိ၍ အယူခံကို ပလပ်ခဲ့ခြင်းမှန်သော်လည်း မူလရုံးတရားလိုအား အသာပေးဖြေဆိုခဲ့သည့် ငြင်းချက်အမှတ် (၁)နှင့် (၃)တို့အပေါ် တရားပြိုင်သည် သာမန်အိမ်ထောင်ရေးပြစ်မှုတွင် အကျူးဝင်သော ရက်စက်မှုသာ ကျူးလွန်သည်ဟု တရားလို၏ အကျိုးကိုထိခိုက်စေသောယူဆဆုံးဖြတ်သောအချက် (Finding)ဖြင့် အယူခံမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ ဟင်္သာတမြို့နယ်တရားရုံးက စီရင်ချက်တွင် သုံးသပ်ခဲ့သည့် ကြီးလေးရက်စက်သောအိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်သည်ဆိုသော သုံးသပ်ချက်ကို အယူခံရုံးက အတည်ပြုခဲ့ခြင်းမဟုတ်ပေ။

မူလရုံး တရားလို မဝတုတ် (ခ) မန္တ့်ရီမြင့်သည် မူလကွာရှင်းပြတ်စဲလိုမှုစွဲဆိုစဉ်ကပင် တရားပြိုင်သည် ကြီးလေးသောရက်စက်မှုအိမ်ထောင်ရေးပြစ်မှုကျူးလွန်ကြောင်း အဆိုပြု၍ ကွာရှင်းခွင့် ဒီကရီကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။ မူလရုံးက မည်သို့သော အကြောင်းကြောင့် တစ်နည်းအားဖြင့် မည်သည့်အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခွင့်ဒီကရီရထိုက်ခြင်းရှိမရှိ ကို ငြင်းချက်ထုတ်နုတ်စစ်ဆေးခဲ့ပြီး တရားလိုမဝတုတ် (ခ) မန္တ့်ရီမြင့် အဆိုပြုတောင်းဆိုသည့်အတိုင်း တရားပြိုင် ကိုမိုးအောင်သည်ကြီးလေးရက်စက်သော အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ကြောင်းသုံးသပ်ဆုံးဖြတ်ကာ လင်မယားကွာရှင်းခွင့်ပြုသည့် သက်သာခွင့်ကို အပြည့်အဝချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

ဟင်္သာတခရိုင်တရားရုံးက အယူခံမှုတွင် မူလမြို့နယ်တရားရုံး၏ လင်မယားကွာရှင်းပြတ်စဲခွင့်ပြုသည့် ဒီကရီကို အတည်ပြုပြီး အယူခံမှုကို ပလပ်ခဲ့ရာတွင် တရားလိုမဝတုတ် (ခ) မန္တ့်ရီမြင့်သည် ဟင်္သာတခရိုင်တရားရုံး၏ ဒီကရီအရ လင်မယားကွာရှင်းပြတ်စဲခွင့်ဒီကရီကို ရရှိသည်မှန်သော်လည်း ဟင်္သာတခရိုင်တရားရုံးက အယူခံမှုစီရင်ချက်တွင် တရားပြိုင်သည် သာမန်အိမ်ထောင်ရေးပြစ်မှုဖြစ်သည့် ရက်စက်မှုကိုသာ ကျူးလွန်ကြောင်း ယူဆဆုံးဖြတ်သောအချက် (Finding)သည် တရားလိုနှင့် တရားပြိုင်ကိုမိုးအောင်တို့အကြား လင်မယားကွာရှင်း ပြတ်စဲခွင့်ပြုသည့် ဒီကရီကို အကြောင်းပြု၍ စွဲဆိုသည့် လင်မယားပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပိတ်ပင်တားမြစ်ခြင်း (Res Judicata)ဖြစ်ရန် အကြောင်းရှိနိုင်သဖြင့် ထိုယူဆဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မူလရုံးတရားလို မဝတုတ် (ခ) မန္တ့်ရီမြင့်သည် အယူခံဝင်နိုင်ခွင့် ရှိမည်ဖြစ်သည်။

**မည်ုနှင့် မလှခင်ပါ–၂ အမှု**[၃] တွင် တရားလိုမလှခင်က တရားပြိုင်မည်ုနှင့် မဖက်တီမာဘီဘီတို့အပေါ် မူလပိုင်ရှင် ဒေါ်လှယာမှ ဆင်းသက်လာသော အချင်းဖြစ် ရေနံတွင်းအရိုးကို ပိုင်ဆိုင်သော ဒေါ်အေးကြည်က မဖက်တီမာဘီဘီအား ရောင်းချလိုက်သော်လည်း မဖက်တီမာဘီဘီသည် လွန်ခဲ့သော ဧနှစ်တွင် သားသမီးမဲ့သေဆုံးသွားသဖြင့် ၎င်းဝယ်ယူရရှိသောရေနံတွင်းအရိုးသည် ရောင်းသူဒေါ်အေးကြည်ထံသို့ ဥပဒေတမျှ တည်ရှိသည့် ထုံးတမ်းစဉ်လာအရ ပြန်လည်ရောက်ရှိလာပြီး ၎င်းသည် ဒေါ်အေးကြည်၏ အနီးဆုံးအမွေဆက်ခံသူဖြစ်သည့်အတွက် အဆိုပါရေနံတွင်းအရိုးကို ရထိုက်သူဖြစ်ကြောင်း မြွက်ဖော်ချက်

(၃) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၃၂

ဒီကရီရရှိရန်စွဲဆိုသည်။ အမှုတွင် ကောက်ချက် (၃)ကို အချင်းဖြစ်ရေနံတွင်းအရိုးသည် ဝယ်သောသူသေဆုံးလျှင် ရောင်းသူ အရိုးရှင်ထံသို့ ပြန်လည်ရောက်ရှိသည်ဟုဆိုသော ဥပဒေကဲ့သို့ခိုင်မြဲသည့် ထုံးတမ်းစဉ်လာမရှိဟု ယူဆဆုံးဖြတ်ပြီး မလှခင်၏ အမှုကို ပလပ်လိုက်သည်။ တရားလိုမလှခင်က အယူခံမဝင်ဘဲ တရားပြိုင်မည်ကြာ အယူခံဝင်သည်။ အောက်ရုံးက မလှခင်စွဲဆိုသောအမှုကို ပလပ်လိုက်ခြင်းအားဖြင့် တရားပြိုင်မည်အား ထိခိုက်နစ်နာခြင်းဖြစ်စေလျှင် အယူခံဝင်နိုင်ကြောင်း၊ သို့သော်အမှုတွင် အချင်းဖြစ်ရေနံတွင်းအရိုးကို တရားလိုမလှခင်က လိုချင်သကဲ့သို့ တရားပြိုင် မည်ကလည်း လိုချင်သဖြင့် မလှခင်၏ အမှုကိုအောက်ရုံးက ပလပ်လိုက်ခြင်းဖြင့် မည်တစ်ဦးသာ အမွေဆက်ခံရန် ကျန်ရှိသဖြင့် အချင်းဖြစ်အရိုးကို ၎င်းရရန် တရားစွဲဆိုနိုင်မည် ဖြစ်သည့်အတွက် ၎င်းအား ထိခိုက်နစ်နာခြင်း မဖြစ်သောကြောင့် အယူခံဝင်ခွင့်မရှိနိုင်ကြောင်း၊ သို့သော်အောက်ရုံးက အမှုပလပ်ရာတွင် ယူဆဆုံးဖြတ်သောအချက် (Finding)သည် ၎င်းအားဆန့်ကျင်၍ ထိခိုက်နစ်နာခြင်းဖြစ်စေလျှင် ထိုယူဆဆုံးဖြတ်သောအချက်ကို အယူခံဝင်နိုင်မည် ဖြစ်ကြောင်း၊ ထိုအမှုတွင် ရေနံတွင်းအရိုးသည် ဝယ်သူသေဆုံးလျှင် ရောင်းသူအရိုးရှင်ထံသို့ ပြန်ရောက်သည်ဆိုသော ဥပဒေတမျှ ခိုင်မြဲသည့်ထုံးတမ်းစဉ်လာမရှိကြောင်း ဆုံးဖြတ်ချက်သည် မည်နှင့်မလှခင် တို့အတွက် ပိတ်ပင်တားမြစ်ခြင်း(Res Judicata)ဖြစ်ရန် အကြောင်းရှိသော်လည်း မည်နှင့် မဖက်တီမာဘီဘီတို့ အတွက် အခြားအမှုများတွင် ပိတ်ပင်တားမြစ်ခြင်း (Res Judicata)ဖြစ်ရန် အကြောင်းမရှိဟု ထင်မြင်သဖြင့် ထိုယူဆဆုံးဖြတ်ချက် (Finding)နှင့် ပတ်သက်၍တရားလွှတ်တော်သို့ အယူခံဝင်ခွင့်မရှိချေဟု ဆုံးဖြတ်ထုံးပြုထားသည်။ ထိုမူသဘောအရ ဆိုလျှင် တရားလို၏ အမှုကိုပလပ်ရာတွင် အမှုစစ်တရားရုံးက ယူဆဆုံးဖြတ်သောအချက် (Finding)သည် တရားပြိုင်အား ဆန့်ကျင်၍ ထိခိုက်နစ်နာခြင်းဖြစ်စေသည့်အပြင် ထိုယူဆဆုံးဖြတ်ချက်သည် အခြားအမှုများတွင် ပိတ်ပင်တားမြစ်ခြင်း(Res Judicata )ဖြစ်ရန် အကြောင်းရှိလျှင် တရားပြိုင်သည် အယူခံဝင်နိုင်ခွင့်ရှိမည်ဖြစ်ကြောင်းတွေ့ရှိရသည်။

အယူခံတရားလို မဝတုတ် (ခ) မန္တ.ရီမြင့်အား လင်မယားကွာရှင်းပြတ်စဲလိုခွင့်ဒီကရီကို ချမှတ်ပေးရာတွင် အမှုစစ်တရားရုံးက ငြင်းချက်အမှတ် (၁) (၂) (၃)နှင့် ပတ်သက်၍ ကြီးလေးရက်စက်သော အိမ်ထောင်ရေး ပြစ်မှုကို တရားပြိုင်ကိုမိုးအောင်ကကျူးလွန်ကြောင်း ယူဆဆုံးဖြတ်ချက်များ (Finding)အပေါ် အယူခံတရားရုံးက ကြီးလေးသောရက်စက်မှုတွင် အကျုံးမဝင်ကြောင်း၊ သာမန် အိမ်ထောင်ရေးပြစ်မှုဖြစ်ကြောင်းဖြင့် ယူဆဆုံးဖြတ်ချက် (Finding)ကိုပြောင်းလဲဆုံးဖြတ်ခဲ့သည်။ အယူခံတရားရုံး၏ ထိုယူဆဆုံးဖြတ်ချက် (Finding)သည် လင်မယားကွာရှင်းပြတ်စဲသည့် ဒီကရီကို အကြောင်းပြု၍ လင်မယားနှစ်ဦးပိုင် ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပိတ်ပင်တားမြစ်ခြင်း (Res Judicata)ဖြစ်ရန် အကြောင်းရှိသဖြင့် အယူခံတရားလိုမဝတုတ် (ခ) မန္တ.ရီမြင့် အနေဖြင့် ခရိုင်တရားရုံး၏ဒီကရီကို အယူခံဝင်ခွင့်ရှိပါလျက် အယူခံမဝင်ခဲ့ခြင်းကြောင့် ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီမှာ အတည်ဖြစ်လျက်ရှိပေသည်။ **ဦးမြင့်နှင့် မအေးမိ အမှု**(၄)ကို ကြည့်ပါ။

သို့ဖြစ်ရာ တိုင်းဒေသကြီး တရားလွှတ်တော်က ဟသံတခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၈/၂၀၁၀၏ စီရင်ချက်တွင် သာမာန်အိမ်ထောင်ရေးပြစ်မှုဖြစ်ကြောင်း ယူဆဆုံးဖြတ်ချက်ကို အခြေပြု၍ လင်မယား နှစ်ဦးပိုင်ပစ္စည်းရလိုမှုတွင် တရားလိုသည် ဝေစုထက်ဝက်ရထိုက်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းအပေါ်

(၄) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၆(၉၇)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှားယွင်းခြင်းမရှိချေ။

ထို့ကြောင့် ကြားနာခဲ့သည့် ပြဿနာများကို အောက်ပါအတိုင်းဖြေဆိုကာ ဤတရားမ အထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

"၁။ တရားပြိုင်၏ ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခွင့်ပြုခဲ့သော မူလမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံသည့် ဟင်္သာတခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၈/၂၀၁၀၏ စီရင်ချက်တွင် သာမန်အိမ်ထောင်ရေးပြစ်မှုဖြင့်သာ အကျုံးဝင်ကြောင်း ပြောင်းလဲသုံးသပ်ခဲ့သော်လည်း အယူခံဒီကရီတွင် ထိုအချက်ကို အတိအလင်းရေးဆွဲဖော်ပြခြင်းမရှိဘဲ အယူခံမှုကို ပလပ်ပြီး မူလရုံးဒီကရီကို အတည်ပြုကြောင်းသာဖော်ပြပါရှိပါလျက် လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲဝေပေးရန် ဆုံးဖြတ်ရမည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က တရားလို မဝတုတ် (ခ) မန္တွဲ.ရီမြင့်သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများတွင် ၎င်း၏ ဝေစုအဖြစ် တစ်ဝက်ရထိုက်ကြောင်း ပဏာမဒီကရီ ချမှတ်ခြင်းသည် မှန်ကန်ကြောင်း၊

၃။ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၁၁၇/၂၀၁၁တွင် ချမှတ်သော ပဏာမဒီကရီကို အတည်ပြုခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီသည် မှန်ကန်ကြောင်း"

အထက်ပါပြဿနာများကိုဖြေဆိုချက်အရ ပြဿနာအမှတ်(၂)ကို ဖြေဆိုရန် မလိုအပ်တော့ပေ။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/-သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

| | | |
|---|---|---|
| (သာဌေး)<br>တရားသူကြီး | (စိုးညွှန့်)<br>တရားသူကြီး | (မြသိမ်း)<br>တရားသူကြီး |
| (မြင့်အောင်)<br>တရားသူကြီး | (အောင်ဇော်သိန်း)<br>တရားသူကြီး | (မြင့်ဟန်)<br>တရားသူကြီး |

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ၂၀၁၄ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၇

၂၀၁၂ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈၅၃တွင် ချမှတ်ခဲ့သော ၂၀၁၃ခုနှစ်၊ မေလ ၃၁ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

| | | |
|---|---|---|
| ဦးသိန်းဝင်း | နှင့် | ၁။ ဒေါ်စိန် (ခ) ဒေါ်စိန်စိန် |
| | | ၂။ ဒေါ်အေးအေးသန့် |
| | | ၃။ ဦးအောင်အောင် |
| | | ၄။ ဒေါ်မြင့်မြင့်ခင် |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |
| အယူခံတရားလိုအတွက် | – | ဦးကျော်ညွှန့်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | – | ဦးအောင်ကျော်ဦး၊ တရားလွှတ်တော်ရှေ့နေ |

## စီရင်ချက်

၂၀၁၄ခုနှစ် ၊ ဩဂုတ်လ ၁၈ ရက်

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၂ခုနှစ် ၊ တရားမကြီးမှုအမှတ် ၆တွင် ဒေါ်စိန်(ခ) ဒေါ်စိန်စိန်ပါ ၄ဦးတို့က ဦးသိန်းဝင်းအပေါ် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄အရ တရားလိုများ၏ ကုန်အမှတ်တံဆိပ်ကို တုပအသုံးမပြုရန် ထာဝစဉ်တားဝရမ်းရလိုမှု လျှောက်ထားစွဲဆိုရာ အနိုင်ဒီကရီချမှတ်ခဲ့သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို တရားပြိုင်ဦးသိန်းဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၂ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈၅၃တွင် အယူခံသော်လည်း မအောင်မြင်သဖြင့် ၂၀၁၃ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ် ၂၈၀တွင် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ပါ ပြဿနာများကိုပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

"၁။ လျှောက်ထားသူက ၅-၂-၂၀၀၇နေ့တွင် စာချုပ်စာတမ်းရုံး၌ မှတ်ပုံတင်ခဲ့သည့် "TW နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်၊ သား ကိုသိန်းဝင်း၊ မြင့်မြင့်ခင် "ဟူသောကုန်မှတ်တံဆိပ်သည် လျှောက်ထားခံရသူတို့က၁၇-၁-၂၀၀၇နေ့နှင့်၁၈-၁-၂၀၀၇ရက်နေ့များ၌မှတ်ပုံတင်ခဲ့သည့် "MMK နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်၊ သမီးမြင့်မြင့်ခင်" ဆိုသည့် ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်ခြင်းဖြစ်၍ တုပခြင်းမြောက်သည်ဟု မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းရှိ မရှိ။

၂။ လျှောက်ထားသူအား လျှောက်ထားခံရသူတို့အသုံးပြုလျက်ရှိသည့် ကုန်အမှတ်တံဆိပ်ကို သုံး၍ မိမိ၏ကုန်ပစ္စည်းများရောင်းချခြင်းမပြုရန် ထာဝရတားမြစ်သည့် တားဝရမ်းထုတ်ဆင့်ခြင်းသည် မှန်ကန်မှုတမှု ရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက အယူခံတရားလိုနှင့် အယူခံတရားပြိုင် တို့၏မိခင်ဒေါ်ချစ်ချစ်သည် "MMK"ကုန်အမှတ်တံဆိပ်နှင့် "နိုင်ငံကျော်ဦးသန့်၊ ဒေါ်ချစ်ချစ်၊ မြင့်မြင့်ခင်"အမည်များကို ၁၉၉၀ပြည့်နှစ်တွင် ပြောင်းလဲသုံးစွဲခဲ့သော်လည်း မှတ်ပုံတင်ခဲ့ခြင်းမဟုတ်ကြောင်း၊ မုန့်လုပ်ငန်းတွင် မိခင်ကြီးဒေါ်ချစ်ချစ်နှင့်အတူ

တွဲဖက်၍သားသမီးများက လုပ်ကိုင်ခဲ့ကြောင်းမှာ အငြင်းမပွားကြောင်း၊ **ဦးကျော်နှင့် ဦးဘအေး အမှု**(၁)တွင် မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ် နှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်သို့မဟုတ် အခွင့်အရေး ရရှိနိုင်ကြောင်း

**မသန်း ပါ ၃**
**နှင့်**
**မအမာ (ခ) မအမာထွေး**

**ဦးချစ်ဆွေအမှု**(၂)တွင် ကုန်တံဆိပ်ကို ပိုင်ဆိုင်သူထံမှ ၎င်း၏အမွေစား အမွေခံတစ်ဦးကယင်းတံဆိပ်ပိုင်ဆိုင်သုံးစွဲခွင့်ကို အမွေဆက်ဆံနိုင်ကြောင်း၊ မူလပိုင်ရှင်သေဆုံးသည့်အခါ ယင်းကုန်တံဆိပ်ကို ၎င်း၏အမွေဆက်ခံသော သားသမီးအားလုံးက ရယူသုံးစွဲနိုင်ခွင့် ရှိကြကြောင်း၊ အမွေဆက်ခံသူတစ်ဦး၏ ဝေပုံကျ သုံးစွဲနိုင်ခွင့်မဟုတ်ဘဲညီတူညီမျှသာ ဖြစ်ခြင်းကြောင့် အဆိုပါ ကုန်တံဆိပ်ဖြင့် ပြုလုပ်ရောင်းချခြင်းကို ကုန်ထုတ်သူအမည်နှင့်နေရပ်ခွဲခြားလျက် ပိုင်ခြားဝေငှပြီး အသုံးပြုလိုပါက အမွေဆိုင်အချင်းချင်းပဋိညာဉ်ပြု၍ စီမံခန့်ခွဲနိုင်ကြောင်း၊ ကုန်တံဆိပ်နှင့်လုပ်ငန်းကို အချို့သောအမွေဆိုင်များက တခြားအမွေဆိုင်တစ်ဦးအား စာချုပ်ဖြင့် အပိုင်ရောင်းချခြင်းဖြင့် ဝယ်သူမှာ ယင်းကုန်တံဆိပ်နှင့် စပ်လျဉ်း၍ မိမိတစ်ဦးတည်းပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း၊ ဦးစွာမှတ်ပုံတင်သုံးစွဲခြင်းအားဖြင့်လည်း ပိုင်ဆိုင်ခွင့်မရကြောင်း ထုံးပြုထားသဖြင့် မိခင်ကြီးက မှတ်ပုံမတင်ဘဲ သုံးစွဲခဲ့သည့် "MMK"ကုန်တံဆိပ်ကို မူပိုင်ခွင့်မရဘဲ သုံးစွဲခွင့်သာရသောကြောင့် မိခင်ကမုန့်လုပ်ငန်းကို မလုပ်ကိုင်တော့သောအခါ ဆက်လက်လုပ်ကိုင်သူ သားသမီးများသာ ဆက်လက်သုံးစွဲပိုင်ခွင့်ရရှိလာကြောင်း၊ မိခင်ကြီးက ကုန်တံဆိပ်သုံးစွဲပိုင်ခွင့်ကို အယူခံတရားပြိုင်များသို့ ပေးကမ်းပိုင်ခွင့်မရှိကြောင်း၊အယူခံတရားလိုအသုံးပြုသည့် "မြင့်မြင့်ခင်"ဟူသော အမည်မှာ ကုန်အမှတ်တံဆိပ်မဟုတ်ကြောင်း၊ **ဒေါ်သက်ပုနှင့် ဆရာခင် အမှု**(၃) အရ ကုန်အမှတ်တံဆိပ်နှင့် ပူးတွဲအသုံးပြုသည့် ပုံသဏ္ဌာန်အသွင်အပြင်သာ ဖြစ်ကြောင်း၊ အယူခံတရားလို တရားဝင်မှတ်ပုံတင် အသုံးပြုနေသော ကုန်အမှတ်တံဆိပ်မှာ "TW"သာဖြစ်ပြီး၊ "မြင့်မြင့်ခင်"ဟူသော အမည်သည် ပုံသဏ္ဌာန်အသွင်အပြင်သာဖြစ်၍ အယူခံတရားလိုသည် ကုန်အမှတ်တံဆိပ်ကိုတုပ၍ ဆင်တူယိုးမှား ပြုလုပ်သုံးစွဲခြင်း မဟုတ်သည်မှာ ထင်ရှားကြောင်း၊ အယူခံတရားပြိုင်များအသုံးပြုနေသော ကုန်အမှတ်တံဆိပ် မှာ "MMK" ဖြစ်ပြီး ကုန်အမှတ်တံဆိပ်၏ အသွင်အပြင်မှာ "နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်၊ သမီး မြင့်မြင့်ခင်" ဖြစ်ကြောင်း၊ အယူခံတရားလို၏ ကုန်အမှတ်တံဆိပ်မှာ "TW" ဖြစ်ပြီး၊ ကုန်အမှတ်တံဆိပ်၏ အသွင်အပြင် မှာ "နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်၊ သားကိုသိန်းဝင်း၊ မြင့်မြင့်ခင်" အမည်များဖြစ်သောကြောင့် ကုန်အမှတ်တံဆိပ် နှင့် ကုန်အမှတ်တံဆိပ်၏အသွင်အပြင်များ လုံးဝမတူညီကြောင်း၊ ကုန်အမှတ်တံဆိပ်ကို သုံးစွဲခွင့်အခွင့်အရေး မရှိသူက မိမိသုံးစွဲခွင့်မရှိသော အခြားသူ၏ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ မှတ်ပုံမတင်ဘဲ တုပပြုလုပ်၍သုံးစွဲမှသာ ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား ပြုလုပ်ခြင်းနှင့်တုပခြင်း မြောက်ကြောင်း၊ **T.C Mohamed vs A. Kunjalum & 2 others အမှု**(၄)နှင့် **Gaw Shan Soot Vs. E. C. Madha Brothers အမှု**(၅)တို့အရ ကုန်အမှတ်တံဆိပ်နှင့် အသွင်အပြင် နှစ်မျိုးလုံး တူညီမှုသာလျှင် တားဝရမ်းထုတ်ဆင့်နိုင်ကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကို ခွင့်ပြုပြီး အယူခံ တရားပြိုင်များ စွဲဆိုသည့်

(၁) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၈၇ (တရားလွှတ်တော်)
(၂) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၃၆
(၃) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၂၄၅ (တရားလွှတ်တော်)
(၄) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်ချုပ်)၊ စာ–၉၈။
(၅) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်ချုပ်)၊ စာ–၁၃၆။

အမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေက အယူခံတရားလို၏ ကုန်အမှတ်တံဆိပ်နှင့် အယူခံတရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်ချင်းမတူညီသော်လည်း အသုံးပြုသော ဂျပ်ဘူးများနှင့် အခြားထုပ်ပိုးပစ္စည်းများတွင် "မြင့်မြင့်ခင်" ဟူသော ခေါင်းစီးစာလုံးမှာ ကျန်စာလုံးများထက်ကြီးပြီး သိသာထင်ရှားအောင် လက်ရေးစာလုံးဖြင့် ရေးသားထားကြောင်း၊ ထို့ကြောင့် အယူခံတရားလိုထုတ်လုပ်သောမုန့်နှင့်အယူခံတရားပြိုင်များ ထုတ်လုပ်သောမုန့်ဟူ၍ အလွယ်အကူ ခွဲခြား၍မရနိုင်ကြောင်း၊ **ဦးတင်လတ် (ခ) ဦးစိုင်းလတ် ပါ ၂ နှင့် ဦးကျော်ငြိမ်း အမှု**[၆] တွင် ကုန်အမှတ်တံဆိပ်တူသည့် စျေးကွက်တွင်ရောင်းချသောကုန်စည်များကို အခြားအလားတူကုန်စည်များနှင့် ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောပိုင်ရှင်နှင့် ဆက်စပ်မိစေရန်လည်းကောင်း ထိုရောင်းသောကုန်စည်များအတွက် အသုံးပြုသည့်သို့မဟုတ် ကုန်စည်များအပေါ်တွင် ကပ်ထားသော သင်္ကေတ၊ အထိမ်းအမှတ်ဖြစ်သည်၊ ကုန်အမှတ်တံဆိပ်ကပုံအမှတ်(device)၊အမှတ်တံဆိပ်(brand)၊ခေါင်းစီး(heading)အစရှိသည်များ၊ငင်းတို့အားစုပေါင်းထားချက်များပါဝင်သည်ဟု ညွှန်ပြထားသဖြင့် ယခုအမှုတွင် "မြင့်မြင့်ခင်" ဟူသော အမည်မှာ ခေါင်းစီးပင်ဖြစ်၍ ကုန်အမှတ်တံဆိပ်မဟုတ်ဟု ခွဲခြား၍ မရနိုင်ကြောင်း၊ ထုပ်ပိုးပစ္စည်းများပေါ်တွင် ဖော်ပြထားသည့် အမှတ်အသားအားလုံးကို စုပေါင်းပြီးမှသာ ကုန်အမှတ်တံဆိပ်ဟုခေါ်ဝေါ်ရမည် ဖြစ်ကြောင်း၊ **Gaw Shan Soot Vs. E.C Madha Brothers အမှု**[၇]တွင် တံဆိပ်အစစ်နှင့်အတုသည် အသေးစိတ်အချက်အလက်များအားလုံး တူညီရန်မလို၊ တံဆိပ် တစ်ခုနှင့်တစ်ခု ဆင်တူဖြစ်နေပြီး အချင်းဖြစ်ကုန်ပစ္စည်းများကိုဝယ်ယူမည့် လူတန်းစားအားလှည့်စားနိုင်ရန် အကြောင်းရှိလျှင် တုပသည်ဟု ကောက်ယူရန် လုံလောက်သည်။ တံဆိပ် ၂ခုတူမတူ ဆုံးဖြတ်ရာတွင် သက်သေထွက်ချက်များက တရားသူကြီး၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို မလွှမ်းမိုးသင့်၊ မည်သူကိုအတုအပခေါ်ကြောင်းပုံသေကားချပ် နည်းလမ်းများ သတ်မှတ်၍ မဖြစ်နိုင်၊ အမှုတစ်ခုစီ၏ အဖြစ်အပျက် အကြောင်းအရာအပေါ်မူတည်၍ ဆုံးဖြတ်ရန် ဖြစ်သည်။ တံဆိပ်တစ်ခုတည်းကိုသာ ကြည့်ရာတွင် ၎င်းတံဆိပ်သည် အခြားတံဆိပ်ဟု ထင်မှတ်ပြီး လိမ်လည်ခြင်းခံရဖွယ်ရှိမရှိမှာ အရေးကြီးသည်ဟု လမ်းညွှန်ထားကြောင်း၊ ယခုအမှုတွင်လည်း အယူခံတရားလိုနှင့်အယူခံတရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်များကို နှိုင်းယှဉ်ကြည့်လျှင် ဝယ်ယူသူအားမှားယွင်းစေနိုင်ကြောင်း၊ အယူခံတရားလို၏တံဆိပ်ကို မြင်တွေ့သူအနေဖြင့် အယူခံတရားပြိုင်၏တံဆိပ်ဟုထင်မှတ်ပြီး ဝယ်ယူစားသုံးကြသည်မှာအမှန်ပင်ဖြစ်ကြောင်း၊ **စီ၊အမ်၊ဘရာသားနှင့် ကွန်ဂျလမ် အမှု**[၇] တွင်လည်း ကုန်အမှတ်တံဆိပ်ဆိုသော စကားရပ်တွင် ရုပ်ပုံ၊ ဒီဇိုင်း၊ နာမည်၊ စာတန်းစသည့် အမှတ်အသားအားလုံး အကျုံးဝင်သည်ဟု ထုံးပြုထားကြောင်း၊ ထို့ကြောင့် ယခုအမှုတွင် "မြင့်မြင့်ခင်" ဆိုသော အမည်သည်လည်း ကုန်အမှတ်တံဆိပ်မဟုတ်ဟုပြောဆိုခွင့်မရှိကြောင်း၊ ထို့ကြောင့် မူလတရားလွှတ်တော်နှင့်အယူခံရုံးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏ဆုံးဖြတ်ချက်များသည် မှန်ကန်မှု ရှိကြောင်း ဖြေဆိုကာ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားလိုနှင့်အယူခံတရားပြိုင်တို့သည် မောင်နှမအရင်းအချာများဖြစ်ကြသည်။ ၎င်းတို့၏ မိခင်ဒေါ် ချစ်ချစ်သည် မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်းမှတ်ပုံတင်သုံးစွဲခဲ့သည့် "ဦးသန့်၊

(၆) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်ချုပ်)၊ စာ–၂၁၆ (၂၂၇)။
(၇) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်)၊ စာ–၂၆၂။

ဒေါ်ချစ်ချစ်၊ သမီးမြင့်မြင့်ခင်" ဟုဖော်ပြထားသည့် မှတ်ပုံတင် ကုန်အမှတ်တံဆိပ်များကို ၁၀-၁၂-၂၀၀၆ ရက်စွဲပါသက်သေခံအမှတ် (ဂ)ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ဖြင့် သားသမီးများဖြစ်ကြသော ဒေါ်စိန်ပါ ၄ဦးတို့ကို ပေးကမ်းခဲ့သည်။ အလားတူ ၁၀-၁၂-၂၀၀၆ရက်စွဲပါ သက်သေခံအမှတ် (ဃ) ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အရ မုန့်လုပ်ငန်း၊ အလုပ်ရုံ၊ စက်ရုံ၊ ဆိုင်ခန်းများ၊ လည်ပတ်နေသောငွေ၊ ကုန်ကြမ်း၊ ကုန်ချောများကိုလည်း ပေးကမ်းခဲ့သည်။ မိခင်ဒေါ်ချစ်ချစ်က ၎င်းသုံးစွဲခဲ့သည့် ကုန်အမှတ်တံဆိပ်များကို ထိုသို့ပေးကမ်းခဲ့ပြီးနောက် ၁၇-၁-၂၀၀၇နေ့တွင် မိမိမူပိုင်သုံးစွဲခဲ့သည့် ကုန်အမှတ်တံဆိပ်များကို ဖျက်သိမ်းကြောင်းဖြင့် သက်သေခံအမှတ် (င) မှ (ဇ-၁၄) ထိ မှတ်ပုံတင်စာချုပ်များပြုလုပ်ခဲ့သည်။ သားသမီးများဖြစ်ကြသော ဒေါ်စိန်ပါ ၄ဦးတို့က အဆိုပါ ကုန်အမှတ်တံဆိပ်ကို မူပိုင်အဖြစ်မှတ်ပုံတင်ကြောင်းဖြင့် သက်သေခံအမှတ် (ဈ)မှ (ဈ-၂၆) ထိ ကြေညာစာချုပ်များကို ၁၇-၁-၂၀၀၇နေ့နှင့် ၁၈-၁-၂၀၀၇နေ့များတွင် မန္တလေးမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင် ချုပ်ဆိုခဲ့ကြသည်။

အယူခံတရားလို၏ရှေ့နေက **မသန်း ပါ ၃ / မအမာ (ခ) မအမာထွေး** နှင့် **ဦးချစ်ဆွေအမှု**(၂) ကို ကိုးကားလျက် မိခင်ကြီးက မုန့်လုပ်ငန်းကို မလုပ်ကိုင်တော့သောအခါ ဆက်လက်လုပ်ကိုင်သူသားသမီးများက မိခင်ကြီး၏ ကုန်အမှတ်တံဆိပ်ကို ဆက်လက် သုံးစွဲပိုင်ခွင့်ရရှိလာကြောင်း၊ မိခင်ကြီးက အယူခံတရားပြိုင်များသို့ ကုန်အမှတ်တံဆိပ် သုံးစွဲပိုင်ခွင့်ကို ပေးကမ်းခွင့်မရှိကြောင်းဖြင့် တင်ပြသည်။

ယခုအမှုတွင် မိခင်ကြီး ဒေါ်ချစ်ချစ်သည်သက်ရှိထင်ရှားရှိနေသည့်အပြင် ၎င်းမူပိုင်သုံးစွဲခဲ့သည့် ကုန်အမှတ်တံဆိပ်များကို ၁၇-၁-၂၀၀၇နေ့တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်သဖြင့် ဆက်လက်လုပ်ကိုင်သူသားသမီးများသည်ယင်းကုန်အမှတ်တံဆိပ်ကို အမွေဆက်ဆံရန်အကြောင်း မပေါ်ပေါက်သောကြောင့် အယူခံတရားလိုရှေ့နေ၏ တင်ပြချက်ကို လက်ခံနိုင်ခြင်းမရှိချေ။

အယူခံတရားပြိုင် ဒေါ်စိန်ပါ ၄ဦးတို့က ၁၇-၁-၂၀၀၇နေ့မှစ၍ ၁၈-၁-၂၀၀၇နေ့တွင် မှတ်ပုံတင်၍ သုံးစွဲသည့် ကုန်အမှတ်တံဆိပ်မှာ "MMK၊ နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်၊ မြင့်မြင့်ခင်" ဖြစ်သည်။ အယူခံတရားလိုဦးသိန်းဝင်းက "TW၊ နိုင်ငံကျော်၊ ဦးသန့်၊ ဒေါ်ချစ်ချစ်(သား) ကိုသိန်းဝင်း၊ မြင့်မြင့်ခင်" ဆိုသည့် ကုန်အမှတ်တံဆိပ်ကို ၈-၂-၂၀၀၇နေ့၌ အမရပူရမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ကြေညာ စာချုပ်သက်သေခံအမှတ် (ခ) ပြုလုပ်ချုပ်ဆို၍ သုံးစွဲခဲ့သည်။ အယူခံတရားလိုနှင့် အယူခံတရားပြိုင်များသည် ၎င်းတို့ မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်များဖြင့် မိခင်ကြီးလက်ထက်ကပင် လုပ်ကိုင်ခဲ့သည့် ဇလမုန့်၊ ထိုးမုန့် စသည့်မုန့်မျိုးစုံကို ထုတ်လုပ်ရောင်းချကြခြင်းဖြစ်သည်။ ၎င်းတို့အသုံးပြုနေသည့် ကုန်အမှတ်တံဆိပ် နှစ်ခုလုံးတွင် "မြင့်မြင့်ခင်" ဆိုသည့်စာသားမှာ အခြားစာသားများထက် ပိုမိုကြီးမား၍ သိသာထင်ရှားစွာ ဖော်ပြထားခြင်းပင် ဖြစ်သည်။ "မြင့်မြင့်ခင်" ဆိုသည့်စာသားမှာ သေချာစွာ ဂရုပြုကြည့်ရှုမှသာ စာလုံးရေးသားပုံတွင် အနည်းငယ်ကွာခြား၊ ကွဲပြားကြောင်းကို တွေ့ရမည်ဖြစ်သည်။

အယူခံတရားလိုရှေ့နေက **ဒေါ်သက်ပုနှင့် ဆရာခင် အမှု**(၃) ကို ကိုးကားလျက် "မြင့်မြင့်ခင်" ဟူသော အမည်မှာ ကုန်အမှတ်တံဆိပ်မဟုတ်ကြောင်း၊ ကုန်အမှတ်တံဆိပ်နှင့် ပူးတွဲအသုံးပြုသည့် ပုံသဏ္ဌာန်အသွင်အပြင်သာဖြစ်ကြောင်း တင်ပြသည်။

အဆိုပါစီရင်ထုံးတွင် တရားလွှတ်တော်က "အရေးကြီးဆုံးပြဿနာမှာ "ရွှေနန်းသိုက်"တံဆိပ်သည် ဈေးကွက်တွင် ကျော်ဇောသတင်းရှိပြီး တရားလိုနှင့် ဆက်စပ်မှုရှိမရှိနှင့် အများပြည်သူတို့က သွေးဆောင်

ါအမည်ဖြင့်သာ အစဉ်အမြဲခွဲခြားသိရှိထားခြင်းရှိမရှိဖြစ်သည်။ ပစ္စည်းသို့မဟုတ် ပစ္စည်းဖော်စပ်ထားမှု omposition) သို့မဟုတ် ဖော်စပ်နည်းကို အဓိကအားဖြင့်ဖော်ညွှန်းသော ကုန်တံဆိပ်သို့မဟုတ်အမည်ကို ်သွယ်မှုတွင် အများသုံးစွဲခွင့်ရှိရမည်။ အမည်မှာ မူရင်းအမည်ပျောက်ပြီး ကာလရှည်ကြာစွာ သုံးစွဲခြင်း ကြောင့် ရောင်းသောဆေးဝါးမှာ သီးခြားမျိုးမည်ဖော်ပြသည့် ဆေးဝါးသက်သာမဟုတ်ဘဲ မိမိ ်စပ်သော ဆေးဝါးဖြစ်ကြောင်း ညွှန်ပြသည့် ဒုတိယအဆင့်အဓိပ္ပါယ်ဆောင်လျက်ရှိကြောင်း အဆိုပြုချက် သက်သေထင်ရှားပြရန်မှာ ထိုသူ့အပေါ် လေးလံစွာကျရောက်သည်။ "ရွှေနန်းသိုဂိ"ဆိုသော စကားရပ်ကို ်အမည်ဖြစ်စေရန် မည်သည့်အခါကမျှ မရည်ရွယ်ခဲ့။ ရှေးအခါက မြန်မာ့နန်းတွင်း၌ ဤဆေးဝါးမျိုးကို ားခဲ့သည့်အမည်ဖြစ်သည်။ သာမန်အားဖြင့်မျိုးမည်ဖော်ပြသည့်စကားရပ်သည် မူလအဓိပ္ပါယ်ပျောက်ပြီး ်စဉ်းတစ်ယောက်သောသူ ထုတ်လုပ်သည့် ကုန်စည်အား သိသိသာသာ ခွဲခြားပြသည့် အဓိပ္ပါယ်ဆောင်သည့် ့ တရားရုံးအနေဖြင့်ကောက်ချက်မချလို" ဟု သုံးသပ်ညွှန်ပြထားချက် အရ " ရွှေနန်းသိုဂို " အမည်မှာ ရှေးအခါက မြန်မာ့နန်းတွင်း၌ ဤဆေးဝါးမျိုးကိုပေးခဲ့သည့် အမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်သောသူ ုတ်လုပ်သည့် ကုန်စည်အား သိသာခွဲခြားပြသည့်အဓိပ္ပါယ်မဆောင်သဖြင့် ကုန်အမှတ်တံဆိပ်ဟု မယူဆ ်ခြင်းဖြစ်သည်။

ကုန်အမှတ်တံဆိပ် (Trade Mark)ဆိုခြင်းနှင့် စပ်လျဉ်း၍ **စီးအမ်၊ ဘရာသား နှင့် ကွန်ဂျလန် ခမှု**(၇) တွင် အောက်ပါအတိုင်း ထုံးပြုထားသည်။

> **"Held:** a trade mark is a symbol applied or attached to goods offered for sale in the market so as to distinguish them from similar goods and to identify them with a particular owner. The trade mark indicates that is the goods of the proprietor of such trade mark and a mark includes a device, brand, heading, label .....or any combination thereof. "

ထို့ကြောင့် ကုန်အမှတ်တံဆိပ်က ဆိုင်ရာကုန်စည်များမှာ အဆိုပါကုန်တံဆိပ်ပိုင်ရှင်၏ ကုန်စည်များ ဖြစ်ကြောင်းပြသည်။ ကုန်အမှတ်တံဆိပ်တွင် ပုံအမှတ်(device)၊အမှတ်တံဆိပ် (brand)၊ ခေါင်းစီး(heading) အစရှိသည်များ၊ ယင်းတို့အား စုပေါင်းထားချက်များ ပါဝင်သည်ဟု ဆိုရပေမည်။ ဤအမှုတွင် အယူခံတရားလို နှင့် အယူခံတရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်များမှာ "TWနိုင်ငံကျော်ဦးသန့်၊ ဒေါ်ချစ်ချစ်၊ သားကိုသိန်းဝင်း"၊ "MMK၊ နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်" ဆိုသည့်အမှတ်တံဆိပ်စာတန်းမျှသာမက တံဆိပ်များပေါ်တွင် သိသာထင်ရှားစွာရေးသားထားသည့် "မြင့်မြင့်ခင်" ဆိုသည့် စာလုံးကြီးလည်း ပါဝင်သည်ဟု ကောက်ယူရမည် ဖြစ်သည်။ ထို့ကြောင့် "မြင့်မြင့်ခင်" ဆိုသည့် စကားလုံးမှာ ကုန်အမှတ်တံဆိပ်မဟုတ်ကြောင်း၊ ပူးတွဲအသုံးပြု သည့်ပုံသဏ္ဌာန်အသွင်အပြင်သာဖြစ်ကြောင်း အယူခံတရားလိုရှေ့နေ၏ တင်ပြချက်မှာ မှန်ကန်ခြင်းမရှိပေ။

ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှ တူညီရန် မလို၊ အမှတ်တံဆိပ်နှစ်ခုကို ယှဉ်၍ ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှား ဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်ခြင်းမြောက်သည်ဟု **ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် အမှု**(၈) တွင် ထုံးပြုသည်။ အလားတူ **ဦးတင်လတ် (ခ) ဦးစိုင်းလတ် ပါ ၂ နှင့် ဦးကျော်ငြိမ်း အမှု** (၉) တွင်လည်း ညွှန်ပြသည်။ ယခုအမှုတွင် အယူခံတရားလို၏ ကုန်အမှတ် တံဆိပ်နှင့် အယူခံတရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်များမှာ အမှတ်အသား၊ ပုံသဏ္ဌာန်၊ ဆေးရောင်များ

(၈) ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၇၂။

ကွာခြားသော်လည်း "မြင့်မြင့်ခင်" ဆိုသည့် စာလုံးမှာ တူညီနေသောကြောင့် "မြင့်မြင့်ခင်" မုန့်မျိုးစုံလုပ်ငန်းကို သူတစ်ဦးတစ်ယောက်တည်းက ထုတ်လုပ်ရောင်းချသည်ဟု စားသုံးသူများအား ထင်ယောင်ထင်မှားဖြစ်စေမည်ဖြစ်သည်။ အယူခံတရားလိုက အယူခံတရားပြိုင်များ ၏ ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားတုပ၍ မုန့်မျိုးစုံ ထုတ်လုပ်ရောင်းချသဖြင့် အယူခံတရားပြိုင်များတွင် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေသဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄အရ ထာဝရ တားဝရမ်းရထိုက်သည်။ ထို့ကြောင့် မူလရုံးက အယူခံတရားပြိုင်များတောင်းဆိုသည့်အတိုင်း ထာဝရတားဝရမ်း ထုတ်ဆင့်စေသည့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် ကြားနာခဲ့သော ပြဿနာများကို အောက်ပါအတိုင်း ဖြေဆိုကာ ဤတရားမ အထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

"၁။ လျှောက်ထားသူက ၅-၂-၂၀၀၇ နေ့တွင် စာချုပ်စာတမ်းရုံး၌ မှတ်ပုံတင်ခဲ့သည့် "TW နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်၊ သားကိုသိန်းဝင်း၊ မြင့်မြင့်ခင် " ဟူသော ကုန်အမှတ်တံဆိပ်သည် လျှောက်ထားခံရသူတို့က ၁၇-၁-၂၀၀၇နေ့နှင့် ၁၈-၁-၂၀၀၇ ရက်နေ့များ၌ မှတ်ပုံတင်ခဲ့သည့် "MMK နိုင်ငံကျော် ဦးသန့်၊ ဒေါ်ချစ်ချစ်၊ သမီး မြင့်မြင့်ခင် " ဆိုသည့် ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်ခြင်းဖြစ်၍ တုပခြင်းမြောက်သည်ဟု မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ဆုံးဖြတ်ခြင်းသည် မှန်ကန်ကြောင်း။

၂။ လျှောက်ထားသူအား လျှောက်ထားခံရသူတို့အသုံးပြုလျက်ရှိသည့် ကုန်အမှတ်တံဆိပ်ကို သုံး၍ မိမိ၏ကုန်ပစ္စည်းများရောင်းချခြင်းမပြုရန် ထာဝရတားမြစ်သည့် တားဝရမ်းထုတ်ဆင့်ခြင်းသည် မှန်ကန်မှုတမှုရှိကြောင်း ။"

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

(သာဌေး)
တရားသူကြီး

(စိုးညွှန့်)
တရားသူကြီး

(မြသိမ်း)
တရားသူကြီး

(မြင့်အောင်)
တရားသူကြီး

(အောင်ဇော်ဟိန်း)
တရားသူကြီး

(မြင့်ဟန်)
တရားသူကြီး

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ၂၀၁၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၅

၂၀၁၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၁၈ တွင် ချမှတ်ခဲ့သော ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီကို အယူခံမှု။

| | | |
|---|---|---|
| ဦးစိုးမိုးနိုင် | နှင့် | ဦးထွန်းလင်း |
| အယူခံတရားလို | | အယူခံတရားပြိုင် |

အယူခံတရားလိုအတွက် – ဦးသိန်းဦး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးခင်မောင်သန်း၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၉၀ တွင် ဦးထွန်းလင်းက ဦးစိုးမိုးနိုင်အပေါ် ကားဖိုးငွေနှင့် နစ်နာကြေးငွေ ၃၈၂၅၀၀၀ ကျပ် ရလိုမှုစွဲဆိုရာ ကားတန်ဖိုး ငွေကျပ်သိန်း ၂၄၀ နှင့် အမြတ်ခွန်ပေးဆောင်ငွေ ကျပ် ၉ သိန်း၊ ပြေးဆွဲခွန် ၁၅၀၀၀၀ ကျပ်၊ စုစုပေါင်း ၂၅၀၅၀၀၀၀ကျပ်ကို ဒီကရီချမှတ်သည့်နေ့မှ အပြေအကျေပေးဆပ်သည့်နေ့အထိ တစ်နှစ်လျှင် ၉%အတိုးနှင့်တကွ ပေးဆပ်စေရန် အနိုင်ဒီကရီချမှတ်ခဲ့ပြီး ဦးထွန်းလင်းသည် ငွေ ၂၅၀၅၀၀၀၀ ကျပ်ကို အတိုးနှင့်တကွ လက်ရောက်ရပြီးပါက ယာဉ်အမှတ် ၁က/၇၁၈၇ ဒိုင်နာကားကို တရားပြိုင်သို့ ပြန်လည်ပေးအပ်စေရန် ညွှန်ကြားခဲ့သည်။ အဆိုပါဒီကရီကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ တရားပြိုင် ဦးစိုးမိုးနိုင်က တရားမပထမအယူခံမှုအမှတ် ၆၈/၂၀၁၃ တွင်လည်းကောင်း၊ တရားလို ဦးထွန်းလင်းက တရားမပထမအယူခံမှုအမှတ် ၈၀/၂၀၁၃ တွင်လည်းကောင်း အသီးသီး အယူခံတင်သွင်းရာ အယူခံမှုနှစ်မှုလုံးကိုပလပ်ခဲ့သည်။ တရားမပထမအယူခံမှုအမှတ် ၆၈/၂၀၁၃၏ ဒီကရီကို တရားပြိုင်ဦးစိုးမိုးနိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၁၈ တွင် ဆက်လက်အယူခံရာ အကျဉ်းနည်းဖြင့်ပလပ်ခဲ့သောကြောင့် ၂၀၁၄ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး)အမှတ် ၃၅ တွင် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ပါပြဿနာများကို ပြန်လည် စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"၁။ သက်သေခံ(က) ကားအရောင်းအဝယ် ပဋိညာဉ်သည် ပြီးမြောက်သော ပဋိညာဉ် ဟုတ်မဟုတ်၊ ယင်းပဋိညာဉ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သော ပဋိညာဉ် ဖြစ်သည်ဟု တိုင်းဒေသကြီးတရားလွှတ်တော် က ဆုံးဖြတ်သည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ၊

၂။ မူလရုံးတရားပြိုင်သည် မူလရုံးတရားလိုအား ကားဖိုးငွေကျပ်သိန်း ၂၄၀၊ အမြတ်ခွန် ငွေကျပ် ၉ သိန်း၊ပြေးဆွဲခွန် ၁၅၀၀၀၀ကျပ်၊စုစုပေါင်း ၂၅၀၅၀၀၀၀ကျပ်ကို အတိုးနှင့်တကွ ပြန်ပေးရန်ချမှတ်သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြုသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဒီကရီသည် မျှတမှုနှင့်ကန့်မှု ရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက အချင်းဖြစ်ကားကို ရောင်းချစဉ်ကပင် ကားနှင့်တကွစပ်ဆိုင်သော စာရွက်စာတမ်းများကို မူလရုံးတရားပြိုင်က မူလရုံးတရားလိုထံ ပေးအပ်ခဲ့ကြောင်းမှာ အငြင်းမပွားကြောင်း၊ ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၄(၃)တွင် ပြဋ္ဌာန်းချက်အရ ကုန်စည်ပိုင်ဆိုင်ခွင့်သည် ရောင်းသူထံမှ ဝယ်သူထံသို့ လွှဲပြောင်းသွားလျှင် ပဋိညာဉ်ကို ရောင်းချခြင်းဟုခေါ်ဆိုကြောင်း၊ ယခုအမှုတွင် တရားလိုနှင့်တရားပြိုင်တို့သည် ကားကို ရောင်းဝယ်ရန်အတွက် ပဋိညာဉ်ပြုထားပြီး ဝယ်ယူသူတရားလိုသည် ဝယ်ယူသည့်ကားကို လက်ရောက်ရရှိပြီး ၃ နှစ်ခန့် အသုံးပြုလျက်ရှိကြောင်း ပေါ်ပေါက်၍ ကား၏ပိုင်ဆိုင်ခွင့်သည် အရောင်းအဝယ်ပြုလုပ်သည့်အချိန်ကပင် ဝယ်ယူသူထံသို့ လွှဲပြောင်းရောက်ရှိသွားပြီဖြစ်ကြောင်း၊ တရားလို ဦးထွန်းလင်းသည် အချင်းဖြစ်ကားကို တရားပြိုင်ထံမှ ဝယ်ယူသည့်အချိန်တွင် ရောင်းဖိုးငွေပေးချေခြင်း၊ ကားနှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများအားလုံးကို စစ်ဆေးပြီး လက်ခံရယူခြင်း၊ အချင်းဖြစ်ကားအတွက်အမြတ်ခွန်ပေးဆောင်ခြင်း၊ ကညနရုံးတွင်ကားပြေးဆွဲခွန်၊ လိုင်းကြေးငွေပေးသွင်းခြင်း၊ အဆိုပါကားကို ယနေ့တိုင် တရားလို၏လက်ဝယ်ထားရှိ အသုံးပြုခြင်းများကို ထောက်ရှုပါက ပဋိညာဉ်မှာ ပြီးမြောက်သောပဋိညာဉ် (Executed Contract) ဖြစ်သည်ဟုပေါ်ပေါက်ကြောင်း၊ **ဦးဘလှနှင့် ကိုဟန်ထွန်း ပါ ၂ အမှု**[၁] တွင် ကားတစ်စီးရောင်းချရာတွင် စရန်ငွေ ၁၀၀၀၀ ကျပ်ယူပြီး ကားကို ဝယ်သူသို့ပေးအပ်ခဲ့ရာ ရောင်းသူဝယ်သူတို့ အချင်းချင်းပြုလုပ်ကြသောပဋိညာဉ်အရ ကားပိုင်ဆိုင်ခွင့်သည် ဝယ်သူများထံသို့ ပြောင်းသွားကြောင်း၊ ငွေ ၁၀၀၀၀ ကျပ် ဆုံးရှုံးစေရန်နှင့် စပ်လျဉ်းသောစာပိုဒ်သည် လျော်ဒဏ်သတ်မှတ်ချက်ဖြစ်ကြောင်း ထုံးပြုထားသည်ကို တွေ့နိုင်ကြောင်း၊ အဆိုလွှာအပိုဒ် ၂ တွင် တရားပြိုင်ပိုင်ဆိုင်သောကားအမှတ် ၁က/၇၁၈၇ နှင့်အတူ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို တရားလိုက စစ်ဆေးကြည့်ရှုပြီး သဘောတူဝယ်ယူခဲ့သည်ဟု အတိအလင်းဖော်ပြထားကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ တွင် ပြဋ္ဌာန်းထားချက်အရ ပြုလုပ်မှုတစ်ခုကိုပြုရန် ပဋိညာဉ်ပြုလုပ်ပြီးနောက် ထိုပြုလုပ်မှုမှာ မဖြစ်နိုင်သည့်အခြေအနေသို့ ရောက်သွားလျှင်လည်းကောင်း၊ ကတိပြုသူက တားဆီးပိတ်ပင်ခြင်း မပြုနိုင်သောအကြောင်း ပေါ်ပေါက်ခြင်းကြောင့် ဥပဒေနှင့်ဆန့်ကျင်သွားလျှင်သော်လည်းကောင်း ထိုပြုလုပ်မှုမှာ မဖြစ်နိုင်သည့်အခြေအနေသို့ရောက်သွားသောအခါ သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သွားသောအခါ ပဋိညာဉ်သည် ပျက်ပြယ်သွားကြောင်း၊ ထိုမူသဘောကို **မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့နှင့် ခေါ်သောင်းရင် ပါ ၂ အမှု**[၂] တွင် ထုံးပြုပါကြောင်း၊ ကားနှင့်သက်ဆိုင်မှုရှိသည်ဟုဆိုသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားမစီရင်မှုအမှတ် ၁၁၅/၂၀၁၁ အမှုမှာ ပြီးပြတ်သွားပြီဖြစ်၍ အချင်းဖြစ်ကားကို တရားရုံးက တားဝရမ်း၊ ဖမ်းဝရမ်းဖြင့် တားမြစ်သိမ်းဆည်းခြင်း မရှိသည်မှာ ထင်ရှားကြောင်း၊ သက်သေခံအမှတ်(က) စာချုပ်အရ အမည်ပြောင်းရန်ကိစ္စကို ရောင်းသူမှ တာဝန်ယူဆောင်ရွက်ပေးမည်ဟု ကတိပြုထားရာ အမည်

(၁) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်)၊ စာ–၂၅၁။
(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၉၉။

ပြောင်းခွင့်မရကြောင်း၊ ယင်းစည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ပေးရန် ရောင်းသူတွင်တာဝန်ရှိကြောင်း၊ အဆိုပါအာမခံချက်သည် ပဋိညာဉ်၏အဓိကကိစ္စနှင့် သွယ်ဝိုက်၍ ဆက်စပ်လျက်ရှိသော စည်းကမ်းချက်ဖြစ်၍ စည်းကမ်းချက်ကို ချိုးဖောက်ခြင်းသည် ကုန်ရောင်း ကုန်ဝယ်အက်ဥပဒေပုဒ်မ ၁၂(၃)အရ နစ်နာကြေးတောင်းခွင့်ရစေမည်ဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၁၃(၂) အရ ပဋိညာဉ်ကို ငြင်းပယ်သည့် အနေဖြင့် အရောင်းအဝယ်ပြုလုပ်သောကားကို ပြန်ပေးခွင့်မရှိကြောင်း၊ ဥပဒေအရ ပဋိညာဉ်ကိုငြင်းဆိုခြင်း၊ ကားကို ပြန်လည်ပေးခြင်း မပြုနိုင်သည့်အတွက်ကားဖိုးငွေကို အတိုးနှင့်တကွ ပေးစေရန် နှင့်ကားကို တရားပြိုင်သို့ ပေးစေရန် ချမှတ်သည့်အမိန့်မှာ ဥပဒေနှင့်မညီကြောင်း၊ အရောင်းအဝယ် ဖျက်သိမ်းသည့်ဒီကရီကို ဥပါယ်တံမျဉ်ဖြင့် ချမှတ်ရာရောက်၍ ပယ်ဖျက်သင့်ကြောင်း "ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ကားနှင့်ပတ်သက်သည့်ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ သိမ်းဆည်းခံရ၍ ပြေးဆွဲမောင်းနှင်ခွင့်မရတော့သဖြင့် တရားလိုလက်ဝယ်ရှိကားမှာ သက်တမ်းကုန်ဆုံးသည့် ၂၈-၂-၂၀၀၈ နေ့မှစ၍ ရပ်ထားခဲ့ရသည်မှာထင်ရှားကြောင်း၊ မူလတရားပြိုင်သည် မူလသဘောတူထားသည့် ပဋိညာဉ်စာချုပ်အရ ရောင်းချခဲ့သော ကားနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာများကို ဖြေရှင်း ဆောင်ရွက်ပေးရန် တာဝန်ရှိပါလျက် ပျက်ကွက်နေခြင်းကြောင့် ကားရောင်းချမှုမှာ ပြီးမြောက်သောပဋိညာဉ် မဟုတ်ကြောင်း၊ ကားအရောင်းအဝယ်စာချုပ်အရ တရားဝင်ဆောင်ရွက်ခွင့်မရသည့်အတွက် ထိုပဋိညာဉ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြဿနာအမှတ် (၁)နှင့်စပ်လျဉ်း၍ ကားအရောင်းအဝယ်ပဋိညာဉ် စာချုပ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သော ပဋိညာဉ်စာချုပ်ဖြစ်သည်ဟု ဖြေဆိုသင့်ကြောင်း၊ တရားလိုသက်သေဖြစ်သူ ကညနရုံးမှ ဒုတိယဦးစီးမှူး ဦးကျော်စိုး၏ထွက်ဆိုချက်အရ အချင်းဖြစ်ကားကို ၉-၄-၂၀၀၇ နေ့ကတည်းက တားမြစ်ထားကြောင်း၊ တရားလိုထံမှ ယာဉ်နှင့်ပတ်သက်သည့်စာမှတ်စာတမ်းများကို သိမ်းဆည်းခဲ့သည်မှာထင်ရှားကြောင်း၊ ထို့ပြင် တရားပြိုင်၏ ထွက်ချက်အရလည်း ကားနှင့်ပတ်သက်သည့် အရှုပ်အရှင်းများကို လိုက်လံဆောင်ရွက်ပေးမည်ဟုပြောခဲ့ကြောင်း ပေါ်ပေါက်သဖြင့် သက်သေခံအမှတ် (က) စာချုပ်ဖြင့် ဝယ်ယူခဲ့သောကားမှာ အမှုနှင့်ပတ်သက်နေသဖြင့် ကားအရောင်းအဝယ်သက်သေခံအမှတ် (က) စာချုပ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ အရ သဘောတူညီချက်သည် ပျက်ပြယ်ကြောင်းသိရလျှင်ဖြစ်စေ၊ ပဋိညာဉ်ပျက်ပြယ်သွားလျှင်ဖြစ်စေ ထိုပဋိညာဉ်အရ မည်သည့် အကျိုးမြတ်ကိုမဆို ရရှိထားသူသည် မိမိအားအကျိုးမြတ်ရရှိစေသူအား ပြန်ပေးရန် သို့မဟုတ် အကျိုးအမြတ်အတွက် လျော်ကြေးပေးရန် တာဝန်ရှိကြောင်း၊ ကုန်စည်ရောင်းချခြင်း အက်ဥပဒေပုဒ်မ ၁၄ အရ ရောင်းသူသည် ပဋိညာဉ်တွင်ဆန့်ကျင်ကွဲလွဲသည့်ရည်ရွယ်ချက်ရှိကြောင်းမပြနိုင်လျှင် ရောင်းချသည့် ကုန်ပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း တာဝန်ယူရသည့်အပြင် ရောင်းချလိုက်သည့် ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍လည်း ဝယ်သူက အနှောင့်အယှက်ကင်းစွာလက်ရှိထားပိုင်ခွင့်ကိုလည်း × × × × × သဘောသက်ရောက်သည့် အာမခံချက်ရှိရကြောင်း၊ ထို့ကြောင့် ရောင်းသူတရားပြိုင်နှင့် ဝယ်သူတရားလိုတို့သဘောတူချုပ်ဆိုခဲ့ကြသည့် အရောင်းအဝယ်စာချုပ်အရပင် ဝယ်သူ၏ပိုင်ဆိုင်ခွင့်နှင့် အနှောက်အယှက်ကင်းမှုတို့ကို ရောင်းသူကအာမခံတာဝန်ယူသော သတ်မှတ်ချက်ရှိနေကြောင်း၊ **ဒေါ်ထု နှင့် ရှာရောက်ယုံ (၁) ဦးဇော်ဝင်း ပါ ၂ အမျှ** [၃] အရ ဝယ်ယူသူအမည်သို့ ပြောင်းမရခြင်း၊

(၃) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၀။

ကားပြေးဆွဲခွင့်မရခြင်းတို့ကြောင့် ဝယ်သူနစ်နာသည့်အတွက် အဆိုပါ သက်သေခံ အမှတ် (က) စာချုပ်မှာ နစ်နာသူဖျက်သိမ်းလိုလျှင် ဖျက်သိမ်းနိုင်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ အရ ဝယ်သူတရားလိုက နစ်နာနေသောကားဖိုးငွေ၊ အမြတ်ခွန်၊ ပြေးဆွဲခွန်တို့ကို ပြန်လည်ရထိုက်သောကြောင့် တရားရုံး အဆင့်ဆင့်၏ ဒီကရီသည် ဥပဒေနှင့်ညီညွတ်ပါကြောင်း၊ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

ရောင်းသူဦးစိုးမိုးနိုင်နှင့် ဝယ်သူ ဦးထွန်းလင်းတို့သည် နှစ်ဦးသဘောတူ မော်တော်ယာဉ် အရောင်းအဝယ် ကတိစာချုပ် သက်သေခံအမှတ် (ခ)ကို ပြုလုပ်ခဲ့သည်။

မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်ခြင်းသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းရောင်းချခြင်း ဖြစ်၍ ကုန်စည်ရောင်းချခြင်းအက်ဥပဒေ ( The Sale of Goods Act ) နှင့် သက်ဆိုင်သည်။

ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၄(၁) ပါပြဋ္ဌာန်းချက်အရဆိုလျှင် ကုန်စည်အရောင်း ပဋိညာဉ်မှာရောင်းသူက ကုန်စည်ပိုင်ဆိုင်ခွင့်ကို ဝယ်သူအားတန်ဖိုးဖြင့်လွှဲပြောင်းပေးသော သို့မဟုတ် လွှဲပြောင်းပေးရန်သဘောတူညီသောပဋိညာဉ်ဖြစ်သည်။ သက်သေခံအမှတ် (က) နှင့် (ခ) နှစ်ဦးသဘောတူယာဉ် အရောင်းအဝယ်ကတိစာချုပ်များမှာ ရောင်းသူ ဦးစိုးမိုးနိုင်ကဝယ်သူ ဦးထွန်းလင်းသို့ရောင်းချသော ဒိုင်နာယာဉ်နှင့်တကွ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများပေးအပ်၍ ဝယ်သူ ဦးထွန်းလင်းက ကားတန်ဖိုးငွေ ကျပ်သိန်း ၂၄၀ ကို အပြေအကျေပေးချေခဲ့သဖြင့် ကုန်စည်အရောင်းပဋိညာဉ်ဖြစ်ကြောင်း တွေ့ရသည်။

ကုန်စည်ရောင်းချခြင်း အက်ဥပဒေပုဒ်မ ၁၂(၁) အရ အရောင်းပဋိညာဉ်ပါ စည်းကမ်းသည် "သတ်မှတ်ချက်" ဖြစ်နိုင်သည် သို့မဟုတ် " အာမခံချက်" ဖြစ်နိုင်သည်။ ပုဒ်မခွဲ (၂) အရ "သတ်မှတ်ချက်" ဟူသည်ပဋိညာဉ်၏အဓိကကိစ္စအတွက် အရေးပါသောစည်းကမ်းချက်ဖြစ်၍ ယင်းစည်းကမ်းချက်ကို ချိုးဖောက်ခြင်းသည် ပဋိညာဉ်အားငြင်းပယ်သည့်အနေဖြင့် မှတ်ယူခွင့်ရရှိစေသည်။ ပုဒ်မခွဲ (၃) အရ "အာမခံချက်" ဟူသည်ပဋိညာဉ်၏အဓိကကိစ္စနှင့်သွယ်ဝိုက်၍ ဆက်စပ်လျက်ရှိသောစည်းကမ်းချက်ဖြစ်ပြီး ယင်းစည်းကမ်းချက်ကို ချိုးဖောက်ခြင်းသည် နစ်နာကြေးတောင်းဆိုခွင့်ရရှိစေသည်။သို့သော် ကုန်စည်များကို ပယ်၍ ပဋိညာဉ်ကို ငြင်းပယ်သည့်အနေဖြင့် မှတ်ယူခွင့်မရှိချေ။

သက်သေခံအမှတ်(ခ) နှစ်ဦးသဘောတူယာဉ်အရောင်းအဝယ်ကတိစာချုပ်တွင် ရောင်းသူ ဦးစိုးမိုးနိုင် က မိမိတရားဝင်ပိုင်ဆိုင်သော ယာဉ်အမှတ် ၁က/၇၁၈၇ ဒိုင်နာအမျိုးအစားယာဉ်ကို ဦးထွန်းလင်းသို့ တန်ဖိုးငွေကျပ်သိန်း ၂၄၀ တိတိဖြင့် ဝယ်သူထံမှ ငွေအကျေ တစ်လုံးတည်းလက်ခံရယူ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုက်ကြောင်း၊ ရောင်းချသောယာဉ်နှင့်ပတ်သက်၍ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ပြီး တစ်စုံတစ်ဦးထံတွင်ဖြစ်စေ၊ အဖွဲ့အစည်းထံဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်းမရှိဘဲ အချုပ်အချယ် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပါကြောင်း၊ အကယ်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဝယ်သူနစ်နာဆုံးရှုံးမှုမရှိအောင် ရောင်းသူမှ မိမိစရိတ်ဖြင့် ပြေလည်အောင်လိုက်လံဖြေရှင်းပေးရန်နှင့် မော်တော်ကားအမည်လွှဲပြောင်းပေးရန်ကိုလည်း ရောင်းသူမှ တာဝန်ယူပြုလုပ်ဆောင်ရွက်ပေးရန် ဝန်ခံကတိပြုကြောင်းဖြင့် သဘောတူချုပ်ဆိုထားသည်။

ယခုအမှုတွင် သက်သေခံအမှတ် (က) နှင့် (ခ) ကားအရောင်းအဝယ်ကတိပဋိညာဉ်တွင် ပဋိညာဉ်၏အဓိကကိစ္စဖြစ်သော မော်တော်ယာဉ်လွှဲပြောင်းရောင်းချခြင်းကိစ္စရပ်ကို ရောင်းသူ ဦးစိုးမိုးနိုင်က ရောင်းချသည့် မော်တော်ယာဉ်ကို ဝယ်သူ ဦးထွန်းလင်းသို့ လွှဲပြောင်းပေးခြင်း၊ ဝယ်သူ ဦးထွန်းလင်းက မော်တော်ယာဉ်တန်ဖိုး

ငွေကျပ်သိန်း ၂၄၀ ကို ရောင်းသူ ဦးစိုးမိုးနိုင်သို့ အပြေအကျေပေးချေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည့်အတွက် အရောင်းအဝယ်ပဋိညာဉ်ကို ငြင်းပယ်ခွင့်မရှိတော့ချေ၊ အဆိုပါ ကားအရောင်းအဝယ်ပဋိညာဉ်စာချုပ်၌ ဆက်လက် သဘောတူသတ်မှတ်ထားသောမော်တော်ယာဉ်အမည်ပြောင်းပေးရန်ကိုလည်းရောင်းချသူမှ တာဝန်ယူဆောင်ရွက်ပေးရန် ဝန်ခံကတိပြုထားခြင်းသည် ကားအရောင်းအဝယ်ပြုခြင်း အဓိက ကိစ္စနှင့်သွယ်ဝိုက်၍ ဆက်စပ်လျက်ရှိသော စည်းကမ်းချက်ဖြစ်၍ အာမခံချက်ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းစည်းကမ်းချက်ကို ဖောက်ဖျက်လျှင် ကုန်စည် ရောင်းချခြင်း အက်ဥပဒေ ပုဒ်မ ၁၂ (၃) အရ နစ်နာကြေးတောင်းဆိုခွင့်ရှိမည်ဖြစ်သည်။

ဝယ်ယူသူဦးထွန်းလင်းသည်တရားပြိုင် ဦးစိုးမိုးနိုင်ထံမှကားကို ၇-၁၁-၂၀၀၇ နေ့တွင် ဝယ်ယူခဲ့ပြီး ၂၈-၂-၂၀၀၈ နေ့တွင် ကားလိုင်စင်သက်တမ်းကုန်ဆုံးသဖြင့် ၅-၈-၂၀၀၈ နေ့တွင် ယာဉ်အမည်ပြောင်းခြင်းနှင့်နယ်ဝင်သက်တမ်းတိုးခြင်းကို ရွှေဘိုခရိုင် ကညနရုံးတွင် လျှောက်ထားကြောင်း၊ အမြတ်ခွန်၊ ပြေးဆွဲခွန်များ ထမ်းဆောင်ပြီးမှ လျှောက်ထားရခြင်းဖြစ်ကြောင်း၊ ရန်ကုန်မှကားဖြစ်၍ ရန်ကုန်ကညနရုံးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ၃ လခန့်စောင့်ဆိုင်းရကြောင်း၊ ထို့နောက် ရွှေဘိုခရိုင်ကညနရုံးက အမှုဖြစ်နေသည့်ကားဖြစ်၍ ကညနရုံးတွင် ကန့်ကွက်ထားခြင်းကြောင့် အမည်ပြောင်း၍ မရကြောင်း၊ ရောင်းသူ ဦးစိုးမိုးနိုင်ထံမှ ဆက်သွယ်၍ဖြေရှင်းပေးရန် ပြောခဲ့ကြောင်း၊ ရွှေဘိုခရိုင်ကညနရုံးက ကန့်ကွက်ထားကြောင်းကို နှုတ်ဖြင့်သာ ပြောဆိုခဲ့သည့်အတွက် ၂၀၁၀ ပြည့်နှစ်၊ ၃ လပိုင်းတွင် စစ်ကိုင်းတိုင်း ကညနရုံးသို့သွားရောက်လျှောက်ထားရာ အမှုဖြင့်ကန့်ကွက်ထားသည့်ကားဖြစ်၍ မိမိတင်ပြသည့်ကားနှင့်ပတ်သက်သော စာရွက်စာတမ်းမှုရင်းများကို ကညနရုံးက သိမ်းဆည်းလိုက်ကြောင်း၊ သို့ဖြစ်ပါ၍ နစ်နာဆုံးရှုံးရသည့်ကားတန်ဖိုး ကျပ်သိန်း ၂၄၀၊ အမြတ်ခွန် ကျပ် ၉သိန်း၊ ပြေးဆွဲခွန် ၁၅၀၀၀၀ ကျပ်၊ ကားပြေးဆွဲလျှင်ရမည့်ငွေ ၁ လလျှင် ကျပ် ၄သိန်းနှုန်းဖြင့် ၃၃ လ အတွက် ကျပ် ၁၃၂သိန်း၊ စုစုပေါင်း ၃၈၂၅၀၀၀၀ ကျပ် ရလိုကြောင်းဖြင့် တရားလို ဦးထွန်းလင်းက ထွက်ဆိုသည်။

ရောင်းသူ ဦးစိုးမိုးနိုင်က ဦးထွန်းလင်းသည် မိမိထံမှကားကို ဝယ်ယူသွားပြီးနောက် ၃ နှစ်ခန့်အကြာတွင် ရောက်ရှိလာပြီး ၄င်းကကားလိုင်စင်သက်တမ်းတိုးဆောင်ရွက်ရာတွင် ကန့်ကွက်မှုများရှိနေကြောင်းပြော၍ မိမိအားရောင်းချခဲ့သူ ရွှေဘိုမြို့နေ ဦးကိုလေးထံသွားရောက် ပြောဆိုပေးကြောင်း၊ ဦးကိုလေးအားရောင်းချခဲ့သူမှာ အိန္ဒိယသို့ ဘုရားဖူးသွားနေသောကြောင့် ၎င်းပြန်ရောက်လာမှ ဆောင်ရွက်ပေးမည် ဟုသိရကြောင်း၊ ဦးထွန်းလင်းအား ဦးကိုလေးနှင့်ဆက်သွယ်ပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမဇာရီမှုအမှတ် ၁၁၅/၂၀၁၁ အမှုနှင့်ပတ်သက်၍ အဆိုပါကားကို ကညနရုံးတွင် ကန့်ကွက်ထားခြင်းဖြစ်ကြောင်းသိရသဖြင့် ယင်းဇာရီမှု၏အမှုမှတ်တမ်း(သက်သေခံအမှတ်-၆) များကူးယူခဲ့ရာ အဆိုပါကားနှင့်ပတ်သက်၍အရေးယူဆောင်ရွက်ထားမှုမရှိကြောင်း၊ ယင်းအမှုမှတရားရုံးအမှတ် (၂)ဖြစ်သူ ဦးသိန်းထိုက်သည် ကားကိုမူလအမည်ပေါက်ပိုင်ဆိုင်သူဖြစ်ကြောင်း၊ တရားရုံး ဦးသိန်းထိုက်၏ပစ္စည်းများအပေါ် ဝရမ်းဖမ်းထားခြင်းမရှိဘဲ လူဖမ်းဝရမ်းသာလျှောက်ထားခြင်းဖြစ်ကြောင်းဖြင့် ထွက်ဆိုသည်။

ရွှေဘိုမြို့အမှတ် (၇) ရပ်ကွက်၊ (ရယက)ရုံးတွင် ဦးစိုးမိုးနိုင်အားရောင်းချခဲ့သူ ဦးကိုလေးကထိုသို့တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း သက်သေခံအမှတ် (၇) ညှိနှိုင်းဆောင်ရွက်မှုမှတ်တမ်းအရ တွေ့ရသည်။

ဦးမြင့်ရိန် (ပြိုင်ပြ-၃)သည် ဦးစိုးမိုးနိုင်ထံမှ ဦးထွန်းလင်းဝယ်ယူသွားသည့်ကား သက်တမ်း

တိုးရေးကိစ္စကို ဦးစိုးမိုးနိုင်နှင့်အတူလိုက်ပါဆောင်ရွက်သူဖြစ်သည်။ ၎င်း၏ထွက်ဆိုချက်အရ အချင်းဖြစ်ကားသက်တမ်းတိုးကိစ္စကို တားမြစ်ထားသည်ဟုဆိုသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမဇာရီမှူ အမှတ် ၁၁၅/၂၀၁၁ မှာ ၆-၁၂-၂၀၁၂ နေ့တွင် ပိတ်သိမ်းပြီးဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်အတွက် ကားသက်တမ်း တိုးခွင့်ပေးထားပြီးဖြစ်ကြောင်း တွေ့ရသည်။

ကုန်စည်ပိုင်ဆိုင်ခွင့်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၁၉ (၁) တွင် သီးခြား သို့မဟုတ် အသေအချာသိရသောကုန်စည်များကို ပဋိညာဉ်ပြုထားသည့်ကိစ္စတွင် ကုန်စည်ပိုင်ဆိုင်ခွင့်သည် ရောင်းဝယ်သူတို့ကြံရွယ်သည့်အချိန်၌ ဝယ်သူထံသို့လွှဲပြောင်းကြောင်း၊ ပုဒ်မခွဲ (၂) တွင် ရောင်းသူဝယ်သူတို့၏ ကြံရွယ်ချက်ကို စိစစ်ရန်အလို့ငှာ ပဋိညာဉ်စည်းကမ်းချက်များ၊ ရောင်းသူဝယ်သူတို့၏ အပြုအမူနှင့်ဆိုင်ရာအကြောင်းခြင်းရာများကို ထောက်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဤအမှုတွင် သက်သေခံအမှတ် (က) နှင့် (ခ) စာချုပ်တို့ဖြင့် ၇-၁၁-၂၀၀၇ နေ့တွင် ဦးစိုးမိုးနိုင်ထံမှ ဒိုင်နာမော်တော်ယာဉ်အမှတ် ၁က/၇၁၈၇ ကို ဦးထွန်းလင်းက ယာဉ်ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဝယ်ယူလက်ရောက်ရရှိပြီး အသုံးပြုလျက်ရှိကြောင်း၊ ရောင်းသူ ဦစိုးမိုးနိုင်သည်လည်း ရောင်းချလိုက်သည့် မော်တော်ယာဉ်၏တန်ဖိုးငွေကျပ်သိန်း ၂၄၀ ကို အပြေအကျေ လက်ခံရရှိပြီးဖြစ်ကြောင်းစသည့် အကြောင်းခြင်းရာများပေါ်ပေါက်နေသဖြင့် ရောင်းချသော မော်တော်ယာဉ်၏ပိုင်ဆိုင်ခွင့်သည် သက်သေခံအမှတ် (က) နှင့် (ခ) စာချုပ်များဖြင့် ရောင်းချပြီးချိန်မှစ၍ ဝယ်သူ ဦးထွန်းလင်းထံသို့လွှဲပြောင်းရောက်ရှိသွားပြီးဖြစ်၍ ယင်းအရောင်းအဝယ်စာချုပ်မှာ ပြီးမြောက်သောပဋိညာဉ်ဖြစ်သည်ဟု ဆိုရပေမည်။

ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၅၉ (၁) (ခ) အရဆိုလျှင် ရောင်းသူသည် အာမခံချက်ကို ချိုးဖောက်လျှင် ဝယ်ယူသည် ရောင်းသူအပေါ် နစ်နာကြေးရလိုကြောင်း တရားစွဲဆိုနိုင်သည်။ ယခုအမှုတွင် သက်သေခံအမှတ် (က) နှင့် (ခ) ပါ အာမခံချက်ဖြစ်သော မော်တော်ယာဉ်အမည်ပြောင်းရေးကိစ္စကို ရောင်းသူ ဦးစိုးမိုးနိုင်က လိုက်လံဆောက်ရွက်ပေးခဲ့သော်လည်း ဤအမှု စွဲဆိုသည့်အချိန်ထိ အချင်းဖြစ်ကားမှာ ဝယ်သူ ဦးထွန်းလင်း အမည်ပေါက်ပြောင်းလဲ၍မရသေးကြောင်း၊ သက်တမ်းတိုး၍ မရသေးကြောင်း နှစ်ဖက်သက်သေခံချက်များအရ တွေ့ရှိရသည်။

ရောင်းသူ ဦးစိုးမိုးနိုင်က ရောင်းချလိုက်သည့်ကားကို ဝယ်သူ ဦးထွန်းလင်းအမည်ပြောင်းကိစ္စကို ပြီးမြောက်အောင်ဆောင်ရွက်ပေးရန်ငြင်းဆန်ခြင်း၊ ဦးထွန်းလင်းထံမှကားပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ကညနရုံးက သိမ်းဆည်းလိုက်ခြင်းတို့ကြောင့် ကားပြေးဆွဲခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်းမရှိတော့သဖြင့် ဝယ်သူ ဦးထွန်းလင်းတွင် နစ်နာမှုရှိကြောင်း၊ နစ်နာသူက ထိုပဋိညာဉ်ကိုပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၉ ပြဋ္ဌာန်းချက်အရ ပယ်ဖျက်ခွင့်ရှိကြောင်း၊ ထို့အပြင် မဖြစ်နိုင်သောပြုလုပ်မှုကိုပြုရန်သဘောတူညီချက်ဖြစ်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်ကြောင်းဖြင့် ပထမအယူခံရုံးဖြစ်သော တိုင်းဒေသကြီးတရားလွှတ်တော်က သုံးသပ်ခဲ့သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သည့် တစ်ဖက်သည်မိမိ၏ကတိတစ်ရပ်လုံးအတိုင်း မဆောင်ရွက်လိုဟု ငြင်းပယ်လျှင်ဖြစ်၊ မဆောင်မရွက်ဖြစ်အောင် ပြုလုပ်လျှင်ဖြစ်စေ ကတိရသူသည် စကားဖြင့်သော်လည်းကောင်း၊ အပြုအမူဖြင့်သော်လည်းကောင်း ပဋိညာဉ်ဆက်လက်တည်စေရန် သဘောတူကြောင်း ဖော်ပြခြင်းမပြုပါက ပဋိညာဉ်ကို ဖျက်သိမ်းနိုင်ခြင်း ဖြစ်သည်။ ယခုအမှုတွင် သက်သေခံအမှတ် (က) နှင့် (ခ) အရောင်းအဝယ် ပဋိညာဉ်

ချုပ်ဆိုခဲ့သော ရောင်းသူ ဦးစိုးမိုးနိုင်သည် ယင်းပဋိညာဉ်ပါအဓိကကိစ္စဖြစ်သော မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စကို ဆောက်ရွက်ခဲ့ပြီးဖြစ်ကြောင်း သက်သေခံချက်များအရ ပေါ်လွင်နေသည့်အတွက် ပဋိညာဉ်တစ်ရပ်လုံးအတိုင်း ကားရောင်းချခြင်းကိစ္စကို မဆောင်မရွက်ငြင်းပယ်ရာရောက်သည်ဟု ကောက်ယူနိုင်မည်မဟုတ်သော်လည်း ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၉အရ ဝယ်သူဦးထွန်းလင်းအနေဖြင့် အဆိုပါအရောင်းအဝယ်စာချုပ်ကို ဖျက်သိမ်းနိုင်မည် မဟုတ်ပေ။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် ပြုလုပ်မှုတစ်ခုကိုပြုရန် ပဋိညာဉ်ပြုလုပ်ပြီးနောက် ထိုပြုလုပ်မှုမှာ မဖြစ်နိုင်သည့်အခြေအနေသို့ရောက်သွားလျှင်သော်လည်းကောင်း၊ ကတိပြုသူက တားဆီးပိတ်ပင်ခြင်းမပြုနိုင်သောအကြောင်း ပေါ်ပေါက်ခြင်းကြောင့် ဥပဒေနှင့်ဆန့်ကျင်သွားလျှင်သော်လည်းကောင်း ထိုပြုလုပ်မှုမှာ မဖြစ်နိုင်သည့်အခြေအနေသို့ရောက်သွားသည့်အခါ သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သွားသောအခါ ပဋိညာဉ်သည် ပျက်ပြယ်သွားခြင်းဖြစ်သည်။

ဤအမှုတွင် သက်သေခံအမှတ် (က)နှင့် (ခ) ပဋိညာဉ်ပါအတိုင်း အချင်းဖြစ် ဒိုင်နာမော်တော်ယာဉ်အမှတ် ၁က/၇၁၈၇ ကို အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ခဲ့ပြီးနောက် ဝယ်သူဦးထွန်းလင်းက အဆိုပါကားကို ပြေးဆွဲအသုံးပြုလျက်ရှိသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့်ပဋိညာဉ်မှာ ပြီးမြောက်သွားပြီဖြစ်သည်။ ကားလိုင်စင်သက်တမ်းပြည့်သည့်အခါ သက်တမ်းတိုးရန်နှင့် အမည်ပြောင်းရန် ဆောက်ရွက်ရာတွင် ကန့်ကွက်တားမြစ်ခံထားရသည့်အကြောင်းကြောင့် ချက်ချင်းမဆောင်ရွက်နိုင်ခြင်းမှာ သက်သေခံအမှတ် (က) နှင့် (ခ) ပဋိညာဉ်စာချုပ်ပါ အာမခံချက်ကိုမဆောင်ရွက်ပေးနိုင်ခြင်းသာဖြစ်ပြီးမော်တော်ယာဉ်ရောင်းဝယ်ခြင်းကိုမပြုလုပ်နိုင်တော့သည့်အခြေအနေသို့ ရောက်သွားခြင်းမဟုတ်ပေ။ ထို့ကြောင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ပဋိညာဉ်ပျက်ပြယ်သည့်အခြေအနေမဟုတ်ကြောင်း တွေ့ရှိရသဖြင့် တိုင်းဒေသကြီးတရားလွှတ်တော်၏သုံးသပ်ချက်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်မှုမပြုခဲ့ခြင်းမှာ မှန်ကန်သည်ဟုမဆိုသာပေ။

ရောင်းသူဦးစိုးမိုးနိုင် နှင့် ဝယ်သူဦးထွန်းလင်းတို့ သဘောတူပြုလုပ်ခဲ့ကြသော သက်သေခံအမှတ် (က) နှင့် (ခ) နှစ်ဦးသဘောတူ မော်တော်ယာဉ်အရောင်းအဝယ်ကတိပဋိညာဉ်သည် ပြီးမြောက်သော ပဋိညာဉ်ဖြစ်သည်။ သို့သော်ရောင်းသူ ဦးစိုးမိုးနိုင်သည် ယင်းပဋိညာဉ်ပါ အာမခံချက်ဖြစ်သော ရောင်းချလိုက်သည့် မော်တော်ယာဉ်အမှတ် ၁က/၇၁၈၇ ကို ဝယ်ယူသူ ဦးထွန်းလင်း အမည်ပေါက်ပြောင်းလဲရရှိသည်အထိ ရောင်းသူက ဆောင်ရွက်ပေးရမည်ဟူသော စည်းကမ်းချက်ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောကြောင့် အဆိုပါစည်းကမ်းချက်ကို ချိုးဖောက်ကြောင်းထင်ရှားပေါ်လွင်နေသဖြင့် ဝယ်သူ ဦးထွန်းလင်းအား နစ်နာကြေးပေးလျော်စေသင့်သည်။ အဆိုပါ အမည်ပြောင်းကိစ္စရပ်ကို ပြီးမြောက်အောင်ဆောင်ရွက်မပေးနိုင်ခြင်းအတွက် ရောင်းသူ ဦးစိုးမိုးနိုင်သည် ဝယ်သူ ဦးထွန်းလင်းအား နစ်နာကြေးငွေကျပ်သိန်း ၃၀ ကို ပေးစေခြင်းမှာ လျော်ကန်သင့်မြတ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

ဤအခြေအနေတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ကားဖိုးငွေကျပ်သိန်း ၂၄၀၊ အမြတ်ခွန်ငွေကျပ် ၉ သိန်း၊ ပြေးဆွဲခွန် ၁၅၀၀၀၀ ကျပ်၊ စုစုပေါင်းငွေ ၂၅၀၅၀၀၀၀ ကျပ်ကို အတိုးနှင့်တကွ ပြန်ပေးစေရန် ဒီကရီချမှတ်ခဲ့ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုသာချေ။

သို့ပါ၍ ကြားနာခဲ့သောပြဿနာများကို အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

"၁။ သက်သေခံ(က) ကားအရောင်းအဝယ်ပဋိညာဉ်သည် ပြီးမြောက်သောပဋိညာဉ်ဖြစ်ကြောင်း၊ ယင်းပဋိညာဉ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သောပဋိညာဉ်ဖြစ်သည်ဟု တိုင်းဒေသကြီးတရားလွှတ်တော်က ဆုံးဖြတ်သည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း၊

၂။ မူလရုံးတရားပြိုင်သည် မူလရုံးတရားလိုအား ကားတန်ဖိုးငွေကျပ်သိန်း ၂၄၀၊ အမြတ်ခွန်ငွေကျပ် ၉သိန်း၊ ပြေးဆွဲခွန် ၁၅၀၀၀၀ ကျပ်၊ စုစုပေါင်း ၂၅၀၅၀၀၀၀ ကျပ်ကိုအတိုးနှင့်တကွပြန်ပေးရန် ချမှတ်သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီသည် မျှတမှုနှင့်ကန်မှု မရှိကြောင်း။"

ထို့ကြောင့် ဤတရားမအထူးခံယူမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုသည်။ မန္တလေးခရိုင်တရားရုံး နှင့် အယူခံ တရားရုံးအဆင့်ဆင့်တို့၏ စီရင်ချက်နှင့်ဒီကရီများကိုပယ်ဖျက်လိုက်ပြီးအယူခံတရားလို ဦးစိုးမိုးနိုင်သည် အယူခံ တရားပြိုင် ဦးထွန်းလင်းအား နစ်နာကြေးငွေကျပ်သိန်း ၃၀ ကို ပေးစေရန် စရိတ်နှင့်တကွ ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။


(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

| | | |
|---|---|---|
| (သာဌေး)<br>တရားသူကြီး | (စိုးညွှန့်)<br>တရားသူကြီး | (မြသိမ်း)<br>တရားသူကြီး |
| (မြင့်အောင်)<br>တရားသူကြီး | (အောင်ဇော်သိန်း)<br>တရားသူကြီး | (မြင့်ဟန်)<br>တရားသူကြီး |

# JUDICIAL JOURNAL



## ENGLISH SECTION


THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION
ADVANCING JUSTICE TOGETHER
JUDICIARY STRATEGIC PLAN (2015-2017)

# CONTENTS

Message from the Chief Justice of the Union

Background and Methodology ..... 1

Overview of the 2015-2017 Strategic Plan ..... 2

Strategic Priorities ..... 3

Key Strategic Action Areas ..... 4

SAA 1: Protect Public Access ..... 4

SAA 2: Promote Public Awareness ..... 5

SAA 3: Enhance Judicial Independence and Accountability ..... 6

SAA 4: Ensure Equality, Fairness, and Integrity of the Judiciary ..... 7

SAA 5: Strengthen Efficiency and Timeliness of Case Processing ..... 8

Key Performance Targets ..... 9

Strategic Plan Implementation and Monitoring ..... 10

Three Years Strategic Action Plan (2015-2017) ..... 11

One Year Strategic Action Plans (2015) ..... 14

Abbreviations ..... 19

Glossary ..... 20



## MESSAGE FROM THE CHIEF JUSTICE OF THE UNION

Our country is a place where multi-national races collectively reside. The new Constitution guarantees every citizen shall enjoy the right of equality, the right of liberty and the right of justice as prescribed in it. Only when the eternal principles of justice, liberty and equality are enhanced will the perpetuation of peace and prosperity of the national people be achieved. These values can only be secured by an application of the rule of law. The rule of law is essential for materializing the democratic system effectively, and it is the bedrock of a democratic society as well.

We are of course aware that the rule of law is a pre-necessary condition for the national development. Therefore the principle of the rule of law is guaranteed by the new Constitution as a fundamental right of citizens. The Constitution explicitly prescribes that the Union shall guarantee every person to enjoy equal rights before the law and shall equally provide legal protection.

The judiciary in Myanmar, newly reborn by the Constitution of the Republic of the Union of Myanmar, 2008, in keeping with the widely accepted norms in many democratic countries, ensures the legal rights of the citizen in accordance with the existing laws.

These years in the judiciary have been very eventful at both the international and national level. Many achievements have been made though some challenges still remain in existence. These challenges include the tasks of enhancing institutional and individual capacities.

The strategic initiatives of the Three Year Judiciary Strategic Plan (2015-2017) will be a great support for the Policies, Aims and Action Plans laid down by the Supreme Court of the Union for the better performance of the judiciary.

In the task of developing the Strategic Plan, I would like to thank UNDP Myanmar for their initial efforts and my special thanks go to the USAID Promoting the Rule of Law Project (PRLP) for their great support and dedication to successful completion, as well as the Planning Team Members for their continued commitment and devotion to the strategic planning.

H.E. U Htun Htun Oo
Chief Justice of the Union
Supreme Court of the Union
Republic of the Union of Myanmar

19 November 2014
Nay Pyi Taw

## BACKGROUND AND METHODOLOGY

This strategy is based on strategic plan and data analysis activities initiated by the Planning Team formed by the Office of the Union Supreme Court on 16 May 2013. For internal assessment, the Planning Team met and interviewed with 128 court personnel including different levels of presiding judges, judicial officers and court staff, and court users of the Office of the Union Supreme Court, a District Court and 5 Township Courts in the Nay Pyi Taw territory.

The Planning Team performed data analysis on the statistical reports for all courts nationwide in 2012 and collected data from the Departments of the Offices of the Union Supreme Court. On 19 August 2013 the Planning Team submitted a Preliminary Report based on information collected through the interviews, together with data analysis, including study on international principles on the independence and accountability of judges, Asia Pacific judicial reforms and Singapore judicial reforms. The report was recorded as a meeting minute by the No. 8/2013 Justices' Meeting of the Supreme Court of the Union.

To further identify strategic issues and priorities, based on the Planning Team's Preliminary Report, a Working Level Meeting was held by the Office of the Union Supreme Court with UNDP and ICJ experts in 11 February 2014. And the Workshop on Strategic Planning and review meeting was conducted at the Office of the Union Supreme Court with the assistance of an expert from the USAID-funded Promoting the Rule of Law Project (PRLP) on 02 and 03 June 2014.

As a result, the analyses found that the strongest judicial performance areas are, in declining order: Expedition and Timeliness; Equality, Fairness and Integrity; and Independence and Accountability. It was found that the weakest performance area is Access to Justice followed by Public Trust and Confidence. Therefore this Strategy prioritizes initiatives in the latter two areas.

# OVERVIEW OF THE 2015-2017 STRATEGIC PLAN

The Myanmar Judiciary is committed to providing the highest quality of justice to all citizens to promote public trust and confidence in the courts and effective rule of law.

**The core Judiciary Aims** to achieve the mission of the Judiciary are:

- Promote the rule of law and regional peace and tranquility
- Enhance reliability and public trust in the judicial system
- Adjudicate cases fairly and speedily in accordance with law
- Upgrade the integrity of the courts

**Strategic Action Areas** to advance the core Judiciary's Four Aims are as follows:

Strategic Action Area 1: Protect Public Access to Justice
Strategic Action Area 2: Promote Public Awareness
Strategic Action Area 3: Enhance Judicial Independence and Accountability
